


# ပုဏ္ဏမိ

ရဇက်မြတ်သင့် ရိန်ဒါ

Lnt

ပုဏ္ဏမိ

ရက်မြတ်သင့်ချိန်ခါ

စာမူခွင့်ပြုချက်အမှတ်

၅၀၁၁၄၂၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၁၇၂၁၀၁၁

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၁၉-လမ်းလသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်။

ပုဏ္ဏမိ ၈၉၅.၈၃

ရက်မြတ်သင့်ချိန်ခါ၊ ပုဏ္ဏမိ၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁

၂၉၆-စာ၊ ၁၂×၁၈ စင်တီ

(၁) ရက်မြတ်သင့်ချိန်ခါ

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




# ပုဏ္ဏမိ

## ရက်မြတ်သင့်ချိန်ခါ



စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ



## အခန်း(၁)

"အဲဒီလူရဲ့မျက်နှာကို မင်းသဘောကျသလား၊ ပြောစမ်းပါ **ဒေါ်ခင်ခင်ထားရဲ့**"

"ရှင်ကရော ဘာတွေ ဒီလောက်များ မကျေမနပ်ဖြစ်စရာ ရှိနေတာလဲ **ဦးမျိုးမြတ်** ရယ်။ ကျွန်မဖြင့် ဒီလောက်ကြီး တရှူးရှူးတရှဲရှဲ ဒေါသတွေဖြစ်နေလောက်စရာ ဘာမှမြင် မလာခဲ့မိဘူး ထင်တာပဲ"

"ဒီလောက် ပြောင်စပ်စပ်နဲ့ မျက်နှာရှူးကိုလေ မင်းကြည့် လို့ရတယ် !"

"မျက်နှာရှူးလို့တော့ ပြောလို့မရပါဘူးရှင့်။ ခင်တတ် မင် တတ် ပျော်တတ်တာမျိုးပေါ့။ အလွန်ဆုံးမှ ပေါးလားဝါး လားပုံစံ နည်းနည်းပေါက်ချင်တယ်လောက် ပြောလို့ရ..."

"တော်စမ်းပါ။ ကိုယ့်သမီး ဖြစ်လာမယ့် ချွေးမလောင်း တစ်ယောက်ကို ကြည့်တာရှုတာ၊ ပြောဆိုတာကအစ လုံးဝ

ကုန်ခြေ့မရဘူး။ ဟီလ်ကို တိုက်နေတာပဲ။ အပြောအဆို အနေအထိုင်က အဲဒီလိုမို့ ဝတ်စားဆင်ယင်ပုံကတော့ နည်းနည်းတော်ပါသေးလို့ ပြောလို့ရမလား မှတ်ပါတယ်။ ပါတိတ်ကွက်ကျားရောင်စုံကြီးဖျား"

"ဩော် ... ရှင်ကလည်းပဲ။ အဲဒါကအစ လိုက်ပြောချင်လို့တော့ ဘယ်ရပါ့မလဲ။ ပါတိတ်ရှပ်အင်္ကျီဆိုတာ ဝတ်ကြပါတယ်။ လူငယ်တွေသာ မဝတ်ကြတာ။ လူကြီးယောက်ျားကြီးတွေ အတော်များများ ဝတ်နေကြတာပဲဟာ။ လူကြီးဆန်တယ်လို့တောင် ပြောလို့ရတာမျိုးပဲ"

"ဘယ်မှာ ဘယ်သူတွေဝတ်ကြတာကို မင်းက အမြဲမြင်တွေ့နေလို့လဲ။ ငါ ဝတ်သလား"

"ရှင်ကလည်း စကားကပ်လိုက်တာ။ ရှင်ကတော့ မဝတ်ဘူးလေ။ ဒါလည်း သူ့အကြိုက်၊ ကိုယ့်အကြိုက်ဆိုတာမျိုးရှိ"

"အဲဒါကိုပဲ ပြောနေတာလေ။ သူ့အကြိုက်က ပါတိတ်ရောင်စုံမှင့် စပ်ဖြိုဖြိုကို ကိုယ်ပေါ်တင်ရဲတယ် ဆိုကတည်းက အဲဒီလူရဲ့အတွင်းစိတ်ထားကလည်း ဘယ်လောက်ကလက်လိုက်မလဲဆိုတာ လှမ်းမှန်းလို့ရနေပြီ။ အဲဒီအဆင်မျိုး အရောင်မျိုးကတော့ သူ့မိန်းမလုပ်တဲ့သူက ထဘီအဖြစ်နဲ့ ဝတ်ထားတာဆိုရင်တောင် ရိုင်းလှပြီကွာ ... ဘယ့်နှယ်"

"ဖေဖေ"





တရစပ် Non-stop အော်ဟစ်မကျေနပ်နေတော့တဲ့ အဖေလုပ်သူကို သမီးဖြစ်တဲ့ "ငု"က စိတ်ရှုပ်တွေး စိတ်ညစ်သံလေးနှင့် တစ်ချက်လှမ်းခေါ်လိုက်ပါသည်။ တစ်ဦးတည်းသောသမီးကလေးဖြစ်သူကို တုန်နေအောင် ချစ်ခင်အလိုလိုက်ပြီး အရိပ်ကြည့်ဖူးဖူးမှုတ်ထားတတ်တဲ့ ယောက်ျားဖြစ်သူရဲ့အကြောင်းကို အစဉ်းသိမို့ သူ့သမီးက ဟန့်သလို တားသလို လှမ်းခေါ်လိုက်တဲ့အခါ အဖေလုပ်တဲ့သူ အခြေအနေက ဘယ်လိုရှိသွားမလဲ ဆိုတာကို ဒေါ်ခင်ခင်ထားက အကဲခတ်လိုက်သည်။

သို့သော် ဦးမျိုးမြတ်က ငုရဲ့ခေါ်သံကို မသိချင်ယောင်ပဲဆောင်ကာ လျစ်လျူရှုလိုက်ပါသည်။

"အဘွားလုပ်တဲ့သူကြီးကကော စကားများလွန်းတယ်လို့ မင်းမထင်ဘူးလား။ ပြောရမှာရော၊ မပြောရမှာရော၊ ပြောသင့်တာရော၊ မပြောသင့်တာရော၊ မပြောလည်း ဘာမှမဖြစ်တာတွေရော၊ ပြောလိုက်ခြင်းအားဖြင့် ပိုဆိုးသွားပြီးနားလည်မှု၊ အဓိပ္ပာယ်ကောက်လွဲသွားနိုင်တာတွေရော။ အဲဒီလောက် မဆုံးနိုင် မရပ်နိုင်စကားပြောနိုင်လွန်းတဲ့သူမျိုးတော့ ဒီတစ်ခါသာ မြင်ဖူးပါတယ်ဗျာ ...

အသက်ကြီး ဒီလောက်ကြီးနေတာတောင် ဒီလောက် Stamina (သက်လုံ၊ ခံနိုင်ရည်) ကောင်းနေပုံထောက်ရင် သူ့တစ်သက်လုံး ဒီလိုချည်းပဲ တရစပ်တောက်လျှောက်

ပြောလာခဲ့လို့ ကျင့်သားရပြီး မမောနိုင် မပန်းနိုင်ဖြစ်နေတယ်ဆိုတာ သိပ်ထင်ရှားတာပဲ။ အဲဒီလိုလူမျိုးနဲ့သာ အမျိုးတော်ရမယ် ဆိုရင်တော့ မျှားမကြာမီမှာ (နားကြားအထောက်အကူပြု ကိရိယာ) Hearing Aid တပ်ရတဲ့ဘဝမျိုးကို ရောက်မှာပဲ"

"ရှင်နဲ့ အမျိုးတော်ရမှာမှ မဟုတ်တာ၊ သမီးနဲ့သာ တော်ရမှာပဲဟာကို"

ဒေါ်ခင်ခင်ထားမှာ ကိုယ်တိုင်လည်း စိတ်ပျက်လက်ပျက် ဖြစ်လာရပြီဖြစ်တဲ့အတွက် စူပုပ်နီရဲလာတဲ့ ၎င်းရဲ့မျက်နှာလေးကိုလည်း တစ်ချက်လှမ်းအကဲခတ်ရင်း ဘယ်လိုနှစ်သိမ့်ရမလဲလို့ စဉ်းစားနေရပါပြီ။ သူ့အဖေသာမရှိရင်တော့ သမီးလေးဟာ "မေမေကိုယ်တိုင်လည်း အဲဒီအသွားကြီးလိုပဲ Non-stop ကြီးပဲဟာကို။ သူများကိုကျမှ နားငြီးနေတယ်"ဟု အတင်းတုပ်ကောက်ချိတ်ပြတော့မှာ သေချာနေပြီ။

"အဲဒါကိုပြောနေတာပေါ့ ငါတို့က ဘာအရေးလဲ။ အသက်တွေလည်း ကြီးကြပြီ။ ငါ့သမီးက ငယ်ငယ်လေးရှိသေးတဲ့ဟာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အကြားအာရုံ ချွတ်ယွင်းသွားရင် ကောင်းမလား"

"မပူပါနဲ့ ... ရှင့်သမီးက နားနဲ့ပတ်သက်တဲ့ ခံနိုင်ရည်အားမှာတော့ အတော်ကြီးပဲ မျှားနေလောက်ပါပြီ"





"ဘာဖြစ်တယ် ! "

"သြော် ... ဘာမှမဟုတ်ဘူး ... မဟုတ်ဘူး။ ကဲ ... ပြီးပြီလား၊ ရှင်ရဲ့မကျေနပ်ချက်တွေ။ ဒီနေ့က မတော်တဆ တိုက်တိုက်ဆိုင်ဆိုင်ကြီး မိသားစုချင်း အပြင်မှာဆုံဖြစ်လိုက်ကြတာမျိုးနော်။ ရှင်မကျေနပ်တာရှိရင် အခုအားလုံးပြီးအောင် ပေါက်ကွဲထား။ ရတယ် ... ကျွန်မ ဘာမှမဖြစ်ဘူး။ နားထောင်ပေးနိုင်တယ်။ ပြောချင်တာရှိရင် ထပ်ပြောဦး ...

လာမယ့် Sunday ကျရင်တော့ လူကြီးလူကောင်း မိသားဘသားပီပီ နှစ်ဖက်မိသားစုတွေ့ဆုံကြဖို့ ချိန်းထားပြီးသား။ အခုပြီးအောင် ပေါက်ကွဲမထားဘဲနဲ့ အဲဒီအခါကျမှတော့ ဝူးတူးဝါးတား ကျယ်ကျယ်လောင်လောင်တွေ ထမလုပ်နဲ့။ ကျွန်မမျက်နှာကို မထောက်နိုင်ရင်တောင် သမီးလေးမျက်နှာတော့ ရှင်ကြည့်ဦး။ ဒါ သူ့တစ်ဘဝလုံးအတွက် အရေးကြီးတဲ့ကိစ္စ။ အစမကောင်း ဖြစ်သွားလို့ တောက်လျှောက်စိတ်ဒုက္ခရောက်နေရမှာမျိုးတော့ ကျွန်မက မဖြစ်စေချင်ဘူး"

"တစ်ဘဝလုံးအတွက် အရေးကြီးလို့လည်း ငါကပြောနေရတာပေါ့ကွ၊ အဲဒီလောက်ဘဝနဲ့ချီပြီး အရေးကြီးတဲ့ကိစ္စမျိုးကို ဒီလောက်ငယ်ငယ်ရွယ်ရွယ် အသက်အပိုင်းအခြားလေးအတွင်းမှာ အချိန်တိုတိုနဲ့ ဆုံးဖြတ်လိုက်စရာလား။ ပြီးကျတော့ လက်ထပ်ချင်ပါပြီဆိုမှ ငါသိရတယ်။ တကယ်

ဆို သမီးရည်းစားချစ်သူတွေအဖြစ် လက်မခံရသေးခင်က တည်းက ငါ့ကိုပါတိုင်ပင်ပြီးဆုံးဖြတ်ခဲ့ရမှာမျိုး မဟုတ်လား"

ဒေါ်ခင်ခင်ထားက သက်ပြင်းခပ်ကြီးကြီးတစ်ခုကို တမင်ပဲချပြလိုက်ပါသည်။ အဲဒီသူ့ကို ကြိုမပြောမှုနဲ့ အသက်ငယ် သေးတယ်ဆိုတဲ့ အမှုတို့ကို ဟိုး ... ပြီးခဲ့တဲ့ အပတ်ကတည်းက သမီးလေးက "လက်ထပ်ချင်ပါပြီ"လို့ တင်ပြလာကတည်းက လည်း တစ်ခါဖြေရှင်းပေးခဲ့ရပြီးပြီလေ။

ဒေါ်ခင်ခင်ထားအနေနဲ့ကတော့ (၂၂) (၂၃)ဆိုတဲ့ အသက်ကို တအားကြီးငယ်သေးတယ်လို့ မမြင်သလို အဖေလုပ် တဲ့သူကိုသာ အတိအလင်း မပြောခဲ့တာ။ ကိုယ့်သမီးက ဒီသူငယ် လေးကို လက်သင့်ခံထားပြီးပြီဆိုတာ အမေလုပ်တဲ့သူကတော့ သိနေတာပဲလေ။ ဦးမျိုးမြတ်လည်း ခုမှမသိဘူး ငူးဝါးလုပ်နေတာ။ သူလည်း တိတိကျကျ ဂဃနဏသာမဟုတ်တာ၊ သိသင့်သလောက် ကတော့ သိပါတယ်။

"ရှင့်သမီးက ဒီလောက်ကြီးတော့လည်း မငယ်တော့ပါဘူး ဆိုတာနဲ့၊ မိဘချင်းသာ မသိကြတာ ကောင်လေးကိုတော့ ကျွန်မလည်း သိနေခဲ့ပါတယ်ဆိုတာ ရှင့်ကို ကျွန်မရှင်းပြပြီး ပြီလေ။ ရှင်ပဲ လက်ခံပေးခဲ့လို့သာ လာမယ့် Sunday ကျ ရင် နှစ်ဖက်မိသားစု တွေ့ဆုံစကားပြောကြည့်ကြဖို့ ရက် ချိန်းတောင်ပေးပြီးပြီလေ။ ဘာဖြစ်လို့ ပြီးပြီးသားကိစ္စကို နောက်ကြောင်းပြန်ကောက်ချင်ရပြန်တာလဲ"





"ငါက အဲဒီလို တစ်မိသားစုလုံး တစ်ယောက်တစ်မျိုး မကျေနပ်စရာတွေ ဖြစ်နေမယ့်သူမျိုးတွေနဲ့ ဆုံရမှာလို့မှ ကြိုမှန်းမထားဘဲကိုးကွ။ ခုတော့ မင်းပဲကြည့်စမ်းပါ။ ဘာပုံ တွေလဲ။ အဲဒါမျိုးတွေကို ရက်ချိန်းပေးပြီးပြီလေလို့ ဘာမှ မပြောတော့ဘဲ ရေငုံနှုတ်ပိတ်ပြီး မျက်စိစုံမှိတ်ကျေနပ် ပေးလိုက်ရမှာလားကွ"

"အလို ! ရှင်ပြောတာက တစ်မိသားစုလုံးဆိုတော့ သူ့အမေ နဲ့ကောင်လေးကလည်း တစ်မျိုးစီပဲလို့ ထပ်ပြောချင်သေး တာများလား"

"ဒါပေါ့ကွ။ ပြောစရာရှိတာကတော့ ပြောရမှာပေါ့။ ကောင် လေးရဲ့အမေလုပ်တဲ့သူကတော့ ငွေမက်မယ့် ပစ္စည်းစကား ပြောမယ့်ပုံမျိုးနဲ့တူတယ်"

မလှမ်းကမ်းမှာ စူပုပ်ပြီး ထိုင်နေတဲ့ ငုထံမှ "အဟက်" ဟု တမင်လုပ်ရယ်လိုက်တဲ့ ရယ်သံတစ်ချက် ထွက်လာသည်။

"အဖေ့လာဟားမနေနဲ့။ အဲဒီမိန်းမကြီးရဲ့မျက်လုံးတွေက နင်နဲ့ နင့်အမေ ကိုယ်ပေါ်ချည်းရောက်ရောက်နေတာ။ အဲဒါမိန်းမချင်း ဘာဝတ် ဘာစားထားသလဲလို့ အကဲခတ် တာခေါ်တယ်။ ပြီးကျ စားသောက်ဆိုင်မှာ ငါတို့စားသောက် ထားတာတွေကို ရှင်းပေးသွားတာကကော ရှင်းပြီးအငြိမ် မနေဘဲ ဘယ်လောက် ... ဘယ်လောက် ကျတာနော်၊

ကျွန်မ ရှင်းလိုက်ပြီလို့ ထပ်ခါ ထပ်ခါ ပြောနေတာ။ အဲဒါ ငွေစကားပြောချင်၊ ကျောချင်တာမဟုတ်လို့ ဘာလဲ"

"ရှင်နဲ့တော့ ခက်နေပြီ။ ရှမ်းခေါက်ဆွဲလေး သုံးလေးပွဲဖိုးနဲ့ ဘယ်သူက ဂုဏ်လုပ်မှာလဲ။ သူရှင်းပေးလိုက်ပြီးသားကို ဒီကလူတွေက မသိလိုက်ရင် ထပ်ပေးနေမိမှာစိုးလို့ သတိပေးနေတာမျိုးပဲ ဖြစ်မှာပါ။ ပြီးကျ ပစ္စည်းကြည့်ချင်တယ်ဆိုလည်း ကြည့်ချင်တာကြည့်ရှင်။ ရှင့်သမီးဆို နားပေါက်တောင် ပါတာမဟုတ်ဘူး။ ကျွန်မမှာလည်း အဲဒီနားပေါက်တစ်ခုထဲ ကြိုးရာထိုးထည့်ထားတာကလွဲရင် ဘာပါလို့လဲ"

"အဲဒါကိုပဲ ပြောနေတာလေ။ သူ့ကျတော့ ဝတ်ဟယ် စားဟယ်နဲ့ဆိုတော့ အဲဒီအကြည့်တွေနဲ့ပဲ ပြိုင်နေတာကွ။ မင်း ဘာမှလဲ မသိဘူး"

"ရှင်ကတော့ သိလွန်းလွန်းပါတယ်"လို့ပဲ ပြန်ပြောရမှာလား။ ဒီယောကျ်ားအကြောင်းကတော့ ပေါင်းလာတာပဲအနှစ်အစိတ်လောက်ရှိပြီမို့ ခေါင်ခင်ခင်ထားက အစဉ်းသိဖြစ်နေပြီ။ ဘာမှ ထပ်မပြောဘဲ ငြိမ်နေလိုက်တာကပဲ ပိုကောင်းမှာပါ။

"ကောင်လေးကျတော့လည်း အဖေမျက်နှာရှုးရဲ့သွေးကပါနေတော့ လူကြီးမိဘတွေရှေ့မှာတောင် လက်ပါခြေပါနဲ့ ပါးစပ်ကလည်း သရမ်းလိုက်သေး ... တောက် ... ! ဘာတစ်ခုမှ ကျေနပ်စရာ မရှိဘူး"





"ရှင် ဘယ့်နှယ် ပြောလိုက်တာလဲ။ ရှင့်စကားကြီးက ရှက်စရာ"

"ဟ ! ငါက ရှက်ရမှာ မဟုတ်ဘူး။ လုပ်နေတဲ့ အဲဒီကောင်ကသာ ရှက်စရာ။ အနေအထိုင်ကမတတ်၊ ထိန်းထိန်းသိမ်းသိမ်းက မရှိနဲ့။ မိမဆုံးမ ဘမဆုံးမ အမျိုးအစားထဲကပဲဖြစ်မှာ။ ဒါတောင် လူကြီးမိဘတွေရှေ့တင်မို့ ကွယ်ရာမှာသာဆို မတွေးရဲဘူး"

"ဖေဖေ"

"ကျွတ် ! ရှင့်စကားတွေက သူများကို ပြောချင်တာနဲ့ကိုယ့်သမီးပါ သိက္ခာကျတယ် ဦးမျိုးမြတ်ရေ။ ဒီလောက်ကြီးတော့လည်း မြင်မကောင်းအောင်၊ ပြောစမှတ်ဖြစ်ရလောက်အောင် ဖြစ်မနေပါဘူး။ ကျွန်မလည်း အမေပဲဟာ သိနေပါတယ်။ တစ်ဆိတ်ကို တစ်အိတ်မလုပ်ပါနဲ့ရှင် တောင်းပန်ပါတယ်။ ရှင်ပဲ ခုနက ဟိုအဘွားကြီးကို ပြောထားတာပဲ။ မပြောသင့်တဲ့စကားမျိုးတွေ၊ ပြောခြင်းအားဖြင့် ဘာအကျိုးမှမရှိဘဲ အမိုက်ပြဿနာ ဆိုးရွားသွားမယ်ဆိုတဲ့ စကားမျိုးတွေ အခု ရှင်ပြောမိနေပြီ"

"ဟေ့ ... ငါက တစ်ဆိတ်ကို တစ်အိတ်လုပ်တာ မဟုတ်ဘူးကွ။ သင်းတို့တွေက တစ်အိတ်မက နှစ်အိတ်မက,ဖြစ်နေတာတွေ"

"အဲဒီတော့ ရှင်က ဘာဖြစ်ချင်တာလဲ။ Sunday တွေ့ကြဖို့ လုပ်ထားတာကို ပြန်ဖျက်ချင်တာလား။ လုံးဝသဘောမတူနိုင်တော့ပါဘူး။ ဒီကိစ္စဖြစ်လာဖို့ မရှိပါဘူးလို့ အပြီးသတ် အပြီးဖြတ်ချင်တာလား"

ဒေါ်ခင်ခင်ထားရဲ့စကားကြောင့် ဦးမျိုးမြတ်က သမီးလုပ်တဲ့သူကို မြန်မြန်လေး စွေကြည့်လိုက်ပြီးမှ ဒေါ်ခင်ခင်ထားဆီသို့ မကျေမနပ် မျက်စောင်းကြီးပြန်ခဲလိုက်သည်။ သင့်တော်တဲ့အဖြေတစ်ခုခု အမြန်ဆုံးပြန်ပေးနိုင်ဖို့ကလည်း ဘယ်လိုမှမလွယ်တာမို့ လောလောဆယ်မှာတော့ ကိုယ့်ကိုချောင်ပိတ်ဖမ်းလိုက်သလိုမျိုး ရှိသွားတဲ့ ဒေါ်ခင်ခင်ထားကိုသာ မကျေမနပ်နှင့် "ဒီမိန်းမ" ဟု ကျိတ်ပြီးကြုံးဝါးလိုက်မိပါသည်။

"ချက်ချင်းကြီး ဖျက်ဖို့မရှိဘူး။ တဖြည်းဖြည်းချင်း ညှိယူချင်တဲ့နည်းမျိုးကိုပဲ တွေးမယ်ဆိုရင်တော့ တွေ့ဖြစ်ကြမယ့်နေ့မှာ ကျွန်မမျက်နှာ သမီးမျက်နှာကို ရှင်ငဲ့ပါ ဦးမျိုးမြတ်ရယ် ... ဟုတ်ပလား"

"ဟို ... ဣန္ဒြေမရတဲ့ ဟောလားဝါးလား စပ်ဖြဲဖြဲကို ငါက ဘယ်နည်းနဲ့ ဘယ်လိုရင်ဆိုင်ရမှာတုန်းကွာ"

"သူ မကြည့်ချင်ရင် တခြားလူတွေနဲ့ပဲ စကားလက်ဆုံကျနေလိုက်ပေါ့ရှင်"

"ဩော် ... ! ငါက သူ့တော့ဂရုမစိုက်ဘဲ သူ့အမေနဲ့ သူ့မိန်းမကိုချည်းပဲ သဲမဲပတ်သက်ချင်နေရာကျနေတော့ရော ကောင်းမလားကွ"





ဘာပဲဖြစ်ဖြစ် "ပွဲဖျက်တယ်"တို့၊ "အဲဒီနေ့ကျ ငါမလိုက်နိုင်ဘူး"တို့ စတဲ့စကားမျိုးတွေတော့ တစ်လုံးမှထွက်မလာဘဲအတွက် ဒေါ်ခင်ခင်ထားနဲ့ ၄တို့ သားအမိနှစ်ယောက် အချင်းချင်း မျက်လုံးချင်း အချက်ပြစကားပြောရင်း သက်ပြင်းကိုယ်စီကျိတ်ချလိုက်မိကြပါသည်။

*○*

"အဲဒီလူက တစ်ခုခုကို ဖုံးကွယ်ပြီး ဟန်ဆောင်ထားတယ်။ မင်း ငါပြောတာကို မယုံရင် ကြိုက်သလို လိုက်စုံစမ်းကြည့်လိုက်။ တည်တည်တံ့တံ့လိုလို ဣန္ဒြေကြီးပဲ ကြီးသလိုလိုလုပ်ပြထားတဲ့ မျက်နှာထားတစ်ခုရဲ့ နောက်ကွယ်မှာ အကြောင်းတစ်စုံတစ်ရာကို လုံးဝဖုံးဖိထားတာ ဘွားခနဲသိလာရလိမ့်မယ်။ အတွင်းကျိတ် လျှိုထားမယ့်သူမျိုးကွ။ တစ်ခုခုကတော့ ရှိကိုရှိတယ်"

"**ဦးအယ်ဒီ** ...။ ပေါက်ပေါက်ရှာရှာတွေ ကြံဖန်မပြောနဲ့နော်။ သမီးရှင်အဖေရဲ့ မျက်နှာကတည်ငြိမ်ပြီး လူကြီးဆန်ပုံရတာ သဘောကျစရာပဲ မဟုတ်ဘူးလား။ ရှင့်လိုမျိုး ဒီအရွယ်ကြီးအထိ ဝေးဝေးဝါးဝါး ဖြစ်မနေတာနဲ့ပဲ တစ်ခုခုကို ဖုံးကွယ်ထားမယ်ရယ်လို့။ ရှင့်ဟာက မဟုတ်သေးပါဘူး"

"မင်းက ငါမဟုတ်တဲ့ တခြားယောက်ျားတစ်ယောက်ကို ငါ့ရှေ့တင်မှာတင် သဘောကျသလေး ဘာလေးနဲ့ ဘယ်လိုဖြစ်ရတာလဲ ... ဟား ဟား"

"ဦးအံယ်ဒီ ... ! ရှင်စကားကောင်းပြောနေရင် ပေါက်ကရကပျက်ကချော်ဘက်ကချည်း အဓိပ္ပာယ်လိုက်ကောက်ပြီး ဆွဲတွေးမနေနဲ့။ သဘောကျတော့ ဘာဖြစ်လဲ။ ရှင့်ကိုလည်း ကိုယ့်အသက် ကိုယ်ထောက်ပြီး ပေးလားဝါးလားတွေ လျှော့ပါတော့လို့ အမြဲပြောနေတာပဲဟာ။ ဘာမှအတွင်းကျိတ်လျှိုပြီး လျှို့ဝှက်ဖုံးကွယ်ထားတာ မဟုတ်ဘူး။ အဲဒါ ဒီအရွယ် အိမ်ထောင်ဦးစီးတိုင်း ရှိရမယ့်ရုပ်"

"ဩော် ! ဒီလိုဆိုတော့ မင်းက ခုမှ ပထမဆုံးတစ်ခါ စတွေ့ရတဲ့ အဲဒီလူအကြောင်းကို အမြစ်ဖျားခါးအဆုံး အလုံးစုံသိတယ်ပေါ့။ အံ့ဩစရာကြီးပဲ။ ဒါမှမဟုတ် ဘယ်တုန်းကများ ကျိတ်ပြီးမိတ်ဆွေဖြစ်နေကြသလဲ"

"ရှင်ဟာလေ ... ပြောလေ ဆိုးလေ။ သိပ်စိတ်ပျက်စရာကောင်းတယ်။ အဲဒီလိုမျိုး ဗလွတ်ရွတ်တ၊ ရွတ်တီးရွတ်နောက်မျိုးကို တနင်္ဂနွေတွေ့ဆုံပွဲကျရင်တော့ ဆင်ခြင်ပါနော် ... ရှိကြီးခိုးပါရဲ့။ ကျွန်မ ပြောချင်တာက ကျွန်မလည်း သူ့အကြောင်းမသိဘူး။ ရှင်လည်း မသိနိုင်ပါဘူး။ အမြင်နဲ့တင် ဆုံးဖြတ်နေကြတဲ့ကိစ္စမှာ ကိုယ့်သ::နဲ့ပတ်သက်ပေးရမယ့် သူတစ်ယောက်ကို နစ်နစ်နာနာကြီးတွေ ဖိတွေးမထားရင် ပိုကောင်းတာပေါ့ရှင်။ အဲဒါကိုပြောတာ"





"မင်းမတွေးချင်နေလေ။ ငါကတော့ ငါ့ဦးနှောက်နဲ့ငါ သီးသန့်ပဲဟာ။ ဘယ့်နှယ်ဗျာ ... စမြင်လိုက်ရကတည်းက မေတ္တာရှိချင်စရာရုပ်မှ ပါမလာတဲ့ တစ်ယောက်ကို။ ဒီမှာ **ခေါလှလှဦး** ... မင်းက မိန်းမကွ။ မိန်းမအမြင်ပဲရှိတယ်။ ငါတို့ယောက်ျားတွေချင်း ကြားထဲမှာတော့ မနက်ဘက် လမ်းဘေးဆိုင်တစ်ခုမှာ ဘရိတ်ခ်ဖတ်စ်လာစားတာကို ရုပ်အကျီလက်ရှည်ကြယ်သီးစေ့တပ်၊ လည်ကတုံးမဟုတ်တဲ့ ရုပ်ကော်လာကြီးကိုပါ ဟိုးထိပ်ဆုံး ထိပ်ဖျားအထိ ကြယ်သီးတပ်ဝတ်ထားတဲ့ သူမျိုးကို ဘယ်လိုမြင်ကြသလဲ သိလား ... ! "

"သေသေသပ်သပ် ပိပိရိရိ နေတတ်တဲ့သူလား ဒါမှမဟုတ် နည်းနည်းနေမကောင်း ဖြစ်ချင်နေပြီး လည်ချောင်းနာချင်နေတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ထပ်တာရီ ... မင်း အဲ့ဒါမျိုး အရိုးခံတလွဲတွေးကြီးတွေကြောင့်ပဲ လောကမှာ သူများနပ်တိုင်း လိမ့်ခံနေရတာ"

"ဥပမာ ... ရှင်နဲ့လိုပေါ့၊ ဟုတ်လား"

"မင်းနည်းနာယူဖို့၊ ဆင်ခြင်နိုင်ဖို့ ပြောပြနေတာ ငါ့ဘက်ပြန်လှည့်ပြီးတွယ်ချင်မနေနဲ့။ မင်းပြောသလို ပိပိရိရိကြီး လည်ပင်းနာနေတဲ့ ဝတ်စားဆင်ယင်မှုမျိုးကို ငါတို့ယောက်ျားချင်းကျတော့ ဟန်ဆောင်မှုတအားကြီးမားလွန်းတယ်လို့ မြင်ကြတယ်။ အဲဒါ မင်းမသေမချင်း မှတ်ထား"

သားလုပ်တဲ့သူက အဖေလုပ်တဲ့သူကို ရွတည်တည်ကြီးနဲ့ လက်ပိုက်ပြီးတော့ကို စိုက်ကြည့်နေပြီ။ ဒေါ်လှလှဦးမှာ ရယ်ချင်လှသော်လည်း ဒီအဖေနဲ့ ဒီသား ဘယ်သူ့ကိုမှ ကိုယ့်စကားလည်းမအောင်၊ နိုင်အောင်လည်း မပြောနိုင်၊ ပြီးကျ ကိုယ့်ခေါင်းပဲတာကျ၊ ကိုယ့်အပြစ်ချည်းပဲ ဖြစ်ရပေါင်းကလည်းများပြီမို့ ခုကိစ္စမှာလည်း သားအဖနှစ်ဦးတော့ မကြာခင် အငြင်းအခုန်တွေ ထဖြစ်စကားများကုန်ကြတော့မှာကို သိသိကြီးနှင့် ဘာမှဝင်မပါဖို့ပဲ ဆုံးဖြတ်ထားသည်။ အထူးသဖြင့်ကတော့ သားလုပ်တဲ့သူရဲ့အိမ်ထောင်ရေးကိစ္စ၊ ဒီမိသားစုအတွက် အင်မတိအင်မတန်အရေးပါလှတဲ့ ဒီလိုကိစ္စမျိုးမှာပေါ့။

ဦးအယ်ဒီတို့ကတော့ ပြောမနေပါနဲ့။ ယောကျ်ားချင်းသာဆိုရင် စ,စတွေ့တွေ့ချင်း First impression မှာတင် ဘယ်သူ့ကိုမှ ဘယ်တုန်းကမှ ကျေနပ်နှစ်လိုသွားတယ် ဆိုတာမျိုး မရှိဖူးတဲ့သူ။ ဘယ်သူပဲဖြစ်ဖြစ် "ဒီကောင်က ဘာကောင်လဲ" ဆိုတာမျိုးလောက်သာ စတွေးတတ်တဲ့သူမျိုးလေ။ အဲ ... သူအမြဲအကောင်းမြင်တတ်တာကတော့ အမျိုးသမီးတွေကိုသာ။

"လှို့ဝှက်ဟန်ဆောင်နေတတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့မိန်းမကကျပြန်တော့ ပစ်ပစ်စပ် အပေါက်အစများပြီး ဘာကိုမှ မကျေနပ်နိုင်တဲ့သူမျိုးဗျာ ... အံ့ရော။ သုံးလုတ်စာလောက်ပဲရှိမယ့် ရှမ်းခေါက်ဆွဲလေးတစ်ပွဲကိုပဲ ပေါ့နေပြန်ပြီ၊ ငန်သွားပြန်ပြီ၊ ဆီများနေတယ်၊ ခြောက်ကပ်ကပ်





ကြီး၊ တစ်ခုမဟုတ်တစ်ခု ရှာကြံချေးများပြီး သူ့ကိုယ်သူလည်း ဘာထင်နေတယ် မပြောတတ်ပါဘူး။ ထိုင်နေတာကဖြင့် လမ်းဘေးဆိုင်။ ညစ်ပတ်သလေး၊ မည်းတူးသလေး၊ မီးခိုးနဲ့ နံသလေး လုပ်ချင်နေရင် ဘာရိတ်ခ်ဖတ်စ်ကို Hilton Hotel တွေမှာ သွားစားပါလားကွ"

"ဟင် ! ရှင်ကမှ အံ့သြစရာ။ သူ့အဖေကြီးကိုတင်မက သူ့အမေကိုပါ အပြစ်မြင်တယ် ! ရှင် ဦးအယ်ဒီအစစ်မှ ဟုတ်ရဲ့လား"

"မင်းက ငါ့ကို ယောကျ်ားမိန်းမ ခွဲခြားပြီး ပြောနေရအောင် မိန်းမတွေဘာလုပ်နေနေ မကောင်းမမြင်ဘဲ ဝမ်းသာအားရကြီးပဲ ထောက်ခံနေမယ့် ကောင်မျိုးများ မှတ်လို့လား"

"မဟုတ်ဘူးလား"

"ဟာ ... ဒီမိန်းမ ... ငါ လုပ်လိုက်ရရင် သေဦးမယ်။ မင်းက အဲဒီလို ထင်နေမှတော့ ငါ့သားစိတ်ဆင်းရဲမှာစိုးလို့ မပြောတော့ပါဘူးလို့ ထားထားတဲ့စကားတွေကိုပါ ပြောရတော့မှာပဲ။ ဒီမှာ ငါ့သား၊ ဖေဖေကတော့ အဲဒီမိသားစုကို ကြည့်မရတဲ့ဘဝမှာ ငါ့ချွေးမတော်လာရမယ့် ကောင်မလေးကိုပါ ကြည့်မရဘူးကွာ ... ကဲ"

ဦးအယ်ဒီက ပြောလိုက်ပြီးပြီးချင်း သားလုပ်တဲ့သူကို ခပ်မြန်မြန်ပဲ အကဲခတ်လိုက်ပါသည်။ လက်ပိုက်၊ ရွတည်တည်၊

နိုက်ကြည့်ပုံစံကနေ လှုပ်မလာတဲ့ "**သကြိန်**"ကို သတိထားမိသွားစဉ်မှာတော့ ကိုယ်ကပဲ မနေနိုင်မထိုင်နိုင် "မင်းကျောင်မလေးကို ငါကမကောင်းပြောမယ်ဆိုရင် မင်းက အိုကေပဲလား။ ဘာမှမဖြစ်ဘူးလား။ ရတယ်နော်"ဟု မေးခွန်းထပ်ထုတ်လိုက်ပါသည်။

"ဖေဖေ ဘာပြောပြော၊ ဘယ်လောက်ပြောပြော ကျွန်တော်က သူ့ကို မကောင်းမြင် အချစ်လျော့မှာမှ မဟုတ်တာ။ ဘာမှဖြစ်စရာမရှိပါဘူး"

"အလကားကောင်။ မင်းအမေလိုပဲ လိုမ့်ချည်းခံရဦးမယ့်ကောင်။ မင်း အဲဒီလိုဖြစ်နေလို့ ဟိုကအလကားနေရင်း မျက်စောင်းထိုးလိုက်၊ နှုတ်ခမ်းစူလိုက်၊ စိတ်ကောက်လိုက်၊ အနိုင်ယူလိုက်တွေကို စက္ကန့်နဲ့အမျှ လုပ်ပြနေတာပေါ့ကွ။ ငါဖြင့်ကြည့်ရတာနဲ့တောင် စိတ်ကုန်တယ်။ ငါသာဆိုရင် အဲဒီလို မိန်းမတစ်ယောက်ကို ဘယ်တော့မှ ခေါင်းထဲထည့် အရေးအရာထားမှာ မဟုတ်ဘူး ဟောကောင်။ အချိန်ကုန်တယ်ကွာ။ ယောကျ်ားချေးလည်း ကျလိုက်တာ"

"ကျွန်တော့်ချေးက အရင်က ဘယ်လောက်မို့လဲ ဖေဖေ။ ခုကော ဘယ်လောက်လောက်များ ဖြစ်သွားပြီလဲ။ အဲဒါမျိုးက နေ့စဉ်နဲ့အမျှရော အတက်အကျရှိနိုင်သလား။ ဒါဆို လူတွေက ရွှေဈေးငွေဈေးထက် လွယ်လွယ်မှန်းလို့ရနိုင်လောက်တဲ့ ယောကျ်ားချေးကျတော့ ဘာလို့မကစားကြပါလိမ့်"





"ဟောကောင် ... မင်းက ငါ့ကျတော့ တစ်ခွန်းမခံ ချက်ကျလက်ကျနဲ့။ ဒါမျိုးတွေ မင်းကောင်မလေးကို သွားပြောပါလား။ အလကား ... အဖေက ဟန်ဆောင်၊ သမီးကပဲများ၊ ဘာအထင်ကြီးစရာရှိသလဲ။ ငါက ကိုယ့်သားခေါ်လာမယ့် မိန်းကလေးရယ်လို့ ဝမ်းသာဖော်ရွေပြပါတယ်၊ အမယ် ... သူကတော့ အထာနဲ့ ပဲနဲ့။ ဘာလဲ ! ဣန္ဒြေရှင်မကြီးလား။ သွားစမ်းပါကွာ"

"ဒါကတော့ ... တွေ့တွေ့ချင်း လက်ကြီးနှစ်ဖက်ဆန့်တန်းပြီး ဟေးဟေး ဟေးဟေးလို့ ရယ်ချလိုက်မှတော့ ဘယ်လိုမိန်းကလေးမျိုးက 'အဖေ'ဆိုပြီး ပြန်ကျုံးဖက်မှာလဲရှင်။ ရတ်တရက်တော့ လန့်ပြီးကြောင်သွားမှာပေါ့"

"တိတ်စမ်း ...။ မင်းကကော ဘယ်လိုဖြစ်လို့ တစ်ခွန်းမကျန် တစ်ဖက်ကိုပဲ ဘက်ပင်းနေရတာလဲ။ ဒါလန့်စရာလား၊ ငါက ငါ့သားရဲ့မိန်းကလေးကို ဘာလုပ်မှာမို့လဲ။ ငါ့ကိုသာ လန့်သလေး ဣန္ဒြေဆယ်သလေး လုပ်နေတာ၊ သူ့ဦးလေးဆိုတဲ့ကောင်နဲ့ကျတော့ ဦးလေးနဲ့တူမ အနေအထိုင်တွေက ဘယ်လိုလဲ၊ ပေါင်ပေါ်တက်မထိုင်ရုံတမယ် ကောက်မချီထားရုံတမယ်ပဲ ရှိတော့တယ်"

"အဲဒါ သူ့အမေရဲ့မောင်အရင်းပါရှင်။ သူ ငယ်ငယ်လေးတည်းက ချီထိန်းလာခဲ့တဲ့ ဦးလေးမျိုးဆိုတော့ ဦးလေးနဲ့တူမဆိုတာထက် သူငယ်ချင်းလိုလိုကိုဖြစ်နေ ..."

"ကိုယ့်ကလေးမဟုတ်တဲ့ ကလေးကြီးတစ်ယောက်ကို ချိုပြုံးထိန်းကျောင်းပြီး လူဖြစ်အောင် မွေးလာရအောင် ဒီကောင်က ဘာလဲ၊ အခြောက်လား။ အပုန်းထင်တယ် ဒီလိုဆို"

"ဦးအယ်ဒီ ... ရှင်က ကိုယ့်သားရင်းတောင် တစ်ချက်ကလေးလောက် ကောက်မချီခဲ့တဲ့ အဖေမျိုးဆိုတော့ ကိုယ့်သွေး ကိုယ့်သားအပေါ် မေတ္တာတရားပြတဲ့သူမှန်ရင် အခြောက်၊ စိမ်းကားပြီး ပေလျာက်နေနိုင်မှ ယောကျ်ားစစ်ယောကျ်ားမှန် ဒီလိုတွက်တာလား"

"လက်စသတ်တော့ မင်းက သားအတွက်ပဲ ပြောပေးနေသလိုလို၊ ဟိုဘက်ကပဲ ပင်းနေသလိုလိုနဲ့ အကွက်ရတိုင်း ငါ့ကိုခွပ်မလို့ စောင့်ချောင်းနေတာကိုးကွ။ ဦးလေးနဲ့တူမဆိုတာ အနေသာကြီးပဲ ဖြစ်ရမှာကို၊ အဲဒီကောင်က ဘာကိစ္စအားလုံး ဝင်,ဝင်ပါနေရတာလဲ။ ဘာစကားမှတောင် ကောင်းကောင်းပြောလို့ မရတော့ဘူး။ ဒီဘက်ကတစ်ခွန်းလောက် လာလိုက်တိုင်း အပြီးသတ်ကျတော့ သူနဲ့ပဲပိတ်၊ ပိတ်မိနေတယ်။ ဘယ်လိုကောင်လဲ။ ဘာလဲ ... မင်းပြောတဲ့ တနင်္ဂနွေတွေ့ဆုံပွဲကျ ဒီကောင်ကပါ လာဦးမှာလား"

"ဒါတော့ ဘယ်သိမလဲ၊ ရှင်ကကော အမေ့ကိုပါ ခေါ်မှာပဲမဟုတ်လား"

"ဘာဆိုင်လဲ အဲဒါနဲ့။ ငါ့အမေက လူကြီးသူမလေ။ ဘိုးဘွားဆိုတာ မိဘထက်တောင် ပိုအဆင့်မြင့်တယ်။ ဒီကောင်မျိုးနဲ့ ဘာနှိုင်းပြောနေစရာလိုသလဲ။ ဘာလဲ ... ဒီလိုပြောတော့





မင်းက အမေ့ကိုမခေါ်ဘဲ သုံးယောက်ပဲသွားမယ်လို့ စီစဉ်ထားတာလား။ မင်းတို့သားအမိချင်း အဲဒီလို ကျိတ်တိုင်ပင်ထားကြသလား ပြောစမ်း ဟေ့ကောင်"

သကြိန်က အဖေလုပ်သူကို ခေါင်းခါပြနေရင်း တစ်ဆက်တည်း ပခုံးပါ တစ်ချက်တွန့်ပြလိုက်ပါသည်။ ဦးအယ်ဒီ၏အကြည့်တို့က ဒေါ်လှလှဦးထံသို့သာ စုပုံကျရောက်သွားကြလျှင် ဒေါ်လှလှဦးက ပျာပျာသလဲနှင့် ...

"ဘယ်တုန်းကမှ အဲဒီလိုမပြောဖူးဘူးနော်၊ အမေက ပါကို ပါရမှာပေါ့၊ အမေမပါလို့ ဘယ်ဖြစ်မလဲ၊ ကျွန်မပြောချင်တာက ကျွန်မတို့လည်း အတူနေ ဒီမိသားစုလေးယောက်ပဲရှိတာ မိသားစုကိစ္စ တစ်ခုခုဆိုရင် အမေမပါရင်မဖြစ်သလို သူတို့လည်း သူတို့အတူနေမိသားစုဝင်တိုင်း ပါလာခွင့်ရှိတယ်။ ပါလာနိုင်တယ်။ အဲဒါကို ပြောမလို့လေ"

စိတ်ထဲကလည်းကျိတ်ပြီး "ကောင်မလေးရဲ့ဦးလေးက ဒီကိစ္စမှာ မပါမဖြစ်ပါပဲ။ ပါလာပါစေ၊ မပျက်မကွက်ဆိုက်ဆိုက်မြိုက်မြိုက်ကို ပါလာပါစေ"ဟု တစ်လက်စတည်း ဆုတောင်းမိပါသည်။ အမေကချည်းပဲပြော၊ အမေ့အသံကချည်းပဲ စကားဝိုင်းထဲမှာလွှမ်းနေခဲ့တာမို့ အရာရာ ဝင်ဝင်ပါနေတယ်ဆိုတဲ့ အဲဒီကောင်မလေးရဲ့ဦးလေးတော်ဟာ အမေ့ကို သူကပဲ တာဝန်ယူ လုံးနှပ်ထားပြီး ခမည်းခမက်လေးယောက် အချင်းချင်း စကားကောင်းကောင်းပြောလို့ဆိုလို့ ရကြပါစေလို့ ရည်ရွယ်ချက်ရှိပုံရတာ ဒေါ်လှလှဦးက မသိဘဲနေမလား။

တကယ်ဆို ကျေးဇူးရှင်လို့တောင် ခေါ်လို့ရသည်။ နို့မို့ဖြင့် လှလှဦးတို့အိမ်ထောင်သက်တောက်လျှောက် ဘယ်ကိစ္စ တစ်ခုခုကို ကိုယ့်ဆန္ဒနဲ့ကိုယ် ... ကောင်းကောင်းဖြောင့်ဖြောင့်လုပ်ခွင့်ရခဲ့ဖူးလို့လဲ။ ပါးစပ်တောင်မှ ဘယ်တုန်းကမှ သေချာဟခွင့်မရှိခဲ့တာ။ အမြဲတမ်း အမေတစ်ယောက်တည်းချည်းကသာ အလုံးအရင်းနဲ့ စည်ကားသိုက်မြိုက်နေခဲ့တာချည်း။

"ဟော့ကောင် ... မင်း အဲဒီလောက် တစ်ယောက်တစ်ပေါက် ဖြတ်စဗျင်းတောင်းဖြစ်နေတဲ့ မိသားစုမျိုးထဲ ဝင်ကိုဝင်မယ်လို့ တကယ်ဆုံးဖြတ်ပြီးပြီလား"

"အမှန်ပါပဲ ဖေဖေ"

"တောက် ! အေး ... ကောင်းပြီလေ၊ ဒါဖြင့်လည်း အဲဒီ တနင်္ဂနွေနေ့ကျ ဟိုဟန်ဆောင်ပန်ဆောင်ကြီးရဲ့ လျှို့ဝှက်ဖုံးကွယ်မှုတွေကို အယ်ဒီတို့က အရေခွံခွာချနိုင် မချနိုင်၊ နှစ်လေးတစ်လေးနဲ့တောင် လောင်းလိုက်မယ်ကွာ"

"ဦးအယ်ဒီ ... ရှင်က ဘာဖြစ်လို့ နေရင်း ထိုင်ရင်း အကြောင်းမရှိ ရန်လိုနေရတာလဲဟင် ! စိတ်ကလေးကို ကောင်းကောင်းကြည်ကြည်လေး ထား,ထားလို့ကောမရနိုင်ဘူးလား"

"မရဘူးကွာ။ အကြောင်းမရှိမှ မဟုတ်တာ ရှိတယ်ကွ။ ငါ့ရှေ့လာပြီး ဟန်ဆောင်ဖုံးကွယ်ထားတဲ့ မျက်နှာကြီးကို ငါ မြင်မြင်ချင်း ဒီလောက်ကြည့်လို့မရတာ၊ အဲဒါအကြောင်းပေါ့"





"ရှင့်တစ်ယောက်တည်း ဖြစ်နေတာ၊ ဟိုကဖြင့် သိတောင် သိမှာမဟုတ်ဘူး။ ရှင်သာ အကုသိုလ်တွေများ၊ စိတ်တွေ ဗလောင်ဆူ၊ မငြိမ်းချမ်း"

"ဟား ဟား ဟား ဟား ... မထင်ပါနဲ့။ မထင်လိုက်ပါနဲ့ ... ခုနေ အဲဒီကောင်ကြီးလည်း ငါ့အကြောင်းပြောနေ မပြောနေဆိုတာ ဆယ်လေးတစ်လေးပေးမယ်၊ လောင်းမလား"

"တော်ပါ ... အလောင်းအစားများ ဝါသနာမပါပါဘူး၊ အဓိပ္ပာယ်မရှိ"

ဒေါ်လှလှဦးက ဦးအယ်ဒီမမြင်အောင် သားဖြစ်သူကိုပဲ မျက်ရိပ်မျက်ကဲပြ အနားသို့ခေါ်ယူကာ တီးတိုးအသံကလေးနှင့် ...

"အဲဒီနေ့ကျမှ ဝူးဝါးနဲ့ အရှက်မကွဲချင်ရင် မင်းအဖေအကြောင်း မင်းကောင်မလေးကိုလည်း အရိပ်အမြွက်လောက် ကြိုကျက်ပြောထားချေဦး။ ဘာမှန်းမသိ သဘောမတူနိုင်တာ ဘာညာလဲ မဟုတ်ဘဲနဲ့ တမင်သက်သက်ရစ်ပြီး ကပ်ဖဲ့တိုက်နေတာ"

ဟု သတိပေးထားလိုက်ပါသည်။

*○*

ဦးမျိုးမြတ်တစ်ယောက် စားပွဲထိပ်ကထိုင်ခုံမှာ ဝင်ထိုင်မည်ပြုပြီးမှ ဆက်ထိုင်ရတော့မလို၊ ပြန်ထရမလို မတင်မကျကုန်းကွကွကြီး ရှိနေလျှင် ဒေါ်ခင်ခင်ထားက "ရှင်ဘာဖြစ်နေတာလဲ"ဟု အသာကျိတ်မေးလိုက်ရပါသည်။

"နေဦး ... ဒီ **Restaurent** မှာ စားကြသောက်ကြတဲ့ ကျသင့်ငွေတွေကို ဘယ်သူကပေးမယ်လို့ ပြောထားတာလဲ"

"ဩော် ... ရှင်ကလည်း ဘယ်လိုဖြစ်နေတာလဲ၊ သမီးနဲ့ သူ့ကောင်လေးတို့ စီစဉ်ကြတာပဲဟာ၊ ပြောပြီးဆိုပြီး ညှိနှိုင်းပြီးထားကြပြီပဲ နေမှာပေါ့"

"အဲဒါကိုပဲ ပြောနေတာလေ။ ငါ့သမီးက မိန်းကလေးတန်မဲ့ ထုတ်ရှင်းနေရဦးမှာလား"

"ဒါ ... သူတို့လူငယ်တွေကိစ္စပါ။ ရှင် ရှင်းရမယ်လို့လည်း ဘယ်သူမှ ပြောမနေဘူး။ တကယ်ဆို ခေတ်စကားပြောဆိုတယ်ဆိုရင် မိန်းကလေးဘက်က ရှင်းကြရရိုး၊ ဧည့်ခံရရိုးထုံးစံတောင် ရှိသေးတာ။ သမီးဘာသာ ဘယ်လို စီစဉ်စီစဉ် မိန်းကလေးတန်မဲ့ဆိုတဲ့ အဖြစ်မျိုးတော့ မဖြစ်ပါဘူး"





"ဒါခေတ်စပ်ပွဲမှ မဟုတ်တာကွ။ နှစ်ဖက်မိဘတွေအချင်းချင်း မမြင်ဖူးကြလို့ တစ်ဦးနဲ့တစ်ဦး ဆုံကြည့်ကြတဲ့သဘောပဲရှိတာ။ ဟိုတစ်နေ့က မတော်တဆ လမ်းမှာတွေ့ဖြစ်လိုက်ကြလို့ ဒီနေ့ကို ခေတ်စပ်ပွဲလို့ပဲ သဘောထားလိုက်မယ်လို့ ဆုံးဖြတ်လို့တော့ ဘယ်ဖြစ်မလဲ။ အားလုံးစားသောက်ပြီးမှ ငါ ရှင်းဆိုရင်တော့ မဖြစ်ဘူး"

"ရှင့်ကိုလည်း ဘယ်သူကမှ မရှင်းခိုင်းပါဘူးလို့ဆိုနေ"

"ဒါဖြင့် ဟိုကောင့်အမေက ငါ့ဝင်ဝင်လာချင်း ဒီစားပွဲထိပ်မှာထိုင်ပါဆိုတာက ဘာသဘောလဲ။ ပွဲရှင်လို့သတ်မှတ်လိုက်တာ မဟုတ်ဘူးနော် ... သေချာရဲ့လား"

"ဩော်ရှင် ... သမီးရှင်ရယ်လို့ လေးစားနေရာထားလိုက်တာနေမှာပေါ့"

"ဒါဖြင့်ပြီးရော။ တကယ်ပဲ အဲဒီလိုစိတ်ထားမျိုးနဲ့ဆိုရင်တော့ ခေတ်စပ်ပွဲလည်းမဟုတ်၊ လက်ထပ်ပွဲလည်း မဟုတ်သေးတဲ့ ဒီလိုပွဲမျိုးမှာ တစ်ဝက်၊ တစ်ဝက်စီ ထုတ်ရှင်းကြကြေးဆိုလည်း ငါက မရှိင်းပါဘူးကွ"

ဒေါ်ခင်ခင်ထားမှာ ကြိုရောက်နေနှင့်သော သားရှင်အမေထံ မသိမသာ အကဲခတ်ရင်း သက်ပြင်းတစ်ခုကို ကျိတ်ချရပါသည်။ ဦးမျိုးမြတ်ကတော့ စားပွဲရှည်ရဲ့ထိပ်က ထိုင်ခုံမှာဝင်ထိုင်ပြီးပြီးချင်း ဘေးဘီဝဲယာကို ဝေ့ကြည့်လိုက်ကာ ...

"ဒါနဲ့ ဟိုမျက်နှာပြောင်ကောင်က ခုထိ ဘာလို့ရောက်မလာသေးတာလဲ"

"ခုနကပဲ သူ့မိန်းမကတောင်းပန်တယ်လေ၊ ထွက်တော့လာနေပါပြီတဲ့၊ ကား traffic နဲ့မို့ နည်းနည်းလေးနောက်ကျနေတာဖြစ်မှာပါတဲ့။ မနက်စောစောက အလုပ်ကိစ္စလေးရှိလို့ မသွားမဖြစ် ထွက်လိုက်ရတာနဲ့ သူက အဲဒီအလုပ်ထဲကပဲ ကားတစ်စီးနဲ့ သပ်သပ်လာမှာပါတဲ့"

"မင်း တွေ့ပြီမဟုတ်လား၊ အဲဒီမိန်းမဟာ ပစ္စည်းစကားသိပ်ပြောပါတယ်လို့။ အခုကြည့်စမ်း သူတို့မှာ ဘယ်လိုမဆို ကားနှစ်စီးတော့ ရှိနေတာ စကားထဲမသိမသာထည့်ပြောသွားပြီ။ မင်း ခံလိုက်ရပြန်ပြီ နားလည်ရဲ့လား"

ဒေါ်ခင်ခင်ထားမှာ စိတ်ညစ်ညစ်နှင့်ပင် ညာဘက်နားက ဝင်သမျှကို ဘယ်ဘက်နားကသာ ပြန်ထုတ်။ သူ့ကိုပြိုင်ပြီး ပြန်ငြင်းနေရင် ပိုဆိုးမည်။

"အေး ... ပြီးရော။ တခြားလူတွေက ကြိုရောက်ပြီး သူ့ကို ကြိုစောင့်နေကြ။ သူကတော့ လူစုံမှ၊ နောက်ဆုံးမှထွက်မယ်လို့ တမင်လုပ်ထားတာမဟုတ်ရင် ပြီးတာပဲ။ နောက်ဆုံးမှထွက်လို့ ဂုဏ်ရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ်ထင်ရင်တော့ ဒီကောင်က အငြိမ့်သမီးပဲ။ ငါကတော့ အဲဒီလိုပဲ သတ်မှတ်တယ်"





ထိုအချိန်မှာပင် စားသောက်ဆိုင်ရဲ့တံခါးက ခြူသံလေးများနှင့်အတူ ပွင့်ဟသွားကာ ...

"ဆောရီးပါ ... ထိုင်ပြီးစောင့်ပေးနေရတဲ့သူတွေကို အားနာပါတယ်"

"အငြိမ့်မင်းသမီး"

ဒေါ်ခင်ခင်ထားက ဦးမျိုးမြတ်ရဲ့ပါးစပ်ကို ကိုယ့်လက်ဝါးနှင့် အလျင်အမြန်ဆုံး ဖမ်းအုပ်ပြီးပိတ်ပစ်လိုက်ပါသည်။ ဦးမျိုးမြတ်ကလည်း မိန်းမလုပ်သူရဲ့လက်တို့ကို ဖြတ်ခနဲဆွဲခွာပစ်လိုက်ပြီးလျှင် နောက်တစ်ခွန်း၊ ပိုရှဲခပ်ကျယ်ကျယ် ...

"အငြိမ့်မင်းသမီးကြီး"

သို့သော် ဦးအယ်ဒီက ရုန်းရင်းဆန်ခတ် ဖြစ်နေကြတဲ့ လင်မယားကို ဖျတ်ခနဲ တစ်ချက်မျှ ကြည့်သည်ဆိုရုံမျှသာ ကြည့်လိုက်ပါသည်။ ပြီးလျှင်တော့ စားပွဲမှာ ဝင်မထိုင်သေးဘဲ ခုထိ မတ်တတ်ပဲ ရှိနေဆဲ ဒေါ်လှလှဦးတို့သားအမိဆီ လျှောက်လှမ်းသွားလိုက်ကာ ...

"ငါက ဘယ်မှာထိုင်ရမှာလဲ"

"ဟိုမှာလေ ... အမေ့ဘေးမှာ ခုံနှစ်ခုံလွတ်နေသေးတာ ရှင်တစ်ခုံ၊ ကျွန်မတစ်ခုံပေါ့။ အလယ်ကဟာကတော့ သားထိုင်ဖို့"

"အဲဒါက ဘယ်လိုဖြစ်တာလဲ၊ ဟိုဘက်ကဟာကြီးကကျတော့ စားပွဲထိပ်က ကုလားထိုင်မှာ။ အဲဒါတွေကြောင့်

မင်းကို အရင်ကြိုလွှတ်ထားတာလေ။ သူတို့ချည်း စီစဉ်ခြယ်လှယ်နေမှာစိုးလို့ ကြိုသွားပြီး စီစဉ်ထားနှင့်ပါလို့ သေချာမှာလိုက်တာတောင်မှ အညွှန့်ခံထားပြန်ပြီ"

"အဲဒါ ကျွန်မပဲ စီစဉ်ထားတာပါ။ ကိုယ့်အုပ်စုမှာ အမေက အသက်အကြီးဆုံးလေ။ သူ့ကို ထိပ်ထိုင်ခုံပေးပြီးရင် ထိပ်ကနောက်တစ်လုံးကို မိန်းကလေးဘက်က အသက်အကြီးဆုံးကိုပေးမှ တရားသဖြင့် ဖြစ်တော့မှာပေါ့။ ကိုယ်တွေချည်းပဲ ထိပ်ထိုင်ခုံနှစ်လုံးကို ဦးထိုင်ထားရင် သူတို့ကကော လက်ခံမလား။ ရှက်စရာကြီးပါ ဦးအယ်ဒီရယ်"

"အဲဒီတော့ သူကပဲ ငါ့ထက်ရာထူးရှိန်ဝါ သာသလိုလို"

"ဘယ်လိုမဆို အသက်ဂ ာတော့ ပိုကြီးမှာပေါ့"

"ကြီးချင်မှ ကြီးမှာပေါ့ကွ။ မင်း အတိအကျ သိပြီးပြီလား"

"မကြီးလည်း ကြီးတဲ့ရုပ်ကြီး ထွက်နေတဲ့ဟာ။ တူတူချင်းဆိုရင်တောင် ရှင်ကနုတယ်။ သူကအိုတဲ့ရုပ်ပေါက်နေတာ။ ပေးထိုင်လိုက်ပေါ့"

ဒေါ်လှလှဦးမှာ ဦးအယ်ဒီရဲ့ပျော့ကွက်ကို ကောင်းကောင်းသဘောပေါက်စွာ အညှာကိုင်လိုက်နိုင်ပါသည်။ ဦးအယ်ဒီက ကျေကျေနပ်နပ် ပြုံးစိစိနှင့်ပင် သူ့အမေဘေးကထိုင်ခုံမှာ အေးဆေးဝင်ထိုင်လိုက်ချေပြီ။ အားလုံးနေရာယူပြီးကြချိန်မှာတော့ ဘယ်သူကစပြီး ဦးဆောင်စတင်လိုက်မလဲဆိုတာကို တပြင်ပြင်





တချိန်ချိန် စကားစီ၊ အကွက်ချောင်းနေကြပုံရတဲ့ အဖေနှစ်ယောက်ရဲ့အရိပ်အကဲတွေကို သကြီးန်နဲ့ ငုတို့နှစ်ယောက်စလုံးက တပ်အပ်သိစွာ တစ်ပြိုင်နက်တည်းပင် ...

"ဟိုနေ့ကလည်း တွေ့ပြီးကြပြီဆိုတော့ ထပ်မိတ်ဆက်ကြဖို့ မလိုတော့ပါဘူး"

"မိတ်ဆက်တာကတော့ ဟိုနေ့ကပဲ မိတ်ဆက်ပေးပြီးသွားပါပြီ"

ပြိုင်တူထွက်လာကြသည့် စကားသံကြောင့် တစ်ယောက်နဲ့တစ်ယောက် ပြုံးပြီးလှည့်ကြည့်မိလိုက်ကြပြီးမှ ငုက ...

"သကြီးန်ပဲ ဆက်ပြောလိုက်တော့"

"ငုပဲပြောရင် ပြောလိုက်လေ၊ ဘယ်သူပြောပြော ဒါ,ဒါပဲဟာ"

"သကြီးန်ပဲ ပြောလိုက်ပါ"

အဖေနှစ်ယောက်စလုံး ကိုယ့်သားကိုယ့်သမီးကိုယ်စီကို မကျေမနပ်တွေ လှမ်းကြည့်လိုက်ကြပါသည်။ ချစ်ရည်တွေရွှမ်း၊ ချစ်စိတ်တွေဖြာ၊ ချစ်ဆိပ်တွေတက်ပြီး ခုကတည်းကကိုယ်ကပဲ အလျှော့ပေး။ သူ့ကိုပဲဦးစားပေး၊ နောက်လိုက်ကြီးတွေပဲ ဖြစ်ချင်နေကြတာ ဘယ်လိုဟာတွေလဲ။

"ဟေ့ကောင် ... မင်းက ယောကျ်ားလေးပဲဟာ။ ဘာ သူပြော၊ ငါပြော လုပ်နေတာလဲ။ မင်းကသာ ဦးဆောင်ပြောရမှာပေါ့၊ ပြောစရာရှိ မြန်မြန်ပြော"

ဦးအယ်ဒီရဲ့သားရှင်စကားကြီးကို အမြင်ကတ်သွားတဲ့ ဦးမျိုးမြတ်က သူက ဘုဆိုရင် ကိုယ်ကလည်း ကန့်လန့်ဖြစ်ပြမှသာ အညှံမခံရာကျမှာမို့ ...

"မင်းတို့ဟာက မိတ်ဆက်ပွဲဆိုလို့ မိတ်ဆက်ကြဖို့ ရောက်လာရတာလေ၊ အဲဒါကိုမှ ဟိုနေ့ကပဲ မိတ်ဆက်ပြီးပြီဆိုရင် ငါတို့က ဘာလုပ်ရမှာလဲ၊ ပြီးပြီလား။ ပြန်ကြရတော့မှာလား"

"ဟာ ... မဟုတ်ပါဘူး အန်ကယ်။ မိတ်ဆက်ပြီးကြပြီဆိုပေမယ့် တိုင်ပင်စရာတွေလည်း ရှိပါတယ်"

"တိုင်ပင်မှာလား၊ မင်းတို့ စီစဉ်ထားတာတွေကို ပြောပြမှာလား"

"ဟုတ်ကဲ့ ... စီစဉ်ထားတာတွေကို ပြောပြမှာဆိုရင် ပိုမှန်ပါတယ် ဖေဖေ"

"အစကတည်းက ဒီလို ရှင်းရှင်းပြောထားလေကွာ။ တိုင်ပင်တာဆိုရင်တော့ ငါတို့ရဲ့အကြံတွေ၊ ငါတို့ရဲ့ဆန္ဒတွေကို မင်းတို့အနေနဲ့က ပိုအလေးထားပေးရတော့မှာပေါ့ မဟုတ်ဘူးလား"

"ဒါပေမဲ့လည်းပဲ ခုလည်း စီစဉ်ထားတာတွေကို ပြောပြရုံဆိုပေမယ့် သူတို့စီစဉ်ထားတာတိုင်းကို ကျုပ်တို့ကိုမငြင်းမဆန် လက်ခံရမယ်လို့လည်း ဘယ်ဟုတ်မလဲ။ ပယ်စရာရှိပယ်ရမယ်၊ ကိုယ့်ဆန္ဒအတိုင်း ထပ်ဖြည့်တန်စရာရှိ ထပ်ဖြည့်ရမယ်"





"ငါ့တူကြီးပြောတာကို အမေလည်း လက်ခံတယ်ဟော့။ ဒီလိုကိစ္စမျိုးမှာ လူကြီးတွေရဲ့ဆန္ဒကသာ အဓိကပေါ့။ ဒီခေတ်လူငယ်တွေဆိုတာကတော့ ထုံးစံလည်းမသိ၊ အစဉ်အလာလည်း နားမလည်၊ ရိုးရာဆိုတာကတော့ ဘာမှန်းတောင်သိမှာမဟုတ်ဘူး ... ဒီတော့ ..."

"အဘွား ... အဘွား၊ ကျွန်တော် အရင်ပြောမယ်နော်။ အဘွားပြောချင်တာရှိရင်နောက်မှပြောပါ။ ခုတော့ ကျွန်တော်ပဲပြောလိုက်ဦးမယ်၊ နို့မို့ ကျွန်တော်တို့ချင်း တိုင်ပင်ထားတာလေးတွေ အရေးကြီးတာလေးတွေ မပြောလိုက်ရဘဲနေမယ်"

"ဘယ်လို ! မင်းပြောမှာကသာ အရေးကြီးတာတွေဆိုတော့ မင်းက ငါ့စကားကျတော့ ဘာမှအရေးမပါတဲ့ဟာတွေလို့ ပြောလိုက်တာလား"

ဦးအယ်ဒီကလည်း သကြိန်ကို "ဟော့ကောင်" ဟုဝင်အော်ပါသည်။ ပြီးမှ သားလုပ်သူရဲ့တောင်းပန်တဲ့မျက်နှာထားကြီးကို သနားစိတ်ဝင်သွားရတာမို့ အမေဖြစ်သူ **ဒေါ်စိန်စိန်**ရဲ့လက်တစ်ဖက်ကို အသာဆုပ်ကိုင်လိုက်ကာ နောက်တစ်ဖက်နှင့်ပါ အသာအယာပုတ်ရင်း "ဟုတ်တယ် ... ပြီးမှ အမေ ... ပြီးမှ" ဟု နှစ်သိမ့်လိုက်သည်။ အခြေအနေက နည်းနည်းပြန်ငြိမ်သွားသလိုရှိလျှင် သကြိန်က အစွင့်အရေးကို လက်လွှတ်မခံနိုင်စွာ ကမန်းကတန်းပင် ...

"အကျဉ်းချုပ်ကတော့ ကျွန်တော်တို့နှစ်ယောက်စလုံးက မိဘတွေကို ဒုက္ခပေးရတာ၊ အပူကပ်ရတာ၊ အကျယ်ချဲ့ရမှာတွေကို ဝါသနာပါဘူး။ အဲဒါကြောင့် မင်္ဂလာကိစ္စကို ကျွန်တော်တို့နှစ်ယောက်စလုံး သုံးနှစ်လောက် အလုပ်လုပ်ထားတဲ့စုငွေတွေနဲ့ပဲ ခပ်ကျဉ်းကျဉ်းပဲ လုပ်ကြမယ်လို့ ဆုံးဖြတ်ထားပါတယ်"

"ဒါဆို မင်းတို့သမီးရည်းစားသက်တမ်းက သုံးနှစ်တောင် ရှိပြီပေါ့"

ဦးမျိုးမြတ်က "ငါလည်းမသိရပါလား"ဆိုတဲ့ပုံစံနဲ့ သမီးဖြစ်သူကို မကျေမနပ်ကြီး မေးလိုက်လျှင် ငှကလည်းချက်ချင်းပင် ...

"အလုပ်လုပ်ပြီး စုထားကြတာ သုံးနှစ်စီရှိပြီလို့ ပြောတာပါ။ မင်္ဂလာဆောင်ဖို့အတွက် ရည်ရွယ်ပြီး စုထားတာလည်း မဟုတ်ပါဘူး။ ဒီလိုပဲ စုထားတဲ့အထဲက ပိုက်ဆံကိုသုံးမယ်လို့သာ ပြောတာပါ"

"မိန်းကလေးဖြစ်ပြီး ကိုယ့်စုငွေနဲ့ကိုယ် မင်္ဂလာဆောင်ရမယ် ! "

ဦးမျိုးမြတ်က သကြိန်ကို မဲ့မဲ့ရွဲ့ရွဲ့ ရှုံ့ရှုံ့ချချကြီး ကြည့်လိုက်တာမို့ ဦးအယ်ဒီက ဦးမျိုးမြတ်ကိုမကြည့်ဘဲ မျက်နှာကို လွှဲထားလျက်သားကပင် ...





"ဒီလိုခေတ်မီတိုးတက်ပြီး ယောက်ျားမိန်းမ သာတူညီမျှတာ၊ အဆင့်အတန်း အခြေအနေမခွဲခြားကြတော့တဲ့ ခေတ်ကြီးမှာ ခေတ်နဲ့အညီ ရင်ဘောင်တန်း မလိုက်နိုင်ဘဲ Sex Discrimination (လိင်ခွဲခြားဆက်ဆံခြင်း)အတွေးအခေါ်မျိုးတွေ ရှိနေတာ သိပ်ခေတ်နောက်ပြန်ဆွဲရာ ကျတာပဲ။ ကိုယ့်သမီးကိုယ် နှိမ်ချဆက်ဆံရာလည်း ရောက်ပါတယ်"

ဦးမျိုးမြတ်ကတော့ ဦးအယ်ဒီကို တည့်တည့်ကြီးပဲ မျှးကြည့်လိုက်သည်။

"Sex Discrimination နဲ့ ထုံးတမ်းစဉ်လာနဲ့ ဘယ်လိုမှ မပတ်သက်ဘူး ကိုယ့်လူ"

"အေးဟေ့ ... ငါလည်း သဘောမတူဘူး၊ ကလေးမုန့်ဖိုးလေးလောက်နဲ့ ငါ့မြေးပွဲကို ပြီးလိုက်ရမှာလား။ ငါတာဝန်ယူနိုင်တယ်"

"အမေကလည်း ကလေးတွေက တန်းတူညီမျှကိစ္စကိုပြောနေကြတာ။ ဒါကိုလက်မခံလို့၊ အလေးမထားလို့ဘယ်ဖြစ်မလဲ။ ကာယကံရှင်မိန်းကလေးကို သူ့စိတ်ကြိုက် သူဖြစ်စေချင်ရာလုပ်ပါစေ၊ ခွင့်ပြုရမှာပေါ့"

ဦးအယ်ဒီရဲ့ လူလည်ကျလိုသောစကားကို ဦးမျိုးမြတ်က တစ်စုံတစ်ရာ ပြန်ချေပတော့မည်ပြုစဉ် ယောက်ျားလုပ်သူက နှုတ်သွက်လျှာသွက်နှင့် မြန်မြန်ထက်ထက်ရှိခြင်းအားဖြင့်

ကိုနှမျှားစွာတို့ ပြေလည်ငြိမ်းအေးကုန်ကြခြင်းမှာ ကျင့်သားရနေပြီဖြစ်တဲ့ ဒေါ်ခင်ခင်ထားက အမြန်ဆုံးနည်းနှင့် ...

"တစ်ဝက် တစ်ဝက်က အဆင်ပြေပါတယ်၊ အဲဒါပဲကောင်းပါတယ်"

ဦးမျိုးမြတ်ရဲ့ဒေါသမျက်နှာကြီးက ဒေါ်ခင်ခင်ထားဘက်သို့ လှည့်လာသည်။ ဒေါ်ခင်ခင်ထားမှာ စားပွဲအောက်ကနေပဲ အများသူငါတွေ မရိပ်မိရလေအောင် လက်ကုတ်သတိပေးလိုက်ရရင်း နှုတ်ကလည်း ခပ်တိုးတိုး ...

"ရှင်ပဲ ခုန ကျွန်မကိုပြောထားတာလေ၊ တစ်ဝက်တစ်ဝက်စီဆိုလည်း ငါက မရိုင်းပါဘူးဆို"

"ဘာဆိုင်လဲကွ၊ အဲဒါ မင်္ဂလာပွဲကြီးကိုပါ ဆိုလိုတာမှမဟုတ်တာ"

"အတူတူပါပဲ၊ ထားလိုက်ပါတော့"

"မထားနိုင်ပါဘူး၊ သင်းတို့ဘက်ကသာ အားလုံးတစ်ပြားမကျန် အကုန်ခံရမယ်။ ဒါမြန်မာ့ထုံးတမ်းစဉ်လာအရပဲ"

တကုတ်တည်းကုတ်နေသော ဒေါ်ခင်ခင်ထား၏လက်တို့က ဆိတ်ပြီးတော့ လိမ်ဆွဲပစ်လိုက်သည့်အဆင့်သို့ ကူးပြောင်းသွားသည်။

"ရှင့်တုန်းကကျတော့ရော။ ဟင် ! ပြန်စဉ်းစားပါဦး၊ ဟွန်း ! မပြောလိုက်ချင်ဘူး"





ဦးမျိုးမြတ်က ဒေါ်ခင်ခင်ထားရဲ့စကားတွေကို လုံးဝမကြားလိုက်သလိုလို၊ တစ်စက်မှ အရေးမစိုက်သလိုလို ချက်ချင်းပုံစံပြောင်းလိုက်သည်။ စားပွဲရဲ့တစ်ဖက်မှာ ငှနှင့် ဒေါ်လှလှဦးတို့အချင်းချင်း အပြန်အလှန်ပြောဆိုနေကြသည့် စကားများကိုသာသွားပြီးအာရုံစိုက်ထားလိုက်ပါသည်။

"နေတာကတော့ အန်တီတို့နဲ့ပဲ နေလိုက်ပါ၊ အိမ်မှာကဘယ်သူမှလည်း ရှိတာမဟုတ်ဘူး။ အိမ်ကလည်း အကျယ်ကြီးပဲလေ။ အဆင်ပြေပါတယ် သမီးရယ်"

"မဟုတ်ပါဘူး အန်တီ၊ သမီးတို့က နဂိုတည်းကိုက နှစ်ယောက်တည်းပဲ သီးသန့်နေကြမယ်လို့ တိုင်ပင်ထားပြီးသားမို့ပါ"

"ဟင် ... ဘာ ... ဘာ ... ဘာပြောတယ်၊ ငှ ... ညည်းတို့ချည်း သပ်သပ်နေမလို့ ဟုတ်လား။ ဘယ်ဖြစ်မှာလဲ၊ ဖေဖေတို့နဲ့ပဲနေ။ ဖေဖေတို့မှာက ဒီသမီးလေးတစ်ယောက်တည်းရှိတာ။ ခွဲထုတ်မပေးလိုက်နိုင်ပါဘူး"

"အချိန်တန် အရွယ်ရောက်ရင်ဆိုတဲ့ စကားလည်းအရှိသားနဲ့၊ တရားသဘောကို နားမလည်လိုက်တာ။ ခင်ဗျားတို့မှာတစ်ဦးတည်းသောသမီး ဆိုသလို ဒီမှာကလည်း တစ်ဦးတည်းသောသားပါပဲဗျာ"

"ခင်ဗျားတို့ဘာသာ ဘယ်နှဦးရှိရှိ၊ ကျုပ်သမီးကတော့ကျုပ်နဲ့ပဲ နေရမယ်။ အဲဒီလိုနေမှ သူအဆင်ပြေမှာ၊ ကျုပ်သိတယ်"

"ဒီလိုပြောကြကြေးဆို ကျုပ်သားကလည်း ကျုပ်တို့နဲ့သာ နေဖို့ပဲရှိတာပဲ။ ကျုပ်သားချေးမလည်း ခင်ဗျားတို့အိမ်မှာ အဆင်ပြေချင်မှပြေမှာပေါ့။ ဘာအာမခံချက်ရှိသလဲ"

"ဟော့ ... ဟော့ ... ဟော့ ... ဒီမယ် ... ဒီမယ် ... မင်းတို့တွေဟာက သားနဲ့သမီးကို အိမ်လုနေကြတာ ရိုးကောင်းရဲ့လား။ တင်တောင်းထားရတာ၊ အခန်းပေးထားရတာက အရင်ကထက်၊ ခါတိုင်းထက် တစ်ယောက်စာလေးပဲ ပိုလာမှာ ဘာမှမထောင်းတာဘူး။ နိုင်းလို့ရတာ၊ အကူအညီပြန်ရနိုင်တာကကျတော့ သာနေလို့သာ လုယက်နေကြတာ မဟုတ်လား"

ဒေါ်စိန်စိန်ရဲ့ ကျယ်ကျယ်လောင်လောင်ကြီး ဝင်အော်လိုက်တဲ့စကားကို သားဖြစ်တဲ့ ဦးအယ်ဒီက "တဟားဟား" နဲ့ သဘောကျသွားရပေမယ့် ဦးမျိုးမြတ်မှာတော့ မျက်နှာကြီးမည်းပုပ်သွားရကာ ...

"ဒါကတော့ အဒေါ်စကားထဲ အဒေါ်တို့စိတ်ရင်းတွေပါ ပါသွားတဲ့သဘောပဲ"

"အန်ကယ် တောင်းပန်ပါတယ်။ ကျွန်တော်တို့ရဲ့အစီအစဉ်ထဲရော၊ ဘတ်ဂျက်စာရင်းထဲမှာပါ အဲဒီအိမ်ကိစ္စကပါပြီးသားပါ။ သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ထားကြတာပါ။ ကျွန်တော်တို့ သပ်သပ်ပဲ နေပါရစေ အန်ကယ်"





သကြီးနက "တောင်းပန်ပါတယ်"ဟု တစ်ခွန်းထပ်ပြောလိုက်ပြန်သည်။ ခုလောလောဆယ် ကိုယ်ကအတင်းခံငြင်းပြီး ငြိုင်လုနေရင် ဟိုမျက်နှာပိုးမရှိတဲ့ကောင်ကလည်း လျော့မှာမဟုတ်သလို သူ့အမေကြီးကလည်း "သူတို့မြေးကို နိုင်းစားချင်လို့"ဟု ထပ်မံစွပ်စွဲဦးမှာမို့ ဦးမျိုးမြတ်မှာ မကျေနပ်လှပေမယ့် အသာပဲ ငြိမ်နေလိုက်ပါတော့သည်။ ဒါ ... အေးအေးဆေးဆေးကျမှ ကိုယ့်သမီးကိုယ်ပိုင်အောင်လုပ်ပြီး ပြန်တိုက်ယူရမယ့်ကိစ္စ။ ခုတော့ခဏနေနှင့်ဦးပေါ့။

"ပြောချင်တာကတော့ တစ်ဝက်တစ်ဝက်စီဆိုပေမယ့် ကျုပ်ကတော့ ဆီဒိုးနားကိုပဲ အဆိုပြုချင်တယ်။ ကျုပ်တို့အိမ်နဲ့ကနီးတော့ ဘယ်လိုမဆို စီစဉ်ရတာ အဆင်ပြေလွယ်ကူနိုင်တယ်လေ"

"ဖေဖေ ... ကျွန်တော်တို့ အကျဉ်းပဲလုပ်မယ်လို့ ပြောထား ..."

"မင်းဘာသာမင်း ကျဉ်းကျဉ်းကျယ်ကျယ်၊ မိဘတွေမှာတော့ ဆွေမျိုးရှိတယ်။ အပေါင်းအသင်းရှိတယ်၊ အသိုင်းအဝိုင်းရှိတယ်ကွ။ ပြီးကာမှ ဟင် ! မသိလိုက်ရပါလား၊ မလာလိုက်ရပါလားလို့ အပြောအဆိုခံရမှာမျိုး ငါလုံးဝ အဖြစ်မခံနိုင်ဘူး"

ဦးအယ်ဒီက "ကဲ ... ဘာကန့်ကွက်ချင်သေးလဲ"ဆိုတဲ့ အကြည့်ကြီးနဲ့ ဦးမျိုးမြတ်ကို ကြည့်လာပါသည်။ ဟိုတယ်

တစ်ခုခုမှာ လုပ်မှဖြစ်မယ်ဆိုတာလည်း ငြင်းစရာအကြောင်းမရှိ၊ ကိုယ့်အိမ်ကလည်း ဘယ်ဟိုတယ်တစ်ခုခုနဲ့မှ နီးနီးနားနားမရှိတာမို့ သတို့သားအဖေက ဝင်စီစဉ်ခွင့်ရသွားတာကို မကျေနပ်ပေမယ့် ဘလိုင်းကြီးထကန့်ကွက်လို့တော့ မရနိုင်ပါ။ ဦးမျိုးမြတ်က ချောင်းတစ်ချက် အသာဟန့်လိုက်ရင်း ...

"ကျုပ်တို့ကတော့ ဘယ်ဟိုတယ်လုပ်လုပ် အဓိက,က တကယ်မင်္ဂလာရှိဖို့ပဲ။ တချို့ တချို့တွေလို၊ ကြားဖူးမြင်ဖူးနေကျဇာတ်လမ်းတွေလို ပွဲထုတ်မှ မယားကြီးရောက်ချလာပြီး အရှက်လာခွဲတာတို့ ဘာတို့မရှိရင် ပြီးတာပဲ"

ဦးအယ်ဒီက ဦးမျိုးမြတ်ကို ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။ ဒီလူ စောင်းမြောင်းချိတ်ဆက်ပြီး နက်လိုက်တာလား။ ဒီလိုပဲ နိုင်ရပြီးရော ပြောလိုက်တာလား။

"အမေ ကြားဖူးလိုက်တာကတော့ မယားကြီး မဟုတ်ပါဘူး။ ပွဲထုတ်ကာမှ 'ဒီလောက်ပွဲကြီးလမ်းကြီးတော့ လုပ်နိုင်ပြီးငါ့အကြွေးကျတော့ ပြန်မဆပ်ပါလား'ဆိုပြီး ကြွေးရှင်ကသာ ဓားထမ်းပြီးတော့ ရောက်ချလာတာပါတဲ့။ ပွဲတစ်ခုလုံးဝရုန်းသုန်းကားကို ဖြစ်ကရောတဲ့"

အမေကတော့ သူကြားဖူးထားတာကို ဝင်မပြောလိုက်ရရင် တစ်ဖူးနာသွားမှာစိုးလို့ သူ့အကျင့်အတိုင်း သူချည်းပြောခွင့်ရအောင် အတင်းဝင်ပြောတာ။ သို့သော် သမီးရှင်အဖေကြီးကိုယ့်လိုပဲ "ဆတ်"ခနဲ ပြန်ဖြစ်သွားတာကို ဦးအယ်ဒီက ရိပ်မိဖြစ်





အောင်ကို ရိပ်မိလိုက်ပါသည်။ ဟ ! ဘာတွေတုန်း။ တစ်ကိုယ်လုံးကြယ်သီးတွေအစေ့တပ်ထားတဲ့ မျက်နှာတည်ကြီးတစ်ခုရဲ့နောက်ကွယ်က လျှို့ဝှက်ဟန်ဆောင်ဖုံးကွယ်မှု ဇာတ်လမ်းက "အကြွေး"လား ... ဟုတ်လား ! ကြည့်ကြသေးတာပေါ့။

"ဟာ ... ဟုတ်တယ် ... ဟုတ်တယ်။ မိန်းမတွေ ဘာတွေရောက်လာတယ်ဆိုတာမျိုး တစ်ခါမှ မကြားဖူးပါဘူး။ ကျွန်တော်ကြားဖူးတာလည်း ကြွေးရှင်ပဲ။ ကြွေးရှင်ဆိုတာမျိုးက ဒါမျိုးအခွင့်အရေးပဲ စောင့်ချောင်းနေကြတာမျိုးလေ။ အဲဒီမှာတင် တုတ်တစ်ပြက် ဓားတစ်ပြက်နဲ့ ရှုပ်ကုန်ကြရော ... ဟား ဟား ဟား။ ပွဲကြီးပွဲကောင်းပဲ ... ဟားဟား"

ဦးအယ်ဒီက ဦးမျိုးမြတ်ရဲ့မျက်နှာ ကွက်ခနဲမသိမသာပျက်သွားတာကို သတိထားရိပ်မိလိုက်လျှင် ဦးမျိုးမြတ်ကလည်း "မယားကြီး"ဆိုတဲ့စကားမှာ ဦးအယ်ဒီတစ်ယောက် တစ်မျိုးတော့တစ်မျိုး တုန်လှုပ်သလိုလို၊ ဘာလိုလို ဖြစ်သွားသေးတာကို ဘာကြောင့် မရိပ်မိလိုက်ဘဲ ရှိရမည်နည်း။

"မိန်းမတွေ လိုက်ချလာတာ ဘာလို့မကြားဖူးရမှာလဲ။ တစ်ယောက် နှစ်ယောက်တောင် မကဘူး။ ဒါမျိုးဇာတ်လမ်းက အမြဲဖြစ်နေတာ အများကြီးပဲ။ ခင်ဗျားတို့အကြားမှားနေကြတာ နေလိမ့်မယ်"

"မဖြစ်နိုင်ပါဘူး။ ကြွေးရှင်ကသာ ဖြစ်နိုင်တာ။ ကြွေးရှင်ပါ"

"မယားကြီးက ဘာလို့မဖြစ်နိုင်ရမှာလဲ"

"ဘာပဲဖြစ်ဖြစ် ကြွေးရှင်ပါ။ ကြွေးရှင်သာရောက်ချလာမှာ"

"ဒိန်းတလိန်းနတ်ပူးနေတဲ့ မယားကြီးကို သတို့သားရဲ့ သူငယ်ချင်းတွေက အထဲဝင်ခွင့်မရအောင် တားရဆီးရ ချုပ်ထားရ၊ ဟိုမိန်းမက ကုန်းအော်။ ဟား ... တော်တော်ကို အရက်ကွဲမယ့် ဇာတ်လမ်းမျိုးပဲ"

"ငါ့ပိုက်ဆံတွေ ခုပြန်ဆပ်လို့ ဓားနဲ့မိုးထားတာကသာ ပိုဆိုးမှာ"

"မယားကြီးကသာ ပိုဆိုး ..."

"ကြွေးရှင်"

"ဖေဖေတို့ ဘယ်လိုဖြစ်နေကြတာလဲဗျာ၊ ဘာတွေလဲဗျ"

"အေးလေ ... အဲဒီလောက် တခုတ်တရ ပြိုင်ငြင်းနေရအောင် ဖေဖေတို့ပြောနေတဲ့ မယားကြီးနဲ့ ကြွေးရှင်က ငတို့ သကြိန်တို့နဲ့ ဘာဆိုင်လို့လဲ။ ဘာမှလဲ မပတ်သက်ဘဲနဲ့ အလကားသက်သက် စကားနိုင်လုသလို ဖြစ်နေပြီ"

ငရော သကြိန်ပါ ရှုံ့တွစိတ်ညစ်လို့ နေရပါပြီ။ အမေနှစ်ယောက်မှာတော့ ကိုယ့်သားနဲ့သမီးတွေကိုလည်း သနား၊ အချင်းချင်းကျတော့ အားနာ၊ ယောကျ်ားလုပ်သူတွေကိုကျတော့ မနိုင်ဆိုတော့ ဟိုကြည့်လိုက်၊ ဒီကြည့်လိုက် အချင်းချင်းရယ်ပြလိုက် ကလွဲရင် ဘာလုပ်ရမယ်မှန်းလည်း မသိကြ။





"အေးလေ ... တော်ကြပါတော့ ကလေးတွေ စိတ်ညစ်တယ်။ ဘယ့်နှယ်လဲ ... မင်းတို့စီစဉ်ကြမယ့်မင်္ဂလာပွဲက စေ့စပ်ပွဲကျရင် ပဉ္ဇင်းတက်တုန်းကလိုမျိုး အားလုံးကင်းရှင်းကြောင်း အာမဘန္တေ ရွတ်ပြပြီးမှ ပွဲဖြစ်ရမှာလား ... ဟုတ်လား"

အဘွားကြီးက ဝင်အော်ပစ်လိုက်မှပင် ကလေးတွေ ဝင်ပြောပြီးကြတာတောင်မှ "မယားကြီး"နဲ့ "ကြွေးရှင်" ခုထက်ထိ တတွတ်တွတ် တိုးတိုးလေးတွေ ရွတ်ဆိုနေကြဆဲ နှစ်ယောက်တို့ တိခနဲရပ်ကြပါတော့သည်။ ရပ်သာရပ်လိုက်ရ မျက်မှောင်ကုတ်ကြီးနဲ့ မကျေမနပ်နိုင် ဖြစ်သွားရပြန်တဲ့ ဦးမျိုးမြတ်က ဒေါ်ခင်ခင်ထားကိုပဲ ကျိတ်ပြီး ...

"ဟိုမိန်းမကြီးက သူ့သားတင်မကဘဲ ဘာကိစ္စကြောင့် ငါ့ပါ လာအော်နေရတာလဲ။ ငါက သူ့တပည့်လား။ လက်အောက်ခံလား"

"ဩော် ... ရှင်ကလည်း လုပ်ပုံမှ မဟုတ်တာကို ဘာကိစ္စ သွားပြိုင်ငြင်းနေသေးတာလဲ"

ထိုအချိန်မှာပဲ စရောက်ကတည်းက ငုတ်တုတ်၊ စကားတစ်လုံးမှမဆို၊ ဘာမှကိုဝင်မပြောခဲ့တဲ့ ငရဲ့ဦးလေးတော် **မောင်မောင်လတ်**က ဒေါ်စိန်စိန်ကြီးနားသို့ အသာကလေးငုံ့ကိုင်းတိုးကပ်လိုက်ပြီး ...

"အမေကြီး အတော်ပင်ပန်းနေပြီထင်တယ်။ မျက်နှာတွေလည်း နီလို့။ အသက်ရှူသံလည်း အတော်မြန်တယ်။ ရသေးရဲ့လား ... နားဖို့များလိုပြီလား"

"အေး ... ဟုတ်တယ်၊ ဒီသူငယ်ကမှ လူကြီးသူမ ဂရုစိုက် ဖော်ရသေးတယ်။ ဟုတ်တာပေါ့ ... ကောင်းတယ်။ သကြိန် ငါ့မြေး ... ဘာကိစ္စမှထပ်ပြောဖို့မရှိရင် ဒီကနေ့ တွေ့ဆုံပွဲ က ဒီမှာတင်ရပ်ကြလို့ ရမလား၊ အဘွားလည်း ပင်ပန်းပြီ။ ဟုတ်ပါရဲ့။ သူပြောလိုက်မှပဲ သတိထားမိတော့တယ်"

ပွဲကိုဆက်ရှည်ထားခြင်းဖြင့် ဒီ့ထက်ပိုရင်းနှီးနွေးထွေး လာဖို့ထက် အကျိုးယုတ်ဖို့ကသာ ပိုများနေနိုင်တာကို သကြိန် ကလည်း သဘောပေါက်ပါသည်။

"ဟုတ်ကဲ့ အဘွား။ ပြန်လိုက်ကြရင်လည်း ရပါပြီ။ အထူးအထွေ ထပ်မရှိတော့ပါဘူး"

အားလုံး အတော်ကြီးစိတ်ချမ်းသာသွားကြရပေမယ့် ဦးအယ်ဒီမှာတော့ အောင့်သက်သက်ကြီးပင် ဖြစ်သွားရကာ ကိုယ် အနိုင်ရနိုင်တဲ့ ဒေါ်လှလှဦးကိုပဲ ဖိပြီးဒေါသတကြီးနှင့် ...

"ဘာလဲကွ ... အဲဒီ အခြောက်လား အပုန်းလားမသိတဲ့ ကောင်က ဆရာဝန်လား။ သူက ဘာဝင်အမှတ်ယူတာလဲ"

"ဆရာဝန်လို့တော့ သတင်းမကြားမိပါဘူး။ ဒါပေမဲ့ ဘာ ဖြစ်လို့လဲ၊ ကိုယ့်အမေကျန်းမာရေးကို ဂရုစိုက်ပေးတာပဲလေ၊ ကောင်းသားပဲ"

"ဘာကောင်းရမှာလဲ၊ သူ့စကား သူ့အဆုံးအဖြတ်ကို အားလုံးကနာခံပြီး ပွဲသိမ်းလိုက်ကြရအောင်၊ ငါတို့ကပါ သူ့တပည့်ကြီးတွေလား"





အားလုံးပဲ မတ်တတ်ထရပ်နေကြပြီ ဖြစ်သဖြင့် ဒေါ်လှလှဦးမှာ ကိုယ်တိုင်လည်း ခပ်မြန်မြန်ထရပ်လိုက်ပြီး ဦးအယ်ဒီ ကိုလည်း "ရှင်ကဆက်ထိုင်နေဦးမှာလား" ဟု ထိတ်လန့်တကြား မေးလိုက်ပါသည်။

ဦးအယ်ဒီက ဦးမျိုးမြတ်ကို လှမ်းအကဲခတ်သည်။ ဦးမျိုးမြတ်ကတော့ ဦးအယ်ဒီကို စိတ်မဝင်စားအားတော့ပါ။ ကလေးနှစ်ယောက်သား စားသောက်ခန်းရဲ့အပြင်က Reception သို့ ငွေရှင်းဖို့ ထွက်သွားနေတာကိုပဲ လည်ပင်းကြီးရှည်အောင် လိုက်ကြည့်နေရှာ၍ ဖြစ်ပါသည်။ ပိုက်ဆံအထပ်လိုက်တို့က သကြိန် ရဲ့လက်တွင်းမှသာ ထွက်လာကြတာကို မြင်ရမှ မျက်ခုံးအတွန့် ချိုးကြီးကို အနည်းငယ် ဖြေလျှော့လိုက်လေသည်။

ကိုယ်က အစွဲဆက်တိုက်နေတာကို ဘယ်သူကမှ စိတ်ဝင်တစား သတိထားမိကြပုံလည်းမရ။ မြင်တောင်မှ မြင်ကြ သည့်ပုံ မရှိသောအခါ ဦးအယ်ဒီက စားပွဲမှာ ဆက်ပေထိုင်မနေ တော့ဘဲ ထိုင်ရာမှ အသာထရပ်လိုက်ပါသည်။

* ○ *

## အခန်း(၂)

ငှက သူ့ရဲ့လက်ကလေးတွေကို သကြိန်ရဲ့လက်နှစ်ဖက်ထဲက အတင်းပြန်ဆောင့်ပြီး ရုန်းထွက်လိုက်တာမို့ သကြိန်မှာ "ဘာလဲဟ" ဟု အံ့သြထိတ်လန့်သွားရပါသည်။ ဘာကောက်စရာရှိတာလဲ စဉ်းစား။ ဘာမှလဲ စဉ်းစားလို့မရပါလား။ သကြိန်က လက်နှစ်ဖက်ကို နောက်ပစ်ပြီးတော့တောင် ဖွက်ထားလိုက်သေးသော ငှကို မျက်မှောင်ကုတ်ကြည့်လိုက်ရင်း ဖွက်ထားတဲ့နောက်ကိုပဲ မရမက အတင်းလိုက်ဆွဲ။ ငှက တဝဲဝဲရှိနေသော သကြိန်ရဲ့လက်တွေကို တဖိုးဖိုးတဖတ်ဖတ် ရိုက်ထုတ်ပစ်နေရင်းက ...

"ဘယ်လိုဖြစ်နေရတာလဲ"

"အဲဒါ ကိုယ်ကသာ မေးရမှာလေ၊ ဘယ်လိုဖြစ်နေတာလဲ"

ငှက သကြိန်ကို စိတ်မရှည်သလို မျက်စောင်းရွယ်လိုက်ရင်းက မျက်စောင်းထိုးနားလောက်က ထိုင်ခုံတန်းကို မျက်စ





ပစ်၊ မေးပါငေါ့ပြလိုက်သည်။ သိပြီ ...။ ကျွတ် ! ကိုယ်တိုင်လည်း အဲဒီအဖြစ်အပျက်ကို ခုနကတည်းက မေးမလို့ဟာကို။

"တိုးတိုးပြော"

သကြိန်က ပါးစပ်ပြင်လိုက်လျှင် ငှက ဘာတွေပြောတော့မယ်ဆိုတာကို အတပ်သိစွာ ကြိုကြိုတင်တင်လေး သတိပေးထားလိုက်ပါသည်။ သကြိန်က ပြောချပစ်လိုက်ဖို့ အားယူလိုက်ပြီးတဲ့ ပါးစပ်ကနေ လေတွေကိုသာ ဖူးခနဲ မှုတ်ထုတ်လိုက်ရရင်း ...

"အဲဒါကကော ဘယ်လိုဖြစ်ရတာလဲ"

"ဒီလိုပဲ"

"ဘာ ... ဒီလိုပဲလဲ။ သူက ဘာလိုက်လုပ်နေမှာလဲ။ သွားစရာရှိလို့ ခဏတဖြုတ် ခရီးကြုံလမ်းကြုံ လိုက်လာတာလား။ သူ့ကိစ္စတစ်ခုခုနဲ့ ချိန်းထားတဲ့ လူတစ်ယောက်ယောက်ရှိလို့ ထိုင်စောင့်နေရတာလား။ ဘာကြီးလဲ။ ဘာကိစ္စပဲရှိရှိ သူ့တူမနဲ့ တူမရဲ့ရည်းစားကောင်လေးတို့ ချိန်းတွေ့နေကြတဲ့ အနီးနားတစ်ဝိုက်မှာတော့ ဦးလေးတော်ကြီးတစ်ယောက် ငုတ်တုပ်ကြီးလာရောက်နေတာကတော့ မမိုက်ဘူးနော်။ သူ တခြားတစ်နေရာရာကို ပြောင်းရွှေးလိုက်လို့ မရဘူးလား။ ဒါမှမဟုတ် ကိုယ်တို့ရွှေ့မလား"

"မရဘူး"

"ဘာလို့လဲ"

"ငှ နောက်ကိုပဲ လိုက်လာတာပဲဟာ။ ငှရှိတဲ့နေရာမှာပဲ ရှိနေရမှာပေါ့။ သူက နေရာမပြောင်းလို့ဆိုပြီး ငှတို့ဘာသာ ဘယ်နေရာပြောင်းပြောင်းလဲ သူက ထလိုက်လာမှာပဲ။ ငှနားမှာပဲ အမြဲသူရှိနေမှာ"

"ဗျာ"

"ဟုတ်တယ်"

"ဘာလို့လဲ"

"ဖေဖေပေါ့။ ဖေဖေ့အစီအစဉ်။ ဖေဖေထည့်လွှတ်လိုက်တာ"

သကြိန်တစ်ယောက် ပါးစပ်အဟောင်းသားပင် ဟသွားရပါသည်။ ငှကတော့ ဖြစ်ပျက်သွားတဲ့ သကြိန်ရဲ့မျက်နှာကို အားနာသလို ကြည့်လိုက်ရင်း အခြေအနေ အကျဉ်းအကျပ်ကိုလည်း ပေါ့ပေါ့ပါးပါး ဖြစ်သွားအောင် ခပ်ဟဟလေးတစ်ချက် ရယ်လိုက်ကာ ...

"လက်ထပ်ခါနီးပြီ၊ လူကြီးမိဘသိရှိသဘောတူ ခွင့်ပြုပြီးပြီဆိုပြီး မဟုတ်တရုတ် ထဖြစ်ကြမှာစိုးလို့တဲ့ ... ဟင်း ဟင်း ဟင်း"

သကြိန်ရဲ့မျက်နှာကြီး နီရဲသွားပါသည်။

"ကိုယ်က အဲဒီလိုကောင်လား"

"သကြိန် ဘယ်လိုကောင်ဆိုတာ ဖေဖေမှ မသိတာ။ သူ့အတွေးနဲ့သူတော့ မှန်တယ်ပဲ ထင်မှာပေါ့"





"ဟား ... ဒါဖြင့် ခုကနေ လက်မထပ်ဖြစ်ခင်စပ်ကြားထဲ ဒီဘကြီးက အမြဲပါနေတော့မှာလား"

"ဦးလေးပါ"

"သိတယ် ... တမင်ပြောတာ။ သူက ဘာအလုပ်မှမလုပ်ဘူးလား။ ဘယ်လောက်တောင် အားအားယားယားကြီးဖြစ်နေလို့ ဒီတာဝန်မျိုးကို ယူနိုင်ရတာလဲ။ အံ့သြစရာကြီး"

"ဦးလတ်ကအလုပ်ရှိပါတယ်။ ဒါပေမဲ့ Garment Factory Outlet တွေ အကျီဆိုင်ဖွင့်ထားတာဆိုတော့ အလုပ်က သူ့ဟာနဲ့သူ အဆင်တပြေ လည်ပတ်နေနိုင်တာကြာပြီ။ သူ့ဆိုင်မှာ သူခဏတဖြုတ်မရှိလည်း ရတယ်။ သူ မသွားလည်းဖြစ်တယ်။ ဘာမှမဖြစ်ဘူး"

"သေလိုက်ပါတော့ကွာ။ ဒီလိုဆိုရင်တော့ သူ့ဆိုင်ရှင်လည်း မီးထလောင်မှ၊ ဒါမှမဟုတ် Sale girl တွေအားလုံး ပစ္စည်းထုပ်တွေ မ,ပြီးထွက်ပြေးကြမှ၊ ဒါမှမဟုတ်လည်း အကြောင်းကိစ္စတစ်ခုခုနဲ့ အမှုအခင်း အကြီးအကျယ်ဖြစ်မှပဲ သူက ကိုယ်တို့နောက် တကောက်ကောက်မပါတော့မှာပေါ့ ဟုတ်လား"

"ဟင်း ဟင်း ဟင်း ... အရမ်းမေတ္တာထားတဲ့ပုံပဲ။ ဦးလတ်က ဘာအပြစ်ရှိလို့လဲ။ သူ့ခမျာ ဖေဖေလုပ်ခိုင်းလို့ လုပ်ရတာ။ ဘယ်သူက ဒါမျိုးကို ဝမ်းသာအားရ လုပ်ချင်မှာလဲ၊ သူလည်း အီးပိတ်နေမှာပဲ၊ သနားပါတယ်"

"ဒါဖြင့် သူက သဘောထားတင်းမာတဲ့ 'လက်ပတ်ကြီး' တော့ မဟုတ်ဘူးပေါ့"

"ဘာလဲ ... လက်ပတ်ကြီး"

"တချို့လူတွေက 'တာဝန်'ဆိုတဲ့ လက်ပတ်ကြီးတစ်ခု ပတ်ခွင့်ရလိုက်တာနဲ့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်ပြီး စွတ်တင်းရမယ်ပဲ မှတ်ကြတော့တာလေ"

"ဦးလတ်က အဲဒါမျိုးမဟုတ်ပါဘူး။ အဲဒါကြောင့်(၁၅)နှစ် လောက်ကွာပေမယ့် ငနဲ့ သူနဲ့က ဆော်ဒါပဲ။ လုံးဝသူငယ်ချင်း"

"ဒါဆို လက်လေးလောက်တော့ ကိုင်ထားလို့ရမှာပေါ့နော်"

"ဟား ဟား ဟား ... ဒါကို ဦးတည်နေတာလား။ မရဘူး။ ဖေဖေက ဦးလတ်ကို အဲဒီကိစ္စလည်း အတိအကျကို မှာလိုက်တယ်။ ကောင်လေးက လက်သိပ်ပါတယ်။ မင်း သေချာစောင့်ကြည့်ထားနိုင်မှ တန်ကာကျမယ်တဲ့"

"ဟား ... ဘာလဲကွာ"

"သကြိန်ကလည်း လူကြီးတွေရှေ့တောင် သတိမထားမိဘဲ အမြဲလက်ရောက်မှု ဖြစ်နေတာကိုး ... ဟင်း ဟင်း"

"ဒါပေမဲ့ ကိုယ့်ရည်းစားကောင်မလေးရဲ့ လက်ကလေးကို ဆုပ်ကိုင်ထားချင်တာ အပြစ်လား။ ပြီးကျတော့ ငလည်း ခွင့်ပြုထားပြီးတော့ကိစ္စလေ။ ကိုယ်က ငလက်ကလေးကိုကိုင် ထားရရင် ဒီကောင်မလေးကို ငါပိုင်တယ်၊ ငါတစ်ယောက်





ပဲ ချစ်မြတ်နိုးခွင့်ရထားတယ်ဆိုတဲ့ အသိနဲ့ ကိုယ့်ကိုယ် ကိုယ် ယုံကြည်မှုရှိတယ်။ ခွန်အားအသစ်ဖြစ်သလို ခံစား ရတယ်။ အဲဒါလေးပဲလေ ငရယ်။ အဲဒါ လူကြီးတွေအမြင် မှာကျတော့ ဒီလော်ကြီး ဆိုးဝါးတဲ့ကိစ္စလား။ ကိုယ်က လည်း တမင်တကာ မလေးမစားသဘောမျိုးတော့ မဟုတ် ပါဘူး။ ငမျက်နှာလေးကို မြင်လိုက်ရတာနဲ့ အကျင့်ပါပြီး အလိုလိုစိတ်ကဖြစ်နေတော့"

"အဲဒါကိုပဲ ပြောနေတာပေါ့၊ ဖေဖေကလည်း အဲဒါပဲပြော လိုက်တာပဲလေ။ ဒီကောင်က အကျင့်ကိုပါနေတာ။ တခြား ဘာတွေအကျင့်ပါနေဦးမလဲ ဆိုတာ မင်း မပြတ်တမ်းပြုး ကြည့်ထား။ သတိမလစ်စေနဲ့တဲ့။ ဖေဖေမှာလိုက်တဲ့အထဲ မှာ ခုလို ဂျာနယ်ကြီးဖွင့်ဖတ်နေပြီး ဘောလုံးအကြောင်း ထဲပဲ အာရုံစိုက်မနေနဲ့ဆိုတာတောင် ပါလိုက်သေး"

"ဟား ... ဒါဖြင့် ငနဲ့ကိုယ် တွေ့ကြတိုင်း ဗိုက်ဆံအကုန် အကျခံပြီး ဘောလုံးဂျာနယ်တွေ သူ့ရှေ့အထပ်လိုက်ပုံချ ထားပေးမှ နည်းနည်း အနေရချောင်မယ်ဆိုတဲ့ သဘော လား"

"ကောင်းသားပဲ"

"ဗျူး ... ယောက္ခမတို့ကတော့ စားပြီကွာ"

"အောင်မာ ... သူများအဖေက စားတယ်ဆိုရင် သူ့အဖေ ကတော့ ဝါးတောင်မနေတော့ဘဲ မျိုချလိုက်တာပဲနေမှာပဲ"

"ဖေဖေက ဘာလုပ်လို့လဲ"

"ငုဆီ ဖုန်းဆက်တယ်"

"ငုဆီ ! ဖေဖေက ! "

"ဟိ ဟိ ဟိ ... ဟုတ်ပါ့ရှင်"

"ဘာ ... ဘာတဲ့လဲ"

"သူ့တူမနှစ်ယောက် အပျိုရံလုပ်ရမှတဲ့ ... ဟား ဟား ဟား"

"ဟာ ... ..."

သကြိန်ရဲ့မျက်နှာကြီး နီရဲသွားပြန်ကာ ..."ဒါနဲ့ပဲ လက်ခံလိုက်ရတာပေါ့ ဟုတ်လား ... ဟား ဟား"ဟု အံရှက်ပြေ ရယ်မောလိုက်ရပါသည်။

"အမယ် ... ဘယ်ရမလဲ၊ ဘာလို့လက်ခံရမှာလဲ။ မင်္ဂလာဆောင်ပွဲတစ်ခုမှာ အပျိုရံဆိုတာကတော့ သတို့သမီးဘက်ကသာ စီစဉ်ဆောင်ရွက် တာဝန်ယူရမှာမျိုးပဲဟာ။ ဒီဘက်မှာ ဘာအစီအစဉ်မှ မရှိမှသာ သတို့သားဘက်ကို လုပ်ပေးပါ။ လူရှာပေးပါ။ ဘယ်သူလုပ်ချင်လဲလို့ ပြောမှာပေါ့။ ခုကတော့ ဆောရီးပဲနော်။ ဒီဘက်မှာကလည်း အပြည့်ပဲဟာ။ အဖေ့ဘက်နဲ့အမေ့ဘက် လုယက်တောင်လုပ်ချင်နေကြဦးမယ်"

"ငြင်းလိုက်တာပေါ့"

"ဒါပေါ့"





မငြင်းလို့ ရမလား။ "ဟုတ်ကဲ့ ... ရပါတယ် အန်ကယ်"ဆိုပြီး အားနာနာနဲ့ ခေါင်းညိတ်လိုက်မိလို့ကတော့ ဒေါ်ရွှေငုံ တစ်ယောက် ဖုန်းချပြီးတာနဲ့ အဲဒီခေါင်းလည်းအပြတ်ပဲ ဖြစ်နေမှာ။ ပိုဆိုးတာက ငုဆီ အဲဒီဖုန်းဝင်လာတုန်းက ဒီဘက်ကနေ ဖုန်းကိုင်ထူးလိုက်တဲ့သူက ဖေဖေလေ။ အနားမှာတင်ပေကပ်ရပ်နေပြီးတော့ကို ဘာတွေပြောကြမလဲ ဆိုတာကို နားထောင်နေခဲ့တာ။ ဒါတောင်မှ ငြင်းလိုက်တဲ့အသံက ပျော့လို့တဲ့။ အားနာသံပေါက်လို့တဲ့။ "ဒီလိုမျိုး ထုံးစံကိုကျော်ချင်လာတာကို ဘာမှအားနာနေဖို့ မရှိဘူး။ ခပ်ပြတ်ပြတ်ပဲ ပြန်ပြောလိုက်ရမယ့်ဟာကို"တဲ့လေ။

"အဲဒါ ဘယ်တုန်းကလဲ။ ဖေဖေကတော့ မင်းကောင်မလေးက ငါ့ကို ငြင်းထုတ်လိုက်သဗျာ၊ ဆိုပြီး ပြောလို့ကိုဆုံးမှာ မဟုတ်တော့ဘူး"

"ကိစ္စမရှိဘူး၊ ဘာမှမပူနဲ့။ ငုက 'စီစဉ်ပြီးသားပါ အန်ကယ်၊ ဒါပေမဲ့ အန်ကယ်က မဖြစ်မနေ ထပ်ထည့်ချင်တယ်ဆိုရင်တော့ ဦးလတ်ကလည်း သူလည်း လူပျိုရံလုပ်ရမှလို့ ဂျိုကျနေတာနဲ့ အတော်ပါပဲ။ နှစ်ယောက်စလုံးမဟုတ်တောင် တစ်တွဲလောက်ထပ်ထည့်လိုက်ကြတာပေါ့။ အန်ကယ့်တူမလေးတစ်ယောက်နဲ့ ဦးလတ်နဲ့တစ်တွဲပေါ့ အန်ကယ်'လို့ ပြောလိုက်တာလေ"

"ဟား ဟား ဟား ဟား … 'နေ နေ … နေ … နေ — တော် တော် … ကိစ္စမရှိဘူး' လို့ တံတွေးသီးမတတ် မပြော ဘူးလား"

"ပြောတာပေါ့ … ဟား ဟား"

ငှနှင့် သကြိန်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အူနာနာနဲ့ ရယ်မောနေကြပြီးမှ ငှက တစ်စုံတစ်ခုကို ထပ်သတိရသွားသလို ဖော်ပြိုင်းထန်လာပြီး ချောင်းတွေပါ ဆိုး၊ မျက်ရည်တွေ ဘာတွေကျလာ၊ ကိုယ့်အရယ်နှင့်ကိုယ်ပြန် သီးနေပါတော့သည်။

"ဘာဖြစ်တာလဲ"

"အမယ်လေး … ဟားဟားဟား … အဟွတ် … အဟွတ် — ဘွားဘွားကတော … ဘာပြောသလဲ သိလား … အဟွတ် — အဟွတ် … ဟွတ်"

"ဘွားဘွား ! ကိုယ့်အဘွားလား"

"ဟုတ် …။ ဟား ဟား ဟား … ဘွားဘွားကတော့ အိမ် ကိုရောက်လာတာ။ ခုနတွေ့စက အဲဒါကို အရင်ဆုံးပြန် ပြောပြမလို့ဟာ၊ ဦးလတ်ကြီးပါလာတာကို ဖြေရှင်းနေရတာ နဲ့ပဲ မေ့နေတာ ကြည့်စမ်း။ ဟား ဟား ဟား"

သကြိန်မှာ တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ သေချာ နိုင်သည်ဖြစ်ရာ အတူဆက်ပြီး ရယ်မနေနိုင်တော့ဘဲ ရှုတည်တည် ကြီးပဲ ပြန်ဖြစ်သွားရပါပြီ။





"ဘွားဘွားကလေ သူ မင်္ဂလာဆောင်တုန်းကဝတ်တဲ့ လုံချည်တဲ့။ ချိတ်လို့တော့ ထင်တာပဲ။ လုံချည်ပေါ်မှာတဲ့ … ခွေခွေကလေးတွေ ကပ်ချုပ်ထားတာပါ,ပါတယ်။ ချစ်စရာ လေးပဲ။ ဘွားဘွားက အဲဒါအကောင်းကြီးရှိသေးတယ်တဲ့။ ဝတ်စုံဖိုးထပ်ပြီး သိပ်အကုန်မခံနဲ့တဲ့။ အဲဒီလွှန်ခဲ့တဲ့ငါးဆယ့် ရှစ်နှစ်လောက်က လုံချည်ကိုပဲ ငှက ပြန်ဝတ်လိုက်ပါလား တဲ့။ ဟား ဟား ဟား ဟား … အဟွတ် … အဟွတ် …

အမယ်လေး … အဲဒီနေ့ကအိမ်မှာ ဖေဖေမရှိလို့။ မေမေနဲ့ငှပဲရှိနေလို့သာ တော်တော့တယ်။ ခုလည်း ဖေဖေ့ ကို ပြန်မပြောရဲဘူး။ ဘွားဘွားရှေ့မှာလည်း မေမေနဲ့ငှတို့ ရယ်ချင်ပေမယ့် မရယ်ရဲဘူး။ အောင့်ထားကြရတာ။ ဒါ တောင် မေမေက 'သတို့သမီးက စတိတ်စင်မြင့်ပေါ်မှာ ထိုင်ချလိုက်ကာမှ လုံချည်က ဟက်တက်ပြဲပြီး အရှက်လည်း ကွဲနေရပါဦးမယ် အမေရယ်"လို့ ပြောလိုက်မိလို့ သူ့ စေတနာကို စော်ကားရပါ့မလားလို့ စိတ်တွေတိုနေလိုက် တာလေ။ မနည်းပြန်ချော့ယူရတယ် …

လုံချည်ကိစ္စလည်း မအောင်မြင်ရော အိမ်ထောင်ရေး ပညာပေးတွေ ထိုင်ဆုံးမတော့တာ သကြိန်ရေ။ အားလုံး ငှကချည်း သကြိန်ကို သည်းခံလိုက်လျော၊ အလျှော့ပေး ရမှာတွေချည်းပဲ။ အမှန်က မေမေက အဲဒီနေ့ နေ့လယ်မှာ ပြနေကျဆရာဝန်နဲ့ check up သွားလုပ်ရမှာရှိတယ်။

ထူးထူးထွေထွေ ဖြစ်နေတာ မဟုတ်ပါဘူး။ ဒီလိုပဲ ပုံမှန်စစ်ဆေးရုံဆိုတော့ သွားစရာရှိပါတယ်ဆိုတာ ဘွားဘွားကို မပြောရဲကြဘဲ ဒီတိုင်း ငုတ်တုတ်နေလိုက်ရတော့တာပေါ့။ ခုနကလည်း သူ့လုံချည်ကြီးကို ငြင်းထားမိတော့ ညောင်းလာတာတောင်မှ ပြန်စကားကိုမဟာရဲဘူး ...

တော်သေးတာ။ သူက ဒရိုင်ဘာကြီးတစ်ယောက်နဲ့လာတာ။ ကြာလွန်းမက ကြာလာတော့မှ သူ့ဒရိုင်ဘာကြီးက "အဘွား အိမ်မှာညနေကျ သွားစရာရှိသေးတယ်"လို့ အိမ်ပေါ်တက်လိုက်လာပြီး လာခေါ်လို့ နို့မို့ ညနေ ဖေဖေပြန်ရောက်လာတဲ့ထိမှ မပြန်သေးဘဲ ဖေဖေ့ပါ ဆက်ဆုံးမနေရင် တွေးတောင်မတွေးရဲဘူး။ မေမေဆိုတာတော့ ပြောမနေနဲ့။ အဘွား ပြန်သွားတာနဲ့ သွေးကျဆေးသောက်ယူရတယ်"

"တော်ပါတော့ ... တော်ပါတော့ ... တော်ပါတော့"

"ဟင်း ဟင်း ဟင်း ဟင်း"

"ရယ်မနေနဲ့တော့။ ပြဿနာတွေကတော့ ရှေ့လျှောက်နည်းမှာမဟုတ်ဘူး ခင်ဗျာ။ တန်းကိုစီနေမှာ။ ဘယ်လိုရင်ဆိုင်ကြရမလဲဆိုတာကို ကြိုတွေးထားဦး"

"ဘာကိုမှ အတည်မယူ၊ စိတ်မလုပ်၊ တစ်ယောက်နဲ့တစ်ယောက် အပြစ်မပြော။ ခုလိုပဲ ရယ်ကာမောကာနဲ့ပဲပြီးလိုက်ကြပြီး ဘယ်ဘက်က ပိုမှန်နေတယ်၊ ဘယ်သူ့လူကြီး





ကတော့ ပိုမှားနေတယ်လို့ မသတ်မှတ်ကြရင် ပြီးတာပဲ။ တစ်ဖက်ကလူကြီးက ကိုယ့်ကို ဘာလာလုပ်လုပ်၊ ဘာပြောပြော ခုလိုပဲ ငုလုပ်သလိုပဲ ကိုယ့်ဘာသာ လည်သလိုကြည့်ကျက်ရှင်းကြေး။ ကျန်တစ်ယောက်ကိုပဲ ဒေါသတွေပုံချပြီး အပြစ်မဖို့ကြေး။ သဘောတူလား"

"ခင်ဗျားလေးပဲ စိတ်တွေကောက်ချိတ်မနေဘူးဆိုရင် ပြီးတာပါပဲ"

"သကြိန် လုပ်နေတာမှ မဟုတ်တာတွေအတွက်တော့ သကြိန်ကိုကောက်ပါ့မလား။ ငုတစ်ယောက်တည်းမကောက်နေရုံနဲ့မပြီးဘူး။ သကြိန်လည်း မကောက်နဲ့၊ မရွဲ့နဲ့"

သကြိန်က "ယောက်ျားမျက်စောင်း"ဟု ငု အမြဲပြောတတ်သော ခပ်စွေစွေအကြည့်နှင့် ငုကိုကြည့်လိုက်ပါသည်။

"ဒါဆို ဒါပဲလား၊ ပြန်ကြရအောင်"

သကြိန်က အပျင်းတစ်ချက်ဆန့်ကာ ထိုင်ရာမှထရပ်လိုက်သည်နှင့် ငုက ...

"ခါတိုင်းလို 'ဘယ်နေ့ထပ်တွေ့ကြမလဲ'လို့လည်း မပြောပါလား"

"ဘိုးတော်ကြီး အမြဲတန်းလန်းနဲ့ဆိုတာကို စဉ်းစားလိုက်ရင် ဘယ်လိုမှဇီလင်ပေါ်လာစရာ အကြောင်းမရှိဘူး။ ငု အဖေကြီး မေ့သွားတာတို့ စိတ်ပြောင်းသွားတာတို့ ဖြစ်ဦးမလားဆိုတာ ခဏစောင့်ကြည့်လိုက်ဦးမယ်"

ပြုံးစိစိနှင့် ရယ်ချင်လို့ချည်းနေသည့် ၎ရဲ့မျက်နှာကလေး အရယ်ရှိန်တွေ လျော့ကျ၊ ခပ်အိုအို တည်တည်ကလေး ဖြစ်သွားရပါသည်။

*○*

"မင်းကောင်မလေးဘက်က ဘယ်တစ်ယောက်ကို မင်း မျက်စိထဲ အချိုးမပြေဘူးလဲ။ ခပ်ထောင်ထောင်နဲ့ လက်ပေါက်ကပ်နေမယ့်ကောင်မျိုးရှိရင် ငါ့သာပြထား။ ပြီးရင် အကျိုးလား၊ အကန်းလား၊ အကွဲလား၊ လှန့်ရုံလောက်လား။ လက်ဆကိုလည်း မင်းစိတ်ကြိုက် ကြိုက်တာပြောလို့ရတယ်နော် သကြိန်။ ငါ့ကို ဘာမှအားမနာနဲ့၊ ငါ့တာဝန်သာထားလိုက်"

သကြိန်က အစ်ကိုဝမ်းကွဲဖြစ်သူ **အောင်ကြီး**ကို ဘာမှပြန်မဖြေဘဲ ပြုံးရုံပြုံးနေစဉ် အခန်းထဲကနေပြီး ဒီစကားတွေကို လှမ်းကြားလိုက်ရသော ဒေါ်လှလှဦးကတော့ "ဘုရား ... ဘုရား"အသာတ,လျက် နံဘေးနားက ဦးအယ်ဒီကိုလည်း လက်ကုတ်မေးဆတ်ကာ သတိပေးလိုက်ပါသည်။

မနေ့ကမှ ထောင်ကထွက်လာတဲ့ အဲဒီလူမိုက်က ထောင်ကထွက်ပြီး နောက်တစ်နေ့မှာပဲ အိမ်ထိရောက်ချလာတာမို့ မမြင်ချင်လို့ အခန်းထဲဝင်ရှောင်နေရကာမှ ရှောင်နေလို့မရမယ့် အခြေအနေမျိုးလား။ "ကိုယ့်တူကိုယ် ကြည့်လုပ်ဦး"ဟု ဦးအယ်ဒီ





ကို သတိပေးပါသော်လည်း ဦးအယ်ဒီတို့က "သူ့အမျိုးမှန်သမျှ အကုန်မှန်ပေစွ"ဆိုတဲ့ အထဲကပင်။

ထောင်ထဲဝင်သွားရတဲ့ အမှုကလည်း ရိုက်မှု။ ဒီ တစ်ခါတည်းလည်းမဟုတ်။ ထောင်ကို သူ့အမျိုးအိမ်ပမာဝင်လိုက်၊ ထွက်လိုက်၊ ကိုယ့်စိတ်ကြိုက် ပြုမူနေသော အဲဒီလူရမ်းကားနဲ့ ကိုယ့်သားကိုတောင်မှ ဒေါ်လှလှဦးက အပေါင်းအသင်းလုပ်စေချင်လှတာမဟုတ်ပါ။

သို့သော် ဦးအယ်ဒီရဲ့အစ်မအကြီးဆုံးရဲ့သား၊ သကြိန်ရဲ့ဘစ်ဝမ်းကွဲအစ်ကို အောင်ကြီးဟာ သူ့ဟာသူသာ ဘာဖြစ်နေနေ၊ သကြိန်အပေါ်ကျတော့ အနှောင့်အယှက် အဖျက်အဆီးမလုပ်ဘဲ သူကသာ ဘာကူညီပေးရမလဲလို့ တွက်နေတတ်သူမို့သာ နည်းနည်းတော်တော့တာပင်။ ဒါပေမဲ့လည်း သူပေးနိုင်တဲ့ အကူညီမျိုးကလည်းပဲ ကြည့်ပါဦး။

"ဒီမှာ ဦးအယ်ဒီ ... အောင်ကြီးကိုတော့ ဟိုကိစ္စမဖြစ်မြောက်သေးခင်ကြားထဲ နည်းနည်းထိန်းထားရမယ်ထင်တယ်နော်။ မင်္ဂလာနေ့ကျရင်တော ရှင်က သူ့ကိုဖိတ်ဦးမလို့လား"

ဒေါ်လှလှဦးက တိုးတိုးပဲ ပြောပေမယ့် ဦးအယ်ဒီက ဒေါပွသွားသလို အသံပြကြီးနှင့် ...

"မဖိတ်လို့ ရမလားကွ။ မရှိတော့တဲ့ ငါ့အစ်မကြီးရဲ့တစ်ဦးတည်းသော မျိုးဆက်ဟာကို။ မင်းက တာစကားပြောတာလဲ"

"ပွဲထဲကျမှ ဟိုကောင့်ကြည့်မရဘူးတို့၊ ဒီကောင်အချိုးမပြေဘူးတို့ ဖြစ်နေရင်ကော။ ရှင့်တူက တစ်ယောက်ယောက်နဲ့ မျက်လုံးချင်းဆုံမိလိုက်တာနဲ့ သုံးစက္ကန့်လောက်ကြာရင် 'ငါ့ဘာလာကြည့်နေတာလဲ၊ ချမယ် ... နက်မယ်" ချည်းထဖြစ်တော့တာ။ ပွဲမပျက်စေချင်ရင် ဖိတ်စာထဲမှာ "ဟိုတယ်အဝင်ဝသို့ရောက်သည်နှင့် မျက်လွှာချထားကြပါရန်" လို့ ကြိုပြီးထည့်ရိုက်ထားရဖို့ပဲရှိမယ်"

"ငါ့အမျိုးကိစ္စ ငါကြည့်ရှင်းမယ်။ ငါ့လာပြောမနေနဲ့၊ မင်းအမျိုးတွေသာ မင်းပိုင်အောင် ကြည့်လုပ်ချေ"

"ဟင် ! ကျွန်မအမျိုးတွေက ဘာဖြစ်နေလို့လဲ။ အားလုံးလူအေးလူရိုးတွေ။ နယ်ကလူတွေချည်းဟာ။ ဒါမျိုးတစ်ယောက်မှ မပါဘူး"

"အေး ... အဲဒီနယ်ကလူတွေကိုပဲ ပြောနေတာပဲ။ တစ်ရွာလုံး အကျီတောင် ကြိုချုပ်နေကြပြီလို့ ငါသတင်းကြားနေတယ်နော်။ ဘယ်သူက တစ်ရွာလုံးဖိတ်မယ်ပြောလို့လဲ။ လာရင်လည်း ဒီအိမ်ပေါ်ပဲ တစ်ရွာလုံးတန်းတက်လာကြမှာလား။ ငါက အဲဒါမျိုး ငါးစာကျွေးမယ့်တီကောင်တွေလို အထွေးလိုက်ကြီး ရောကောသောကောတွေ မနေတတ်ဘူးနော်။ မင်း ကြည့်လုပ်ဦး ... ဒါပဲ"

"ဟင် ! ဒီအမျိုးလေး လက်တစ်ဆုပ်စာကို ရှင်ကဘာပြောချင်သေးတာလဲ။ ကျွန်မမှာ ဒီအမျိုးတွေပဲ ရှိတဲ့ဟာ"





"မင်းလက်တစ်ဆုပ်က ဘယ်သူ့လက်လဲ။ အာဋ္ဌဝက လက်တစ်ဆုပ်လား"

"ရှင်က ကျွန်မကိုပဲပြောနေ။ အမေ့ကျတော့ ပွဲကဖြင့်ရက်တောင်မသတ်မှတ်ရသေးဘူး။ ရှိရှိသမျှ လူပေါင်းစုံလျှောက်အကြောင်းကြားပြီးနေပြီ"

"ငါ့အမျိုးတွေက ငါ့စာရင်းနဲ့ငါ၊ ငါဖိတ်မှာပါ။ အမေက သူ့အပေါင်းအသင်းတွေလောက်ပဲ သူ့ဘာသာ သီးသန့်ဖိတ်မှာ။ အဘွားကြီးတစ်ယောက်ရဲ့ သူငယ်ချင်းမိတ်ဆွေဆိုတာ ဘယ်နှယောက်ရှိမှာလဲ။ ရွယ်တူချင်းတွေ သေကုန်ကြလို့ ငါ့အမေမှာ အထီးကျန်နေရတာတောင်ကြာပြီ"

"အမေလား အထီးကျန်နေတာ ! မနက် မနက် အင်းယားကန်ပေါင်ပေါ်တက်ပြီး လမ်းလျှောက်နေတာ။ ကန်ပေါင်ပေါ်လာပြီး လမ်းလျှောက်နေတဲ့သူမှန်သမျှ သူ့သူငယ်ချင်းချည်းပဲ။ ခုလည်း မြကျွန်းသာထိပ်ထိုင်ပြီး သူ့ရှေ့ကဖြတ်သွားသမျှ တစ်ယောက်မကျန် လက်ခုပ်တီးခေါ်ပြီး ဖိတ်နေတာ။ ရှင် သိလား"

"ဖိတ်ပစေ။ ကန်ပေါင်ပေါ် လမ်းလာလျှောက်တဲ့လူကြီးတွေမှန်သမျှ တေလေဂျပိုးတစ်ယောက်မှ မပါဘူး။ လူကြီးလူကောင်းတွေချည်းပဲ။ မင်းအမျိုးတော်သားတွေလို စိတ်ပျက်စရာ တစ်ယောက်မှ မပါဘူး"

"ရှင် ဘာပြောတာလဲ။ ရှင့်လိုပြောရမယ်သာဆိုရင် တောသားက ထောင်ထွက်ထက်တော့ သာပါသေးတယ်"

"ဟော့ ... ခိုးမှု၊ ဓားပြမှု၊ မုဒိမ်းမှု၊ ပုန်ကန်မှု ဘာတစ်ခုမှ မဟုတ်ဘူး။ ရိုက်မှုကွ။ ဘာဖြစ်လဲ။ ဘာစာရိတ္တမှမထိခိုက်ဘူး။ ဒါ သတ္တိဗျတ္တကိုပြတာ"

"အဓိပ္ပာယ်မရှိတာ။ ရှင် စကားကိုကပ်မပြောနဲ့။ ရှင့်သားဆိုရင်ကော အဲဒီလိုထွက်လိုက်ဝင်လိုက် ဖြစ်နေရင် 'အေးကောင်းတယ်၊ သတ္တိရှိတယ်' လို့ ရှင်ဆုံးမမှာလား"

"မင်းအမျိုးတွေကကော အမှုအခင်းနဲ့ တစ်ခါမှမပတ်သက်ဖူးကြလို့လား။ ရွာဘုရားပွဲတုန်းက အရက်မူးပြီး ရမ်းနေလို့ ဘုန်းကြီးက တစ်ညလုံးခေါ်ပြီး ထိပ်တုံးခတ်ထားလိုက်တာ ဘယ်သူ့တူကလေးလဲ"

"အင်း ... ကောင်းပြီ။ ဒါဆို အဲဒီတစ်ယောက်ကို မဖိတ်ဘူးလေ။ ရှင်ကော"

"ငါကတော့ ငါဖိတ်ချင်တဲ့လူကို ဖိတ်မှာပဲ"

"ဒါဖြင့် ကျွန်မလည်း အဲဒီ ထိပ်တုံးခတ်ခံရရှာတဲ့ ကျော်ဦးကလေးကို ဖိတ်ကိုဖိတ်မှာပဲ။ ကျော်ဦးကလေးလည်း ဖိတ်ရမယ်။ စိန်မောင်ကလည်း မပါမဖြစ်ပဲ"

"ငါ့ပိုက်ဆံချေးသွားပြီး ပြန်မဆပ်တဲ့ကောင်"

"ကိုမြအောင်ကြီးကတော့ ကျွန်မကိုယ်တိုင်ကို လက်ထိလက်ရောက်ဖိတ်စာသွားပေးမှ သူက သဘောကျမှာ"





"ဟင် ! မင်း ငယ်ချစ်ဟောင်းကြီး။ သကြိုန်ကိုယ်ဝန်ကြီးနဲ့တောင် အိမ်ရှေ့လာပြီး မယ်ဒလင်တီးချင်နေသေးတဲ့ကောင်ကြီး"

"အရီးလှညွန့်ရယ် ... ပြီးတော့ ..."

"ငါ့ကလော်ဆဲထားတဲ့ မိန်းမကြီးလေ"

"ဦးကြီးကိုချစ်တိုင်းရယ်"

"သူ့နွားကို ငါ့ကားနဲ့ပွတ်မိလို့ ငါ့ကားကို ဓားနဲ့ခုတ်လွှတ်လိုက်တဲ့လူကြီးလေ။ မင်း ... မင်း အဲဒါတွေကိုဖိတ်မယ် ! ငါ့ကို ရွဲ့နေတာလား"

"အဲဒီငါးယောက်လုံးပေါင်းမှ ရှင့်တူ အောင်ကြီးတစ်ယောက်လောက်နဲ့ညီတာ။ ရှင်ပဲ ငါဖိတ်ချင်တဲ့လူကို ဖိတ်မှာပဲဆို။ ငါးယောက်နဲ့တစ်ယောက် ဘဲစားဘဲချေလုပ်ပြီး ဖြတ်မချနိုင်ရင် ဟိုတစ်ယောက်ပါလို့ကတော့ ဒီငါးယောက်လည်း မလွှဲမသွေပဲ ဦးအယ်ဒီ"

"ဒါဖြင့် ငါ ပြန်စဉ်းစားမယ်။ မင်းလည်း မင်းစာရင်းထဲကနေ အဲဒါတွေကိုဖြုတ်ထား။ မင်း သစ္စာတော့ရှိပစေနော်၊ လေဖိတ်တွေ၊ ပါးစပ်ဖိတ်တွေ မပါလာစေနဲ့။ ဖိတ်စာတွေ နယ်ပို့တော့မယ်ဆိုရင် ငါ့ရှေ့မှာတင် ထိုင်ရေး။ မင်းကယုံရတာမဟုတ်ဘူး"

"ဒီလိုဆို သားကဖိတ်စာတွေရလာပြီဆိုတဲ့နေ့ကျ ရှင်လည်း ကျွန်မမျက်စိရှေ့မှောက်မှာတင် ရေးပြမှာပေါ့နော်။ ကျိတ်

ပြီးဖိတ်ဖို့ စာရင်းတို့ထားတဲ့ အငယ်မတွေ၊ ပန်းကုံးစွပ်တွေ၊ ဆတ်ဆတ်ကြဲ ထွန့်ထွန့်လူးတွေ၊ ဦးရဲ့သမီးတွေ တစ်ယောက်မှ ပွဲတက်မလာရကြေးပေါ့။ ဟုတ်ရဲ့လား"

ဦးအယ်ဒီနှင့် ဒေါ်လှလှဦးတို့ အစွမ်းကုန် ထပေါက်ကွဲကြတော့မည်ရှိစဉ် အိမ်အတွင်းခန်းရဲ့တံခါးဝမှာ သားဖြစ်သူ သကြိန်က ဘွားခနဲ ပေါ်လာပါသည်။ သကြိန်ရဲ့နောက်မှာတော့ ရုပ်ကြီးက မာမာတင်းတင်းကြီး ဖြစ်သော်ငြား၊ မျက်လုံးများကတော့ ရယ်မောပြောင်လှောင်ချင်ရိပ် သမ်းနေတဲ့ အောင်ကြီး။ သကြိန်က အဖေနှင့်အမေတို့ကို ဘာစကားတစ်ခွန်းမှမဟပါ။ "ဘာဖြစ်နေကြတာလဲ"ဟုပင်မမေးပါ။ အေးအေးသက်သာပဲ တစ်ယောက်ချင်းကို စိုက်ကြည့်နေသည်။

"ဒီမင်္ဂလာပွဲကို ဘာအကြောင်းကြောင့်မှ၊ ဘယ်လိုနည်းနဲ့မှ မပျက်ပါရစေနဲ့။ နှောင့်နှေးကြန့်ကြာ ဆုတ်ဆိုင်းရက်ရွှေ့လိုက်ရတာမျိုးတောင်မှ မဖြစ်ပါရစေနဲ့"လို့ သားလုပ်တဲ့သူက အဖေနဲ့အမေကို ထိုင်ရှိခိုးပြီးတော့တောင်မှ ဦးသုံးကြိမ်ချ တောင်းပန်ထားခဲ့တာလေ။

"အန်တီလှ ... ကျွန်တော့်ကြောင့်တော့ ဘာစိတ်အနှောင့်အယှက်မှ ဖြစ်မနေနဲ့။ အောင်ကြီးက ဖိုးသကြိန်ကို ဘာ့ကြောင့်မှ စိတ်မပျက်စေရဘူး။ စိတ်ရှုပ်စရာတွေအများကြီးရှိနေရင် အောင်ကြီးဆိုတဲ့ တစ်ခုကိုတော့ ခေါင်းထဲကထုတ်လိုက်တော့"





စကားတွေကကောင်းပေမယ့် ပြောနေတဲ့ဟန်ပန်က သူ့လက်ချောင်းတုတ်တုတ်နိုင်နိုင် အကြီးကြီးတွေကို "ဖြောက် ဖြောက် ဖြောက်၊ ဖြောက် ဖြောက် ဖြောက်"နှင့် တဖြောက်ဖြောက်ချိုးလိုက်။ "ဂျွတ်"ခနဲ "ဂျက်"ခနဲ ဆန့်ထုတ်လိုက်နှင့် အသံမျိုးစုံထုတ်ပြီးမှ ပြောနေခြင်းမို့ ဒေါ်လှလှဦးခမျာ အသည်းတွေစိမ့်ပြီးတော့တောင်မှ ယားလာရပါသည်။ အဲဒီအသံထွက်တွေဟာ လူတစ်ယောက်ယောက်ကို သူ ကြည့်မရတော့တိုင်းမှာ "ပယ်ပယ်နယ်နယ် တွယ်ပစ်တော့မှာနော်"ဆိုတာကို သတိပေးတဲ့အနေနဲ့ ထွက်ထွက်လာတတ်တဲ့ အားယူမောင်းတင်လိုက်တဲ့အသံမျိုးတွေပဲ ဟုတ်လား။

"တကယ်ပဲ ဆိုရင်တော့ ကျေးဇူးတင်ပါတယ် အောင်ကြီးရယ်။ အန်တီက တကယ့်စိတ်ရင်းနဲ့ ပြောတာပါ"

"အောင်ကြီးက ဘာအမှိုက်မှမဟုတ်ဘူးနော်။ ပြဿနာမရှိဘူး။ အန်တီလှ စာကယ်ခေါင်းစားသင့်တာက အန်ကယ်လေးအယ်ဒီရဲ့ တစ်ကိုယ်လုံးမှာကပ်နေတဲ့ အမှိုက်စုတ်အမှိုက်ပြတ်တွေပဲ။ တော်ရုံတံမြက်စည်းလောက်နဲ့ အကုန်စင်အောင် သပ်ချနိုင်ဖို့ မလွယ်လောက်ဘူး။ အချိန်လည်းလိုမှာ။ ကြိုရှင်းထားနိုင်ရင် အကောင်းဆုံးပဲ။ အဲဒီလိုဆန့်ကျင်ဘက်လိင်ဤတွဲ့ဝယ်တွေကျတော့ ကျွန်တော့်လက်နဲ့ခြေနဲ့ဝင်ရှင်းပေးချင်လို့ကလည်းမရ။ အန်တီလှကို ကူတော့ကူညီချင်ပေမယ့် စိတ်မကောင်းဘူးဗျာ"

"ဟော့ကောင်"

ဦးလေးနဲ့ ဦးလေးမိန်းမတို့ကြားမှာ ကာလကြာရှည်စွာ ဖြစ်တည်အမြစ်စွဲနေတဲ့ ပြဿနာအဆောက်အအုံက ဘာလဲဆိုတာ အောင်ကြီးလိုလူက မသိဘဲနေမလား။ သားအဖ၊ လင်မယားသုံးယောက်ကြားထဲ ဗုံးတစ်လုံးချခဲ့ပြီးလျှင်တော့ အောင်ကြီးက အူရှင်လှသောမျက်နှာနှင့် "တာ့တာ"ဟု နှုတ်ဆက်ကာပြန်သွားခဲ့ချေပြီ။

"ဖေဖေ ... နောက်သုံးလေးလလောက်အတွင်း ငါ့အလုပ်ကိစ္စတွေက ပြတ်ဦးမှာမဟုတ်ဘူး။ မင်းတို့ကိစ္စကို သိပ်လောလောကြီး မဖြစ်ချင်နဲ့ဦးဆိုတာ အခု အစ်ကိုအောင်ကြီးပြောသွားတာတွေနဲ့ ပတ်သက်နေတာမျိုးတွေလား"

"ဟော့ကောင် ... အဲဒီ့ခွေးသူတောင်းစား ထောင်ထွက်ကောင်က ပါးစပ်ထဲရှိရာ လျှောက်ပြောသွားတာ။ သူသွေးထိုးဂုံးချောလိုက်လို့ ရန်ဖြစ်သတ်ပုတ်ကျန်ရစ်ကြရင် သူကိုယ်တိုင်သတ်ပုတ်နေရသလိုပဲ အူမြူးနေတတ်တဲ့ကောင်မျိုးရဲ့စကားတွေကို ဘယ်အရူးက ယုံမလို့လဲ။ သွေးဆိုးရုံတင်မကဘူး။ ထောင်ထဲကရတဲ့ အတတ်ကောင်းတွေနဲ့ပါပေါင်းပြီး လိမ်ပါလိမ်တတ်လာတဲ့ကောင်။ ဒီကောင် လူလိမ်ပဲ"

"သူ့ကိုတည့်တည့်ထိသွားတော့မှပဲ အင်မတန်ချစ်ပြီး တရေတရာထား,ထားတဲ့ တူတော်မောင်လည်း ထောင်ထွက်၊ လူလိမ် ဖြစ်တော့တယ်"





သကြိန်မှာ အဖေနှင့်အမေဖြစ်သူကိုကြည့်ရင်း စိတ်ဖိစီးမှုတွေနှင့် လူက .. လေးလံညစ်ညူးလို့လာရပါသည်။ ပျော်ပျော်နေတတ်တဲ့ သကြိန်၊ အရာရာကိုစိတ်ပျက်စိတ်ရှုပ်ဖို့ ရှုထောင့်က ဘယ်တော့မှ မရှုမြင်တတ်ခဲ့တဲ့ သကြိန်၊ ဘာဖိစီးမှုမှမရှိခဲ့ဘဲ ဘဝကို သက်သောင့်သက်သာ စိတ်ချမ်းချမ်းသာသာကလေးပဲ ဖြတ်သန်းလာခဲ့ရတဲ့ သကြိန်ဟာ အိမ်ထောင်ပြု၊ လက်ထပ်ပါတော့မည်ဟု ဘဝတစ်ဆစ်ချိုးပြောင်းဖို့ ကြံရွယ်လိုက်ကာမှပဲ တက်လိုက်ရတဲ့ပြဿနာ၊ ညစ်လိုက် ရှုပ်လိုက်ရတဲ့စိတ်။

"ဂုံးချောသွေးထိုး လိမ်ညာတတ်တယ်"လို့ ဖေဖေက ရှုပ်ချခဲ့တဲ့ ဖေဖေ့အချစ်တော် တူတော်မောင် အစ်ကိုအောင်ကြီးက "ငါပြောတာတွေကို မယုံရင် မင်းဘာသာစုံစမ်းလေ"ဆိုပြီး ပြောသွားတဲ့စကားတွေကတော့ ...

"သားအကြီးဆုံးကို ကြီးကြီးကျယ်ကျယ်ကြီး ပိုက်ဆံတွေအကုန်ခံ၊ ပိုင်ဆိုင်မှုတွေ ခွဲခြမ်းချီးမြှင့်လိုက်ရင် တရားမဝင်တဲ့ ပီစိပွစ ကွိကျိကွကျတွေက သူတို့လည်း ရထိုက်တယ်၊ ပိုင်ထိုက်ဆိုင်ထိုက်တယ်တွေ ထဖြစ်လာကုန်ကြမှာ မင်းအဖေက အကြီးအကျယ် လန့်နေရတာကွ"

"ဖေဖေ့မှာ ကျွန်တော့်အပြင် သားငယ်သမီးငယ်တွေရှိတယ် ! "

"ငါ သေချာမသိဘူး။ မင်းဘာသာ ရအောင်စုံစမ်း။ သေချာတာကတော့ သူတို့ပါ ပွဲတက်ခွင့်တောင်းနေကြတဲ့ မဒီတွေ

ကတော့ အများသားဆိုပဲကွ။ 'ဦးအယ်ဒီရဲ့ပွဲ'ဆိုရင် သူတို့ပါ တရားဝင်တက်ကိုတက်ရမှ၊ တက်ခွင့်ရှိတယ်ဆိုတဲ့ဟာတွေ အများကြီးတဲ့"

"ဦးအယ်ဒီရဲ့ပွဲမှ မဟုတ်တာ။ သကြီန်ရဲ့ပွဲပဲဟာ။ ဦးအယ်ဒီ လက်ထပ်တော့မယ်ဆိုရင်သာ ဆတ်ဆတ်တုန်ချင် တုန်ကြလေ။ ခုဟာက သူ့သား။ သကြီန် လက်ထပ်မှာ၊ သူတို့တွေနဲ့ ဘာဆိုင်သလဲ"

"ဒါတော့ ငါလည်း ဘယ်သိမလဲ"

"ဖေဖေ့မှာ အဲဒီလိုမျိုးကိစ္စတွေ ရှိကိုရှိတယ်ဆိုတာကတော့ သေချာတယ်ပေါ့"

"လောကကြီးမှာ သေချာတယ်လို့ အတိအကျပြောနိုင်တာ ဘာမှမရှိဘူး ကိုယ့်လူ။ မသေချာမှုတွေနဲ့ချည်း ဖွဲ့စည်းထားတဲ့ လူ့လောကမှာ သေချာပါတယ်လို့ မျက်စိစုံမှိတ်ပြော ရဲတဲ့သူက လူလိမ်နဲ့လူမိုက် တစ်ခုခုပဲ။ ငါ မဟုတ်ဘူး"

အဲဒီလို ဝေ့လည်ကြောင်ပတ် မလိမ့်တပတ်နဲ့ပဲ လူတစ်ဖက်သားရဲ့စိတ်ကိုတော့ ပျက်ပြားထိခိုက်သွားစေတဲ့စကားတွေကို အားရပါးရ ပယ်ပယ်နယ်နယ် ပြောပြသွားတဲ့ အစ်ကိုလုပ်သူကို ကျေးဇူးမတင်တဲ့အပြင် ဒေါသထွက် စိတ်ကုန်နေရတဲ့ကြားကပဲ တစ်ခါမှ မကြားခဲ့၊ မရိပ်မိခဲ့ဖူးတဲ့ဟာတွေကို ယုံရကောင်းနိုး၊ မကောင်းနိုး။





ကိုယ်က လက်ထပ်ပါတော့မယ်ဆိုမှ ဒီကိစ္စတွေက ထပေါ်လာခဲ့ကြတာလေ။ တကယ်ဟုတ်ဟုတ်မဟုတ်ဟုတ်၊ ကိုယ်သာ လက်ထပ်ဖြစ်မယ့်ကိစ္စမျိုး မပေါ်ပေါက်သေးရင် ဒီစိတ်ညစ်စရာကြီးတွေကပဲ ကိုယ့်ဘဝထဲရောက်လာမှာ မဟုတ်သလိုလို စိတ်ကထင်မြင်ချင်လာသည်။

"မင်းမို့လို့ ဒီလောက်အသက်အရွယ်ကလေးနဲ့ ဒီလောက်ရှုပ်ထွေးခက်ခဲ ကျဉ်းထဲကျပ်ထဲကျမယ့် ဘဝမျိုးထဲ ရဲရဲကြီးတိုးဝင်ဝံ့တယ်၊ ကျွတ် ကျွတ် ကျွတ်"

အစ်ကိုလုပ်တဲ့သူကတော့ ကျပ်မပြည့်တဲ့ အရူးလေးတစ်ယောက်ကို သနားလှတဲ့လေသံရုပ်ရည်မျိုးနဲ့ကို ပြောသွားခဲ့တာပါပဲ။ ကိုယ်က လက်ထပ်ပါတော့မယ်ဆိုမှ မိဘနှစ်ပါးရဲ့အိမ်တွင်းရေးရန်ပွဲ၊ စကားနိုင်လုမှုတွေကလည်း ခါတိုင်းထက်ရတ်တရက်ကြီး ထ,များလာခဲ့ကြတာလေ။

တစ်မိသားနဲ့တစ်မိသား သူစိမ်းတရံစာသက်သက်ကြီးနှစ်ယောက်တို့ တစ်သက်တာ အတူလက်တွဲသွားကြရမယ့် အိမ်ထောင်ရေးဆိုတာ တကယ်ပဲ ရှုပ်ထွေးခက်ခဲ၊ ကျဉ်းထဲကျပ်ထဲ ကျသွားကြရမယ့် ဘဝမျိုးကြီးလား။

❋ ○ ❋

"ငါတို့မှာ တစ်ဦးတည်းသောသမီးလေး ဒီတစ်ယောက်တည်းရှိတဲ့ဥစ္စာ။ သူ့ရဲ့တစ်သက်မှာတစ်ခါ၊ မင်္ဂလာကိစ္စကိုတော့ ငါတို့ရိုးရာအတိုင်း ထုံးစံမပျက် လုပ်ရမှာပဲကွ။ အစဉ်အလာဆိုတာ ကျော်လို့၊ လွန်ဆန်လို့၊ မေ့ထားလို့မရဘူး။ အမျိုးအဆွေထဲမှာ လူကြီးသူမတွေလည်း သက်ရှိထင်ရှား ရှိနေကြသေးတာ။ မကောင်းဘူး"

ရိုးရာ၊ ထုံးစံ၊ အစဉ်အလာ။

ဒေါ်ခင်ခင်ထားမှာ အတိတ်ကို သတိပြန်ရပြီး စိတ်တွေနာလာလွန်းရတာမို့ ဦးမျိုးမြတ်ရဲ့မျက်နှာကိုတောင်မှ မကြည့်ချင်တော့အောင် ဖြစ်သွားရပါသည်။ အဲဒီရိုးရာ၊ ထုံးစံ၊ အစဉ်အလာတွေပဲလေ ခင်ခင်ထားရဲ့အမေကို တမြည့်မြည့်နဲ့ဆွေးရိပ်ပုံကျ အရှက်ရပြီး မသေ,သေအောင် ဖိပိန်ချွေ အသေနက်သွားခဲ့တာ။

ရန်ကုန်သူ ရန်ကုန်သားအစစ် မဟုတ်ခဲ့တဲ့ ခင်ခင်ထားတို့လည်း သူတို့မြို့၊ သူတို့နယ်၊ သူတို့ဒေသကပါပဲ။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းလာတက်ရင်း သမီးအဖေ ဦးမျိုးမြတ်နဲ့တွေ့ခဲ့ရတာ ဆိုပေမယ့် ကိုယ်လည်းဒီနယ်က၊ သူကလည်းဒီနယ်က။





[illegible]မြို့တည်း မဟုတ်ပေမယ့် ဒီနယ်ပယ် ဒီဒေသ၊ ရွာနီးချုပ်စပ်၊ ရွာနီးချုပ်စပ်က လူအချင်းချင်း ဖူးစာပါလို့ တွေ့ရလေခြင်းလို့ [illegible]သာကြည်နူး ဖြစ်ခဲ့ရသမျှ မင်္ဂလာဆောင်ကြမည်ဆိုကာမှစင် ဒေသစွဲထုံးစံကို ပြင်းပြင်းထန်ထန် လက်ကိုင်ထားကြတဲ့ မိသားစုမျိုးနဲ့မှ ကြုံလိုက်ရလေတာ။

အဲဒီဒေသရဲ့ထုံးစံဆိုတာက ထုံးစံရယ်လို့ စရှိ၊ သတ်မှတ်ခဲ့ကြစဉ်ကတော့ တစ်အိုးတစ်အိမ် ထူထောင်ပြီး ဘဝကို အသစ်စကြရမည့် သူငယ်သူငယ်မကလေးများကို ဆွေမျိုးမိတ်သင်္ဂဟများက "အစကောင်းကြပါစေ။ ဝန်ပေါ့ကြပါစေ။ ပိုက်ဆံငွေကြေးကိစ္စကြောင့်နဲ့တော့ အချိန်အခါသင့်ပါရက် ဘဝအသစ်ကို မစနိုင်သေးဘဲ စောင့်ဆိုင်းပြီး မူးစုပဲစုက စုနေကြရတာမျိုးမဖြစ်ကြပါစေနဲ့"ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ စတင်ခဲ့ကြတာဖြစ်မှာပေါ့။

ကာလကြာညောင်းလာတဲ့အခါကျတော့ ရည်ရွယ်ချက်ကပြောင်းကာ နှစ်ဦးနှစ်ဖက်ပြိုင်ပွဲကြီးလို အကြိတ်အနယ်ကိစ္စကြီးမျိုးအဖြစ် အသွင်ပြောင်းလာသည်။ ကိုယ့်ဆွေကိုယ့်မျိုး၊ ရပ်သဲထွာထဲ၊ မိတ်သင်္ဂဟအသိုင်းအဝိုင်းထဲမှာ "ထုံးစံ"အတိုင်းကျင်းပမယ့် မင်္ဂလာပွဲမျိုးပေါ့ပြီဆိုလို့ကတော့ နှစ်ဖက်အသိုင်းအဝိုင်းက လူတွေ သေပေရော့။ ဝန်ပိပေရော့။ ဒုက္ခကြီးငယ်ကို ရောက်ပေရော့။

နည်းနည်းလောက် ပိုက်ဆံရှိပြီး ရပ်ရွာ၊ ဆွေမျိုးက အားကိုးရသည့် ဂုဏ်သရေရှိတွေဆိုရင် ပိုဆိုးတော့သည်။ ကိုယ့်သားကိုယ့်သမီးအလှည့်အတွက်မှ မကျန်ရင်မနေ။ သူများသားသမီး အရေးထဲမှာ မျက်နှာမငယ်ဖို့၊ ဂုဏ်မပျက်ဖို့၊ နာမည်ဆိုးမကျန်ရှိ ပြိုင်ကြ၊ ပြိုင်ကြရတာ။

"ထည့်ဝင်ငွေ"တဲ့။ "လက်ဖွဲ့ငွေ"တဲ့။ တောင်းခံကြပုံကိုက အမျိုးအစား အမျိုးမျိုးနဲ့။ ထည့်ဝင်ငွေအလိုက် ညှိခံတဲ့နေရာ၊ မဏ္ဍပ်၊ အိမ်၊ ဟိုတယ်၊ အခမ်းအနားတွေမှာ နေရာထိုင်ခင်း၊ အခင်းအကျင်း ( ) ့ သတ်မှတ်နေရာချထားတာ။

ခုခေတ်လို ဆိုရင်တော့ ဟိုတယ်တွေက Seating Plan ပေါ့။

"အယုတ်၊ အလတ်၊ အမြတ်"ကို သိသိသာသာကြီးကို အားမနာလျှာမကျိုး ခွဲခြားထားကြတာမျိုးနော်။ "ထည့်ဝင်ငွေ" တစ်ခါပြီးရင် "လက်ဖွဲ့ငွေ"ကတော့ ဘယ်သူကဘာ၊ ဘယ်လောက်ဆိုတာကို မိုက်ကရိုဖုန်းနဲ့ လော်နဲ့ကို တပ်အော်နေပြီး "သတို့သားဘက်က သာနေပါတယ်ခင်ဗျာ"၊ "သတို့သမီးဘက်က များသွားပြန်ပါပြီခင်ဗျာ"ဆိုရင် မိုက်ကိုင်ဆရာရဲ့အစွမ်းအစရှိုရှိသလောက် အပြောကောင်း,ကောင်းသလောက် နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟတို့ဟာ ဝတ်လာတဲ့ပုဆိုးတောင် ချွတ်ထည့်ရမတတ် အသည်းအသန်၊ အကြီးအကျယ်ကို ပြိုင်ကြတော့တာဖြစ်သည်။

ခင်ခင်ထားတို့မှာက မုဆိုးမသမီးတွေမို့ အရင်ကတည်းက ဆွေမျိုးအင်အား၊ အသိုင်းအဝိုင်းအင်အားလည်း တောင့်





တင်းတာမဟုတ်။ ရန်ကုန်တက္ကသိုလ် သွားတက်နိုင်ဖို့အရေးတောင် အမေ့မှာ လယ်ပေါင်၊ နွားပေါင်နဲ့ မဖြစ်မနေ ရှန်းကန်ပေးထားရတာဆိုတော့ "ရိုးရာထုံးစံ လက်ထပ်ပွဲ"ဆိုကတည်းက အမေ့မှာ မျက်နှာကြီးပျက်နေခဲ့ရပြီ။

တိုတိုပြောရရင်တော့ ခင်ခင်ထားတို့ မင်္ဂလာပွဲမှာ ရိုးရိုးအပျော်ပြိုင်တာ၊ စေတနာပိုတာတွေထက် လွန်ကဲပြီး သဲကြီးမဲကြီး အရှက်ခွဲခဲ့ကြတဲ့ သူ့အမျိုးတွေကြောင့်ပဲ အမေ့မှာအရှက်တွေကွဲပြီး အဲဒီစိတ်တနုံ့နုံ့နဲ့ပဲ အိပ်ရာထဲပါလဲကာ အသက်ပါသွားခဲ့ရတယ်ပဲ ပြောပါတော့။

"ဒီခေတ်ကြီးထဲ ဘယ်သူမှ ရိုးရာတွေ၊ ထုံးစံတွေ အသေဖက်တွယ်မထားကြတော့ဘူး ဦးမျိုးမြတ်။ ကိုယ့်ရွာကိုယ့်ဒေသမှာတောင်မှ အဲဒီဓလေ့က ဆိုးဝါးလွန်းလို့ လူတိုင်းက စိတ်ပျက်လာပြီး တိမ်ကောလုဖြစ်နေတာ ကြာ,ကြာလှပြီ။ ခုဟာက နယ်မှာမင်္ဂလာသွားဆောင်မှာလည်း မဟုတ်ဘူး။ အဲဒီလိုမလုပ်ပါနဲ့။ ရှင့်အကြံကိုခေါင်းထဲကထုတ် ထားလိုက်ပါ"

"မရဘူး။ ကိုယ့်တုန်းကလည်း ဒီလိုပဲဟာ။ ကိုယ့်သမီးလည်း ဒီလိုပဲဖြစ်ရမယ်"

"ကိုယ့်တုန်းကဆိုတဲ့ စကားကို ရှင်ပြန်မပြောစမ်းပါနဲ့။ ကျွန်မ ရင်နာလွန်းလို့။ ကျွန်မအမေဟာ အဲဒီအဓိပ္ပာယ်မရှိတဲ့ရိုးရာထုံးစံကြောင့်,သေခဲ့ရတာ။ အခု ရှင်က ကျွန်မကိုပါ အသက်ထွက်သွားစေချင်နေတာလား"

"ဘာဆိုင်လဲ။ မင်းအမေသေတာက ဒါကြောင့်မဟုတ်ပါဘူးဆိုတာ ငါ တစ်သက်လုံး ပြောလာခဲ့ပြီးပြီပဲ။ ဒီဒေသက လူမှန်ရင် ဒီထုံးစံနဲ့ ရင်ဆိုင်ဖူးကြတဲ့သူချည်းပဲ။ အရှုံးအနိုင်ရယ် သဘောမထားဘဲ စေတနာမေတ္တာကိုပြတဲ့ပွဲမှာ အဲဒါကြောင့် လူသေပါတယ်ဆိုတာကြီးကတော့ မင်းတို့ရဲ့အတွေးအခေါ်ကမှ အစိုပွာယ်မရှိတာပါ"

"ဘာကိစ္စ အရှုံးရယ် အနိုင်ရယ် သဘောမထားရမှာလဲ။ ဘာစေတနာမေတ္တာတွေပြတဲ့ပွဲလဲ။ ဘာစေတနာမှမရှိဘူး။ ဘယ်သူမှ စုဆောင်းငွေပြုတ်၊ အရင်းပြုတ်၊ ကျွဲပြုတ်၊ နွားပြုတ် မေတ္တာမရှိကြပါဘူး။ အားလုံး အောင့်သက်သက်နဲ့ ချည်းပဲ ကိုယ့်ခန္ဓာကိုယ်ထဲက မခံချင်စိတ်နတ်ဆိုးကို အနိုင်ပေးနေကြရတာ။ ကိုယ့်ဘာသာ အရူးတစ်ပိုင်း သဲကြီးမဲကြီးတွေ ကြိုးကုန်ကြပြီးမှ ပွဲပြီးတဲ့အခါ ချုံးပွဲချထိုင်ငိုရတဲ့သူမျိုးတောင်ရှိတဲ့ အလေ့အထမျိုးကြီး"

"ဘယ်သူတွေ ငိုကြတာလဲ။ မသထာရေစာတွေပါကုန်တဲ့ မင်းအမျိုးတွေပဲ ဖြစ်မှာပေါ့ကွ။ စကတည်းက သထာလို့ ပေးကြကမ်းကြ၊ စေတနာပြကြတာမျိုးမှ မဟုတ်တာ။ မဖြစ်နိုင်တာကို လိုက်တက်ပြိုင်ကြတာကိုး"

"ဪ ... ရှင်တို့အမျိုးကကျတော့ ဂုဏ်မက်ရမယ်ဆိုရင် အိမ်ပေါင်ပြီးတော့တောင်မှ ထည့်ဝင်ငွေများအောင်





ပြချင်ကြတာလေ။ ပြီးကျမှ 'တစ်ဖက်က ဆွေတွေမျိုးတွေ မသိစေနဲ့"ဆိုပြီး တိတ်တိတ်လေးကျိတ်ပြီး ပြန်လိုက်ချေးပေးခဲ့တာ ဘယ်သူလဲ။ ရှင့်အမေကြီးပဲ မဟုတ်လား။ အဲဒီလက်ဖွဲ့ငွေတို့၊ ထည့်ဝင်ငွေတို့ကို ဘယ်မှာ ကျွန်မတို့အိမ်ထောင်ဦးမှာ အကုန်တစ်ပြားမကျန် ရခဲ့လို့လဲ။ ဘာလို့မှန်းမသိ ပြန်အမ်းပေးလိုက်ရတာတွေ တစ်ပုံကြီး"

"မင်းက အတော်ငွေမက်တဲ့ မိန်းမပါလား။ အဲဒါတွေ ငါဘာမှမသိဘူး၊ ခေါင်းထဲမှာလည်း မရှိတော့ဘူး။ မင်းပဲခုထက်ထိ မရလိုက်ရပါလားလို့ တနုံ့နုံ့ဆက်ဖြစ်နေတယ်"

"ရှင်က ဘာသိမှာလဲ။ အနိုင်ရလို့ဆိုပြီး ရှင်တို့ဘက်ကလူတွေ သီချင်းစပ်ကခုန်နေတဲ့ အိုးစည်ဗုံမောင်း လင်းကွင်းဝိုင်းမှာ ချက်မကျ လက်မကျ တခွပ်ခွပ်နဲ့ ဝါးလက်ခုပ်သွားတီးနေခဲ့တာလေ။ ကျွန်မကတော့ ကိုယ့်အမျိုးတွေက ဒီလောက်မျက်နှာကိုစောင်နဲ့အုပ်ပြီးမှ ထပြန်ကြရတာ၊ အားလုံးသိအောင်တော့ လိုက်စုံစမ်းထားရမှာပဲ။ ဒီနေ့ ဒီအချိန်အထိလည်း သယ်ဆောင်စိတ်နာနေရမှာပဲ"

"မတတ်နိုင်ဘူးကွာ ... မင်းဘာသာ ဘာဖြစ်ဖြစ်။ ပျော်တဲ့လူပျော်၊ မှိုင်တဲ့လူမှိုင်ကြရတာက အရပ်ထုံးစံပဲဟာ။ အဲဒါကိုပဲ မဟုတ်တာကြီးတစ်ခုကို ဗွေယူနေလို့ကတော့ နှစ်သိမ့်ဖို့စကား ငါ့မှာမရှိဘူး"

"ရှင့်ကိုလည်း ဘာမှမလုပ်မိုင်းဘူး၊ စိတ်ချ။ ဒါပေမဲ့ မတုတ်နိုင်ဘူးဆိုတာတော့ မဟုတ်ဘူး။ တတ်နိုင်တယ်။ ကိုယ်တတ်နိုင်သလောက် ကိုယ်ပြန်လုပ်ရမှာပဲ။ ကိုယ့်သမီး အလှည့်မှာ ကိုယ့်လိုတော့ လုံးဝစိတ်မဆင်းရဲစေရဘူး"

"ငါ့သမီးက စိတ်ဆင်းရဲဖို့ မရှိပါဘူး။ ငါ့ဆွေမျိုးတွေက 'ထုံးစံ'အတိုင်း ဆိုလို့ကတော့ လက်တွန့်နှောင့်နှေးနေကြမှာမှ မဟုတ်တာ။ ငါက အခု ထုံးစံအတိုင်းလုပ်မှာဆိုတဲ့ အကြောင်းကို စာစီရေးထားပြီးပြီ။ စာတွေပို့လိုက်တာနဲ့ သူတို့လည်း စပြီးစီစဉ် ပြင်ဆင်ထားကြတော့မှာပဲ"

"ရက်တောင် အတိအကျ မသတ်မှတ်ရသေးဘူးလေ။ ဖိတ်စာလည်း ရိုက်တောင်မရိုက်ရသေးဘူးလေ"

"အေးလေ။ ခုဟာက ကြိုပြင်ချိန်ရအောင်ပဲဟာ။ ဒီခေတ်ကြီးထဲမှာ သူ့ဌေးလည်းသူ့ဌေးအလျှောက် ကျပ်တာ ချင့်ချိန်ရတာရှိမယ်။ ဒီတော့ သူတို့ကို အချိန်ပေးရမယ်။ ဒီစာတွေရရင် ငါ့ဆွေမျိုးတွေတော့ ပွဲကြီးပွဲကောင်းပဲဆိုပြီး ပျော်လိုက်ကြမယ့်အမျိုး။ ငါ့သမီးက ဆွေထဲမျိုးထဲမှာတော့ အရင်ဆုံးမင်္ဂလာပွဲဆိုတော့လေ"

"ဘယ်သူမှ မပျော်ဘူး။ အကြီးအကျယ် စိတ်ညစ်ကုန်ကြမှာ။ ကိုယ့်ကိုဒုက္ခပေးတယ်၊ ဝန်ထုပ်ဝန်ပိုး တင်တယ်လို့ ထင်ရင် ဘယ်သူက ပျော်မှာလဲ၊ စိတ်ပဲဆိုးဖို့ရှိတယ်။ ဘယ်မှာလဲ ပြစမ်းပါဦး၊ ရှင်ရေးထားတယ်ဆိုတဲ့ ကြိုတင်အကြောင်းကြားစာကို"





ဒေါ်ခင်ခင်ထားမှာ ဦးမျိုးမြတ်ရဲ့လက်ထဲက စာရွက်ကို ဆတ်ခနဲ ဆွဲလုလိုက်ပြီး တစ်ကြောင်း နှစ်ကြောင်းလောက် ဖတ်လိုက်ပြီးတဲ့သကာလ ...

"အမယ်လေးလေ့ ... ဒါ ကိုယ့်သမီးလက်ထပ်တော့မှာကို ဆွေတွေမျိုးတွေဆီ အကြောင်းကြားတဲ့စာလား။ အလှူခံဖြတ်ပိုင်းကြီးလား။ ငှရေ ... ညည်း လာကြည့်ဦးနော်။ ညည်းအဖေ အနယ်နယ်အရပ်ရပ်ကို ကြိုပို့တော့မယ်ဆိုတဲ့ စာကို။ သမီးမင်္ဂလာဆောင်အကြောင်းပြပြီး သူ့ဌေးဖြစ်ကြတော့မလားတောင် မှတ်ရတယ် အမယ်လေး ... ရှက်စရာကြီး"

ဒေါ်ခင်ခင်ထားရဲ့အော်ခေါ်သံကြီးကြောင့် "အဖေနဲ့ အမေတော့ ရန်ပွဲထဆင်နွှဲကြတော့မလား"လို့ တော်ရာရှောင်နေဖို့ စိတ်ကူးထားတဲ့ ငှတစ်ယောက် အခန်းထဲပြေးဝင်လာခဲ့ရပါသည်။ မေမေလှမ်းပေးနေတဲ့ အလှူခံဖြတ်ပိုင်းကြီးဆိုတဲ့ စာကိုလည်း လှမ်းမယူ။ ဖေဖေ့ဆီကိုသာ တန်းသွားလိုက်ပြီး ...

"ဖေဖေ ... ခုဟာက ခေတ်တွေလည်းပြောင်းသွားပြီ။ ဒီခေတ်ကြီးထဲ မနိုင့်,နိုင်အောင် အပြိုင်လက်ဖွဲ့ ပံ့ပိုးကြရအောင် ဘယ်သူမှ ဒီလောက်ငွေပိုငွေလျှံမရှိဘူး။ ပြီးတော့ ဖေဖေနဲ့ မေမေတို့တုန်းက ကိုယ့်နယ်ကိုယ့်ဒေသသားအချင်းချင်း ဒီထုံးစံကို နှစ်ဖက်စလုံးက သိတယ်။ လက်ခံကြတယ် ...

အခုကတော့ သကြိန်တို့ဘက်က အဲဒီအရပ်သားတွေမှ မဟုတ်ကြတာ။ ဖေဖေ ဖြစ်စေချင်သလို အပျော်ပြိုင်တာပဲဖြစ်ဖြစ်၊ မနိုင်နိုင်အောင် ကြိုးကြတာပဲဖြစ်ဖြစ်. သူတို့ကတော့ လုံးဝလုပ်ကြမှာ မဟုတ်ဘူး။ ကိုယ့်အမျိုးတွေကပဲ အကုန်အကျခံနေရမယ်။ တစ်ဖက်သတ်ကြီးဖြည့်ဆည်းပေးနေရမယ်ဆိုတာလည်း အဓိပ္ပာယ်မရှိပါဘူး။ ပြီးတော့ အမျိုးထဲမှာက ပြေလည်တဲ့သူလည်းရှိတယ်။ မပြေလည်တဲ့သူလည်းရှိတယ်"

"ကောင်လေးဘက်က ထုံးစံအစဉ်အလာကို မသိရင် သမီးက ရှင်းပြလေ။ ကိုယ့်ရိုးရာနဲ့ ညီရမယ်ဆိုတာ ရအောင်ပြောလေ။ တိုက်တွန်းလေ"

"မလုပ်ချင်ဘူး ဖေဖေ၊ မေမေပြောသလိုပဲ ရှက်စရာကြီး။ အဲဒီဒေသသူ မေမေကတောင် ရှက်စရာကြီးလို့မြင်ရင် ဒီမလေ့ကို ခုမှစကြားဖူးပြီး အများကြီးလည်း ပေးရဦးမယ်ဆိုရင် တစ်ဖက်က အမျိုးအဆွေတွေက သမီးတို့ကိုဘာမြင်ကြမလဲ။ မင်္ဂလာပွဲ ဗန်းပြပြီး အမျိုးတွေအိတ်ထဲက အချောင်နှိုက်ချင်တဲ့ဟာတွေ။ ကိုယ့်တာဝန်ကို သူများပခုံးပေါ် ပစ်တင်လိုက်ချင်တဲ့ အကြံသမားတွေလို့ မြင်ကြမှာပေါ့"

"အဲဒီလိုမပြောနဲ့။ ဒါ အင်မတန်ချစ်စရာကောင်းတဲ့ ဒေသဓလေ့။ ကိုယ့်ရိုးရာကိုတော့ ထိန်းသိမ်းရမှာပဲ"





"သကြိန်က ဒီဒေသကမဟုတ်လို့ အဲဒီရိုးရာနဲ့မဆိုင်ပါဘူး"

"ခုကတည်းက မိဘရဲ့ထုံးစံထက် ရည်းစားလုပ်တဲ့ကောင်ရဲ့ဘက်ကပဲ လိုက်တွေးပေးနေတဲ့သမီး။ နင် ဘာအသုံးကျသလဲ"

အဖေလုပ်သူက စိတ်ဆိုးမာန်ဆိုးကြီး အော်ဟစ်လိုက်တာမို့ ၄ရဲ့မျက်နှာလေးမှာ ဖွေးခနဲ ပျက်ထွက်သွားရာကနေ ပျက်ရာကမှဲ၊ မှဲ့ရာကအို၊ နောက်ဆုံးမှာတော့ မျက်ဝန်းထဲကမျက်ရည်တွေပါ ပိုးပိုးပေါက်ပေါက် ကျလာပါတော့သည်။ ဒေါ်ခင်ခင်ထားက သမီးလေးထံသို့ ပြေးသွားပြီး ပခုံးကိုသိုင်းဖက်လိုက်သည်။ ဦးမျိုးမြတ်ကတော့ တစ်ချက်လေး "တွေ"ခနဲတော့ ဖြစ်သွားပေမယ့် အလျှော့တော့မပေးလိုက်လိုတဲ့ ရုပ်မျိုးကြီးနှင့် ...

"ကိုယ့်လူကိုယ် စကားပေါက်အောင် မပြောနိုင်တဲ့သမီးနဲ့။ ဆွေဆင်းရဲ မျိုးဆင်းရဲတွေဘက်ကချည်းကြည့်ပြီး နာလုံးပေါက်နေတဲ့မိန်းမနဲ့ နင်တို့ဘာသာ ကြိုက်ရာလုပ်။ ငါလည်း ငါကြိုက်သလိုပဲလုပ်မယ်။ ငါ့ဆွေ ငါ့မျိုးတွေကတော့ စေတနာသဒ္ဓါတရားထက်သန်တဲ့လူနဲ့၊ ကျိုကျိုတက်ချမ်းသာပြီး တိုင်းပြည်တောင် ကိုင်လှုပ်နိုင်လောက်တဲ့သူနဲ့ချည်းဆိုတော့ နင်တို့ မဖြစ်နိုင်ဘူးလို့ထင်တဲ့ ထုံးစံကို ဖြစ်နိုင်တယ်။ ငါလုပ်နိုင်တယ်ဆိုတာ ငါပြမယ်"

"ဦးမျိုးမြတ် ... ရှင် ဘယ်လိုဖြစ်လို့ ဒီကိစ္စကိုပဲ သဲကြီးမဲကြီး ဘီလူးစီး သရဲစီး ဖြစ်နေရတာလဲဟင်။ ကျွန်မပြော

သလို ရှင်တကယ်ပဲ အကြောင်းပြကောင်းကောင်းနဲ့ သူဌေး ဖြစ်ကြတော့မလို့လား။ သူများဆီက အလကားငွေတွေကို ဒီလောက် မျှော်လင့်တကြီး ဖြစ်နေရအောင် ရှင့်မှာဒီလောက် ငွေလိုနေသလား။ အကြွေးတွေ ပတ်လည်ဝိုင်းနေသလား"

သမီးလုပ်တဲ့သူက ဒီလောက်တောင် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ဖြစ်နေတာတောင်မှ ချော့မယ် လျှော့မယ် မစဉ်းစားဘဲ နှင်းကန်ကျူးအော်နေတဲ့ ဦးမျိုးမြတ်ကို ဒေါ်ခင်ခင်ထားကလည်း သူ့ထက်မလျော့တဲ့နှုန်းနဲ့ အတင်းကုန်းပြီးတော့ကို အော်ထည့်ပစ်လိုက်ပါသည်။

"တော်ပါတော့ မေမေရယ်၊ တော်ပါတော့။ ငှ အရမ်းဝမ်းနည်းတယ်။ ငှ ဒီကိစ္စကို ဒီအိမ်ပေါ် စတင်လာတဲ့နေ့ကတည်းက ငှတို့အိမ်မှာ တစ်ရက်မှ မငြိမ်းချမ်းတော့ဘူး။ တစ်ချိန်လုံး အော်ဟစ်စကားနိုင်လုနေရတာ၊ ကိုယ့်အချင်းချင်းရော၊ ဟိုဘက်ဒီဘက်ရောပဲ။ ပျော်ပျော်ရွှင်ရွှင်နဲ့အေးအေးဆေးဆေး၊ ဖြစ်ရိုးဖြစ်စဉ်လေးအတိုင်း ပြီးသွားမယ် ထင်ခဲ့တာ။ ခုတော့ စမစရသေးဘူး ရန်ပွဲချည်းပဲ ဆက်တိုက်ဆိုတော့ ငှ အရမ်းစိတ်ညစ်နေပြီ။ ဝမ်းနည်းလွန်းလို့ နေ့တိုင်း နာကျင်နေရတယ်။ ဘာပျော်စရာမှ မရှိဘူး"

"ငှ ... အလကား ... အလကား။ ဘာမှစိတ်ညစ်စရာမရှိဘူး။ သမီး ... အဲဒါတွေက ဒီလိုပဲ။ ပြီးရင်ပြီးသွားမှာချည်းပဲ။ ဟုတ်တယ် မုတ်လား ဦးမျိုးမြတ်"





သမီးဖြစ်သူကိုချော့ရင်း ယောက်ျားလုပ်သူဘက် ... မျက်နှာပြန်လှည့်လိုက်သော ဒေါ်ခင်ခင်ထားတစ်ယောက် ...င်"ခနဲပင် ဖြစ်သွားရလောက်အောင် ဦးမျိုးမြတ်ရဲ့ရုပ်ကြီးက ...နီးလူမိသလိုလို၊ အနာပေါ် တုတ်ကျသွားသလိုလို၊ မချိတင်ကဲ ...နင့်တသီးပုံမျိုးကြီးနှင့် ဖြစ်နေပါသည်။ ကိုယ့်ယောက်ျားဆီမှာ ...ဒီလိုရုပ်ကြီးမျိုးကို တစ်ခါမှ မမြင်ဖူးခဲ့သည့် ဒေါ်ခင်ခင်ထားမှာ ...နဲ့လိုပင်သွားရပြီး ... "ဦးမျိုးမြတ်"ဟု ခပ်ဆတ်ဆတ်ကလေး ...အော်လိုက်သည်။

"ဦးမျိုးမြတ် ... ရှင် ဘာဖြစ်နေတာလဲ"

"ငါ ဘာဖြစ်လို့လဲ၊ ငါ ဘာမှမဖြစ်ဘူး"

"ရှင် တစ်ခုခုတော့ ဖြစ်သွားတယ်။ ကျွန်မပြောလိုက်တဲ့ စကားတွေကြောင့်လား။ ကျွန်မကတော့ ကျွန်မရဲ့စကားတွေက သိပ်ကြီးအလွန်အကျူး မရှိဘူးလို့ ထင်တာပဲ။ ရှင်နဲ့ကျွန်မကြားမှာ ရှင် တစ်ခါတလေ ကျွန်မကိုပြောဖူးတဲ့စကားတွေက ခုထက်တောင်ဆိုးတယ်"

ပြောနေရင်းက တစ်ခုခုကို ဒက်ခနဲ အတွေးပေါက် ...ိုက်လျှင် ဒေါ်ခင်ခင်ထားမှာ တုန်တုန်လှုပ်လှုပ်ကြီးပင် ဖြစ်သွား ...ကာ ...

"ရှင့်မှာ ကျွန်မတို့သားအမိ မသိသေးတဲ့ အရေးကိစ္စတွေ ဘာရှိလဲ။ ရှင့်စီးပွားရေးကိစ္စတို့၊ ငွေရေးကြေးရေးအခြေအနေတို့ ကျွန်မ တစ်ခါမှ မမေးမြန်း မစပ်စုဖူးခဲ့တာ။

အဲဒါ အခုပြေလည်ရဲ့လား။ ရှင့်တစ်ယောက်တည်းကိုယ် ပြီး စိတ်မချမ်းသာစရာ တစ်ခုခု ရှိနေသလား”

ငလည်း ချက်ချင်းအငိုတိတ်ကာ မျက်ရည်တွေဘာ တွေမှုတ်သုတ်ပစ်ပြီး မေမေ့ရင်ခွင်ထဲကနေ ရုန်းထွက်ကာ မေမေ နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အမြဲတမ်း တည်တည်တံ့တံ့ကြီး နှင့် စိတ်တွင်းခံစားချက်ကို ရုတ်တရက်မသိသာစေသည့် မေမေ့ မျက်နှာကြီးက မေမေ့မေးခွန်းတွေကြောင့် တစ်ခုခုများဖြစ်နေ သလား။

“ဘာတွေဖြစ်နေကြတာလဲ၊ ငါ ဘာမှမဖြစ်ဘူး။ ဘာမှကို မဖြစ်ဘူး”

“မဖြစ်ဘူးဆိုလည်း ဝမ်းသာပါတယ်။ တစ်ခုခုဆိုရင်တော့ ကျွန်မတို့ အရင်ဆုံးသိပါရစေနော် ဦးမျိုးမြတ်။ ဒီမိန်းမရဲ့ ဒီသမီးက ရှင့်အတွက် အေးအတူပူအမျှပဲ ဖြစ်သင့်တယ်။ ရှင့်ဆီက စိတ်ချမ်းသာစရာတွေချည်း ရ,ရမှမဟုတ်ဘူး။ စိတ်ဆင်းရဲစရာမျိုး မတော်တဆရှိလာခဲ့ရင်လည်း အကြံ ပေးဖို့၊ ကူညီဖြေရှင်းဖို့ မျှဝေခံစားဖို့ လုံးဝဝန်မလေးဘူး နော်”

“အေးပါကွာ ... အေးပါ။ မင်း လျှောက်ပြောနေတာနဲ့ပဲ သမီးက သို့လော၊ သို့လောတွေ ဖြစ်ကုန်ပါဦးမယ်။ ကဲ_ ပြီးရော ... ပြီးရော ... ဒီကိစ္စတွေ ဒီတင်ဖြတ်။ မင်းတို့ နှစ်ယောက်စလုံးလည်း သွားကြတော့”





ဒေါ်ခင်ခင်ထားက ငရဲ့ပခုံးလေးကိုဖက်ကာ ဦးမျိုး မြတ်ရဲ့ရှေ့က ဆွဲခေါ်ထုတ်လာခဲ့ပါသည်။ နှစ်ဦးစလုံးရဲ့စိတ်တွေ ထဲမှာတော့ မတင်မကျနှင့်။ သားအမိနှစ်ယောက် အခန်းပြင်ရောက် သွားကြလျှင် သူတို့အလျှုခံဖြတ်ပိုင်းလို့ တင်စားခေါ်ဝေါ်သွားကြ သည့် အသိပေး၊ အကြောင်းကြားစာရွက်များကို ဦးမျိုးမြတ်က အငြိုးတကြီးနှင့် ဆုတ်ဖြဲဖျက်ဆီးလျက်ရှိတော့သည်။

❋ ○ ❋

## အခန်း(၃)

ယောက်ဖဖြစ်သူနှင့် ကားကြုံလိုက်လာသည့် မောင်မောင်လတ်မှာ "ငါတော့ မှားပြီ"ဟု အသာတွေးလိုက်မိပါသည်။ ကိုယ့်အလုပ်ရှိရာကို တက္ကစီနဲ့ပဲဖြစ်ဖြစ် ဘတ်စ်နဲ့ပဲဖြစ်ဖြစ် သွားလိုက်တာကမှ လူအနည်းငယ် ပိုပင်ပန်းနိုင်ပေမယ့် ခုဟာကတော့ လူသက်သာတာနဲ့ စိတ်ဒုက္ခ၊ နားဒုက္ခကြီးရတာက မကာမီပါ။

တစ်ဦးတည်းသောသမီးကလေးမို့ ဖူးဖူးမှုတ် ချစ်ခင်အလိုလိုက်ထားရာက ကိုယ်က ကလေးလို့ပဲထင်နေဆဲအရွယ်မှာ သမီးဖြစ်သူက ဆိုင်းမဆင့် ဗုံမပါ "လက်ထပ်တော့မယ်"ဟု ဆိုလိုက်တဲ့အတွက် ယောက်ဖကြီး အခံရခက်၊ ရတက်ပွေနေလေတာ။ နားလည်ပေးနိုင်ပါသည်။ အဖေရင်းမပြောနဲ့ ဦးလေးဖြစ်တဲ့ မောင်မောင်လတ်ပင် တော်တော်လေး နှမြောတွန့်တို စိတ်မချမ်းမသာဖြစ်နေမိသေးတာပဲလေ။ ငှဟာ ဒီတစ်အိမ်လုံးအတွက်တော့ "ရွှေဥ"ကလေးလို ငုံမတတ် မြတ်နိုးတန်ဖိုးထား,ထားရသူကလေး မဟုတ်လား။





မခံစားရဘူးမဟုတ်၊ ခံစားပါ။ တခြားအဖေတွေဆက် ဆယ်ပြန့်လောက် ခံစားနေရင်လည်း နားလည်နိုင်သေးသည်။ သို့သော် အဲလိုခံစားတာကသပ်သပ်၊ သမီးငယ်ရဲ့ကိစ္စကို ခွင့်မပြုဘားမြစ်ချုပ်ချယ်မှာလည်း မဟုတ်ဘဲနဲ့ လိုက်ရစ်၊ လိုက်ထစ်နေတာကသပ်သပ်ဟု မောင်မောင်လတ်ကတော့ မြင်သည်။

ယောက်ဖလုပ်တဲ့သူဟာ အင်မတန်ရစ်တတ်တဲ့သူမှန်း၊ ရစ်ပြီဆိုရင် အဓိပ္ပာယ်ရှိရှိ မရှိရှိ၊ ကလေးငပေါဆန်ဆန်ဆန်ဆန်၊ သူများတွေက ဘယ်လိုထင်ထင်၊ ဘေးအမြင်ဘယ်လိုရှိရှိ နည်းပေါင်းစုံနှင့် ကြံဖန်လှည့်ပတ်ရစ်တတ်တော့တဲ့သူမှန်း အစ်မနဲ့ အိမ်ထောင်စကျလိုက်ကတည်းကကို သိခဲ့ပါရဲ့။

သူတို့ လက်ထပ်ကာစက မောင်မောင်လတ်က (၁၃/၄)နှစ်အရွယ်။ ရေမယ်ဆိုရင် အင်မတန်ရစ်လို့၊ ကလန်လို့၊ ခွတိုက်ရွဲ့စောင်းလို့ ကောင်းလိုက်မည်ဖြစ်သော teenager အရွယ်ဖြစ်ပါရက် ယောက်ဖနဲ့အစ်မကိုကြည့်ပြီး စိတ်ကုန်ရလွန်းလို့ ကိုယ့်ရဲ့ဆယ်ကျော်သက်ဘဝကို အလိုလိုနေရင်း လိမ်လိမ်မာမာပဲ ဖြတ်သန်းပစ်လိုက်တယ်ပဲ ဆိုပါစို့။

ကိုယ်က အဲဒီလိုသိတတ်ခဲ့ပေမယ့် ယောက်ဖကတော့ ရစ်မြဲရစ်ဆဲ ရစ်လတ္တံ့။ ခုလည်း သမီးရဲ့မင်္ဂလာပွဲမှာ ကိုယ့်သမီးလေးကို ချစ်တယ်ဆိုရင် စိတ်ချမ်းသာပါစေလား။ မဟုတ်ဘူး ရစ်တာ ... ရစ်တာ။ ကြံဖန်ပြီးတော့ကို တစ်ကွက်လေးရရ၊ တစ်ချက်ကလေးမိမိ မလွှတ်တမ်းကိုင်ဆုတ်ပြီး ရစ်နေတာ။

သမီးကိုမရစ်ရရင် မိန်းမကိုရစ်သည်။ ခုလည်းမှား လို့ သူ့ကားကြွဲကို လိုက်စီးမိသည့်ယောက်ဖကို ရစ်နေပြန်ပြီ။ ကိုယ်နဲ့သူကလည်း အသက်က (၁၂)နှစ် (၁၃)နှစ်လောက်ကွာနေတဲ့ အပြင် အစ်မနဲ့လက်ထပ်ကတည်းက ဒီဆယ်ကျော်သက်ရွယ် ချာတိတ်လေးက အစ်မနဲ့ကပ်လိုက်သွားပြီး သူ့အိမ်ပေါ်တက်ခဲ့ရ၊ သူ့ထိန်းကျောင်းမှုအောက်မှာပဲ ကြီးပြင်း၊ ပညာသင်၊ အရွယ်ရောက်ခဲ့ရ၊ အလုပ်အကိုင်ကအစ သူပဲစီစဉ်ပေးခဲ့ရဆိုတော့ သူ့ဘက်က ကြည့်ရင် ရစ်သင့် ရစ်ထိုက်။ မောင်မောင်လတ်ဘက်ကကြည့်တော့ ခံသင့်ခံထိုက်တယ်ပဲ ပြောပါတော့။

"မင်းပဲ စဉ်းစားကြည့်လေ။ သူတို့ဘက်က ဟိုတယ်ကို ရွေးလိုက်ရင် ငါတို့ဘက်က အစားအသောက်ကိုရွေးမယ် ကွာ။ ဒါသမာသမတ် မကျဘူးလား"

ကျသလိုလိုတော့ ရှိပေမယ့် ရေခဲမုန့်ဟာ ရိုးရိုးရေခဲ မုန့်ပဲဖြစ်ဖြစ်၊ ကိတ်နဲ့ကပ်ကပ် မကပ်ကပ် ဘာထူးမှာလဲ၊ ဆိတ် သားဆိုတာ လူတိုင်းစားချင်မှ စားမှာမို့ ဆိတ်သား puff အစား ကြက်သားနဲ့ပဲ ပြောင်းလုပ်မယ်ဆိုတာကိုတော့ ကိုယ့်ယောက်မ မုန်တယ်ဟု ထောက်ခံပေးနိုင်ပေမယ့် ကိတ်ကိုကျတော့ ချော ကလက်ကိတ်နဲ့ Mocha ကိတ် ငြင်းနေတာက ဘာများထူးခြား သွားမှာမို့လဲ။ ပရိသတ်က အရောင်ညိုမည်းမည်းကိတ်တစ်ခုအဖြစ် ပဲ မြင်လိုက်ကြကာ ချောကလက်လား၊ Mocha လားဆိုတာ သိ လိုက်မှာတောင် မဟုတ်။





Sandwich ကကော ... "ဆာဒင်းလား၊ တူနာလား၊ ဂဏန်းသားလား" ဘယ်ပါးစပ်တွေက ဆန်းစစ်ဝေဖန်နေကြမှာ လဲ။ အဲဒါကိုပဲ တစ်ဖက်ကဒါဆို နောက်တစ်ဖက်က ဟိုဟာမှ။ ခေါ်ဘျာစတမ်းကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်လောင်လောင် ဘစ်ဖုံ၊ တတွတ်တွတ် ရွတ်နေလို့တစ်သွယ်၊ တရစပ်တောက် လျှောက် မျက်စိမှိတ်အော်နေတာမျိုးက တစ်နည်း။

သူတို့ဟာက "ဒင်"၊ "ဒင်"ချင်း။ "ဇော်"၊ "ဇော်" ချင်းတွေ့နေကြတာလေ။ ဟိုဘက်က အဖေလုပ်တဲ့သူကလည်း "မင်းက ဘယ်နှရစ်လောက်များရှိနေလို့လဲ"ဟု သူတို့ရဲ့"မူလီ" တွေကို အရစ်ကအစ ပြိုင်ချင်နေသေးသည့် အဖေမျိုးနဲ့မှ လာတွေ့ နေတော့တာ။ လက်ညီဘက်ညီဆိုတော့ ပြိုင်လို့ကလည်း ကောင်း၊ ရစ်ချင်တိုင်းကို ရစ်နေကြတော့တာ။ မောင်မောင်လတ်လို ကာယ ကံရှင်မဟုတ်တဲ့သူတောင် အတော်ကြီး ငိုချင်နေလောက်ပြီဆိုတော့ ငရဲ့ကောင်လေးနဲ့ ငတို့နှစ်ယောက်လုံးကိုလည်း သနားလိုက်တာ။

"နေ့ကောင်းရက်သာဆိုတာကလည်း မိန်းကလေးဘက်က သာ ရွေးရမှာပေါ့ကွ။ မိန်းကလေးဆိုတာ ဒီလိုကိစ္စမျိုးမှာ အလုပ်ရှုပ်ကရှုပ်။ ကိစ္စများကများနဲ့ သူ ဘယ်နေ့အဆင် ပြေမယ် မပြေဘူးဆိုတာ ယောကျာ်းလေးဘက်က ဦးစား ပေးကို ပေးရမှာပေါ့။ ယောကျာ်းလေးဆိုတာမျိုးက ဘာ ကိစ္စများရှိမှာမို့လို့လဲ"

"အဲဒါကြောင့် ကလေးတွေက သူ့ကိစ္စ၊ ကိုယ့်ကိစ္စညှိပြီး သူတို့ချင်း တိုင်ပင်ပြီး ရက်ရွေးလိုက်ပါ့မယ်လို့ ပြောသားပဲ။ သူတို့ဘာသာ လွှတ်ထားလိုက်ရင် ကောင်လေးက ငကိုပဲ ဦးစားပေး စီစဉ်မှာပေါ့။ အဖေတွေပါ၊ပါလာတော့ ဘယ်သူက ဘယ်သူ့ကိုလျှော့နိုင်မှာမို့လဲ။ အစ်ကိုကြီးတို့ ဘေးထွက်နေလိုက်ရင် ဒီကိစ္စတွေက အဆင်ပြေသွားတာ ကြာနေပြီ၊ အစ်ကိုကြီး ဖြစ်စေချင်တဲ့အတိုင်းလည်း ဖြစ်မှာပါ"

"ဟေ့ကောင် ... မင်းတူမက ဘာမှအသုံးမကျ။ သူချည်း အလျှော့ပေးလာမှာ ငါကပါနေရတာပေါ့ကွ"

"တစ်ဖက်ကလည်း အဲဒီလိုပဲတွေးပြီး ဝင်ပါနေတာလေ"

"အဲဒီတစ်ဖက်ကို ထည့်တွက်ပြီး ပြောနေစရာကိုမလိုပါဘူး။ မင်းက ဘာကောင်လဲ။ အဲဒါကြောင့် မင်းအခုထက်ထိ လူပျိုကြီးဘဝက မတက်တာ။ တစ်ဖက်သားဖို့ချည်း တွေးပေးနေပါတယ်ဆိုတိုင်း မိန်းမတွေက ကြိုက်မယ်များ ထင်နေလား။ တစ်ယောက်မှကို ရမှာမဟုတ်ဘူး၊ မင်းဒီလို အချိုးနဲ့"

နှစ်ဖက်မျှပြီးတွေးပေးတတ်တာနဲ့ လူပျိုကြီးဖြစ်နေတာနဲ့ ဘာမှလဲမဆိုင်ပေ။ သူပြောသလိုသာဆိုရင် အိမ်ထောင်သည်ယောကျ်ားမှန်သမျှဟာ ကိုယ့်ဖို့ချည်း ကိုယ်ကြည့်တတ်တဲ့ အတ္တသမားတွေချည်းပဲလား။





"အစ်ကိုကြီးက ကျွန်တော့်ကျတော့ ပြောတယ်။ တစ်ဖက်သားအတွက် တွေးပေးစရာမလိုဘူးဆိုတဲ့ ဆိုဆုံးမမှုကို အစ်ကိုကြီးသမက်လောင်းကိုကျ ဘာလို့သွားမပြောသေးလဲ။ သူကကော အလျှော့မပေးစတမ်း၊ မညှိနိုင်းစတမ်း သူ့အကြိုက်ချည်းပဲ လုပ်နေလို့ ငကပြန်ကြိုက်ထားတာလား"

"ဟေ့ကောင် ! ဒီကောင် စကားပြောပုံကိုက အချိုးကိုမပြေဘူး။ မင်းကို ယုံစားပုံအပ်ပြီး ခိုင်းစေထားတဲ့ကိစ္စကကော အချိုးပြေရဲ့လား"

ဘယ်ပြေပါ့မလဲ။ သူများသမီးရည်းစားကြားထဲ ငုတ်တုပ်ကြီးလိုက်,လိုက်ထိုင်နေရတဲ့ကိစ္စ။ ကိုယ်က ဘယ်လောက်ကြီးမျက်နှာပြောင်တိုက်နိုင်ပါတယ်ဆိုဆို ကောင်လေးရဲ့စိတ်ပျက်လက်ပျက်၊ ဟားချင်ချင်၊ သရော်ကမော်အကြည့်တွေက အခံရခက်လှသည်။ "ဘိုးတော်ကို ဂျာနယ်တွေဝယ်ပေးထားလိုက်ပါကွာ"တို့၊ "ဒီ့ထက်နည်းနည်း ပိုဝေးဝေးမှာ ကျောလေးပေးပြီး နေပေးလို့ရမလား သွားညှိကြည့်ပါလား"တို့။ အဲဒီလောက် မကြားတကြား မထိတထိလေးပဲ ပြောရှာတာကိုတောင် ကောင်လေးဘက်ကို အမှတ်အများကြီး ပေးရဦးမှာပါ။ "ကိုယ်သာဆိုရင်"လို့ ကိုယ်ချင်းစာတွေးကြည့်ကြပါလား။

"မင်း ပြန်မဖြေနိုင်ဘူး မဟုတ်လား။ အလကားကောင်။ ဘာမှအားမကိုးရဘူး။ မင်းတို့ချည်းစိတ်ချပြီး ငါကလွှတ်ထားမယ်ကော ထင်နေလား။ မင်းတို့ အခုဘယ်မှာရှိနေကြ

သလဲလို့ ငါဖုန်းတစ်ချက်လှမ်းဆက်ပြီး မေးပြီးရင် ရှေ့က ခံနေ ကားနဲ့တစ်ခေါက်လောက်ဆော့ပတ်ပြီး အမြဲဖြတ်ကြည့်လိုက်တာချည်းပဲ ...

ဘောလုံးဂျာနယ်တွေထဲပဲ ခေါင်းစိုက်ပြီး သဲမဲစိတ်ဝင်စားနေတာ။ ဟိုက ကိုယ့်တူမကို မဟုတ်တရုတ်ကြံသွားရင်တောင် ဘာမှသိလိုက်မှာမဟုတ်ဘူး။ မင်း ဘာအသုံးကျသလဲ"

"အစ်ကိုကြီး အစ်မဆီလာလာနေတဲ့တုန်းကတော့ မုန့်ဖိုးပေးတာကိုလက်ခံပြီး ရှောင်နေပေးရင် အင်မတန်လိမ္မာတယ်ဆို၊ အလွန်တရာ အားကိုးရတဲ့ ယောက်ဖကလေးပဲဆို"

"ဟော့ကောင် ... ဟိုတုန်းကကိစ္စက ဟိုတုန်းက။ ခုကိစ္စက ခုပဲကွ တူမလား။ ရှေးဖြစ်ဟောင်းတွေ ပါးစပ်ထဲလာထည့်မနေနဲ့"

"ဟား ဟား ဟား"ဟု သုံးခွန်းလောက် အော်ရယ်လိုက်ချင်ပါသော်လည်း ငယ်ကြောက်အရှိန်က အခံရှိနေတဲ့အတွက် မောင်မောင်လတ်မှာ အောင့်အည်းပြီးတော့သာ နှုတ်ပိတ်တိတ်တိတ်နေ,နေရပါသည်။ ကိုယ့်အလှည့်တုန်းကလည်း ဒီလိုချည်းပဲ။ ရစ်စရာမရှိ ကြံဖန်ချောင်နှိုက်လိုက်ရစ်ကာ အပြစ်အနာအဆာရှာ ကန့်ကွက်ခဲ့မှုကြောင့် ကိုယ့်မှာ ချိန်လိုက်တဲ့မိန်းကလေးတိုင်းနဲ့ "ချိန်ပါ"အဆင့်ကနေကို တက်ခွင့်မရှိလိုက်ပါ။ ကိုယ်လူပျိုကြီးဖြစ်နေရတာ ပြောရမယ်ဆိုရင် တရားခံအစစ်က ယောက်ဖကြောင့်





သာ။ စိတ်နာမယ်ဆိုရင် နာလောက်ပေမယ့် မောင်မောင်လတ်ကလည်း သိပ်ကြီးစွံစွံလမ်းလမ်း တစ်ယောက်မှမရှိခဲ့တဲ့အပြင် ပြဿနာရှာချင်တဲ့ လူအေးကိုး။

ခုတစ်ချီမှာတော့ ငရဲ့ကောင်လေးကလည်း လူအေးဖြစ်ပုံမရ။ အဖေကြီးကဆိုရင်ပိုဆိုး။ ယောက်ဖလိုပဲ ထပ်တူအရစ်ကြီး ဖြစ်နေတော့ကာ ကိုယ့်စိတ်ရှိတိုင်း ကျဲချင်နေလို့ ဖြစ်နိုင်ပါ့မလား။ ငစိတ်မညစ်ရအောင်။ ဒီကိစ္စမှာ ဘာအထစ်အငေါ့မှမရှိရလေအောင် ကိုယ့်ဘက်ကပဲ စိတ်ထိန်းစရာရှိထိန်း၊ လျှော့သင့်တာလျှော့ လုပ်ရတော့မှာပေါ့။ နို့မို့ဆိုရင်တော့ ကောင်လေးရဲ့အဖေကြီးဟာ "ငါက သားရှင်ပဲ"ဆိုတဲ့ မျက်နှာထားတစ်ခုနဲ့။

ဟင် ...။ သားရှင် ...။ ကောင်လေးရဲ့အဖေ။ ဟိုလူကြီး ...။

မောင်မောင်လတ်ရဲ့မျက်နှာမှာ ကွက်ခနဲပင် ပျက်သွားရပြီး နံဘေးကယောက်ဖဖြစ်သူကိုလည်း လှည့်မကြည့်မိအောင် မနည်းကြီး စိတ်ထိန်းလိုက်ရပါသည်။ ဟာ ... အရေးထဲ မီးပွိုင့်ကလည်း မိသွားရပြန်ပြီ။ ယောက်ဖကြီး ဘေးဘီဝဲယာတွေကို မျက်စိမရွေ့မိဘဲ ရှေ့တူရူကိုပဲ တည့်တည့်ရှုမိနေဖို့ အရမ်းအရေးကြီးသည်။ ကဲ ... မီးပွိုင့်ကလည်း စိမ်းပါတော့။

"ဟော့ကောင် ... မင်း နည်းနည်းတစ်မျိုးဖြစ်သွားသလိုပဲ"

တွေ့ပါလား။ လည်ပါတယ်ဆို။ ချက်ချင်းကိုရိပ်မိတော့တာပဲ။

"ဘာလဲ ...။ မင်း ဟိုဟာမကလေး၊ ငှ ... ငှလား ဘယ်မှာတွေ့သလဲ"

သွားပြီ...။ မောင်မောင်လတ်ရဲ့ပုံစံကလည်းယောက်ဖကို ကိုယ်ဖြစ်စေချင်နေသလို ဇက်ကြီးတည့်တည့်နိုင်ပြီး၊ မျက်လုံးကြီးတည်တည့်စူးကြည့်ပြီး မလှုပ်မယှက်ပုံမျိုးကြီး ဖြစ်ပြနေမိတယ် ထင်ပါရဲ့။ သူ စကားတွေဆိုနေတုန်းက ကားပြတင်းပေါက်ကနေ ညာဘက် အပြင်ဘက်ကို အတတ်နိုင်ဆုံး ခေါင်းကြီးလည်ထုတ်၊ မျက်နှာလွှဲထားသည့် ပုံစံကနေ ရုတ်တရက် ခေါင်းတည့်တည့်နိုင်၊ မျက်စိနိုင်ကြီး ဖြစ်သွားတော့ လူလည်ကြီးက ရိပ်မိသွားပြီပေါ့။ ကျွတ် ...။

"မင်းတော့ ဆိုင်ထွက်သွားပြီ အကွက်ပဲဆိုပြီး ဒီဟာမကလေး သူ့အကောင်နဲ့ချိန်းပြီး အပြင်ထွက်ပြီ မဟုတ်လား၊ ဘယ်မှာလဲ။ ငါ့ကိုပြစမ်း။ မင်း ဖုံးကွယ်ဖို့ ကြိုးစားမနေနဲ့တော့။ မင်းပုံစံကိုကြည့်လိုက်ရုံနဲ့ ငါသိတယ်။ ဘယ်မှာ... ဘယ် ... ဘယ် ..."

ကဲ... တွေ့သွားပြီ။ သေလိုက်ပါတော့ ... ပြဿနာ။ အဲဒါ ပြဿနာ။

ထိုအခိုက်မှာ မီးပွိုင့်ကစိမ်းသွားသဖြင့် လမ်းဘေး ညာဘက်ကမြင်ကွင်းဆီသို့ သမင်လည်ပြန်ကြီး ခေါင်းငဲ့စောင်းကြည့်နေသည့် ဦးမျိုးမြတ်က ကားကိုမောင်းထွက်လိုက်ပါသည်။ မောင်မောင်လတ်မှာ "တော်ပါသေးရဲ့"ဟု သက်ပြင်းချဖို့ကို





ကြိုးစားတုန်းပဲ ရှိသေး၊ မီးပွိုင့်ဇရိယာကျော်သည်နှင့် ဦးမျိုးမြတ်က ကားကိုညာဘက်သို့ဆွဲကပ်ပြီး လမ်းဘေးကပ်၊ ရပ်လိုက်သည်။

"ဘာ ... ဘာလုပ်မလို့လဲ အစ်ကိုကြီး"

"ဟိုမှာ ... ဟိုကောင်လေကွာ၊ ဘာလုပ်ရမလဲ"

"ဘယ် ... ဘယ်ကောင်လဲ"

"မောင်လတ် ... မင်း ငါ့ကို အကြောင်းရိုက်ဖို့၊ ဖုံးကွယ်ဖို့၊ လှည့်စားဟန်ဆောင်ဖို့ ကြိုးပမ်းချင်ရင် အလကားပဲ။ အိမ်ပြန်ရောက်ရင် နောက်ထပ် ဆယ်နှစ်လောက် ပြန်ကျင့်လိုက်ချေဦး။ ခုတော့ ဆင်း"

"ဟာ ... ဘာလို့ဆင်းရမှာလဲ။ အစ်ကိုကြီးကတော့စပဲဗျာ... ကျွတ် ! "

"ငါ့ကို 'ကျွတ်'တွေ 'ကျက်'တွေ လာလုပ်မနေနဲ့၊ ဆင်းဆို ခုဆင်း"

"ထားလိုက်စမ်းပါ အစ်ကိုကြီးရာ"

"ဘာလို့ထားရမှာလဲကွ။ ဟိုမှာ ငါ့သမီးရဲ့ယောက်ျားဖြစ်လာမယ့်သူက အတွဲနဲ့လေ။ အဲဒါကို ငါကဘာကိစ္စထားလိုက်ရမှာလဲ၊ မထားနိုင်ဘူး"

"မထားနိုင်လို့ ဘာကောလုပ်နိုင်မှာလဲ။ ပုံစံကြည့်လိုက်တာနဲ့ သိသာပါတယ် အစ်ကိုကြီးရာ။ ဒါ အတည်ကြီးတွေ မဟုတ်ပါဘူး။ ကြောင်ရုံလောက်ပါ"

"ဘန်းစကားတွေ ငါ့လာပြောမနေနဲ့၊ ဘာလဲ ကြောင်တယ် *ဆိုတာ။ ကြောင်တယ်ဆိုရင်တော့ ကြောင်စရာလားကွ။* ငါ့သမီးရဲ့ယောက္ခမဖြစ်လာမယ့် အကောင်မှာ ဒါမျိုးအကျင့်စရိုက်တွေ မရှိရဘူး။ ငါမကြိုက်ဘူး။ ငါမကြိုက်နိုင်ဘူးဆိုတာ သူသိအောင်တော့ ပြောပြအသိပေးထားမှ ဖြစ်မှာပေါ့။ ဘယ်နှယ့်ကွာ၊ ကြောင်စရာရှားလို့ သူ့ချွေးမနဲ့ရွယ်တူလောက်ကလေးရှိဦးမယ့်သူနဲ့မှ ကြောင်စရာလားကွ။ အဲဒီလိုကောင်မျိုးရဲ့အိမ်ကို ငါ့သမီးကို ဘယ်လိုစိတ်ချမှုနဲ့ လွှတ်လိုက်ရမလဲ"

"အစ်ကိုကြီးပဲ ငတို့ကို အဲဒီအိမ်မှာ မနေရဘူးလို့ ပြောထားပြီးပြီလေ"

"မနေလည်း အလည်အပတ်လောက်ကတော့ သွားရဦးမှာပေါ့ကွ"

"အစ်ကိုကြီး သူ့အမေကြီးအိမ်လာပြီး ဆူဆုံးမသွားတယ်ဆိုတုန်းကတော့ အစ်ကိုကြီး ကြိုက်သလား၊ ဒီကိစ္စက အစ်ကိုကြီးနဲ့ ဘာမှမဆိုင်ပါဘူး"

"အရမ်းဆိုင်တယ်။ လုံးဝဆိုင်တယ်။ ကြည့်စမ်းပါဦးကွာ ပလီပလာရုပ်ကြီးနဲ့ အနံ့ချင်လိုက်တာ။ သမီးမရှိတိုင်းသမီးချင်းမစာနာ"

"ရွယ်တူကြီးနဲ့ဆိုလည်း အစ်ကိုကြီးက တစ်မျိုးပြောမှာပါပဲ"





"မင်းက ဘာဖြစ်လို့ အဲဒီကောင်ဘက်က ကာကွယ်ချင်နေရတာလဲ။ ငါ ဒါမျိုးလုပ်ရင်တော့ မင်းကျေနပ်မလား ... ပြော"

"ကောင်လေးအမေက ကျွန်တော့်အစ်မမှ မဟုတ်တာဗျာ။ ကိုယ့်အစ်မကိစ္စဆိုရင်တော့ တစ်မျိုးပေါ့။ ကျွန်တော်နဲ့ဆိုင်သွားပြီပေါ့"

"အခုလည်း မင်းတူမရဲ့ယောက္ခမလောင်းရဲ့ကိစ္စ။ မင်းနဲ့တည့်တည့်ကြီးကို ဆိုင်တယ်။ လာ ... လိုက်ခဲ့"

"အစ်ကိုကြီး ပြဿနာဖြစ်လိမ့်မယ်။ ငတို့လက်ထပ်ဖို့ကိစ္စကို ထိခိုက်သွားနိုင်တယ်"

"သူ့ကို ကောင်းရာကောင်းကြောင်း သတိပေးနားချမှာကို သူက မကျေမနပ် ပြဿနာလုပ်ပြီး မင်္ဂလာကိစ္စကို ဖျက်ပစ်မယ်ဆိုရင် ဖျက်စမ်းပါစေ။ ငါက သူ့ထက်ဆယ်ပြန်ဖျက်နိုင်သေးတယ်။ သွားပြောလို့မှ အခြေအနေဟန်မယ့်ပုံမပြရင်၊ ကောင်းကောင်းကန်းကန်း ပြန်မဆက်ဆံရင် တစ်ခါတည်း အရင်ဦးဆုံး၊ ငါကစပြီးတော့တောင်မှ ဖျက်လာခဲ့ဦးမယ်"

"အစ်ကိုကြီးဟာက ငအတွက်၊ ငကောင်းဖို့လို့ကြည့်ပြီး ဒီကိစ္စကို ဆုံးဖြတ်တာလား။ မင်္ဂလာပွဲကို မပျက်ပျက်အောင် ဖျက်ချင်လို့။ ကောင်လေးအဖေကို အရှက်ခွဲအနိုင်ယူနိုင်ရင်ပြီးရောလို့ ဆုံးဖြတ်ချင်တာလား"

တစ်ခါမှ နှုတ်လှန်မထိုး၊ ရန်ပြိုင်မဖြစ်၊ အခြေအတင် ရယ်လို့မရှိခဲ့ဖူးဘဲ သူ့လက်အောက်ခံ တူသားတပည့်လေးလိုပဲနေခဲ့တဲ့ ယောက်ဖဆီက ပြင်းထန်တဲ့ဝေဖန်ထိုးနှက်ချက်ကို ရလိုက်တာမို့ ဦးမျိုးမြတ်တစ်ယောက် တွန့်ခနဲဖြစ်သွားပါသည်။ မောင်မောင်လတ်ကလည်း စိတ်တိုတိုနဲ့ ပြောမိပြီးမှ နည်းနည်းလွန်သွားတယ်ဆိုတာ ဒါပေမယ့် မသိချင်ယောင်ပဲ ဆောင်နေသည်။ ဒါပေမဲ့လည်း အတ္တကြီးတဲ့ ဦးရစ်ကြီးတစ်ယောက်ကို မောင်မောင်လတ်ရဲ့ ဒီစကားတစ်ခွန်းလောက်နဲ့တော့ ဘယ်လာဟန့်တားထားနိုင်ပါမလဲ။

ဦးမျိုးမြတ်က မောင်မောင်လတ်ကို ဘာမှထပ်ပြောမနေတော့ဘဲ သူ့ဘာသာ,သာ ကားပေါ်က ဆင်းချသွားပါသည်။ ဒီလိုတော့လည်း မောင်မောင်လတ်ခမျာ "ဘာဖြစ်ဖြစ်"လို့ ဒီအတိုင်း ဘယ်လွှတ်လိုက်နိုင်ပါ့မလဲ။ ဝင်ထိန်းစရာရှိ ဝင်ပြီးထိန်းထိန်းသိမ်းသိမ်းလုပ်လို့ရအောင် ကားပေါ်က အမြန်ဆင်းပြီး သူ့နောက်က တစ်ပါတည်း ပြေးလိုက်ရတော့တာပေါ့။

ခြေလှမ်းကျဲကြီးတွေနဲ့ ပြေးမတတ်၊ ဆောင့်ကြီးအောင့်ကြီး၊ မျက်နှာကလည်း ရှုံ့ရှုံ့တွတွကြီးနဲ့ လှမ်းလာနေတဲ့ ဦးမျိုးမြတ်ကို မီးပွိုင့်ဘေး၊ ကော်ဖီဆိုင်လေးအတွင်းမှ ဦးအယ်ဒီက လှမ်းမြင်လိုက်ပုံတော့ ရပါသည်။ သို့သော် ချက်ချင်းပင် မမြင်ချင်ယောင် ပြန်ဆောင်လိုက်တာကို မောင်မောင်လတ်ကသတိထားလိုက်မိသည်။ မောင်မောင်လတ်နဲ့ ဦးမျိုးမြတ်တို့ ထိုကော်ဖီဆိုင်





လေးထဲသို့ လှမ်းဝင်သွားချိန်မှာတော့ ခုနက တစ်ယောက်လက်တစ်ယောက်ဆုပ်ကိုင်ကာ တစ်ယောက်မျက်နှာတစ်ယောက်စိုက်ကြည့်လို့မဝ ဖြစ်နေကြတဲ့ ဦးအယ်ဒီနဲ့ အဲဒီစားပွဲကကောင်မလေးတို့ဟာ ကိုယ်ဟန်အနေအထားတွေက တစ်မျိုးတစ်ဖုံပြုပြင်ပြီးသားဖြစ်နေလျက် ...

"လိုက်ရေး ... Annual Audit Report ကိစ္စအတွက် ဦးဘဦးနဲ့ ချိန်းထားတာရယ်။ အဲဒါက (၁၀)နာရီနောက်ပိုင်း၊ Auction ပွဲသွားရမှာက (၁၁)နာရီခွဲ။ နေ့လယ်(၂)ချက်ထိုးကျတော့ ဦးသန်းစိန်နဲ့တွေ့ရမယ့်ကိစ္စက သူ့ရဲ့ Ecosystem ဟောပြောပွဲအတွက် ငါတို့ကုမ္ပဏီက စပွန်ဆာပေးဖို့ပြောထားတဲ့ကိစ္စ၊ အဲဒါ ပြန်ညှိရမယ်။ ပြီးတော့ ..."

ဦးအယ်ဒီက အလုပ်ကိစ္စမှာပဲ စိတ်ဝင်စားနေသောအကယ့် တည်တည်တံ့တံ့လူကြီးစတိုင်နှင့်။ ကောင်မလေးကတော့ ဘယ်ကနေ ဘွားခနဲဆွဲထုတ်လိုက်မှန်းမသိသော စာအုပ်လေးတစ်အုပ် ဘောလ်ပင်တစ်ချောင်းနှင့်။ မောင်မောင်လတ်မှာ သဘောတကျနှင့် သွားစေ့ပြီးကျိတ်ပြုံးမိပါသည်။

"ဟာ ... ! သမီးရှင်။ ဘယ်ကပေါ်လာသလဲဗျာ။ ဟာ ... ဦးလေးတော်လည်း ပါသကိုး။ ဒီသမီးယောက်ဖနှစ်ယောက်၊ နှစ်ယောက်တည်း ဘာလုပ်ကြမလို့လဲ"

အနားရောက်ခါမှ အခြေအနေက တစ်မျိုးတစ်ဖုံပြောင်းနေတာမို့ ပြောချပစ်လိုက်မည်ဟု ဟန်ပြင်လာခဲ့တဲ့ ဦးမျိုး

မြတ်တစ်ယောက် ကြောင်အအနှင့်။ ဦးအယ်ဒီကသာ အထက်စီး ကြီးလိုလိုနှင့် စတင်နှုတ်ဆက်လိုက်နိုင်ပါသည်။ အနေအထားက ပြောင်းပြန်ဖြစ်နေပြီ။ ဦးအယ်ဒီက ကြိုတင်ပြင်ဆင်လိုက်နိုင်ပြီမို့ ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်။ မျှော်လင့်ထားသလို မဟုတ်တော့ တာမို့ ဘာဆက်လုပ်ရမှန်းမသိတော့တဲ့ ဦးမျိုးမြတ်က ယောင် တောင်ပေါင်တောင်၊ ရှိုးတိုးရှန့်တန့်။ ဦးမျိုးမြတ်ရဲ့မျက်လုံးတို့က ဘာတွေမှန်းမသိ ကုန်းရေးချင်ယောင်ဆောင်နေသည့် ကောင်မ လေးထံမှာသာ ဝဲနေတာမို့ ဦးအယ်ဒီက ရယ်ဟဟနှင့် ...

"စက်ကပ်ကြေးအသစ်လေ။ ဘာမှအသုံးမကျသေးဘူး။ သူ့ဘာသာ သူခေါင်းထဲထည့်၊ ရေးမှတ်ထားပြီး ကိုယ့်ကို ပြောပြသတိပေးရမယ့် အလုပ်တွေကို ကိုယ်ကချည်း သူ့ကို ချရေးဖို့ ပြန်သတိပေး၊ ခေါ်ပေးနေရတယ်။ ဟား ဟား ဟား"

ဘာဆက်လုပ်ရမှန်းမသိ အူကြောင်ကြောင်ကြီးဖြစ် နေတဲ့ ဦးမျိုးမြတ်တစ်ယောက်၊ ဦးအယ်ဒီရဲ့ရယ်သံနဲ့ အပြောအဆို တို့ကို အံတော်အမြင်ကတ်သွားပုံရပါသည်။ ပြောဖို့ပြင်လာတဲ့ အကြောင်းအရာတွေကို မပြောဖြစ်လိုက်ရဘဲ ပြန်လှည့်သွားရမှာကို လည်း စိုးထိတ်လှပုံနဲ့။

"လူအသုံးမကျတာက အကြောင်းမဟုတ်ပါဘူး။ ပြင်လို့ သင်လို့ ရနိုင်ပါတယ်။ စိတ်ဓာတ်လေးတစ်ခုပဲ အသုံးကျဖို့ လိုတာ။ စက္ကဏ္ဍရီအသစ်ခန့်ပြီဆိုရင် အရင်ဆုံး သင်သင့်





တာက ကိုယ့်အဖေအရွယ်၊ ကိုယ့်လူကြီးနဲ့ အနေအထိုင် တည်တံ့ပိရိဖို့ပဲ။ မြှူမယ်၊ ချူမယ်ဆိုတဲ့စိတ်မျိုးမရှိမှ တိုးတက် အောင်မြင်နိုင်မှာ။ အဲဒါလေးတစ်ခု အရင်သင်ပေးလိုက်ပါ"

ဘလိုင်းကြီးပဲ။ ဘာမှကိုမဆိုင်ဘဲ ပေါ်တင်ကြီးကို ်ပစ်လိုက်တာပါပဲ။ မောင်မောင်လတ်မှာတော့ ဖင်လိမ်ကွင်း ပ်ပြီး အနေရအထိုင်ရတွေ ခက်သွားလိုက်ရတာ။ မဆီမဆိုင်ကြီး ပစ်လိုက်တဲ့ ယောက်ဖဖြစ်သူ ဦးမျိုးမြတ်ကတော့ ဘာမှဖြစ်ပုံ ။ များသောအားဖြင့် အရယ်အပြုံးမပျက်တတ်တဲ့တူမရဲ့ယောက္ခမ ဘင်းကြီး ဦးအယ်ဒီကလည်း (မျက်လုံးတွေအနည်းငယ်ကျဉ်း အရောင်ပြောင်းသွားလိုက်တာမှအပ)ဘာမှဖြစ်သည် မထင်ရ။ ါင်းတညိတ်ညိတ်နှင့် "တဟားဟား"ကမပျက်။

"ကျုပ်က ရှင်းရှင်းပြောရရင် ခင်ဗျားတို့နှစ်ယောက်ကို လှမ်းမြင်လိုက်လို့ ဟိုမီးပွိုင့်အလွန်မှာ ကားရပ်ပစ်ခဲ့ပြီး ဘာပါလိမ့်လို့ တမင်သက်သက် လာကြည့်တာဗျ။ အလုပ် ကိစ္စပြောနေတာဆိုတော့လည်း ပြီးတာပေါ့ ဦးအယ်ဒီ။ တကယ်ပြောတာပါ။ ကျုပ်တို့မိသားစုမှာက သူများတွေနဲ့ မတူတဲ့ Family Value တွေရှိသဗျ။ အဲဒါတွေကိုတန်ဖိုး ထားတယ်ပေါ့ဗျာ ... ဒါပါပဲ"

လုပ်ပြန်ပြီ။ ဟိုက (ဘာကြောင့်မှန်းမသိ) ခပ်ပြုံးပြုံး ငြိမ်ခံနေလေတော့ ယောက်ဖတို့က ကိုယ့်ကိုယ်ကိုယ် "ပြော းဆိုဖွင့်ရပုဂ္ဂိုလ်"လို့ စိတ်ကြီးဝင်သွားပုံရသည်။

"ကောင်းပါလေ့။ ဒါပေမဲ့ အဲဒါမျိုးက ခင်ဗျားတို့တစ် မိသားစုတည်းမှာ ရှိနေတာတော့ ဟုတ်မယ်မထင်ပါဘူး။ ကျုပ်တို့မလည်း ခင်ဗျားတို့လောက် Strict (တင်းကျပ်သော) မဖြစ်တောင်မှ ရှိသင့်သလောက်တော့ ရှိပါတယ်။ ဥပမာ ကိုယ်နဲ့မဆိုင်ဘဲ သူများကိစ္စကို အလကားကြီးသက်သက် ဝင်မပါကြတာတို့၊ ကိုယ့်မိသားစုဝင်တစ်ယောက်ယောက် ကိုလာထိရင်တော့ လက်သည်းဆိပ် လက်ထိပ်ကပါနာပြီး တုန့်ပြန်ပစ်တတ်ကြတာတို့ ဘာတို့။ ရှိပါတယ်။ ကိုယ့် ပုံစံနဲ့ကိုယ်ပေါ့"

ဦးအယ်ဒီကတော့ "တဟဲဟဲ"က "တဟဲဟဲ"ပင်။ မောင်မောင်လတ်မှာ ကြာကြာနေရင် ဟန်မဆောင်တတ်တဲ့ ဦးမျိုး မြတ်ကသာ ဘလိုင်းကြီးအလွန် ဖြစ်တော့မှာမို့ ...

"အစ်ကိုကြီး ... ခဏနှုတ်ဆက်ဖို့ ဝင်လာတာဆိုလည်း သွားကြရတော့အောင်လေ။ နောက်ကျနေလိမ့်မယ်။ ကျွန် တော့်ဆိုင်က ကျွန်တော်ရောက်မှ သော့ကဖွင့်ဝင်လို့ရမှာ ကျွန်တော် စောစောရောက်မှ ဖြစ်မယ်"

ယောက်ဖဖြစ်သူကို အင်္ကျီနောက်ကျောစက အတင်းကြီး ဆွဲခေါ်လာတော့မှပင် ဝတ်ထားတဲ့အင်္ကျီကြီး ဖိုး ဖတ်သီဖြစ်ပြီး ရွံ့စောင်းနေဖို့ မပြောပါနဲ့။ ဖြီးပြီးသပ်တင်ထားတဲ့ ဆံပင်တစ်ချောင်းလောက်ကိုတောင် နဖူးပေါ်အကျမခံတတ်တဲ့ ယောက်ဖက ယက်ကန် ယက်ကန်နှင့် ပါလာပါသည်။





"ဟောကောင် ... ငါ့ကိုနှက်လွှတ်လိုက်တာတွေ့လား။ သူ့ သားက သူ့ထိရင်ခံနေမှာ မဟုတ်ဘူးလို့ ငါ့ကိုတမင်ပြော လိုက်တာပဲ။ တန်ပြန်ပစ်မယ်ဆိုတာ ပွဲကိုပါဖျက်ပစ်နိုင် တယ်နော်လို့ ခြိမ်းခြောက်လိုက်တာကွ၊ မင်းသိရဲ့လား"

"ကိုယ့်ကိုဒီလိုလာလုပ်လို့ကတော့ ဘယ်သူမဆို အဲဒီလောက်တော့ ပြန်လုပ်လိုက်မှာပဲ"ဆိုတာကိုတော့ မောင်မောင် လတ်က နှုတ်ကနေ ဖွင့်ပြောမနေတော့ပါ။ ဟိုတစ်ယောက်နဲ့က ပြီးခဲ့ပြီ။ ကိုယ်နဲ့ပါ ဆက်စကားများနေစရာမလို။

"လူလိမ်မှ လူလိမ်သက်သက်ကွ။ ငါတို့လည်းရောက်ရော ပလီပလာရုပ်နဲ့ ဗလောင်းဗလဲစကားတွေ ပြောနေရာကနေ ချက်ချင်း အလုပ်လုပ်နေတယ်ဖြစ်သွားတာ။ သူ ငါတို့ကို ကြိုပြီး လှမ်းမြင်လိုက်လို့ ဒီလို လိမ်လှည့်ပစ်လိုက်နိုင် တာ"

မောင်မောင်လတ်ကတော့ "လူလိမ်"ဆိုတာရဲ့နောက် မှာ "မာ"တစ်လုံးထပ်ထည့်ကာ လူလိမ္မာဟုပင် ဆိုလိုချင်ပါသည်။ မယားကြီးငုတ်တုပ်ရှိရက်နဲ့ သမီးအရွယ်ကလေးနဲ့ ထိုင်ညှိနေတဲ့ အကျင့်စာရိတ္တကိုတော့ ဘာမှမဝေဖန်လို။ သို့ပေမဲ့ မဆီမဆိုင် ဘလိုင်းကြီး လာဝင်ကြိတ်တဲ့ ခမည်းခမက်လောင်းကို ဒီလိုလှည့် ကွက်ကလေးနဲ့ အပြုံးမပျက် ဒီလောက်ပဲ ပြောလိုက်တာ အဲဒီလူ လိမ္မာလို့ပေါ့။

သူနဲ့စာရင် သူများတကာကို ပြောဆိုပစ်လိုက်ချင် စိတ် တစ်ခုကိုပဲ ရှေ့တန်းတင်ပြီး ရှေ့ရေးနောက်ရေး မစဉ်း ကိုယ့်သမီးအတွက်လည်း ကိုယ်မငဲ့တဲ့ ယောက်ဖကသာ လူမိုက် ဦးအယ်ဒီကတော့ စိုနေတဲ့လက်ကို သူကစပြီး အခြောက်ခံပစ်လို တဲ့သူတော့ မဖြစ်စေရ။ ရှေ့တိုးကောင်း၊ နောက်ဆုတ်သာဖြစ်အောင် ပိပိရိရိ လိမ်လိမ်မာမာကလေးပဲ လုပ်လိုက်နိုင်တာပင်။

"ငကို ဘယ်လိုပြန်ပြောရတော့မလဲ"

"အစ်ကိုကြီး . သားလိုက်ပါ။ ဒါ ငမသိလည်း ဖြစ်ပါတယ်"

"သူက ပွဲဖျက်တော့မှာလေ၊ သူ့သားကို သူကပြန်ပြော ငါ့အပြစ်တွေချည်းချပြီး ပွဲဖျက်တော့မှာ။ ငါက ငကို မပြောထားလို့ မဖြစ်ဘူး"

"သူ့သားကို သူ မပြောပါဘူး။ ကျွန်တော် သေချာပါတယ် သူ မပြောဘူး"

"ပြောရင်ကောကွာ"

"ကိုယ့်သားသမီးဆီမှာ ကိုယ့် Roll ပဲ အောက်သွားစေမယ့် လုပ်ရပ်မျိုး၊ အစ်ကိုကြီးဆိုရင်ကော လုပ်မလား၊ ငကို သိမလား"

သူ့သားကို ပြန်ပြောပြီး ပွဲကိုပါဖျက်ပစ်တာမျိုး လောက်အထိ မဟုတ်ရင်တောင် အဲဒီလူကြီး တစ်ခုခုတော့လုပ် နိုင်တယ်ဟု မောင်မောင်လတ်ကလည်း ထင်နေပါသည်။ ကိုယ် လာပြီး နေရင်းထိုင်ရင်းကြီး စော်ကားသွားသလိုရှိတဲ့ ခမည်းခမက် လောင်းကို (နဂိုကလည်း တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို ကြည့်





ရကြတဲ့အခါ) ဘယ်သူက သည်းခံခွင့်လွှတ်ပြီး "ငါမှားလို့ ငါ ရှက်ရတာ၊ ငါ့အပြစ်တွေပါပဲ"လို့ ဖြေသိမ့်နေနိုင်မှာလဲ။

မသိသလို နေလိုက်ပြီး ဒီတိုင်းထားလိုက်ရမှာကို "ငါသိတယ်နော်"သွားလုပ်ဖြီး "ငါတို့မိသားစုက ဒါမျိုးလက်မခံ ဘူး။ မရဘူး"ဆိုတာလောက်အထိပါ သွားပြောလိုက်တော့ ဟိုက အနည်းဆုံး "တစ်တေး"လောက်တော့ မှတ်လိုက်မှာပင်။

"သူ့သားက သူ့အဖေထိလို့ မချိအောင်နာပြီး ငါ့သမီး လေးကို စိတ်ဒဏ်ရာပေးမှာမျိုးတော့ ငါက မဖြစ်စေချင် ဘူးကွာ"

ခုကျမှ ဒါမျိုးတွေးသလား။ မလုပ်မိခင်ကတော့ ဘယ်လိုမှ တားမရခဲ့ဘဲနဲ့။

"ဟော့ ... မောင်လတ်၊ ငါ့ရင်ထဲမှာ စလုံးစခုနဲ့ကွာ။ ဟုတ် ရင်ကျော် ပုပ်ရင်ပေါ်တယ်ကွ။ ဟိုလူ့အပုပ်နံ့က ငါ့သမီး ကိုပါ ဂယက်ရိုက်ပြီး လူ့အထင်သေးများ ခံရမလားကွာ"

"သူက စဖျက်သွားမှာလည်းစိုး၊ အပုပ်နံ့လည်းမဟပ်စေချင် ရင် အစ်ကိုကြီးကပဲ စဖျက်လိုက်လေ"

ကိုယ်က တမင်ရွဲ့ပြောပေးမယ့် ယောက်ဖက တကယ် ပဲ ဒီလောက်အထိပါ စဉ်းစားထားပြီးပုံရကာ "အဲဒါဆို င ဘယ့် နယ်နေမယ်ထင်သလဲ"တဲ့။

"ပေါက်ကွဲပြီး ထင်ရာလျှောက်လုပ်ကုန်မှာနဲ့ စာရင်တော့ စိတ်ထိန်းကိုက်ပြီး အိပ်ရာထဲ လဲနေတာဆိုရင် ကိုယ့်မျက်စိ အောက်တင်ဆိုတော့ တော်သေးတယ်လို့ ပြောရမှာပေါ့"

ကိုယ်ကတော့ ထပ်ပြီး ရွဲ့ပြောလိုက်ပြန်တာပဲ ဖြစ်ပါသော်ငြားလည်း ...

"ဒီပြင်လူကို စိတ်နာနေရရင် ငါ့ကိုစိတ်နာမှာ မဟုတ်ဘူး။ စိတ်ကနာနေရင်လည်း ထိခိုက်ခံစားနေချိန်မရှိဘူး"

"အစ်ကိုကြီး ဘာလုပ်ဖလို့လဲ"

"အဲဒီလူနဲ့ ငါနဲ့တော့ ဘယ်နည်းနဲ့မှမဖြစ်ဘူးကွာ။ ငါသိရာယ်၊ အစကတည်းက ငါတွေးရင်မှားတာကိုမရှိပါဘူးဆို။ မျက်နှာပိုးမရှိပဲ့ ပြောင်ချော်ချော်ဟာ စာရိတ္တလည်းကောင်းမှာမဟုတ်ပါဘူးလို့ ငါမပြောခဲ့ဘူးလား။ ငကို ပြောပြလိုက်မှပဲ ဖြစ်မှာပါ"

ဘာမှ အကြံဉာဏ်ပေးကြည့်လို့လည်းမရ။ ကိုယ်ပြောသမျှကို တစ်ခုမှလည်း လက်မခံ၊ တားရင်ပိုလုပ်မယ်ဆိုတဲ့ အရွဲ့တိုက်တဲ့စိတ်ကလည်းရှိ။ ဒီယောက်ဖတစ်ယောက်နဲ့တော့ ကိုယ်က ဝင့်ကြီးပေလို့သာ နှစ်ပေါင်းအစိတ်လောက် သင့်သင့်မြတ်မြတ် နေနိုင်တာပါပဲ။ မောင်မောင်လတ်က စိတ်ပျက်ပျက်နှင့် ဘာမှထပ်မပြောတော့ဘဲ နေလိုက်ပါသည်။ လုပ်ချင်ရာလုပ်။ ကိုယ်က ဦးလေးပဲတော်တာ။ သူက အမေအရင်း။ ကြိုက်ရာသာလုပ်။

*○*





"မင်း စုံစမ်းလို့ ရခဲ့သလား"

"ဟုတ်ကဲ့ဆရာ ... ရခဲ့ပါတယ်"

"ဘာတွေလဲ"

"တော်တော်စုံစုံလင်လင်ပါပဲ။ ကျွန်တော်သုံးတဲ့လူက တော်ပါတယ်"

ဦးအယ်ဒီက တပည့်လေးလှမ်းပေးနေသော စာအိတ်ညိုကြီးတစ်လုံးကို ဆွဲယူလိုက်ကာ အတွင်းက စာရွက်များနှင့် ဓာတ်ပုံများကိုပါ ဆွဲထုတ်လိုက်ပါသည်။ ဓာတ်ပုံများက များသောအားဖြင့် အဝေးကနေ တယ်လီဆွဲပြီး ရိုက်ထားသောမြင်ကွင်းမျိုးတွေပဲဖြစ်ကာ လူကြီးလူငယ် အရွယ်စုံနှင့် ယောကျ်ားတွေချည်းနှစ်ယောက်တွဲ၊ လေးငါးယောက်တွဲ။ လူမှုရေးတွေ့ဆုံမှုမျိုးလည်း ဟုတ်ပုံမရ။ စီးပွားရေး၊ အလုပ်ကိစ္စအရ တွေ့ဆုံနေကြတဲ့ပုံမျိုးတွေချည်းပင်။

"မင်းဟာက ဘာမှလဲ စိတ်ဝင်စားစရာလည်း မပါပါလား"

"ဆရာ ... အဲဒီပုံတွေကိုက တအားစိတ်ဝင်စားစရာလေ။ အဲဒီလူကြီးမှာ ပိုက်ဆံကိစ္စ အကြီးအကျယ် ဆုံးရှုံးနစ်နာထိခိုက်မှုတွေ ရှိနေတယ်။ ပုံတွေထဲက လူတော်တော်များများက သူ့ကြွေးရှင်တွေချည်းပဲတဲ့။ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ အချိုးကြီးထိသွားလို့ အဲဒါကို ပြန်အဖတ်ဆယ်ဖို့၊

ချေနိုင်ဖို့ ကြိုးစားရင်းနဲ့ လှုပ်လေမြုပ်လေဖြစ်နေပြီတဲ့။ ဒီပုံထဲမှာဆို ဒီတစ်ယောက်က(--)ဘဏ်ကလူ။ အဲဒီဘဏ်မှာ အိမ်တောင်ပေါင်ပြီး ငွေထုတ်ထားတာတဲ့"

"မင်း သေချာတယ်နော်"

"ဆရာ ... နည်းနည်းတိတိကျကျကလေး သိချင်ရင် ဒီမှာ စာရင်းအတိအကျတွေ ပါ,ပါတယ်။ ဖတ်ကြည့်လိုက်ပါလား"

"အင်း ... ဒါဖြင့် စီးပွားရေး၊ ငွေရေး၊ ကြေးရေးပဲပေါ့။ လူမှုရေးသတင်းမျိုးကျ ဘာမှမရနိုင်ခဲ့ဘူးလား"

"ဟာ ... ဆရာ၊ မရဆို ရှိမှမရှိတာကိုး။ လူမှုရေးအရှုပ်အရှင်းကတော့ လုံးဝကင်းတယ် ဆရာ။ ဘာမှမရှိဘူး။ လူတိုင်းကပဲ ပြောကြတာ၊ ငွေရေးကြေးရေးနဲ့သာ နာမည်ပျက်သလို ဖြစ်နေတာ၊ လူကတော့ လူဖြောင့်ပဲတဲ့"

"ငွေရေးကြေးရေးနဲ့ နာမည်ပျက်နေပါပြီဆိုမှတော့ ဘယ်လိုလုပ်ပြီး လူဖြောင့်ဖြစ်နိုင်တော့မှာလဲ၊ မဟုတ်ဘူးလား"

တပည့်ကလေးမှာ ဦးအယ်ဒီရဲ့မေးခွန်းကို ချက်ချင်းပြန်အဖြေမပေးလိုက်နိုင်ပါ။ ဦးအယ်ဒီ လိုက်စုံစမ်းခိုင်းထားသော လူတစ်ယောက်ဟာ ခမည်းခမက်လောင်းမှန်းလည်း သိနေရတော့ကာ အကောင်းပြောမှ ကျေနပ်မှာလား။ အပြစ်ဆို အပုပ်ချမကောင်းတာချည်း ဖိပြောမှ မျက်နှာကောင်းရမှာလားဆိုတာ တပည့်ကျော်ရဲ့အသိဉာဏ်လောက်နဲ့တော့ ရတ်ခြည်းမဆုံးဖြတ်နိုင်ဘူးလေ။





ထိုအခိုက်မှာ ဦးအယ်ဒီရဲ့ရုံးခန်းတံခါးက ခေါက်သံနှစ်ချက်ထွက်ပေါ်လာပြီး အခန်းတံခါးက ပွင့်ဟလာပါသည်။ "အထဲကနေ "ဝင်ခဲ့"ဟု အသံပြန်မပေးမချင်း ရုံးခန်းထဲကို တန်းခနဲ၊ စွပ်ခနဲ ဝင်မလာရ"ဆိုတာသည် ဒီရုံးမှာ ပြင်းပြင်းထန်ထန် တိတိကျကျ သတ်မှတ်ထားသော စည်းကမ်း။ ပြင်ပက တခြားဧည့်သည်ဆိုရင်လည်း အခန်းအပြင်ဘက်စားပွဲမှာ ထိုင်နေတဲ့ ရုံးလုလင်ကောင်လေးက ဆီးတားထားပြီး ရုံးစည်းကမ်းအတိုင်းပဲ လိုက်နာစေမှာ အမှန်ပင်။

ဒီတော့ တံခါးကိုခေါက်ပြီးတာနဲ့ တုံ့ပြန်သံကို မစောင့်ဘဲ ဝင်ချလာသူဟာ အဲဒီရုံးစည်းကမ်းကို တမင်တကာကို (အမြဲ)ချိုးဖောက်နေတတ်ကြတဲ့ ဟိုသားအမိနှစ်ယောက်ထဲက တစ်ယောက်ယောက်ပင်။

ဦးအယ်ဒီက အခန်းထဲသို့ ရောက်လာသည့် သားဖြစ်သူကို မျက်လွှာပင့်မော့ကြည့်လိုက်ပြီး စာအိတ်ညိုကြီးထဲသို့ ဓာတ်ပုံတွေကို လျင်မြန်စွာ ပြန်ထည့်နေရင်းက တပည့်လုပ်သူကိုလည်း "အေး ... မောင်သန့်ရေ၊ ကျေးဇူးတင်ပါတယ်ကွာ၊ မင်းသွားလို့ရပြီ"ဟု လှမ်းပြောလိုက်ပါသည်။ တပည့်လေးက အကြည့်တစ်ချက်နှင့် ထွက်ခွာသွားပြီး သားဖြစ်သူကတော့ ဦးအယ်ဒီရဲ့ စားပွဲနားသို့အရောက်၊ ဦးအယ်ဒီက စာအိတ်ညိုကြီးကို စားပွဲအံဆွဲထဲ လှမ်းထည့်လိုက်ဖို့ ပြင်လိုက်သည်။

"ဖေဖေ ... အဲဒါဘာလဲ"

"ဘာဖြစ်ဖြစ်ပေါ့ကွာ၊ မင်းအသံက ဘယ်လိုလဲ"

"မဟုတ်ဘူး၊ အဲဒီအိတ်ညိုအကြောင်း သိရမှဖြစ်မယ်"

"ငါ့အလုပ်ကိစ္စတွေ မင်း ဘယ်တုန်းက သိချင်တာလဲ"

"တခြားဟာတွေ မသိချင်ပါဘူး။ အဲဒီအိတ်ညိုကိုပဲ သိချင်တာ"

"မင်း ဘယ်လိုဖြစ်နေတာလဲ။ ငါ့ကိုစကားပြောတဲ့လေသံကလည်း တရားခံဖမ်းသလို လေမျိုးနဲ့ပါလား"

"ကျွန်တော် ခုလေးတင်ပဲ မောင်သန့်နဲ့ မြို့ထဲမှာဆုံလိုက်တယ်။ သူက လူတစ်ယောက်ကို အထုပ်တစ်ထုပ်ပေးလိုက်ပြီး အဲဒီအိတ်ညိုကို အဲဒီလူဆီက ယူလိုက်တာ။ ကျွန်တော်က ဘာရယ်မဟုတ်ဘူး ဖေဖေ့ရုံးကကောင်လေးပဲလို့ ဒီလိုပဲ သူ့ကိုကြည့်နေမိတာပါ။ အဲဒါ သူက ကျွန်တော့်ကိုလှမ်းမြင်သွားတော့ တစ်ခါတည်း မျက်စိပျက် မျက်နှာပျက်နဲ့ ထွက်ပြေးတော့တာ"

ဦးအယ်ဒီမှာ ခုလေးတင် "ကျေးဇူးတင်ပါတယ်"ဟု ပြောလိုက်မိသော တပည့်လေးကို "ငါ ကျေးဇူးတင်ထားတာတွေ ပြန်ပေးကွာ"ဟု နားရင်းတောင် လှမ်းအုပ်လိုက်ချင်စိတ်တွေ တဖွားဖွားပေါ်လာမိသည်။

"အဲဒီတော့မှ သေချာပြန်စဉ်းစားလိုက်တော့ သူ ဟိုလူတစ်ယောက်ကိုပေးလိုက်တဲ့အထုပ်က ပိုက်ဆံထုပ်လို့ ထင်လာတယ်။ သူ ဖေဖေမသိအောင် ရုံးကိစ္စပဲဖြစ်ဖြစ်၊ တခြားကိစ္စ





တစ်ခုခုနဲ့ပဲဖြစ်ဖြစ် ငွေပေးငွေယူ လုပ်တယ်ဆိုရင် ဒါဖေဖေ့အတွက် အန္တရာယ်တစ်ခုခု ဖြစ်လာနိုင်တယ်ဆိုပြီး သူ့ကားနောက်က တောက်လျှောက်ကပ်လိုက်လာခဲ့တာ။ ခုကျတော့ သူက ဒီရုံးထဲဝင်လာပြီး စာအိတ်ကို ဖေဖေ့လက်ထဲထည့်လိုက်တာပဲ ဖြစ်နေတယ် ...

ဖေဖေသိတဲ့၊ ဖေဖေ့ကိုပဲ ပြန်သတင်းပို့မယ့် ကိစ္စတစ်ခုမှာ ကျွန်တော့်ကိုမြင်လိုက်တာနဲ့ ဘာလို့မျက်စိမျက်နှာအပျက်ပျက် ဖြစ်စရာလိုမလဲ၊ ကျွန်တော်က မီးပွိုင့်မိပြီးကျန်ခဲ့တာ၊ ဒါပေမဲ့ သူ့ကား ရုံးထဲကွေ့ဝင်သွားတယ်လို့ထင်လိုက်တော့ ကျွန်တော့်ခေါင်းထဲမှာ ချက်ချင်းအဖြေကို သိလိုက်တယ်လေ။ အဲဒါ ကျွန်တော့်ကိစ္စ။ အဲဒီစာအိတ်ညိုက ကျွန်တော်နဲ့ပဲဆိုင်တာ။ ကျွန်တော်နဲ့ တစ်ခုခုပတ်သက်နေရမယ်"

ခွေးသူတောင်းစားကောင် မောင်သန့်။ တကယ်ဆိုဒီရုံးခန်းထဲ ရောက်ရောက်လာချင်း သူ့ရဲ့လုပ်ဆောင်ချက်တွေကို နှစ်ထောင်းအားရ ဂုဏ်လုပ်တင်ပြနေမယ့်အစား "ကိုသကြိန်နဲ့တည့်တည့်တိုးခဲ့တယ်။ ခုလည်း နောက်ကနေပါလာပြီထင်တယ်"ဆိုတာမျိုးကိုသာ အရင်ဦးဆုံး ပြောပါလား။

"ဖေဖေ"

"မင်းနဲ့ မပတ်သက်ဘူး၊ ငါ့စီးပွားရေးကိစ္စ"

"ဒါဆိုလည်းပြပါ ဖေဖေ"

"ဟော့ကောင် ... ငါ့စီးပွားရေးကိစ္စတွေကို ငါက လူတိုင်းကို ပေးသိတာ မဟုတ်ဘူး။ မင်းကိုလည်း အရင်တုန်းကတည်းက အားလုံးပေးပြထားသလား"

"မောင်သန့်လောက်လူက သိနေတဲ့ကိစ္စမျိုးတော့ အဖေ့သား ကျွန်တော်လည်း သိသင့်တယ်ထင်တာပဲ။ ကဲပါ ဖေဖေ၊ ပြမလား မပြဘူးလား"

"ဟော့ကောင် ... ငါက ငါ့ကို အထက်စီးလေသံနဲ့အကျပ်ကိုင်ရင် အမုန်းဆုံးပဲ"

"ဖေဖေ မပြဘူးဆိုရင် ကျွန်တော်က လုကြည့်မှာနော် ဖေဖေ"

"အောင်မာ ... ဟော့ကောင် ... ဟော့ကောင်။ ဟေ့ ... အခန်းအပြင်မှာ ဘယ်သူမှ မရှိကြဘူးလား။ မောင်သန့်၊ ရဲလင်း ဟော့ကောင်တွေ မြန်မြန်လာကြစမ်း ... ဟေ့ ... ဟေ့ ... သကြိန် ... ဟေး"

ဦးအယ်ဒီမှာ ခုန်အုပ်မတတ် လုံးထွေးသတ်ပုတ်၊ ဆွဲလွဲလုယက်ကာ ကလီကလည်းထိုး၊ မျက်နှာကမျက်မှန်ကိုပါ ဆွဲဖြုတ်ပစ်လိုက်သေးသော သကြိန်ကို ဘယ်လိုမှ မရှောင်သာ၊ မရုန်းသာပါ။ အခန်းအပြင်က တပည့်ကလေးနဲ့ ရုံးလုလင်ကလေးတို့ဟာလည်း ခေါ်သံကြားလို့သာ ဝင်လာရ။ အဖေနဲ့သားတို့ အကြိတ်အနယ် လုံးထွေးသထ်ပုတ်နေကြတဲ့လူလုံးထဲတော့ ဘယ်အတင်းတိုးဝင်လုယက်ရဲကြပါ့မလဲ။ တံခါးဝမှာတင် ခပ်ရွံ့ရွံ့နဲ့





ကဲခတ်နေကြဆဲ ဦးအယ်ဒီရဲ့လက်တွင်းကစာအိတ်ညိုကို သကြိန်က ရရှိသွားခဲ့ပါပြီ။

"ခွေးမသား၊ ခွေးမျိုး၊ သူလိုချင်တာရဖို့ဆို အဖေကိုကိုက်တောင်သွားဦးမယ့် ခွေးလိုကောင်။ ဘယ်မှာလဲ ... ငါ့မျက်မှန်ကို ဘယ်ထားလိုက်တာလဲ။ ဟော့ကောင်တွေ ... မျက်မှန်၊ မျက်မှန်"

ဦးအယ်ဒီတစ်ယောက် ဒေါသတကြီး အော်ဟစ်သောင်းကျန်းနေချိန်မှာ သကြိန်က စာအိတ်တွင်းကပုံတွေကိုထုတ်ကြည့်ပြီးသွားပြီ။

"ဖေဖေ ... ဒါတွေက ဘာလုပ်တာလဲ"

"ငါ့ဟာငါ ဘာလုပ်လုပ်၊ မင်း ... ဘာလို့အစီရင်ခံနေရမှာလဲ"

"ဒါ ဦးမျိုးမြတ်ရဲ့ဓာတ်ပုံတွေပဲ၊ ၎င်းရဲ့အဖေလေ"

"အဲဒီတော့ ဘာဖြစ်သလဲ"

"ဟာ ... ! ဒါအကုန်လုံး နီးပြီးတော့ လိုက်ရိုက်ထားတာလေ။ ကာယကံရှင် မသိဘဲ၊ ခွင့်ပြုချက်မရဘဲ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်ထားတာလေ"

"ခွေးမသား ... မင်းကများ ငါ့ကို Human Right နဲ့ပါ တရားစွဲဦးမလို့လား"

"ဖေဖေကကော ... အဲဒါ ဘာလုပ်ထားတာလဲ"

ဦးအယ်ဒီက မောင်သန့်တို့ကို သွားတော့ဖို့ မျက်ရိပ်ပြလိုက်ပြီးမှ "သကြိန်"ဟု ခလေးတွဲ့တွဲ့သံနှင့် ဆိုလိုက်သည်။

"ဒီမှာ ငါ့သား ... ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် လက်ထပ်ကြတယ်ဆိုတာ သူတို့နှစ်ယောက်တည်းကလေး သီးသန့်ပြီးသွားနိုင်ကြတဲ့ကိစ္စ မဟုတ်ဘူး။ ဟိုဘက်ဒီဘက် မိသားစု ဆွေမျိုးစု အဖွဲ့အစည်းကြီးနှစ်ခုလုံး အားလုံးပါလာပြီး ပေါင်းစပ်ကြရတာ။ ငါ့သားနဲ့ပတ်သက်လို့ ဖေဖေတို့ပါ ပေါင်းစည်းရမယ့်သူတစ်ယောက်ဟာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသဖြင့်ပေါ့။ တစ်ဖက်ဖက်မှာ အပြစ်မကင်း ဖြစ်နေမလား။ သူ့ကြောင့်ကိုယ်ပါ သူ့ကိစ္စတွေထဲ ညပ်ပါပြီး ဒုက္ခရောက်ရတော့မလား ဆိုတာမျိုးကို သိချင်တာ၊ စုံစမ်းချင်တာ မင်းအဖေမှာတော်တော် အပြစ်ကြီးသလား"

"ဖေဖေက အဲဒါကြောင့် လိုက်စုံစမ်းတာလား"

"ဒါပေါ့ကွာ၊ ဒါ့အပြင် ဘာရှိရမလဲ"

"ငါ့ပက်ပင်းမိထားတဲ့ကိစ္စ သူကလျှောက်အာဖွာရင် ငါ့ ဘက်မှာလည်းပြောစရာမရှိ ဖြစ်မနေရအောင် မနည်းကို ငွေကုန်ကြေးကျခံထားရတာပါကွာ"လို့ကတော့ အမှန်အတိုင်းပြောစရာလား။ ဒီအရွယ်ကြီးရောက်တဲ့အထိ မိဘအပေါ် ဗိုလ်ကျအနိုင်ယူကာ စိတ်လုပ်ချင်တတ်ဆဲ သားဖြစ်သူရဲ့ အငြိုးအငြင်ကိုတော့ အတတ်နိုင်ဆုံး ရှောင်ရှားနိုင်မှ ဖြစ်မှာပေါ့။ ဒီသားတစ်ကောင်ရဲ့ အငြိုးအငြင်ကိုလည်း မခံနိုင်။ ညောင်မြစ်တူးလိုက်လို့ ပုတ်သင်ဥတွေပါ မီးနိုးကြွက်လျှောက် ပေါ်ကုန်မှာမျိုးကိုလည်း မခံနိုင်။





"အဲဒီတော့ ! သံသယစိတ်ကြီးနဲ့ ဒီလူကြီးမှာ အပြစ်ရှိကိုရှိနေမှာပါလို့ ငွေကုန်ကြေးကျခံလိုက်တော့ ! "

"ဘွားခနဲ ပေါ်လာတာပေါ့ကွ။ သူ့သမီးနဲ့ လက်ထပ်လိုက်ရင် မင်း ကောင်းကောင်း ဒုက္ခရောက်သွားနိုင်တာတွေ"

"ဘာလဲ ! ဘယ်လိုရာဇဝတ်ကောင်ကြီးမျိုး ဖြစ်နေပလဲ"

"မင်းဟာလေ အဖေလုပ်တဲ့သူအပေါ်မှာတော့ အနိုင်ရနိုင်တိုင်း စွတ်ဖိပြောချင်တယ်။ ယောက္ခမလောင်းကျတော့ တော်မတော်ရသေးဘူး အကောင်းချည်းပဲ ကြိုမြင်နေတယ်။ အေး ... အပြင်ဗန်းမှာတော့ တည်တည်ခန့်ခန့်ကြီးလိုလို၊ လူရိုသေ ရှင်ရိုသေကြီးလိုလို ရုပ်ဖမ်းထားတဲ့ အဲဒီလူက ကြွေးရှင်တွေ ပတ်လည်ဝိုင်းပြီး ဒုက္ခရောက်နေတဲ့သူကွ ...

မင်း သူ့သမီးကို လက်ထပ်လိုက်တာနဲ့ သူ့ကြွေးတွေဟာ မင်းတာဝန်ဖြစ်လာပြီး သူ့ဒုက္ခတွေက မင်းခေါင်းပေါ်လည်း ပုံရောက်လာနိုင်တယ်။ ရှိသမျှအားလုံး အကြွေးထိုးဆပ်လိုက်ရလို့ လက်မဲ့ဖြစ်သွားတဲ့ယောက္ခမမိသားစုကို မင်းရဲ့လစာလုပ်ခလောက်နဲ့ အိမ်ပေါ်ခေါ်တင်စောင့်ရှောက်ထားနိုင်ပါတယ် ဆိုရုံနဲ့လည်း ပြီးချင်မှပြီးမှာနော်။ မင်းတစ်ဘဝလုံး ကျွန်ခံဆပ်ပေးလို့ ခါးချိုးသွားရင်တောင် သူ့ကြွေးက မကျေနိုင်သေးဘူးဆိုတာမျိုးအထိလည်း ဖြစ်နေနိုင်တာ မဟုတ်လား ...

ဒါကို မင်းကောင်မလေးကိုယ်တိုင်က သူ့အဖေ အကြောင်းကို တကယ်ပဲ သူဘာမှမသိတာလား။ သိသိကြီး နဲ့ ဟန်မယ်ထင်ရတဲ့ ခိုင်းနွားတစ်ကောင်ကို ချိုရော နဖားကြိုး ပါ ပြိုင်တူတပ်ပေးထားလိုက်ချင်တာလား။ တစ်ခုခုတော့ တစ်ခုခုပဲ။ မင်း ငဆီက ဒါတွေအရိပ်အမြွက်တောင်မကြား ဖူးခဲ့ဘူး မဟုတ်လား"

သကြိန်တစ်ယောက် စိတ်ရှုပ်တွေး ညစ်ညူးသွားပုံ နှင့် တွေဝေကာ မလှုပ်မယှက်ပုံကြီးမျိုး ဖြစ်သွားလျှင် ဦးအယ်ဒီက ပခုံးကို အသာလှမ်းပုတ်ကာ "မင်းဘာပဲလုပ်မယ်ကြံကြံ အချိန် ယူ။ အချိန်ယူပြီးမှဆုံးဖြတ်"ဟု ပြောလိုက်ပါသည်။

"ဘယ်လောက်တောင်တဲ့လဲ"

"ငါက ဘယ်လိုလုပ် သိနိုင်မှာလဲ၊ ဘုရားနဲ့သူကိုယ်တိုင်ပဲ သိမှာပဲ"

အမှန်ကတော့ သိပါသည်။ အချိုကြီးထိသွားတဲ့ သူမျိုးအတွက် လှုပ်မရတဲ့အတိုင်းအတာမျိုးတော့ ဖြစ်နေပေမယ့် သူ့လုပ်ငန်းထဲက ရောင်းမထွက်နိုင်ဖြစ်နေတဲ့ တိုက်ခန်းတွေကို နည်းနည်းလောက် လှုပ်လာအောင် လုပ်လိုက်နိုင်ရင်၊ ဒါမှမဟုတ် အဲဒါတွေက မြန်မြန်မလွှယ်လောက်ရင် လွှယ်ကူငွေပေါ်နိုင်တဲ့ သူ့ရှိတဲ့ ခြံမြေတွေ ထုခွဲလိုက်ရင်တောင် (အခြေပျက်၊ စိတ်ဓာတ် ပျက်သွားမှာက ခဏထား) အဆင်ပြေသွားနိုင်လောက်တဲ့ အနေ အထားဆိုတာလည်း သိပါသည်။





ပြီးကျတော့ ဓာတ်ပုံတွေထဲမှာ ဦးမျိုးမြတ်နဲ့အတူ ပါနေတဲ့ တချို့လူတွေကလည်း ဦးအယ်ဒီနဲ့ဆို သူ့ကိုယ်အရေး အား၊ ကိုယ့်သူလေးစားရတဲ့ အနေအထားမျိုးတွေဆိုတော့ ကိုယ် သာ အာမခံပေးနိုင်ရင် ကြွေးပူမဟုတ်တဲ့အပြင် လုပ်ငန်းချင်း ခေါင်းစည်းလိုက်နိုင်တာတို့၊ ရှယ်ယာခွဲရောင်းပေးသလို ချေလိုက် နိုင်တာတို့။ နည်းမျိုးစုံနဲ့ လှည့်ပတ်ထွက်ပြီး အဆင်ပြေသွားနိုင် လောက်တယ် ဆိုတာကိုလည်း တွက်ချက်နိုင်ပြီးသား ဖြစ်ပါ သည်။

ဒါပေမဲ့လည်း နေပေ့စေဦးလေ။ မဟုတ်ဘူးလား။ ဒီလောက် အမြင်ကတ်စရာကောင်းတဲ့၊ တမင်ကြီးဟန်ဆောင် ဖွဲ့နွဲ့လုပ်ထားတဲ့ မျက်နှာကြီးကို ဝင်ကယ်ပေးလိုက်ခြင်းအား ဖြင့် ကိုယ့်အတွက်က ဘယ်လိုအကျိုးအမြတ်နဲ့ ဘာအဖြေထွက် လာမှာလဲဆိုတာက ရှိသေးတာကိုး။

"ငတော့ အရမ်းစိတ်ညစ်မှာပဲ"

"အေးပေါ့ … မင်းတို့ကတော့ ခုချိန်မှာ အချစ် … အချစ်။ အချစ်ကသာ ဦးစားပေး ရှေ့တန်းတင်ပြီး တွေးစရာကိုး။ ငါကတော့ အဲဒီဒုက္ခတောထဲက မင်းကို ဘယ်လိုဆွဲတင် ကယ်ယူလိုက်နိုင်မလဲတို့။ နောက်မှာ တာဝန်ကြီးတွေတန်း လန်းတွဲပါမလာဘဲ မင်းတစ်ယောက်တည်း ဘယ်လိုကိုင် လွတ်ရုန်းနိုင်မလဲတို့ ဒါတွေကိုပဲ အဓိကစဉ်းစားနေတယ်"

"ဖေဖေ ... ဒါပေမဲ့ ဒါ ကျွန်တော့်ကိစ္စနော်။ ကျွန်တော့်ဘာသာပဲ ဆုံးဖြတ်မှာ"

"အေးပါ ... အေးပါ။ လုပ်သင့်လုပ်ထိုက်တာကို မမြင်ဘဲ မရှုနိုင်မကယ်နိုင်ဖြစ်ချိန်ကျမှ အဖေကယ်ပါမလုပ်နဲ့နော်။ မင်းက အခုကတည်းက ကျွန်တော့်ကိစ္စ၊ ကျွန်တော့်ဘာသာဆိုတဲ့ စကားတွေနဲ့ ငါ့ကို ဂိုဏ်းခွဲဘက်ကန်ထားပြီးသားဆိုတာ မမေ့နဲ့"

အဖေအရင်းကိုတောင် ပြန်ပြီးမာနကြီးချင်နေသော သားတော်မောင်က "မမေ့ပါဘူး" ဟူသော စကားကို ခပ်ဆတ်ဆတ်ပင် ပြောပါသည်။

"အေးပေါ့ ... ငါတို့ဘက်က မွေးထားမိတာက သားကိုး။ ဟိုဘက်မှာသာ ဒီလိုကိစ္စမျိုးပေါ်ရင် အဲဒီကောင်ကြီးက သူ့သမီးကို 'ဖြတ်'လို့ တစ်လုံးတည်းပဲ ပြောမှာ။ ကောင်မလေးကလည်း သမီးမိန်းကလေးဆိုတော့ ငိုဟယ်ယိုဟယ် ရှိရင်တောင် အချိန်တန်ရင်တော့ ခေါင်းညိတ်နားထောင်လိုက်မှာပဲ"

"ငှက အဲဒီလို မဖြစ်နိုင်ပါဘူး"

"ကြည့်ကြသေးတာပေါ့ကွာ"

ကိုယ်လျှောက်စုံစမ်းထားတဲ့ကိစ္စကို သားကဒီလောက်နဲ့ပဲလက်သင့်ခံလိုက်တော့လည်း ဖွင့်ပြောပြပြီးသလို ဖြစ်သွားတာကိုပဲ ကျေနပ်ရမယ့်ပုံပါပဲ။ ဟိုကောင်ကြီးကော တစ်ဖက်မှာ သူ့





သမီးကို ဘယ်လိုပုံစံနဲ့ ပြောပြနေမှာလဲ။ သကြိန်လိုပဲ ဂျစ်ကန်ကန် ခပ်ဆိုးဆိုးကလေးထဲကပဲ ဖြစ်ပုံရတဲ့ သမီးလုပ်သူ ယုံကြည်လက်ခံသွားအောင် ပြောယူနိုင်မှာလား ဆိုတာကိုတော့ သိချင်လှသည်။

✳ ○ ✳

ငှနှင့် သကြိန်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ဆိုသလို အမြင်တွေကတ်၊ စိတ်ကအချဉ်ပေါက်၊ ကြည့်မရ ဖြစ်နေကြပါသည်။ သာသနာဖျက် ဦးလေးတစ်ယောက် အမြဲလိုကပ်ပါနေတဲ့ ချိန်းဆိုတွေ့ဆုံမှုတွေမှာ စိတ်အကြည်ဓာတ်ကလေးတွေပျက်၊ ရင်ခုန်တုန်လှုပ်ခြင်းတွေ ရပ်တန့်၊ နေရင်းထိုင်ရင်း အသည်းပို အလိုပြည့်နေတာတွေဆိတ်သုဉ်း၊ ဘဝန်ကြီးတစ်ခုလို တွေ့ဆုံနေဖြစ်တာကတော့ ကြာပြီ။

ခုဟာကတော့ အဲဒီအခြေအနေတွေထက်တောင်မှ ဆိုးနေလိုက်သေးတဲ့ အလိုလိုနေရင်းကို စိတ်ပျက်နေမိကြတာ။

ငှကတော့ ဖေဖေ့ဆီက ကြားသိထားရတဲ့ ယောက္ခမလောင်းကြီးရဲ့စရိုက်လက္ခဏာ အကျင့်စာရိတ္တကို စိတ်ကုန်နေတာ။ ယောက်ျားရှိလင်တစ်ယောက်ရဲ့ စိတ်ဓာတ်မခိုင်ကြည်မှုဆိုတာမျိုးဟာ ဘို့ဆွေစဉ်မျိုးဆက်တွေအဖို့ကတော့ ခုချက်ချင်း ငရဲကျမတတ် ကို စက်ဆုပ်ရှောင်ကြဉ်လာခဲ့ကြတာ။ ခုတော့ ကိုယ့်အဖေလိုတန်ဖိုးထား လေးစားရမယ့်သူကြီးက အဲဒီလိုမျိုးကြီး ဖြစ်နေသည်။

"နင့်အဖေတောင် ဖြစ်သေးတာ၊ နင်လည်းတစ်နေ့
ဖြစ်လာမှာပဲ"လို့တော့ ချစ်ရတဲ့ချစ်သူကို မစွပ်စွဲလိုပါ။ (မေမေ
ကတော့ အဲဒီလိုပဲ ပြောသည်။) ဒါပေမဲ့ ငုတို့ဘိုးဘွားစဉ်ဆက်
သွန်သင်ဆုံးမခြင်း ခံလာရတာက အရက်သမားရဲ့သားဟာ အရက်
သောက်တတ်တာကို အပြစ်ကြီးရယ်လို့ မမြင်ဘူးတဲ့။ ဖဲသမားရဲ့
သားသမီးကတော့ ဖဲရိုက်တာဟာ ပြစ်မှုသိပ်မမြောက်လှတဲ့ အပျော်
ဝါသနာလို့သာ မှတ်ယူတတ်သတဲ့။

ဖောက်ပြန်နေတဲ့ အဖေတစ်ယောက်ရဲ့သားသမီးဟာ
အဲဒီဖောက်ပြန်မှုကို ပုကိုယ်တိုင်က ခါးခါးသီးမနာကြည်းဘူးဆို
ရင် "ဒီအမှုဟာ နိုးဇုက်လူသတ်တာလောက်မှ အပြစ်မကြီးဘဲ
ပြုပြင်လို့ ရပါတယ်"လို့သာ ပေါ့ပေါ့ကလေးတွေးမြင်တတ်ကြ
တော့သတဲ့။ ဒုစရိုက်အကျင့်အကြံတစ်ခုကို အပြစ်ဖော့တွေးမြင်
နေတတ်ကြပြီဆိုရင် နောက်တစ်နေ့ တစ်ချိန်မှာ သူကိုယ်တိုင်ထ
အဲဒီဒုစရိုက်မှုကို ကျူးလွန်တာ မကျူးလွန်တာအပထား။ ဒီလူ
တစ်ယောက်ရဲ့ "စံနှုန်း"တွေ၊ "တန်ဖိုးထားမှု"တွေကတော့ ဈေး
ဆင်းသွေလွဲသွားခဲ့ပါပြီတဲ့။

"အဲဒီကိစ္စကို သကြိန် သိသလား၊ မသိဘူးလားဟင်"

ငုမှာ အဲဒီလိုပဲ ပွင့်ပွင့်လင်းလင်း ဖွင့်မေးပစ်လိုက်
ချင်ပါသည်။ သို့သော် နှုတ်ကမထွက်။ ကိုယ့်စိတ်ရှုပ်ထွေးမှုနှင့်
ကိုယ် သူ့ကိုနေရင်းထိုင်ရင်း အမြင်တွေကတ်ကာ ကြည့်မရပါသော်
လည်း ပေါ်တင်ကြီး မြောင်ဖွင့်မေးပစ်လိုက်ဖို့ကျတော့လည်း
စာနာသနားနေမိပါသေးသည်။



သူ သိပ်ရှက်သွားမလား။ အရမ်းခံစားရလေမလား။
ကိုယ့်အဖေနဲ့ နှိုင်းစာပြီး သိမ်ငယ်နေရှာတော့မလား။ ဒါမှမဟုတ်
မနိုင်၊ နိုင်ရာမဲဆိုသလို ကိုယ့်အပေါ်ပဲ စိတ်တွေဆိုးပြီး ထိန်းမရ
သိမ်းမရ ထဖြစ်သွားမှာလား။ အဲဒီလိုတွေလည်း စိုးရိမ်သည်။

သိသိကြီးနဲ့ "အရေးမကြီးပါဘူး၊ ဒါလေးများ"ဟု
သတ်မှတ်ထားတာမျိုး ဖြစ်နေမှာကိုတော့ အစိုးဆုံးပင်။ ဒီတော့
ငုမှာ သိကလည်းသိချင်၊ ဖွင့်ကလည်းမမေးဝံ့။ ကျိတ်မြိုထားရတာ
ကိုလည်း ကသိကအောက်ဖြစ်။ သကြိန်ရဲ့မျက်နှာကို လှမ်းကြည့်
လိုက်တိုင်း "တဟဲဟဲ"ရယ်မောပြီး လက်ကြီးနှစ်ဖက်ဆန့်တန်း
နှုတ်ဆက်တတ်တဲ့ ယောက္ခမလောင်းကြီးရဲ့ ရုပ်ကြီးကိုလည်း
တစ်လက်စတည်း ပြေးမြင်ကာ နေရထိုင်ရတာ မပျော်ရွှင်၊ စိတ်
လက်မကြည်မသာကြီးပဲ ဖြစ်နေရပါတော့သည်။

"ငု ... ငုအဖေရဲ့ကိစ္စကို ငု တကယ်ပဲ ခုထိမသိသေးတာ
လား။ ကိုယ့်ကို တမင်ဖုံးဖိထားတာလားဟင်"

သကြိန်ကလည်း ငုရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး
အဲဒီလို အတိအလင်းကြီးပဲ ဖော်ထုတ်စပ်စုချင်စိတ်တွေ ဖြစ်နေပါ
သည်။ ယောကျ်ားလေးတစ်ယောက်ဖြစ်ရက်နဲ့ (ကိုယ့်အဖေပြော
နေသလိုမျိုး) ကိုယ့်ချစ်သူရဲ့အဖေမှာ အကြွေးတွေ ပတ်လည်ဝိုင်း
နေလို့ ဒီချစ်သူလေးကိုပါ ကိုယ်ကကြောက်လန့်တကြား၊ ကိုယ်
လွတ်လက်လွတ်၊ ဖြတ်တောက်တိမ်းရှောင်ချင်နေတာမျိုးတော့
ဘယ်ဟုတ်ပါ့မလဲ။

ဒါပေမဲ့ သကြိန်ပြောချင်တာက နောင်တစ်ချိန်ကျရင် သေတဲ့အထိ ဘဝချင်းပေါင်းစပ်သွားကြရမယ့် သူနှစ်ဦးဟာ တစ်ဦးကိုတစ်ဦး ရိုးသားဖြူစင်ပြီး အမှန်အတိုင်း၊ အရှိအတိုင်း ဆက်ဆံကြဖို့တော့ လိုတယ်မဟုတ်ဘူးလား။ လင်ရယ်မယားရယ်ဆိုတဲ့ သူစိမ်းသက်သက်ကြီးနှစ်ယောက်ကြားမှာ တရှိန်ရှိန်တဟုန်ဟုန်းထနေတဲ့ "အချစ်" တွေအနယ်ထိုင် အရှိန်လျော့သွားချိန်ကျတော့ အဲဒီရိုးသားဖြူစင်ပွင့်လင်းမှုတို့နဲ့ ဖွဲ့စည်းထားပြီးဖြစ်တဲ့ နားလည်မှုသံယောဇဉ်တို့နဲ့ပဲ ဘဝထက်ဆုံးလက်တွဲသွားကြရမှာလေ။

ခုကတည်းက အဖုံးအဖိတွေ၊ လျှို့ဝှက်ဟန်ဆောင်မှုတွေ၊ သိုဝှက်လိမ်ညာမှုတွေ ရှိနေရင် ဘယ်လိုလုပ်ကြမလဲ။

"ငှတို့က စစ်စီစည်းကမ်းရှိတဲ့ မိဘတွေနဲ့ လူဖြစ်လာတာ။ အပိုသုံးတွေ၊ အဖြုန်းတွေ ဘာတစ်ခုမှ ဝါသနာမပါဘူး"

"ဒါ ဘာလုပ်ဖို့လဲ။ မလိုဘူး မသုံးနဲ့"

"အဲဒါမျိုးကြီးကို မဖြစ်မနေ လုပ်ချင်သပဆိုရင် သကြိန်ဘာသာ သကြိန်ပဲ ကိုယ့်တာဝန်ကိုယ်ယူ။ ကိုယ့်ဘာသာ စီစဉ်ပေတော့။ ငှတော့ မပါဘူး။ ငှမိဘတွေကလည်း အားပေးအားမြှောက်ပြုမှာလည်း မဟုတ်ဘူး။ တာဝန်ခံမှာလည်း မဟုတ်ဘူး"

ငှတတွင်တွင် ပြောတတ်ခဲ့တဲ့ စကားလေးတွေကို ပြန်ကြားယောင်လာမိသည်။ အဲဒီတုန်းကတော့ အသုံးအဖြုန်းမကြီးတဲ့ စုစုဆောင်းဆောင်း ကျစ်ကျစ်လျစ်လျစ် မိန်းကလေးဆိုရင်





ငါ အရတော်တာပေါ့လို့ပဲ ဒီတိုင်းလေးကျေနပ်နေခဲ့တာ။ ခုကျမှ သံသယစိတ်ကြီးနဲ့သာ ပြန်စဉ်းစားရရင် ငှဟာငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် လိုတာထက်ပိုပြီး စစ်စီလက်ရှောင်နေတတ်သလားလို့။ အဲဒါ ဘာလို့လဲ။ ပွင့်ပွင့်လင်းလင်း ဝန်ခံမပြောနိုင်ပေမယ့် အကြွေးပုံထဲရောက်နေတဲ့ ဖခင်ရဲ့သမီးမို့ သူကိုယ်တိုင်ကိုက ဆင်ဆင်ခြင်ခြင်ကလေး ဖြစ်နေခဲ့တာလား။

သူလည်း တစ်ဦးတည်းသောသမီး။ ကိုယ်လည်း တစ်ဦးတည်းသောသားမှာမှ ကိုယ့်စကားထဲမှာ မိဘတွေရဲ့ပိုင်ဆိုင်ထိုက်၊ လုပ်ငန်းတွေအကြောင်းပါလာရင် "အမွေဆိုတာ မမျှော်ကောင်းဘူး၊ ထိုက်သင့်မှ စားရတာ"ဆိုတဲ့ စကားမျိုးကိုလည်း ငှက အမြဲပြောတတ်သည်။ အရှုပ်အရှင်း မွေးချင်းသားချင်းလည်း မရှိဘဲ "အမွေဆိုတာ ရချင်မှရမှာ"ဆိုတဲ့ စကားမျိုးကို အမြဲပြောတတ်ခဲ့တာ ဒါကြောင့်လား။

သကြိန်ဆိုရင်တော့ ကိုယ့်မှာအဲဒီလောက်ပြဿနာကြီးကြီး။ ချက်ချင်းရှင်းမရ။ အလွယ်နဲ့မပြီးနိုင်တာကြီးတစ်ခုရှိနေရင် ကိုယ်ချစ်ရတဲ့ချစ်သူတစ်ယောက်ကို ဖုံးဖိဟန်ဆောင်ပြီး လက်ထပ်ယူလိုက်ဖို့အရေးကို တကယ်ပဲ ဝန်လေးမိမှာဖြစ်ပါသည်။ "အေးအတူ၊ ပူအမျှ"ဆိုတဲ့ စကားမျိုးမရှိမဟုတ် ရှိတယ်ဆိုပေမယ့် အပူကိုမျှယူရမယ့်သူကို အရင်ဆုံး ပွင့်ပွင့်လင်းလင်း အသိပေးထားသင့်သည် မဟုတ်လား။ ဘယ်လိုပုံစံနဲ့မျှ နိုင်မလဲဆိုတာ သူ့ကိုဆုံးဖြတ်ခွင့် အရင်ပေးရမည်။ နို့မို့ ဘယ်တရားမလဲ။

ဖေဖေကတော့ "မင်းကစ်ဘဝလုံး ကျွန်ခံဆပ်ပေးလို့ ခါးချိုးသွားရင်တောင် သူ့ကြွေးကမကျေနိုင်သေးဘူး"တဲ့။ ဒါပေမဲ့ သကြိန်ရဲ့စိတ်ခံစားကတော့ ကိုယ်က သူ့သမီးကို လိုချင်လျှင်၊ သူတို့မိသားစုဝင် ဖြစ်ချင်လျှင် ကိုယ်လည်း ပခုံးတစ်ဖက်နဲ့ အဲဒီဝန်ကို ဝင်ထမ်းကိုထမ်းရတော့မည်ပင်။

သို့သော် တရားနည်းလမ်းကျကျတော့ ဖြစ်ရမည်။ "မင်း အဲဒီလို ဝင်ထမ်းရမှာနော် ဖြစ်ပါ့မလား။ စိတ်နိုင်မှလုပ်" ဆိုတာမျိုးကို ဝန်ပခုံးပြောင်းပေးမယ့်သူတွေဘက်က ကြိုပြောကိုပြောရပေမည်။ မလိုမ့်တပတ်ကလေးနဲ့ ဘာအခြေအနေပြဿနာကြီးကြီးမားမားမှ မရှိသလိုလိုပုံစံမျိုးလေးတွေနဲ့ မိသားစုဝင်စာရင်းသွင်းပြီးကာမှ "ဒါကြီးတော့ရှိတယ်ဟေ့ ...ရော့"လို့ အလုပ်ခံရရင်တော့ တမင်သက်သက် နပ်ပစ်ချင်တဲ့သဘောပင်။

"ကြိုပြောလိုက်ရင် မင်းက ငါ့သမီးကို ယူချင်မှ ယူတော့မှာကိုးကွ။ ဒီလိုမျိုး တိတ်တိတ်ကလေး နေလိုက်မှပဲ ဒီလောက်ကြီးလေးတဲ့ ပြဿနာကြီးအတွက် မင်းရဲ့ပခုံးတစ်ဖက်ကို သေချာတော့မပေါ့"လို့ ဖွင့်မပြောရုံတမယ် သိသာနေတဲ့သဘောထားကြီးတွေနဲ့ ဆိုရင်တော့ သကြိန်လည်းလူလေ။ နွားမှမဟုတ်တာပဲ။ အဆိုးဆုံးကတော့ အဲဒီမရိုးမသားသဘောထားကြီးက အဖေကြီးဆီမှာတင် မဟုတ်ဘဲ သမီးကလေး ငုမှာပါရှိနေခဲ့ရင်တော့ ...။

သကြိန်မှာ အဲဒီစိတ်တွေကြောင့်ပဲ ချစ်သူလေးနဲ့ တွေ့နေရတာတောင်မှ စိတ်ကစနိုးစနောင့်၊ အောင့်သက်သက်နှင့်





မလန်းနိုင်ကြီး ဖြစ်နေရပါသည်။ သူ့ဘာသာနှင့်သူလည်း (ဘာ့ကြောင့်မှန်းတော့မသိ) မျက်နှာထားအိုနေတဲ့ ငုကိုလည်း စိတ်ထဲကနေ အချဉ်တွေပေါက်နေမိတော့သည်။

"အဟွတ် ... အဟွတ် ... အဟွထ်"

သကြိန်နှင့် ငုတို့ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ချင် မမြင်ချင် စိတ်အခန့်မသင့်တွေ ဖြစ်နေကြဆဲ ခပ်လှမ်းလှမ်းမှာထိုင်နေတဲ့ မောင်မောင်လတ်ဆီက ချောင်းဆိုးသံကြီးတွေ ထွက်လာပါသည်။ ငုရော သကြိန်ပါ မောင်မောင်လတ်ဆီ လှမ်းကြည့်လိုက်မိကြတော့ သာမန်ဆိုးရာလောက်ကနေ သူ့ချောင်းဆိုးနှင့်သူ ပြန်သီးပြီး ထိန်းမနိုင်သိမ်းမရ ရပ်မရတွေ ဖြစ်နေသည့် မောင်မောင်လတ်က ထိုင်ရာကမနေ ထလိုက်။ ထရာကနေ ပြန်ထိုင်လိုက်။ သတင်းစာကြီးကို စားပွဲပေါ်ပေါက်ချလိုက်။ ရင်ဘတ်ဖိတ်လိုက်၊ ခေါင်းထုလိုက်၊ ပါးစပ်အုပ်လိုက် အမျိုးမျိုးအဖုံဖုံကို ဖြစ်နေပါလေတော့သည်။

"ဘကြီးက ဘာဖြစ်နေတာလဲ"

စိတ်မရှည်သံနှင့် မေးလိုက်သည့် သကြိန်ကို ငုက ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူက စိတ်မရှည်သံဆိုတော့ ကိုယ်ကလည်း စိတ်ရှည်နေသူမှ မဟုတ်ဘဲ ဘာရမလဲ။

"ချောင်းဆိုးနေတာလေ မမြင်ဘူးလား"

"ချောင်းဆိုးနေတာတော့ မြင်တာပေါ့။ ဒါပေမဲ့ တမင်တွေ လုပ်ပြနေတာလား ... ဘာလဲ"

"ဟင် ! ဘာဖြစ်တာလဲ။ ဟိုမှာကဖြင့် သီးပြုပြီး သေတောင် သေတော့မယ်။ ဘာကိစ္စ တမင်တွေ လုပ်ပြနေတယ်လို့ ထင်နေရတာလဲ။ လူလယ်ကောင်ကြီးမှာ ဒါမျိုးတွေ တမင် ထလုပ်ပြနေရအောင် အကယ်ဒမီမင်းသား ရုပ်ရှင်ရိုက်နေ တာလား။ အရူးမို့လို့လား"

"ကိုယ်တို့နှစ်ယောက်ကို တမင်ချောင်းဟန့်လိုက်ပြီးမှ သူ့ဟာနဲ့သူ ပြန်သီးသွားတာ မဟုတ်ဘူးလား"

"တမင်ချောင်းထဟန့်ရအောင်ကော ငတို့က ဘာလုပ်နေ လို့လဲ။ လူမြင်မကောင်းအောင်၊ သတိပေးရအောင် ဘာ တွေများ ဖြစ်နေကြသလဲ"

"အေးလေ … ကိုယ်ကလည်း အဲဒါကိုပဲ ပြောနေတာလေ။ ဘာမှလဲ ဖြစ်မနေကြဘဲနဲ့ ဘာကိစ္စ ချောင်းဟန့်သတိပေး စရာလိုသလဲ"

"ဒါဆိုရင် အရှင်းကြီးပဲ။ ဘာမှတလွဲတွေးနေစရာမလိုဘူး။ သူ တမင်ချောင်းဟန့်တာ မဟုတ်ဘူး။ သူ့ဘာသာသူ အမှန်တကယ် ချောင်းဆိုးတာ"

"ငှ … မင်းစကားပြောပုံက အရမ်းစွာနေပြီး ရန်လိုနေ သလိုပဲ"

"ဘယ်သူက အရင်စတာလဲ သကြီန်"

"ဟာ … ကိုယ်က ရိုးရိုးပဲ"





"ဘကြီးမဟုတ်ဘူး ဦးလေးလို့ ပြောထားတာ အခါခါရှိနေ ရက်နဲ့ 'ဘကြီး'လို့ တမင်တကာ ရွဲ့ခေါ်ပြီး အသံမာမာနဲ့၊ စိတ်မရှည်သံနဲ့ စကားစပြောတာက ရိုးရိုးပဲဆိုရင် ငှရဲ့ အရမ်းစွာပြီး ရန်လိုနေသလို လေသံကလည်း လုံးဝရိုးရိုးပဲ"

စတွေ့ကတည်းက မျက်နှာချင်း သေချာမဆိုင်ဖြစ် အောင် ခပ်လွှဲလွှဲတွေ လုပ်ထားကြသည့် ငှနှင့်သကြီန်တို့ ခုမှပဲ တစ်ယောက်နဲ့တစ်ယောက် စိုက်စိုက်ကြီးတွေ ကြည့်နေကြပါသည်။ ကြည့်တာမှ မျက်တောင်စခတ်လိုက်မိတဲ့သူက အရှုံးပဲဖြစ်ရတော့ မတတ် မျက်တောင်ပင်မခတ်စတမ်း၊ မျက်ဆံတစ်ချက်မှ မရွေ့ စတမ်း။

စိုက်ကြည့်နေရင်းနဲ့လည်း သူ့ရင်ထဲမှာ ဘာရှိသလဲ။ ဘာမရိုးမသားတွေကို ဖုံးဖိချင်လို့ အနိုင်မခံတွေ ဖြစ်ပြနေတာလဲ ဆိုတာကို အပြင်းအထန် အကဲခတ်နေမိကြပါသည်။ တစ်လက်စ တည်းမှာပင် ကိုယ်တင်သူ့ကိုအချဉ်ပေါက်နေတာမဟုတ်။ သူက လည်း ကိုယ့်ကို အတော်ကြီးကို မြင်ပြင်းကတ်နေပုံရပါလား ဆို တာကို ရိပ်စားမိလာကြသည်။ အဲဒါ ဘာကြောင့်လဲ … အဖြေ ရှာတွေးတောလို့ကိုမရ။ ကိုယ်ကသာ သူ့ကို သူ့အဖေရဲ့လျှို့ဝှက် ချက်ကြီးတစ်ခုကြောင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေတာလေ။ ကိုယ့် အကြောင်းပြချက်နဲ့ကိုယ်။ သူကတော့ ကိုယ့်ကို ဒီလိုပြန်ဖြစ်နေ စရာ ဘာရှိလဲ။ အဓိပ္ပာယ်မရှိတာ။ ဘာလဲ။ သူ ဖုံးဖိထားတာတွေ ပေါ်ကုန်မှာစိုးလို့ တန်ပြန်ဟန်ပြန်လုပ်နေတာလား။

"ကလေးနှစ်ယောက်တော့ ပြဿနာတစ်ခုခုတော့ ရှိနေပြီ။ အရင်က တွေ့နေကျပုံစံတွေနဲ့ မတူဘူး။ ပြဿနာကလည်း ခပ်သေးသေးမဟုတ်။ အချိန်မရွေး ထပေါက်ကွဲသွားနိုင်လောက်တဲ့ အခြေအနေမျိုးတွေနဲ့ပါလား"

ဆိုတာကို အဝေးကနေ လှမ်းအကဲခတ် ရိပ်မိလိုက်သူက မောင်မောင်လတ်ပင် ဖြစ်ပါသည်။

အဲဒီလိုနေ့ရက်တွေကို ရောက်လာမှာ မောင်မောင်လတ်က အစိုးရိမ်ဆုံးပင်။ မိဂုတစ်ယောက် ဒီကောင်လေးကို ဘယ်လောက်ထိ ချစ်ခင်စွဲလမ်းမှုရှိသလဲဆိုတာ သူ့အဖေကြီးမပြောနဲ့၊ မိန်းမချင်းဖြစ်တဲ့ သူ့အမေတောင်မှ သိချင်မှသိမည်။ ဦးလေးလိုမဟုတ်ဘဲ မိန်းကလေးသူငယ်ချင်းကြီးလို ဖြစ်နေတဲ့ မောင်မောင်လတ်ကတော့ သိကိုသိပါသည်။ အဲဒါကြောင့်လည်း သူတို့နှစ်ယောက်ကို ဘယ်လိုအကြောင်းနဲ့ကြောင့်မှ မဝေးစေချင်ပါ။

မိဂုဘက်က ဒီလောက် သည်းသည်းလှုပ် မြတ်နိုးတပ်မက်နေလျှင် သူ့ကောင်ကလေးလည်း ဒီလိုပင်ရှိရမည်ဟု ယုံချင်ပါသည်။ ခုကတော့ သူတို့ဟာနဲ့သူတို့ ဆုံးဖြတ်ချက်တွေ နိုင်မာတည်မြဲလာခဲ့ပြီးတဲ့ နှစ်ယောက်သားဟာ ဘဝချင်းပါပေါင်းစပ်ကြတော့မည် ဆိုကာမှပဲ ပြဿနာတွေ ထဖြစ်နေကြတော့ပုံရတာ။ အမိက,ကတော့ အလုပ်မဟုတ်တဲ့ အဖေနှစ်ယောက်က စတာပေါ့။ အဲဒီအစရဲ့နောက်ဆက်တွဲကတော့ ကလေးတွေချင်းပါ တစ်ယောက်ကိုတစ်ယောက် အင်တင်တင်တွေ ဖြစ်လာကြတာ။





သူတို့ရဲ့တွေ့ဆုံခြင်းတွေမှာ အဖျက်သမား မာရ်နတ်လိုတက်ပ်ကပ်ပါနေရလေတော့ ပြောင်းလဲလာတဲ့ အခြေအနေတွေကို မောင်မောင်လတ်က မြင်နေရသည်။ သူတို့သွေးအေးလာကြဘာလား။ မကြည်လင်နိုင်ကြတော့တာလား။ အဖေတွေရဲ့နှောင့်ယှက်သွေးထိုးမှုတွေက အောင်မြင်နေတာလား။ တစ်ခုခုပင်။

သတိထားမိနေတဲ့ ဘေးလူလည်း စိတ်မချမ်းသာ။ သူတို့လည်း စိတ်တွေဆင်းရဲ၊ ကျဉ်းထဲကျပ်ထဲ ကျနေကြတဲ့ပုံပါပင်။ ခက်တာက မကျေလည်မှုတွေကလည်း ပွင့်ပွင့်လင်းလင်းမှ ဖွင့်ဆွေးနွေးလိုက်လို့ မဖြစ်တဲ့ဟာတွေ။ ကောင်လေးကတော့ ဘာတွေမကျေနပ်နိုင်သည်မသိ။ မိဂုခများမှာတော့ "နင့်အဖေကြီးက အိမ်ထောင်ရေး ဖောက်ပြန်လို့ ငါ့အဖေက နင့်ကိုပါမယုံမကြည်ဖြစ်နေပြီ"လို့ ဘယ်လိုလုပ် သွားဖွင့်ပြောလိုက်လို့ ရမလဲ။

မနေသာတော့သည့် မောင်မောင်လတ်မှာ ကောင်လေးက ဘယ်လိုထင်ထင် ဝင်ပါဖြေရှင်းပြီး အနေအထားလေးတွေချောမွေ့သွားအောင်လုပ်ဖို့ပဲ စိတ်ဆုံးဖြတ်လိုက်ကာ ကိုယ့်နေရာကနေ ကလေးနှစ်ယောက်ရှိရာဆီသို့ ...

"ငှ ... ငါပြောထားတာလေးလေ သကြီးနဲ့ကို နင်ပြန်ပြောပြထားပြီးပြီလား"

"ဘာတုန်း ဦးလတ်ရာ။ ဘာလဲ ... မသိတော့ဘူး၊ ဘာတွေလာပြောနေတာလဲ"

စိတ်မရှည် လက်မရှည်နှင့် တုံ့ပြန်လိုက်တဲ့ ငှကို ကြည့်ပြီး သကြိန်ရဲ့ခေါင်းထဲမှာ "ဒီနီး"ဟုပင် မြည်သွားသလိုလို။ ဘာပြောတော့မှာလဲ။ ဦးလေးရဲ့ပုံစံကလည်း တူမနဲ့ တူမရဲ့ရည်းစားကိုပင် ပြန်မျက်နှာချိုသွေးချင်နေသည့်ပုံမျိုးတွေ ပေါက်နေသည်။ ဘာလဲ ...၊ ဘာလဲ ...။ သူတို့ပြဿနာကြီးကို ချခင်းပြပြီး အကူအညီတောင်းတော့မလို့လား။

"ငါ ဟိုတစ်နေ့က ရောက်ခဲ့တယ်ဆိုတဲ့ ငါ့သူငယ်ချင်းရဲ့ ဆိုင်လေ၊ နင်တို့သွားချင်တယ်ဆိုရင် ငါ လိုက်ပြပေးမယ်လို့ ပြောထားတာ"

ငှမျက်နှာလေးက ဖြန်းခနဲ ရှက်သွေးဖြာဖြာနှင့် ကိုယ့်ဦးလေးကိုယ် မျက်စောင်းပိဝ.ယိုးလိုက်သည်။ အဲဒီနီမြန်းမြန်း မျက်နှာကလေးနဲ့ ဆောင့်ကြီးအောင့်ကြီး အမူအရာလေးက "ဘာတွေလဲ ... ဘာတွေလဲ"ဟု သံသယစိတ်ကြီး တထင့်ထင့်နှင့်ရှိသော သကြိန်ရဲ့ရင်ကို တစ်စုံတစ်ခုသော ခံစားချက်က အလုံးအရင်းနှင့် ပိတ်ပက်မှန်သွားသလို ဖြစ်သွားစေသည်။ အမြင်တွေကတ်ပြီး အချဉ်တွေပေါက်နေတာတွေ ရုတ်တရက်ပျောက်ကာ သကြိန်မှာ ပါးစပ်ကလေး အဟောင်းသားနှင့် ...။

သကြိန်ရဲ့ပြောင်းလဲသွားသော မျက်နှာထားကလည်း ငှရဲ့ရင်ထဲ တစ်စုံတစ်ခုနှင့် "ဒုတ်"ခနဲ ဝင်ဆောင့်လိုက်ယလိုလို။ ဦးလေးထံပို့လွှတ်ထားတဲ့ မျက်စောင်းတွေ သကြိန်ဆီအလိုလိုအော်တိုမက်တစ် ပြန်ရောက်လာသည်။





"ဟင် ... ! ဘာလို့ ဟိုလူ့မျက်စောင်းထိုး၊ ဒီလူ့မျက်စောင်းချီ ဖြစ်နေရတာလဲ။ ဦးလတ်က ဘာဆိုင်ကို ပြောထားတာလဲ၊ ဘယ်ကိုသွားချင်လို့လဲ"

"အေးကွ ... သကြိန်ရေ။ မင်းတို့ ခုလောလောဆယ်ဆယ်ကြီးတော့ ဝယ်ဖြစ်ဖို့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ကြိုကြည့်ထားပြီး အိုက်ဒီယာလေး ဘာလေး ထုတ်ထားလို့ရတာပေါ့။ ငါ့သူငယ်ချင်းက ဟိုတစ်နေ့ကပဲ ပလက်တီနမ် Jewellery လေးတွေ ဆိုင်သစ်ဖွင့်လိုက်လို့လေ။ လှတာပ ကွာ။ ပြီးတော့ လက်ရာလေးတွေကလည်း ဆန်းသစ်ပြီ မင်္ဂလာမောင်နှံတွေအတွက် ရည်ရွယ်ပြီးလုပ်ထားတဲ့ လက်စွပ်လေးတွေကျတော့ တကယ့်ကို Very Romantic ကွ။ ဆိုင်သစ်ဆိုတော့ (၂)လအတွင်းမှာ Discount တွေလည်း ပေးနေတော့ တော်တော့ကို တန်တန်လေးတွေလည်းရှိနေတယ်။ ငါက မင်းကိုလည်း ပြန်ပြောလိုက်ဦးလေလို့ မိငှကို သတင်းပေးထားတာ"

အလကားနေရင်း ကြည့်မရတွေဖြစ်ကာ အမြင်ကတ် ...တွေ တလျှံလျှံညီးနေကြတဲ့ နှစ်ယောက်သား မောင်မောင်လတ်ရဲ့ ...သားပါပါ စကားလုံးတွေရဲ့ မြူဆွယ်မှုအောက်မှာ တစ်မျိုးကလေး ...တွေ ဖြစ်သွားကြသည်။ ညှိမရတာတွေ၊ မပြေလည်နိုင်တာတွေနဲ့ ...ဆက်ထိ အချိန်နေ့ရွဲတစ်ခုခုကို သေချာပေါက် မသတ်မှတ်နိုင် ...ကြသေးပေမယ့် "ငါတို့ဟာ လက်ထပ်ကြဖို့ စတင်လုံးပမ်းနေကြ ...တဲ့သူတွေပါလား"ဆိုတာကို ပြန်သတိရသွားကြသည်။

"ရပါတယ် … မင်းတို့အဆင်ပြေမှုပါ။ ငါကအတင်းတိုက်တွန်းနေတာတော့ မဟုတ်ဘူး။ တော်ကြာ မိငှက 'ဦးလတ်ကော်မရှင်ယူထားလို့ ဒီလောက်လာတိုက်တွန်းနေတာလား' ဆိုတာမျိုး ရက်ရက်စက်စက်တွေ ပြောချတော့မယ်၊ ငါသိတယ်။ နေ … နေ … မင်းတို့စိတ်မဝင်စားလည်းရတယ်။ အရေးမကြီးဘူး"

"ဟာ … စိတ်ဝင်စားပါတယ် ဦးလတ်။ ဟုတ်တာပေါ့ ဝယ်ဖြစ်တာ မဝယ်ဖြစ်သေးတာထက် အဲဒါမျိုးလေးတွေက ကြိုကြည့်ထား၊ ပြင်ထားကြရတော့မယ်လေ။ ဒီအတော အတွင်းတွေမှာက အလကားသက်သက် ချိန်းတွေ့ဖြစ်နေတာထက် အဲဒါမျိုး နောက်လည်းလုပ်ရမယ့်၊ လုပ်သင့်လုပ်ထိုက်တဲ့ဟာလေးတွေကို တွေ့ဖြစ်တုန်း တစ်လက်စတည်း လုပ်ထားလိုက်ကြရင် အလုပ်ပြီးတာပေါ့။ သွားလိုက်မယ်လေ ဦးလတ်၊ ဘယ်မှာလဲ"

"ဒီလူ အကြွေးကိစ္စကြီးကို ပြောတော့မှာလား။ ငါ့ကိုကူပါကယ်ပါဦး၊ တာဝန်ယူပါဦးလို့ ပြောတော့မှာလား"နဲ့ ကြိုသက်မကင်း အထင်တသေး ဖြစ်သွားမိတဲ့အတွက် သကြိန်က ငှရဲ့ဦးလေးတော်ကို အတော်ကလေး အားတုံ့အားနာ ဖြစ်သွားမိပါသည်။ အဲဒါကြောင့်လည်း မဖုရားလေးရဲ့ ရှစ်ခေါက်ချိုးမျက်နှာက တော်ရုံနဲ့ အကြောမလျှော့နိုင်သေးပေမယ့် ကိုယ်ကပဲစတင်ကာ ပြေပြေလည်လည်လေး ပြောပေးလိုက်သည်။





"ဟုတ်လို့လား။ တကယ်စိတ်ဝင်တစား သွားချင်တာ သေချာလို့လား။ သေချာတယ်ဆိုရင်တော့ သွားပေါ့။ ဒါပေမဲ့ ဝယ်တာကတော့ မဝယ်နဲ့ဦး"

"ဘာလဲ … လက်စွပ်ကိုမဝယ်နဲ့ဦးဆိုတော့ ငှက ကိုယ့်ကို လက်ထပ်ဖြစ်ဖို့ မသေချာသေးဘူးလို့ ဆိုလိုချင်တဲ့သဘောလား"

"ခနဲ့သလိုလို ရန်စကားလိုလို စကားမျိုး ပြန်စလာပြန်တာ ဒီတစ်ခါလည်း သကြိန်ပဲနော်။ ငှပြောနေတာက လက်ထပ်ဖို့က လိုသေးတယ်ဆိုရင် ဒီ့ထက်ဆန်းတဲ့ လက်ရာလေးတွေလည်း ထပ်ထွက်လာနိုင်သေးတယ်။ ဈေးကလည်း ကမ္ဘာ့ဈေးနှုန်းကိုလိုက်ပြီး အတက်အကျကရှိလာနိုင်သေးတယ်။ ဒါကြောင့် ကြည့်ရုံပဲ ကြည့်ထားကြဦးမယ်လို့ ဒါကိုဆိုလိုတာ"

"ပြီးရောပေါ့ … အဲဒါဆိုလည်း သွားမှာလား အခု"

မောင်မောင်လတ်မှာ "ကဲ … ဒါဖြင့်လည်း ခုပဲသွားလိုက်ကြမယ်ဟေ့၊ (––)လမ်းမှာ။ ငါက ငါ့ကားနဲ့ရှေ့ကသွားမယ်၊ မင်းက နောက်က လိုက်ခဲ့ပေါ့။ မိငှကလည်း သကြိန်ရဲ့ကားနဲ့ပဲလိုက်၊လိုက်လေ"ဟု ကိုယ်ကပဲ အားတက်သရော တက်တက်ကြွကြွကြီးတွေ ဝင်လုပ်ပေးလိုက်ရပါသည်။

မောင်မောင်လက် တစ်ယောက် ဦးလေးကြီးတန်မဲ့ ချာဆီထိုးဖို့ အရှက်မရှိ လုံးပမ်းနေပါသော်လည်း ငှနဲ့ သကြိန်တို့

ရဲ့အခြေအနေက ချက်ချင်းကြီးတော့ ချောမွေ့ဖြူးဖြောင့်မသွားသေးပါ။ "နင်တို့နှစ်ယောက် တစ်ကားသွားလိုက်"ဆိုပေမယ့် လူနှစ်ယောက်ပါတဲ့ကားက စကားသံတစ်စက်မှမထွက်။ အသံတိတ်ကား ဖြစ်နေခဲ့။ နှစ်ဦးသားလုံးရဲ့စိတ်ထဲကိုယ်စီမှာ "ငါကမအီမလည်ကြီး ဖြစ်နေတာကတော့ အကြောင်းရှိလို့ပဲ။ သူက ဘာကိစ္စတင်းတင်းမာမာကြီး ပြန်ဖြစ်နေစရာ အကြောင်းရှိသလဲ"ဟု တွေးတောကာ လိပ်ခဲတင်းတင်း ဖြစ်နေကြသည်။

သို့သော် အချိန်ကြာကြာ တိတ်ဆိတ်ခွင့်ကားမရလိုက်ပါ။ (--)လမ်းသို့ ခဏကလေးနဲ့ပဲ ရောက်ရှိသွားကာ ကားပေါ်မှ ဆင်းလိုက်ကြသည်နှင့် ...

"ဂုဏ်ယူပါတယ်"

"ဟင် ... ဘာလဲ"

"အေးလေ ... ဘာဖြစ်တာလဲ"

ဆိုင်ပေါက်ဝမှာ စောင့်ရပ်နေကြသည့် ကောင်မလေး လေးယောက်တို့၏အော်သံမှာ နှစ်ယောက်သား ကြောင်နနတွေ ဖြစ်သွားကြပါသည်။ "ကြိုဆိုပါတယ်"တို့၊ "မင်္ဂလာပါ"တို့ ဒီလိုဆီးကြိုနှုတ်ဆက်ရမှာ မဟုတ်ဘူးလား။

"မကြာခင် ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝသစ်ကို တည်ဆောက်ကြတော့မလို့ မဟုတ်ပါလားရှင်။ ကျွန်မတို့ဆိုင်က အစ်ကိုတို့ အစ်မတို့အတွက်လည်း ဂုဏ်ယူပါတယ်။ ဝန်ဆောင်မှုပေးခွင့်ရမယ်ဆိုရင် ပိုပြီးဂုဏ်ယူမိမှာပါ"





"ဩော် ... ဘာများလဲလို့။ ဘယ်လိုလုပ်သိသလဲ။ လင်မယားနှစ်ယောက်လည်း ဖြစ်နိုင်တာပဲ။ အစ်ကိုနဲ့ညီမ မွေးနေ့လက်ဆောင်ပေးချင်တာမျိုးလည်း ဖြစ်နိုင်တာပဲဟာ"

"ရုပ်တွေကြည့်လိုက်တာနဲ့ သိသာပါတယ်ရှင်။ ကျွန်မတို့ဆိုင်ရဲ့ အထူးကျွမ်းကျင်မှုပါ"

"ရှေ့ကမောင်းသွားတာမို့ အရင်ကြိုရောက်နှင့်နေတဲ့ ဦးလတ် တစ်ယောက် ကြိုအာချောင်ထားတာလည်း ဖြစ်နိုင်တာပဲ"ဟု နှစ်ယောက်စလုံး တွေးမိကြပေမယ့် ဘာပဲပြောပြောရွှင်ပျနေတဲ့ ဖော်ရွေသံကလေးတွေထဲမှာ စိတ်တွေပျော့ပျောင်းကာ ကျေကျေနပ်နပ်ကလေးတွေ ကိုယ်စီဖြစ်သွားမိကြတာတော့ အမှန်ပင်။ ဆိုင်ဝကနေ အေးစိမ့်နေတဲ့ အတွင်းမှန်ခန်းဆောင်ကြီးတွေကို လှမ်းဝင်မိလိုက်သည်နှင့် တီးလုံးသံတစ်ခုက စတင်ထွက်ပေါ်လာကာ တိုးတိုးညှင်းညှင်းကလေး (အေးမြတိတ်ဆိတ်နေတဲ့ဆိုင်ခန်းအတွင်းကလူတွေ ကြားသာရုံကလေး) ကြားလိုက်ရတဲ့သီချင်းသံလေးက "We have good plans for our marriage life"။

ငှနဲ့သကြိန်စိုး တစ်ယောက်မျက်နှာတစ်ယောက် (ရဲရဲတင်းတင်း ပေါ်ပေါ်တင်တင်ကြီးတွေလည်း မဟုတ်ဘဲ) ခိုးဝှက်ပြီး ကြည့်လိုက်မိကြပါသည်။ ခပ်ရဲရဲကလေးဖြစ်နေတဲ့ ငှရဲ့မျက်နှာကလေးက သကြိန်တွေ့ဖူးသမျှ မိန်းကလေးတိုင်းရဲ့မျက်နှာတွေထဲမှာ အလှဆုံး၊ ကြည့်လို့အကောင်းဆုံးနဲ့ ရင်ခုန်ချင်စရာအကောင်းဆုံး။ နှုတ်ခမ်းလေးကို ဖိကိုက်ထားတာတောင်မှ ကော့ပျံတက်

နေတဲ့ နှုတ်ခမ်းထောင့်စွန်းက အပြုံးလေးတွေကို ထိန်းမထားနိုင် သကြိန်ရဲ့မျက်နှာကတော့ ငတစ်သက်တာ မြင်ဖူးသမျှ ယောက် လေးမျက်နှာတွေထဲမှာ ကြည့်လို့အကောင်းဆုံး။ ရင်မခုန်မိအော ဘယ်လိုမှ ထိန်းချုပ်ထားလို့မရနိုင်အောင် အညှို့ငင်နိုင်ဆုံး။

သကြိန်နဲ့ငတို့ ရှေ့မှာဝင်ရပ်ပြီး ကြည့်လိုက်မိ သည့် မှန်ကောင်တာပုံးပေါ်မှာတော့ အရွယ်မတူဘဲ ပုံစံသာတူသ Wedding Rings နှစ်ခုအတွဲလိုက်ကလေးတွေ၊ အရွယ်အစားအမျိုး မျိုး၊ ဒီဇိုင်းအမျိုးမျိုးနှင့် ပြန့်ကျဲလျက်။ အခြေအနေ၊ အချိန်အ နဲ့ ဝန်းကျင်ရဲ့အနေအထားတို့က လူ့တွေရဲ့စိတ်ကို လုံးဝဆွဲဆော ညှို့ငင် ပြောင်းလဲစေနိုင်ပါသည်။ သကြိန်ရော ငပါ မကြာသေး က အချိန်ပိုင်းတွေရဲ့ မပြေလည်မှုတွေကို လုံးဝမေ့လျော့လို့။

မှန်ကောင်တာပုံးပေါ် တင်ထားတဲ့ ငရဲ့ဘယ်ဘ လက်က သက်သုကြွယ်လေးကို သကြိန်က အသာလေးဆွဲကိုင် လိုက်စဉ် အေးစိမ့်နေတဲ့အခန်းတွင်းအခြေအနေနှင့် ဆန့်ကျင် ဆူပွက်မြန်ဆန်နေတဲ့ သွေးလှည့်ပတ်စီးဆင်းမှုတွေကြောင့် ငတို့ လက်တွေက နွေးထွေးလျက်။ တိုးတိုးငြိမ့်ငြိမ့်ကလေး ထွက်ပေ နေတဲ့ သီချင်းသံက တစ်ပုဒ်လုံး ဆုံးသွားတော့လည်း ဒါ ... ဒါ နောက်တစ်ကျော့ ထပ်ထွက်လာတဲ့သီချင်းက "ငါတို့ရဲ့အိမ်ထော ရေးဘဝအတွက် အစီအစဉ်ကောင်းတွေ ရှိပါတယ်"ဆိုတဲ့ ခုန သီချင်း။ ဒီသီချင်းတစ်ပုဒ်တည်းပင်။

"သီချင်းကလည်း ..."





"ကျွန်မတို့ဆိုင်ရဲ့ စိတ်ချမ်းသာပျော်ရွှင်စေမယ့် အကောင်းဆုံးဝန်ဆောင်မှုပါ"

ဆိုင်ကကောင်မလေးရဲ့စကားအဆုံး၊ သကြိန်က ငရဲ့လက်ကလေးကို တင်းတင်းကျပ်ကျပ် ကိုင်ဆုပ်လျက် ဆိုင်ပေါက်ဝသို့ ရုတ်တရက်ကြီး လှည့်ပြေးပြီး နှုတ်မှလည်း ...

"နောက်တစ်ကြိမ်မှ ပြန်လာခဲ့မယ်။ ဒီဆိုင်မှာပဲ ဝယ်ဖြစ်မှာ သေချာပါတယ်"

အခါတော်ပေး ဦးပုညရဲ့ စီစဉ်သူ ဒါရိုက်တာ မောင်မောင်လတ်မှာတော့ ယောက်ဖကြီးရဲ့အမိန့်အမှာနဲ့ ဆန့်ကျင်စွာ ဆိုင်ထဲတင် ငုတ်တုတ်မေ့ကျန်ရစ်ရပါသည်။ ဘာပဲဖြစ်ဖြစ် ကိုယ်စီ သွေးအေးစိတ်ပျက်နေကြတဲ့ ကလေးနှစ်ယောက် ရုတ်တရက်ကြီး ပြန်လည်သွေးဆူ အဆင်ပြေသွားတာကိုပဲ မောင်မောင်လတ်မှာ သဘောတွေအကျကြီးကျကာ "ငါကွ"လို့ လက်မထောင်ရင်း သူငယ်ချင်းဖြစ်သူကိုလည်း "Thank you"ချင်းထပ်လို့မဆုံးနိုင်ပါ။

အဖေနှစ်ယောက် ဘယ်လောက် ခွကျကျ၊ စိတ်ပုပ်ပုပ်၊ ရုတ်ရုတ်သဲသဲလုပ်လုပ်။ သူတို့ဖျက်လို့ပျက်ရအောင် သူတို့က သိကြားမင်းတွေလား။

❋ ○ ❋

## အခန်း(၄)

"မကောင်းဘူး ထင်တယ်၊ ကျွန်မ မသွားချင်ဘူး"

"မသွားတာကမှ မကောင်းတာ။ လူမှုရေး မကြေညက်ရာ အရေးအကြောင်းရှိလို့မှ မရိုင်းပင်း၊ မစည်းလုံးရာ၊ ပစ်ထားရာ၊ ဂရုမစိုက်ရာ ရောက်တယ်"

"သွားလိုက်ရင် သူတို့က ဖုံးကွယ်ထားချင်တဲ့ သတင်းတစ်ခုကို ကျွန်မတို့က 'ငါသိတယ်နော်၊ နင်တို့အကြောင်းတွေ' လို့ တမင်ကြီး အကျောက်ကြီးနဲ့ သွားထုတ်ဖော်ရာများ ကျနေမလား"

"ဒါကတော့ မင်းအပေါ်ပဲ မူတည်တယ်လေ။ မင်းရဲ့အပြော အဆို၊ အပြုအမူတွေ တော်၏မတော်၏ပေါ်မှာ မူတည်ပြီး တမင်ကြီးလာကျောတာလား။ ခင်လို့မင်လို့ ရိုင်းပင်းကူညီရာ လာပြတာလားဆိုတာက ကွဲပြားသွားမှာပဲ"





"ကျွန်မ မလုပ်တတ်ဘူးထင်တယ်။ ပြီးတော့ သိပ်လည်း မခင်မင်ကြသေးဘဲနဲ့"

"ခင်တယ် မခင်ဘူးဆိုတာကလည်း မင်းရဲ့အပြုအမူအပြော အဆိုပဲလေ"

"ရှင်ပဲ အရင်တုန်းက 'အမျိုးအဆွေ ခမည်းခမက်တော်စပ်ဖို့လည်း ဘယ်လောက်မှ လိုတော့တာမဟုတ်ဘူး။ အမေချင်းက ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး မနေကြသေးဘဲ စိမ်းနေသလို ဖြစ်နေကြတာ ကောင်းမှကောင်းရဲ့လား၊ ထမင်းလေး ဘာလေး ဖိတ်ကျွေးတာတို့၊ အိမ်လည်ပြီး စကားပြောဆို တိုင်ပင်ဆွေးနွေးကြတာတို့ လုပ်ဖို့သင့်နေပြီထင်တယ်နော်'လို့ ကျွန်မပြောခဲ့တုန်းက 'မလိုပါဘူး'ဆို။ 'ဆောက်ဖြစ်မှ ကျောင်းဒကာဖြစ်မယ့် ကိစ္စတွေကို ကြိုတင်ခင်မင်ရင်းနှီးချင်စရာလည်း ဘာအကြောင်းမှမရှိဘူး'ဆို။ ရှင်ပဲ ပြောခဲ့တာတွေလေ"

"အေးလေ ... အဲဒါက အကြောင်းမရှိတုန်းက ပြောခဲ့တာလေ၊ ခုဟာက အကြောင်းရှိတယ်။ ရှိလာပြီ"

"အဲဒီတုန်းကတည်းကသာ ခင်မင်ရင်းနှီးထားရင် ခုလိုကိစ္စကျ ကိုယ့်ရဲ့ Sympathy (ထောက်ထားစာနာခြင်း)ကိုပြရာ ရောက်တာပေါ့။ ခုကျတော့ ရုတ်တရက် အိမ်ပေါ်တက်ပြီး စပ်စုချင်ရာပဲ ရောက်နေတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် မင်းသွားလိုက်ပါ။ သွားဖြစ်အောင်သွားလိုက်။ ဘာလို့ ဒီလိုဖြစ်ရတယ်ဆိုတာနဲ့ ဖြစ်ပျက်သွားတဲ့အကြောင်းအရာတွေကို ငါက သိလည်းသိ၊ မှန်းလည်းမှန်းနိုင်ပြီးသားပါ။ ဒါပေမဲ့ ကာယကံရှင်တွေရဲ့နှုတ်က ထုတ်ပြောလာမယ့် ဆင်ခြေကိုလည်း ကြားချင်သေးလို့"

ဒေါ်လှလှဦးမှာ သက်ပြင်းသက်မကြီးတွေကိုသာ ချလျက် "စိတ်ပျက်တာပဲ။ မျက်နှာပူ၊ အကျပ်ရိုက်၊ အကျဉ်းကျရမယ့် အလိုပ်မျိုးတွေကျ မိန်းမကိုခိုင်းပြီ။ သိချင်ရင် ကိုယ်တိုင်လုပ်တာတော့လည်း မဟုတ်ဘူး။ သိပ်ဗိုလ်ကျတာပဲ"ဘာညာသာ ညည်းညူနေရပါသည်။ ဦးအယ်ဒီကတော့ အဖေအမေတို့နဲ့မနီးမဝေးမှာ မယောင်မလည် လာလုပ်နေသည့် သကြိန်ကိုပါ — "ဟေ့ကောင် ... မင်းအမေကို ကားမောင်းပို့ရင်းနဲ့ မင်းပါလိုက်သွားလိုက်"ဟု လှမ်းအော်လိုက်၏။

မလိုက်ချင်ဘူးပြောလည်း ဒီအဖေကရမှာမဟုတ်။ ပြီးကျတော့ မေမေတစ်ယောက်တည်း သွားတာနဲ့စာရင် ကိုယ်ပါ၊ ပါသွားတာကမှ ဟိုကျ မေမေက အားတုံ့အားနာ၊ အိုးတိုးအမ်းတမ်းနဲ့ ထင်ရာလျှောက်ပြောနေရင် ကိုယ်က ဘေးနားကနေဝင်ကယ်လို့ ရချင်ရနိုင်ဦးမည်။ နောက်ပြီး ဘာပဲပြောပြော ကိုယ်လည်း ဒီလိုသတင်းမျိုး ကြားရရင် ကိုယ့်ချစ်သူတစ်ယောက်ကို သတင်းမေးတာမျိုး၊ ဖေးမတာမျိုးတွေ လုပ်သင့်တာပဲ မဟုတ်လား။





အကြောင်းကတော့ ငှရဲ့ဖေဖေ ဦးမျိုးမြတ်တစ်ယောက် ငှတို့အိမ်ပေါ်ကနေ ဆင်းသွားပြီး ခုဘယ်ရောက်နေသည်မသိ။ ငှရဲ့အမေနဲ့လည်း ကွဲသလိုလို ကွာသလိုလို သတင်းတွေထွက်နေသည်ဆို၍ ဖြစ်ပါသည်။

"ငါ ထင်တာကတော့ လစ်ပြေးပြီးပုန်းဖို့ ကြိုးစားပြီနဲ့တူတယ်။ မိန်းမနဲ့ပါကွဲတယ် ဆိုတာကတော့ တကယ်ကွဲတာထက် ပိုင်ဆိုင်မှုတွေက သူ့နာမည်နဲ့မဟုတ်ဘဲ မိန်းမနာမည်နဲ့ချည်း ထား,ထားတာမို့ ကွဲပြီဆိုရင် ဘာမှမဆိုင်တော့ဘူး။ ဒါတွေနဲ့အလျော်အစားလုပ်စရာ မလိုတော့ဘူးလို့ ပြချင်တာများလား"

ဦးအယ်ဒီကတော့ "ဒါပဲနေမှာပါ"ဟု ပြောပါသည်။ သကြိန်ကိုယ်တိုင်ကလည်း "အဲဒီလိုပဲ ဖြစ်နိုင်မှာပါ"ဟုထင်ပါသည်။ နို့မို့ရင်တော့ ငှရဲ့ဖေဖေ ဦးမျိုးမြတ်ဟာ မိန်းမနဲ့ရန်ဖြစ်လို့ ကွဲဖို့ကွာဖို့အထိ ဖြစ်လောက်တဲ့ အကျင့်စရိုက်မျိုးရှိသူ မဟုတ်နိုင်။

သကြိန်သိချင်တာက ဒီလိုလေး မလိုမ့်တပတ်လေး လှည့်ထွက်ပြီး အချိန်ထပ်ဆွဲချင်တာ၊ ဒါမှမဟုတ် ကြွေးကိုအပြီးရှောင်ချင်တာ၊ ဒါ ဦးမျိုးမြတ် တစ်ယောက်တည်းရဲ့အကြံတွေလား။ တစ်မိသားစုလုံး တက်ညီလက်ညီနဲ့ "ဒီလိုပဲ ဇာတ်လမ်းဆင်ကြစတမ်း"လို့ ငှနဲ့ ငှအမေတို့ကပါ အလိမ်အလှည့်ဇာတ်ထဲမှာပါနေကြတာလား။ အဲဒီအချက်ကို တိတိကျကျပင် သိလိုပါသည်။

သကြိန်ကတော့ မျက်နှာပူ အားနာမှုရှိပေမယ့် ကိုယ့်မှာသိချင်စိတ်တစ်ခုနှင့်။ မေမေကတော့ "စိတ်ညစ်လိုက်တာ။ အဲဒီ ဦးအယ်ဒီဟာလေ ငါ့ကို သက်သက်ဒုက္ခပေးတယ်။ မျက်နှာပူလိုက်တာ"စသဖြင့် တညည်းညည်း တညူညူနှင့်။ ငတို့အိမ်သို့ ရောက်ကြသောအခါ ငရဲ့မေမေမှာ ဘာမှလှည့်ပတ်အစ်အောက် စစ်ဆေးကြည့်နေစရာတောင်မလို။ တကယ့်ကို ဘာမှကိုသိမထားတဲ့သူမို့ ဘယ်လိုမှ ဖြေမဆည်နိုင်၊ ဗုန်းဗုန်းကိုပြိုလဲနေတော့တဲ့ ရုပ်ရည်နှင့်။

"အားတော့နာပါတယ်။ ဒါပေမဲ့ ကျွန်မတို့လည်း တစ်နေ့ကျ အမျိုးတော်ရမယ့်သူတွေဆိုတော့ အစ်မကြီးတို့ရဲ့အပူကလည်း ကျွန်မတို့ရဲ့အပူပဲ မဟုတ်လား။ ကူညီဖေးမရမယ်လို့ သူ့အဖေက ပြောတာနဲ့"

ဖေဖေကတော့ "တစ်နေ့အမျိုးတော်ကြရမှာပဲဆိုတဲ့ စကားကို ထည့်ထည့်ပြောမနေနဲ့။ တော်ချင်မှတော်မှာပေါ့ကွ။ ဘာဖြစ်လာဦးမယ်မှန်း မသိသေးဘဲနဲ့ ကိုယ့်စကားနဲ့ကိုယ် ခြေချုပ်မိသလိုမျိုး ဖြစ်မနေစေနဲ့"ဟု တိတိကျကျကို မှာယိုက်ပေမယ့် မေမေကတော့ အဲဒီစကားလုံးနဲ့ပဲ စဝင်ဖြစ်အောင် ဝင်တာပင်။

"ဘာဖြစ်မှန်း၊ ဘယ်လိုကြောင့် ဒီလိုလုပ်သွားမှန်းတောင် မသိတာပါ ဒေါ်လှလှဦးရယ်။ ခါတိုင်းလည်း လင်ရယ်မယားရယ် စကားအခန့်မသင့်ကြတာမျိုးကတော့ ရှိတာပေါ့နော်။ ဒါပေမဲ့ ခုလိုကြီး ဖြစ်သွားလောက်စရာကတော့ ..."





"အို ... ကျွန်မတို့ဆို ပိုတောင်ဆိုးသေးတယ်။ ဦးအယ်ဒီ အကြောင်းလည်း သိတဲ့အတိုင်းပဲ။ ဦးအယ်ဒီကဆို ဦးမျိုးမြတ်ထက်တောင် ဆိုးသေးတယ်။ ဘယ်တော့မှစကားပြော ဆို အပေါက်လမ်းတည့်ကြတာ မဟုတ်ဘူး"

"အဲဒီနေ့ကလည်း နည်းနည်းပါးပါးတော့ စကားများလိုက်ကြတယ်၊ ဒါပေမဲ့လည်း နည်းနည်းမှ တကယ့်ကို နည်းနည်းလေးပါ။ ကျွန်မက ခုနောက်ပိုင်းမှာ အသက်လည်းကြီးလာတော့ ငြင်းခုံရတာ၊ စကားပြိုင်ပြောရတာ၊ ရန်ဖြစ်ရတာမျိုးတွေ သိပ်မလုပ်ချင်တော့လို့ တစ်ခုခုဆိုရင် ရန်ရှောင်တာများတယ်။ အဲဒီတော့ ဘာမှသိပ်မဖြစ်လိုက်ကြဘူးဆိုတာ သိပ်ကိုသေချာပါတယ်။ ကိုယ့်ကိုယ်ကိုယ်က သေချာနေတော့ သူ ဘာလို့ အိမ်ပေါ်ကဆင်းသွားတဲ့အထိ ဖြစ်သွားရသလဲဆိုတာ ဘယ်လိုမှကို တွေးလို့မရတာပါ ဒေါ်လှလှဦးရယ်"

"ကျွန်မလည်း အဲဒီအတိုင်းပဲ။ ဘာပဲဖြစ်ဖြစ် မြန်မြန်ပြီးအောင်၊ အေးအောင် အလျှော့ချည်းပေးလိုက်တာပဲ။ ကြာကြာနေတော့ ယောက်ျားကြောက်ရတဲ့မိန်းမကြီးလိုတောင် ဖြစ်လာတယ်။ ကိုယ့်စိတ်ကိုယ့်ဆန္ဒဆိုတာတောင် သိပ်မရှိတော့ဘူး။ သူတို့စိတ် သူတို့အမိန့်ချည်း ဖြစ်နေတော့တာ။ သိတယ်။ ကိုယ်ချင်းစာပါတယ်။ ကိုယ်သာဆိုရင်လည်း ဘယ်လိုမှကို စဉ်းစားလို့၊ အဖြေရှာလို့ရမှာကို မဟုတ်ဘူး"

မေမေ ဒေါ်လှလှဦးမှာ ဖေဖေနိုင်းလိုက်တဲ့တာဝန်ကို ထမ်းဆောင်နေတာထက် ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ်ချင်းစာပြီး ဘဝတူချင်းအဖြစ် ခံစားပြောဆိုနေတာမျိုးဖြစ်တဲ့အတွက် ရင်ဖွင့်ဘက်ရှာနေပုံရတဲ့ ဒေါ်ခင်ခင်ထားနဲ့ ခဏတွင်းချင်းမှာပဲ ငယ်ပေါင်းကြီးဖော်လိုလို၊ တစ်အူတုံဆင်းညီအစ်မရင်းလိုလို ဖြစ်သွားကြပါသည်။ ခံစားနေရရှာတဲ့ ဒေါ်ခင်ခင်ထားကလည်း ဒီလောက်ကြီး မရင်းနှီးသေးသည့် ခမည်းခမက်လောင်းပါလားဆိုတာမျိုး၊ ဒါမျိုးတွေကြားလိုက်ရင် ငါအောက်မလား၊ ဂုဏ်ငယ်မလား။ အထင်သေးခံရမလား ဆိုတာမျိုးတွေပင် တွေးတော့ဟန်မတူပါ။ အရှိအရှိအတိုင်း၊ အရင်းအတိုင်းတွေကို ဖွင့်ချရင်ဖွင့်နေတော့သည်။

အဲဒီမှာတင် သကြိန်က ခန့်မှန်းမိနိုင်သွားတာက တော်တော်လေးကို ရိုးအေးပြီး အ,ဟန်ပင်ပေါက်နေလိုက်သေးတဲ့ ဒေါ်ခင်ခင်ထားဟာ ခုလတ်တလောကိစ္စမှာ သူပါဝင်ပြီး ဟန်ဆောင်လိမ်လည်နေတာမျိုးဖြစ်ဖို့ဝေးလို့ သကြိန်တို့လို အပြင်လူတွေတောင် သိထားတဲ့ သူတို့မိသားစုရဲ့ "အကြွေး" ကိစ္စကြီးကိုပင် တစ်လုံးတစ်ပါဒမှ သိထားဟန်မတူပါ။ အမေကြီးကတော့ လုံးဝရိုးတယ်။ သမီးကလေးကကော ...။

သကြိန်တို့ အဲဒီအိမ်သို့ ရောက်စက အိမ်မှာငှက ရှိမနေပါ။ အလုပ်က ပြန်မလာသေး။ ရောက်ကြတာနည်းနည်းလောက်ရှိမှ ပြန်ရောက်လာသည်။ သူရောက်ရောက်ချင်းမှာပင်





ထူးထူးခြားခြား အိမ်လည်ရောက်နေကြတဲ့ သကြိန်တို့သားအမိကို မြင်ပြီး ငှက တစ်မျိုးကလေးဖြစ်သွားသည်။ သူ့အမေကြီးက "ညည်းအဖေသတင်းကြားလို့ ဘာများဖြစ်ကြလဲလို့ သတင်းလာမေးကြတာတဲ့" ဟုလည်း ဆိုလိုက်ရော တစ်မျိုးဖြစ်နေတဲ့ ငှမျက်နှာက ပိုဆိုးသွားသည်။

သူကလေးကတော့ သူ့အမေကြီးလို ရိုးရိုးကြီးစိတ်ထားနဲ့ "ရင်ဖွင့်ဖော်၊ နားလည်ဖော်ရတာပဲ" ဟု ဝမ်းသာအားရ၊ ရှက်မကြောက်၊ ပွင့်ပွင့်လင်းလင်းကြီး ရှိချင်ပုံမရ။ သူတို့အိမ်ရဲ့ အတွင်းရေးကိစ္စတွေကို ယောက္ခမလောင်း၊ ခင်ပွန်းလောင်း ချစ်သူတွေရှေ့မှာ ဖွင့်ချပြလိုက်ရတာကိုပဲ စနိုးစနောင့်နှင့် စိတ်မသက်မသာဖြစ်နေပုံရပါသည်။ စိတ်ညစ်စိတ်ရှုပ်တဲ့ရုပ်နဲ့ သူ့အမေလုပ်သူကို လှမ်းကြည့်လိုက်ပြီးမှ သကြိန်ရဲ့မေမေကိုလည်း မပွင့်တပွင့် ပြုံးတုံ့ရှုန်တန့်ပုံစံနှင့်သာ နှုတ်ဆက်လျက် ...

"ခြံထဲဖြစ်ဖြစ် ခဏသွားမလား သကြိန်"

ခြံထဲရောက်ကြတော့ မျက်နှာက ခုနကထက်ဆိုးကာ တင်းထန်လာပြီး ...

"ဒီလိုရောက်လာပြီး သတင်းမေးလည်း ရပါတယ်"

"သြော် ... မဟုတ်ဘူးလေ။ နှစ်အိမ့်တစ်အိမ်လို ဖြစ်နေကြပြီဆိုတော့ တစ်အိမ်ရဲ့သတင်းကိစ္စက နောက်တစ်အိမ်ရဲ့ ..."

"နှစ်အိမ့်တစ်အိမ်လိုလည်း ဖြစ်မနေသေးပါဘူး။ အဖေချင်းဆိုရင် အပြိုင်အဆိုင်နဲ့ တစ်ယောက်ရဲ့အမှားကို တစ်ယောက်က စောင့်ကြည့်ချင်နေသလိုတောင် ဖြစ်နေကြသေးတာ။ သတင်းမေးချင်ရင် သကြိန်ကတစ်ဆင့် ငှကိုပဲ လှမ်းမေးလိုက်ရင်လည်း ရနေတာပဲဟာ"

"မဟုတ်ဘူးလေ၊ ဖေဖေတို့အနေနဲ့ကကျတော့ လူကြီးချင်းအနေနဲ့လည်း ဟစ်ယောက်အရေးက တစ်ယောက်ရဲ့အရေးပါပဲလို့ ပြချင်ကြတာမျိုးရှိ ..."

"သိပါတယ် ... ထင်သားပဲ။ ဦးအယ်ဒီ လွှတ်လိုက်တာပဲ မဟုတ်လား"

ငှရဲ့စကားက တစ်မျိုးမို့ သကြိန်လည်း ဇွတ်ဆက်တိုးဖြေရှင်းမနေတော့ဘဲ ခဏတိတ်ဆိတ်နေလိုက်ပါသည်။ အမှန်ပြောရမယ်ဆိုရင် ငှအဖေရဲ့ကိစ္စက သကြိန်ရဲ့အဖေက စုံစမ်းစပ်စုလိုခြင်း ဆိုတာကတော့ ဟုတ်တော့ဟုတ်တာပေါ့။ ဖေဖေက သကြိန်တို့ကို ဒီအိမ်သို့ တွန်းလွှတ်လိုက်ခြင်းဟာ ဒီအိမ်အပေါ်မှာထားရှိတဲ့ သူ့ရဲ့ Concern (ပူပန်ပတ်သက်၊ အလေးထားမှု)ကို ပြချင်တာထက် သတင်းနှိုက်စုံစမ်းလိုခြင်းကသာ ပိုနေတယ်ဆိုတာကလည်း အမှန်ပဲပေါ့။

အဲဒီလိုဆိုပေမယ့် ငှရဲ့စကားအသွားအလာက ကိုယ့်အဖေကို "စိတ်ကောင်းရှိတာထက်၊ စိတ်ပုပ်ရှိတာကသာ ပိုနေတာပါ"ဟု အတိအလင်းကြီး စွပ်စွဲလိုက်သလို ဖြစ်နေတာမို့ သကြိန်လည်း တစ်မျိုးတော့ ဖြစ်သွားမိပါသည်။





"ဘာကြောင့်မှန်းမသိဘဲ ဖေဖေ အိမ်ပေါ်ကဆင်းသွားတယ်။ ခုလည်း ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိဘူး။ သတင်းမကြားဘူး။ စုံစမ်းလို့လည်း မရသေးဘူး။ ငှတို့အိမ်ရဲ့ပြဿနာက ဒါပဲ သကြိန်။ ဒါပေမဲ့ ငှကတော့ ဖေဖေ့မှာ မေမေ့ကိုစိတ်ကောက်စိတ်လုပ်သွားတာထက်ပိုတဲ့ အကြောင်းတစ်ခုခု ရှိကိုရှိရမယ်လို့ ခန့်မှန်းပါတယ်။ အဲဒါ ဘာလဲသာ ငှ အတိအကျ မသိတာ။ တစ်ခုခုကတော့ ရှိကိုရှိတယ် ...

အဲဒါ ဘာလဲဆိုတာကို ငှက မရရအောင် စုံစမ်းမှာပါ။ ဆုံးဖြတ်ချက်လည်း ချထားပြီးပြီ။ တခြားဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဖေဖေ့ကို ငှအပြစ်မမြင်ဘူး။ ဖေဖေ့အကြောင်း ငှသိတယ်။ ဖေဖေက လုပ်သင့်လုပ်ထိုက်တယ်ထင်လို့ကို လုပ်လိုက်တာပဲနေမှာဆိုတော့ သူ့ကိုအပြစ်မြင်ဖို့ မရှိဘူး။ တစ်ခုပဲ ...။ ဖေဖေက မေမေ့ကိုသစ္စာဖောက်ချင်လို့၊ အသစ်ရှာချင်လို့၊ လော်လီဖောက်ပြန်ချင်လို့ ဒီလိုလုပ်သွားတာဆိုရင်တော့ ငှ ဖေဖေ့ကိုခွင့်မလွှတ်ဘူး။ အဲဒါတစ်ခုကလွဲရင် ကျန်တာဘာဖြစ်ဖြစ် ငှလည်းအပြစ်မမြင်ဘူး။ ဘယ်သူတွေ ဘယ်လိုထင်ထင်လဲ ဂရုမစိုက်ဘူး"

အမှန်တော့ ငှက တမင်တကာကို နည်းနည်းယမ်းလိုက်တာလည်း ပါ,ပါသည်။ သကြိန်ရဲ့အကြည့်တစ်မျိုးကို ငှက သိပ်လက်မခံနိုင်ဘူးလေ။ "ဘာဖြစ်တာလဲ။ အဲဒီပြဿနာကို နင်

ကော ဘယ်လောက်ကြိုသိသလဲ”လို့ မေးလိုဟန်ထွက်တဲ့ အကြည့်တွေက သကြိန်ရဲ့မျက်နှာမှာ ဖုံးမရဖိမရ ပေါ်လွင်နေသည်ဟု ငုကထင်သည်။

တကယ်ဆိုရင် ဒီအချိန်မျိုးမှာ ဝမ်းနည်းအားငယ်နေနိုင်တဲ့ ချစ်သူမိန်းကလေးတစ်ယောက်ကို ဒီလိုအကြည့်မျိုးတွေနဲ့ ကြည့်ရမှာလား။ ဒါ သကြိန်ရဲ့ပင်ကိုစိတ်ထက် သူ့အမေကြီးက တစ်ခုခုတွန်းလွှတ်လိုက်၊ ပြောလွှတ်လိုက်တာပဲ ဖြစ်နိုင်သည်ဟုလည်း ငုကထင်ကိုထင်နေသည်။ သူ့အားနည်းချက်ကို ဖေဖေက သက်သေသက္ကာရ လက်ဆုပ်လက်ကိုင်နဲ့ ပက်ပင်းမိထားတဲ့အခါ သူကလည်း တစ်ခုမဟုတ်တစ်ခု အပြစ်ပြန်ရှာချင်နေနိုင်တာ သဘာဝတော့ ကျပါသည်။ ဒါပေမဲ့ ဖေဖေ့သမီး ငုကတော့ ဘယ်ခံစားနိုင်ပါ့မလဲ။

အဲဒါကြောင့်လည်း တမင်ပင် လော်လီဖောက်ပြန်တာကလွဲရင် ကျန်တာအားလုံး အိုကေပါဆိုတာကို ထည့်ပြောပစ်လိုက်တာပင်။ အဲဒီလိုစကားနဲ့ထည့်ရိုပစ်လိုက်ခြင်းဟာ ကိုယ့်ချစ်သူအပေါ် မရိုးသားရာတော့ကျပေမယ့် ငုက ခုချိန်မှာ ကျားနာမလေးလို မည်းမည်းမြင်ရာကို ဖမ်းခဲပစ်လိုက်ချင်စိတ်တွေနဲ့ ဖြစ်နေသည်လေ။

ငုရဲ့ရိုက်ချက်က သကြိန့်အပေါ်မှာတော့ “အင့်”ခနဲပင် ကျရောက်သွားပါသည်။ အတိအကျကြီးမဟုတ်ပေမယ့် ကိုယ့်အမေမှာက အဲဒီလို သတင်းမျိုးက သိုးသိုးသန့်သန့်နဲ့ သူ့အချစ်





ဆော်တုံ့တော်မောင် ကိုအောင်ကြီးကတောင်မှ ဦးလေးဘက်ကမပါဘဲ ဦးလေးရဲ့မိန်းမနဲ့ ညီဝမ်းကွဲဘက်ကပဲ ပါသယောင်ယောင်သတင်းပေး၊ မီးရှို့သွားခဲ့သေးတာ မဟုတ်လား။

ကိုယ်တိုင်က ငုကို “ဘယ်လိုလဲ”ဟု အသည်းအသန်ကြီး အကဲခတ် စပ်စုလိုက်တဲ့ပုံစံမျိုးကြီး ပေါက်နေနိုင်တာကိုလည်း ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးသတိထားလိုက်မိပါသည်။ ကိုယ့်ပုံစံကြီးကို ငုက ရိပ်စားမိသွားပြီး “အချင်းချင်းကြားထဲမှာတောင် ဒီလိုရှိရသလား”လို့ စိတ်ကွက်သွားပုံလည်းရသည်။ အဲဒါကြောင့်ပဲ “ဘယ်သူ့ဘာထင်ထင် ဂရုမစိုက်ဘူး”ဆိုတဲ့ စကားမျိုးကိုပြောတာ။

ဒီလိုဆိုရင်တော့ တကယ်ပဲလည်း သူ့အမေရဲ့အဖြစ်မှန်ကိုသိရင် “ကြွေးရှောင်ချင်တာဟာ ဖောက်ပြန်ချင်တာလောက်မဆိုးဘူး”ဆိုပြီး ခွင့်လွှတ်နေတော့မယ့်ပုံမျိုးပင်။ သကြိန်က ကိုယ့်ရဲ့သိသာနေနိုင်တဲ့ အကဲခတ်ချင်ချင်ပုံစံကြီးကို မသိမသာလေးပြင်ယူလိုက်ကာ …

“ငုရဲ့စိတ်တွေ အရမ်းတင်းကျပ် ဖိစီးပြီး စိတ်မကောင်းဖြစ်နေပြီနဲ့တူတယ်။ စိတ်လျှော့လိုက်ပါဦး။ ဒါဘာမဟုတ်တဲ့၊ တခြားဘာအကြောင်းအရာမှ ထူးထူးခြားခြားမရှိတဲ့ သာမန်စိတ်အခန့်မသင့်ကိစ္စလေးမျိုးလည်း ဖြစ်ချင်ဖြစ်နေမှာပါ။ တော်ကြာ အန်ကယ်က သူ့ဘာသာစိတ်ပြေချိန်လောက်ကျ အိမ်ပြန်ရောက်လာပြီး ငုမှာတော့ သွေးတိုးရောဂါကြီး စွဲကျန်ရစ်တာမျိုးလည်း ဖြစ်နေဦးမယ် …

အကယ်၍ ငှပြောသလိုပဲ တကယ်ပဲ ပြဿနာတင်မှုအခြေခံရှိနေရင်လည်း ကိုယ်တို့ ရင်ဆိုင်လက်တွဲပြီး ဗိုင်းအဖြေရှာကြတာပေါ့။ အဖေတွေရဲ့ပြဿနာက ကိုယ်တို့နှစ်ယောက်ကြားက ဆက်ဆံရေးနဲ့ လက်ထပ်ကြဖို့ကိစ္စကိုတော့ ဘာမှ အနှောင့်အယှက်ဖြစ်စရာ မရှိဘူး။ ဟုတ်ပြီနော်"

သူ့အဖေအကြောင်းကို ပြောရင်း "အဖေတွေ"ဟု ကိုယ့်အဖေအတွက်ကိုပါ ထည့်ပြီး အယူခံကြို၀င်ထားလိုက်ရသေးသည်။ ဒါတောင်မှ ရွှေစိတ်တော် မကြည်လင်လှသည့် မဖုရားလေးရဲ့ မျက်နှာက အငြိုအငြင်မလျော့လှပါ။ ဒါကလည်း သူ့အဖေကြောင့် စိတ်ညစ်နေရလို့လည်း ဖြစ်နိုင်ပါသည်။

သကြိန်ကသာ ငှနဲ့အပြေလည်ကြီး မဟုတ်လှတာ။ မေမေကတော့ဖြင့် အန်တီဒေါ်ခင်ခင်ထားနဲ့ နှစ်ကိုယ့်တစ်စိတ်ပမာတွေပင် ဖြစ်နေကြပြီ။ အခန်းထဲက ပြန်ထွက်လာကြပြီး အိမ်ရှေ့တံခါးမကြီးဆီ လျှောက်လာကြတာတောင်မှ တစ်ဦးကိုတစ်ဦးမေးမဖက်ယက်လျက်။ "လာခဲ့ဦးနော်"၊ "လာဦးမယ်"တွေ အပြန်အလှန်ပြောကြလျက်။

အိမ်ပြန်ရောက်တော့ မေမေက "ဒီသားအမိ ဘာတွေထူးထူးခြားခြား သိခဲ့ကြသလဲ"တဲ့။

"ဒေါ်ခင်ခင်ထားဆိုတဲ့ တစ်ယောက်က အင်မတန်ရိုးအေး၊ စိတ်သဘောထားကောင်းမွန်ပြီး ခင်တတ်မင်တတ်နဲ့အထာ





ကြီး၊ ဟန်ကြီးနဲ့ နေလိုက်မယ်ဆိုတာမျိုးလည်း တစ်စက်မှ မရှိဘူး။ ဒီကိစ္စမှာလည်း သူ့ယောက်ျား ဘာဖြစ်လို့ဖြစ်နေမှန်းတောင်မှ မသိဘူး။ သိပ်သနားစရာကောင်းတယ်။ ကျွန်မတော့ မကြာမကြာလာခဲ့ပါဦးမယ်။ သတင်းထူးကြားရင်လည်း အကြောင်းကြားပါ့မယ်လို့ ပြောခဲ့တယ်။ အခုကျွန်မတို့ချင်း အတော်ကြီးရင်းနှီးခင်မင်သွားကြပြီ"

ဦးအယ်ဒီက ဒေါ်လှလှဦးကို မှဲမှဲရွှဲရွှဲကြီးသာ ကြည့်နေတော့သည်။ သကြိန်မှာတော့ မေမေ့လို "သူ့သမီးကလေးကလည်း အရမ်းရိုး၊ အရမ်းအေးပြီး၊ အရမ်းသနားစရာကောင်းတယ်"ဟု ယုံကြည်ချက်အပြည့်ကြီးနှင့် ထောက်ခံမပြောနိုင်သလိုဖြစ်နေသည်။

"ငှလည်း ဘာမှသိပုံမရဘူး ဖေဖေ"

"အလကားဟာတွေ။ ဘာမှသုံးစားလို့မရဘူး။ မင်းတို့တွေ စီအိုင်အေတို့၊ အက်ဖ်ဘီအိုင်တို့မှာ အလုပ်သွားဝင်ကြပါလား။ သူများတကာရဲ့ကွန်ယက်ထဲမှာမိပြီး အာစေးငုံပြီး ပြန်လာကြတယ်။ ပင့်ကူအိမ်မှာမိနေတဲ့ ပိုးကောင်တွေတောင် မင်းတို့လောက် အဖြစ်ဆိုးပါ့မလား။ Brain wash များ လုပ်လွှတ်ခံလိုက်ရသလား ထင်ရတယ်"

သူသိချင်တဲ့ ဦးမျိုးမြတ်ရဲ့ ဇာတ်လမ်းစုံကို အားတက်သရော၊ ပုင်ပယ်နယ်မှယ်ကြီးတွေ တစ်ခုမှ ပါမလာနိုင်တဲ့အတွက် ဦးအယ်ဒီမှာ အားမလိုအားမရ၊ စိတ်တိုင်းမကျ ဖြစ်နေပါသည်။

သကြိန်ခများတော့ သူများအဖေအကြောင်း တက်တက်ကြွကြွကြီး လိုက်စူးစမ်းဖို့ထက် မနက်ဖြန်လောက်ကစပြီး ကိုယ့်အဖေအကြောင်း သာ ကိုယ်ပြန်ချက်ကင်လိုက်ကြည့်တော့မှာမို့ မလုံမလဲတွေဖြစ် ကာ ကိုယ့်အဖေကိုယ်တောင် စေ့စေ့မကြည့်ရဲ ဖြစ်နေရပါသည်။

❋ ◯ ❋

"ညှိချင်တာရှိရင် ကျွန်တော်နဲ့ပဲ ပြီးပြတ်အောင်ညှိလိုက် ချင်ရင်လည်း ရပါတယ်။ ခင်ဗျားလည်း ငယ်ငယ်ရွယ်ရွယ် နဲ့ ကိုယ့်အခြေအနေ အဆင့်အတန်းနဲ့ ကိုယ်ပဲလေ။ သူ တစ်ပါးအိမ်ရာကို တပ်မင်သက်သက်ကြီး ဖျက်ဆီးချင်စိတ် တော့ မွေးကတည်းက ဘယ်သူမှ ပါမလာကြဘူး။ ကျွန် တော်တို့လည်း နားလည်ပါတယ် ...

ကိုယ်တိုင်လည်း မိဘတွေရှိနေသေးတာပဲ။ ကိုယ့် အမေအရွယ်၊ အဒေါ်သားချင်းအရွယ်တစ်ယောက်အပေါ်မှာ ကိုယ်ချင်းစာစိတ်တော့ ဘယ်လိုမဆို ရှိမယ်ထင်တယ်။ ခင်ဗျားမိဘတွေလည်း ခင်ဗျားအတွက် ဂုဏ်လည်းယူနိုင် မယ်။ စိတ်လည်းချနိုင် စိတ်ချမ်းသာနိုင်ကြမယ်ဆိုရင် ကောင်းတာပေါ့"

"သင်းနီတို့က အစ်ကိုကြီးကို ကိုယ့်အစ်ကိုလို၊ ဦးလေးလို သားချင်းအရင်းလို တကယ်ခင်မင်ရင်းနှီးတာ။ အစ်ကိုကြီး





ရဲ့မိသားစုဆိုလည်း ကိုယ့်စိတ်ထဲမှာတော့ ကိုယ့်ဆွေမျိုး မောင်နှမတွေလိုပဲ သဘောထားတယ်။ အဲဒါကြောင့် အစ်ကို ကြီးကိုတောင် ခင်မင်ဝင်ထွက်ပါရစေလို့ ခွင့်တောင်းထား တာ။ မေမေတို့ကဆိုလည်း သူ့ကို သားအရင်း တူအရင်း ညီရင်းအစ်ကိုလိုပဲ သဘောထား အားကိုးတာလေ"

တော်တော်ကလေး မလွယ်ကူမယ့် အမျိုးအစားထဲ ကပါလား။ သူ့အဖေအရွယ်လောက်ကြီးမှာ အိမ်ထောင်ကြီးနဲ့ သားနဲ့မှန်း သိသိကြီးနဲ့ပင် အဲဒီသားက မျက်နှာချင်းဆိုင်ကြီး လာညှိတဲ့အတွက်ကိုလည်း မျက်နှာတစ်ချက်မှမပျက်။ ရှက်ခြင်း ကြောက်ခြင်း အလျဉ်းရှိပုံမရတဲ့အပြင် "ဒါမျိုးကတော့ပုံမှန်ပါပဲ။ အပြစ်ရှိတယ်လို့လည်း မထင်ပေါင်။ မိဘတွေနဲ့ လာကိုင်မပေါက် နဲ့။ ငါ့မိဘတွေကပွါ သိရှိကြည်ဖြူပြီးသားဟဲ့" ဆိုတာမျိုးကိုပင် အေးအေးဆေးဆေးနှင့် ပြန်ပြောနေနိုင်သေးသည်။

"ကျွန်တော်က အားလုံးပြေပြေလည်လည် အေးအေးချမ်း ချမ်း ဖြစ်သွားဖို့ ညှိကြည့်ချင်တာပါ"

"ညှိတယ်ဆိုတာက ဘာလဲ။ အဲဒီ ညှိမယ်ဆိုတာကြီးကို နားမလည်တာ။ တို့နဲ့ အစ်ကိုကြီးနဲ့ ခင်မင်ရင်းနှီးကြတယ်။ မိတ်ဆွေအချင်းချင်းဆိုတော့ အရေးကိစ္စရယ်လို့ရှိရင် တွေ့ ကြဆုံကြတာ၊ အသွားအလာရှိကြတာ။ ရင်းရင်းနှီးနှီးတိုင် ပင်ပြောဆိုကြတာ ထုံးစံပဲပေါ့။ တစ်ဦးမှာလိုအပ်ချက် ရှိရင် ကျန်တစ်ဦးက ဖြည့်ဆည်းကူညီကြတယ်။ ခံစားနားလည်

ပေးကြတယ် ဆိုတာလည်း လုံးဝပုံမှန်ပဲ။ တို့နားလည် သလောက်ကတော့ ဒါ ဘာပြဿနာကြီးမှ မရှိပါဘူး ...

အဲဒါကိုပဲ ညှိမယ် ... ညှိမယ်ချည်း ပြောနေတာကို နားမလည်နိုင်ဘူး။ ဘာကိုညှိမှာလဲ။ လောကမှာ မိတ်ဆွေ သူငယ်ချင်း၊ ခင်မင်ရာ ခင်မင်ကြောင်း အပေါင်းအဖော် တွေ အများကြီးပဲ ရှိကြတယ်။ အဲဒီလူတွေအားလုံးကို သူ တို့ရဲ့နောက်က မိသားစုဝင်တွေက ဒီလိုပဲ လိုက်ညှိနေကြ သလား။ မကြားဖူးပါဘူး"

သားတစ်ယောက်တန်မဲ့ အဖေလုပ်တဲ့သူရဲ့ ဒီလို အရေးကိစ္စမှာ မသိသလိုနေလိုက်ပြီး အရိပ်အကဲပဲ ကြည့်နေဖို့ နည်းလမ်းကိုမှ ကိုယ်ကမရွေးချယ်မိခဲ့ပဲကိုး။ ငရဲ့နှုတ်ဖျားက "သစ္စာမဲ့ အသစ်ရှာတာမျိုး ဆိုရင်တော့ လုံးဝခွင့်မလွှတ်နိုင်ဘူး" ဆိုတာတစ်ခွန်းနဲ့တင် ကိုယ်က ဘေးထွက်ပြီး အကဲခတ်စောင့် ကြည့်နေရမယ့်ကိစ္စမျိုးကို လှုပ်လှုပ်ရှားရှားကြီးနဲ့ အလယ်ကောင် တည့်တည့်အထိ ဝင်ပါမိပြီ။

မြန်မြန်ပြီးရင်လည်း ပြီးသွားစေချင်မိတာမျိုးပေါ့။ ဖေဖေ့မှာ ဒီလိုမရှင်းမရှင်းကိစ္စမျိုး ရှိနေခဲ့တယ်ဆိုတာ အတိအကျ သိလိုက်ရတဲ့အခါ ဒီကိစ္စကို ငတို့ဘက်က ပြန်မသိခင် ဖုံးလိုက် ပြီးလိုက်လို့ရမယ်ဆိုလည်း ရချင်တာမျိုး။

ကြားဖူးနားဝရှိမိသလောက်ကတော့ ကိုယ့်အဖေ အရွယ်ကြီးကို ပိုက်ဆံကိစ္စကြောင့်ပဲ ပတ်သက်ချင်ကြတဲ့ ဒီလို





အမျိုးသမီးတွေဟာ သင့်တော်နိုင်မာတဲ့ ပမာဏတစ်ခုခုလောက် ရပြီးရလိုက်ကြရင် အဆက်ဖြတ် ရှောင်တိမ်းပေးဖို့ကို ညှိကြည့်လို့ ရနိုင်တယ်ဆို။

ဒီလူကြီးတစ်ယောက်နဲ့ တွဲနေနိုင်တယ်၊ ရလည်း ရသင့်သလောက် ရနေတယ်ဆိုပေမယ့် ဒီလိုမိန်းကလေးတွေရဲ့ အနေအထားက "နိုင်တယ်"လို့မှ တစ်ထစ်ချပြောနိုင်တာမျိုးမှ မဟုတ်တာ။ အချစ်ပြယ်တဲ့တစ်နေ့၊ ရိုးလာတဲ့တစ်နေ့၊ အပြစ်တွေ့ တဲ့တစ်နေ့ကျ ဘာမှသေချာ ခြေမြဲလက်မြဲ ထုထုထည်ထည် မဟုတ်သေးဘဲနဲ့ ခြေပြတ်လက်ပြတ်၊ စွန့်ပစ်ဖယ်ရှားခံရနိုင်တဲ့ အလားအလာကလည်း ရှိနေတာပဲဟာ။

ဒီလိုမိန်းကလေးမျိုးဆီရောက်လာတဲ့ ဒီလိုလူကြီးတွေ များရာစုက အချဉ်တွေ အတုံးတွေမှ မဟုတ်ကြတာလေ။ အတီး အတ၊ တုံးတုံးကြီး၊ ရိုးရိုးကြီးဘဝကနေ မှားပြီးခြေတစ်ဖက်ကျွံ သွားမိကြတာ၊ အဖမ်းခံလိုက်ရတာ၊ ဘုမသိဘမသိနဲ့ မိနေတာဆို တာမျိုးက လက်ချိုးရေရင်တောင် ငါးချောင်းပြည့်ပါ့မလား။ မဖြစ် နိုင်လောက်ပါဘူး။

ဒီတော့ ကိုယ့်ဘဝကိုယ် သိကြရမယ်လေ။ နောင် တစ်ချိန် ဘာဖြစ်လာမယ်၊ ဘယ်လောက်ခိုင်မယ်မှန်း မသေချာ ရင် သေချာတဲ့လမ်းတစ်ခု ပေါ်ပေါက်လာခိုက်မှာ အရှည်ဆက်တွဲ နေတာနဲ့ ဖြတ်ပေးလိုက်တာ ဘယ်ဟာက ပိုသေချာနိုင်မလဲဆိုတာ အသိဉာဏ်လေးသုံးပြီး ဆုံးဖြတ်ကြည့်ကြရမယ်လေ။

သကြိန်ကတော့ အဲဒီလိုပဲ ခပ်ရိုးရိုးတွေးတောမိပါသည်။ သင်းနီလို့အမည်ရှိတဲ့၊ သိပ်လှွယ်မယ့်ပုံမပေါက်တဲ့ ခပ်ရင့်ရင့်အမျိုးသမီးရဲ့အတွေးအခေါ်ကကျတော့ ဘယ်လိုလဲ။ ညှိချင်ပါတယ်ဆိုတဲ့ သားလုပ်သူကို "ညှိတယ်ဆိုတာက ဘာလဲ"လို့ ပြန်အကြောင်းရိုက်ချင်နေတာဟာ ညှိလို့ရမယ့်အတိုင်းအတာပမာဏကို မြင့်ချင်တာလား။ ဒါမှမဟုတ် ညှိနေစရာမလိုတော့လောက်အောင် သူ့ရဲ့အခြေအနေ၊ အခန်းကဏ္ဍတစ်ခုက ပေဖေ့ဆီမှာနိုင်မာတိကျနေခဲ့တာလား။

"အစ်ကိုကြီးရဲ့သားနော်။ လက်ထပ်တော့မယ်လို့လည်း သတင်းတွေကြားနေပါတယ်။ အစ်ကိုကြီးကိုတောင် ပြောထားသေးတယ်။ ဆွေမျိုးသားချင်းတွေလို ဝင်ချင်ထွက်ချင် စင်မင်ချင်ပါတယ် ဆိုတာကို နေ့ရွှေ့ ညရွှေ့ မအားသေးဘူးတွေ၊ အကြောင်းကိစ္စမှ မရှိဘဲတွေ လုပ်မနေနဲ့တော့လို့။ သားလုပ်တဲ့လူ မင်္ဂလာဆောင်မှာလောက် ဆွေမျိုးမိတ်သင်္ဂဟတွေ စုံညီနိုင်မှာရှိဦးမလား။ သင်းနီကို အဲဒီပွဲမှာ တစ်လက်စတည်း မိတ်ဆက်ပေးလိုက်လို့ ရနိုင်တာပဲလို့ ပြောထားတယ်လေ"

သကြိန်မှာ ပါးစပ်အဟောင်းသား ဟာမိမတတ်ဖြစ်သွားရတာကို မနည်းကြီး စိတ်ထိန်းထားလိုက်ရပါသည်။ သူ့ဟာက သူ့ကို မေမေတို့ သကြိန်တို့ကပါ ဘယ်လိုမဆို အသိအမှတ်ပြုလက်ခံပေးရမယ်ဆိုတာမျိုး ပြောနေတာပါလား။ မင်္ဂလာပွဲအထိ





ရောက်လာပြီး "ပွဲတက်ခွင့်ရှိသူ"အဖြစ် အသိုင်းအဝိုင်းတစ်ခုလုံးဆီမှာပါ မိတ်ဆက်၊ ပွဲထုတ်ပေးရမယ်လို့ တောင်းဆိုနိုင်တဲ့အဆင့်မျိုးအထိ ပြောနေတာပါလား။

တကယ့်အန္တရာယ်အကြီးကြီးနဲ့မှ လာတိုးနေတာကိုး။ သာမန်ထွေလီကာလီ အီစီကလီ၊ ပျော်တုန်းခဏ၊ ပွဲပြီးမီးသေအဆင့်မျိုးတော့ ဘယ်နည်းနဲ့မှ မဟုတ်ဘူးဆိုတာ အတိအလင်းကြေညာလိုက်တာပေါ့။ "နင်ညှိချင်တဲ့ ပမာဏလောက်ကို ငါက ဘာဂရုစိုက်နေရမှာလဲ။ နင့်အဖေက ငါ့လက်ထဲမှာ။ ငါကလုံးဝနိုင်နေပြီ။ ရွှေဥ၊ဥနိုင်တဲ့ ငန်းတစ်ကောင်လုံး လက်ထဲရောက်နေမှတော့ ရင်ခွဲသတ်ပစ်ပြီး ဗိုက်ထဲကတစ်လုံးလောက်ကိုပဲ နှိုက်ယူချင်ရအောင် ငါကအရူးလား"ဆိုတာမျိုး သကြိန်ကို "သဘောပေါက်ပါတော့"လို့ ပြောလိုက်ချင်တာပေါ့။

ကိုယ့်အဖေက အဲဒီလောက်အထိ ခပ်အအနဲ့ ကျုံးသွင်းခံထားရတဲ့ အနေအထားလား။ ဒါမှမဟုတ် ဘယ်သူ့မျက်နှာမှ မထောက်နိုင်တော့လောက်အောင် မွှန်နေပြီး "ဒါကမှ ပထမဆုံး တွေ့ကြုံလာရတဲ့ အချစ်စစ် အချစ်မှန်ကြီး"လို့ ကြွေးကြော်နေတော့မယ့် သူမျိုးလား။

ဆုပ်လည်းစူး၊ စားလည်းရူး။ ရှေ့မတိုးသာ နောက်မဆုတ်သာနဲ့ ကိုယ်ကိုယ်တိုင် ဘယ်လိုမှ မကိုင်တွယ် မဖြေရှင်းနိုင်တော့တာမို့ သားလုပ်တဲ့သူရဲ့မင်္ဂလာပွဲဆိုတာမျိုး မရှိတော့ရင် "လူပုံအလယ်မှာ ဘွားခနဲချပြရမယ်"ဆိုတဲ့ တောင်းဆိုမှုကိုလည်း

လိုက်လျှောနေစရာ အကြောင်းမရှိနိုင်တော့ဘူးပေါ့ ... လို့တွက်နေတာလား။ အဲဒီအချက်ကြောင့်ပဲ သကြိန်ရဲ့မင်္ဂလာပွဲကို စပြီးတော့ တင်ပြလိုက်တဲ့ နေ့ကတည်းက ယနေ့ထက်တိုင် အပျက်ဘက်က ချည်း *ရှုမြင်နေတော့တာလား။*

ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီးထင်၊ မောင်းတင်၊ ပြင်ဆင်လာခဲ့သည့် သကြိန်တစ်ယောက် ဘာဆက်လုပ်ရမယ်မှန်း မသိတော့ပါ။

တစ်ဖက်က စစ်အင်အားကို အတိအကျ သိလိုက်ရတဲ့အခါ မဖြစ်စလောက်အင်အားကလေးနဲ့ မောင်းတင်စစ်ဆင်လာခဲ့တဲ့ ကိုယ့်တပ်က ဖရိုဖရဲနဲ့ ဘာအစီအစဉ်မှ ဆက်မရှိနိုင်တော့တဲ့ တပ်ပျက်တစ်ခု ဖြစ်နေခဲ့ပြီ။

ကိုယ့်အနေအထားက ရှေ့ဆက်တိုး ဆက်ပြောလေ လှုပ်လေမြုပ်လေပဲ ဖြစ်နေတော့မှာပဲ။ သကြိန်က ဒီလောက်နဲ့ပဲ နေရာတင် တိခနဲရပ်။ နောက်လှည့်ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။ တပ်ပျက်နဲ့ ရှေ့ဆက်နေလည်း စစ်အောင်ဖို့မရှိနိုင်တဲ့အပြင် ဒီ့ထက်ပဲ ပိုဆိုးဖို့သာရှိတော့မှာပါပဲ။

"စိတ်ချပါ။ အစ်ကိုကြီးဘက်က စမိတ်ဆက်ပေးလိုက်တာ မဟုတ်သေးဘဲ အစ်ကိုကြီးရဲ့သားက အရင်ရောက်လာပြီး ညီတာတွေ ဘာတွေ လာလုပ်နေလို့ သိပြီးနင့်ကြပါပြီဆိုတာ တို့က အစ်ကိုကြီးကို ပြန်ပြောမှာ မဟုတ်ပါဘူး။ ဒီနေ့ကိစ္စကို ရှင့်အဖေ မသိစေရဘူး စိတ်ချ"





မရှုမလှ၊ အလဲအကွဲ၊ အဖတ်ဆည်မရနိုင်လောက်အောင် ရှုံးနိမ့်လာခဲ့ရတယ်ပဲ ပြောပါတော့။ ဒီနေ့အဖို့ ကံကောင်းခဲ့ရတဲ့ သကြိန်ဟာ "ဘာမှမဟုတ်လောက်တဲ့မိန်းမ"လို့ သတ်မှတ်ထားမိတဲ့ တစ်ယောက်ဆီမှာ ပက်ပက်စက်စက် ရှုံးနိမ့်လာပြီးဘဲ့အခါ မိုးနတ်မင်းက အငြိုးမပြေနိုင်သေးတဲ့ပုံနဲ့ အဲဒီမိန်းမနဲ့ ချိန်းဆိုတွေ့ဆုံနေကြတဲ့ဆိုင်ထဲက ထွက်လိုက်တာနဲ့ မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ကမ်းမှာ အဘောင့်လိုက်ကလေး ရပ်စောင့်ကြည့်နေသူက ... ၄ ...။

"၄ ..."

သကြိန်က အပြေးကလေးပဲ လမ်းဖြတ်ကူးသွားလိုက်သည်။ မျက်နှာစာအကျယ် ပေအစိတ်လောက် အားလုံးကို မှန်ထူချပ်တွေနဲ့ချည်း အပြည့်ကာထားတဲ့ ကော်ဖီဆိုင်တွင်းတစ်ခုဟာ ဖြတ်သွားဖြတ်လာ ပလက်ဖောင်းပေါ်က ပရိသတ်တွေအတွက် မြင်ကွင်းကျယ်တီဗီကြီးတစ်ခုကို ကြည့်မြင်နေရသလို ဖြစ်နေမှာပေါ့။ ဖြတ်သွားဖြတ်လာ မဟုတ်ဘဲ တမင်တကာရပ်ကြည့်နေသူအတွက်ကတော့ ဆေးရောင်စုံရုပ်ရှင်ပိတ်ကားတစ်ခုထက်ပင် ထင်းလင်းရှင်းပြီး ဖြစ်နေခဲ့လိမ့်မည်။

အပြေးသွားနေရင်းကပင် စဉ်းစားစမ်း။ စဉ်းစားစမ်း။ ကောင်းကောင်းကမ်းကမ်း ယုတ္တိရှိရှိ ဖြေရှင်းချက်တစ်ခုခုကို မရရအောင် ဉာဏ်ပေါ်အောင် စဉ်းစားစမ်း။ ခပ်လည်လည် ခပ်သွက်သွက်နဲ့ ဘာရုပ်ပေါက်နေမှန်း မသိတော့လောက်အောင် အဆန်း

တကြယ် ပြင်ဆင်ဝတ်စားထားတဲ့ မျက်နှာစိမ်းမိန်းမတစ်ယောက်နဲ့ ကော့်ဖီဆိုင်တစ်ခုအတွင်းမှာ နှစ်ယောက်တည်းစကားပြောဆို၊ အတူတကွ ဖြစ်နေရတဲ့အတွက် အကြောင်းပြချက်တစ်ခုခုကို မြန်မြန်စဉ်းစားစမ်း။

သကြိန် လမ်းတစ်ဖက်ကမ်းသို့ ရောက်လာတဲ့အခါ ငှက ... တစ်ဖက်ကမ်းဆိုင်ထဲကနေ လှလှပပကြော့ကြော့မော့မော့ မာန်ဝင့်ဝင့်ကလေး ထွက်လာတဲ့ မိန်းမကိုသာ လိုက်ကြည့်နေပြီး သကြိန်ကို ဘာစကားမှဆီးမဆိုပါ။ "အဲဒါ ဘယ်သူလဲ"တို့၊ "ဘယ်ကမိန်းမလဲ၊ တစ်ခါမှ မမြင်ဖူးပါလား"တို့ အဲဒါမျိုးတွေကို လှမ်းအော်မေးလိုက်ရင်တောင်မှ အဲဒါဟာ ငှရဲ့ပုံမှန်။ ဘာမှမမေးဘဲ ဟိုတစ်ယောက်ကိုပဲ လိုက်အကဲခတ်နေတော့တာက အခြေအနေပိုဆိုးသည်။ ရိုးရိုးသားသား၊ ကောင်းကောင်းမွန်မွန်၊ သာမန်မိတ်ဆွေလို့ကို မထင်တော့တာပေါ့။

"ဘယ်သူမှ မဟုတ်ပါဘူး။ ရိုးရိုးမိတ်ဆွေတွေပါ။ ခင်နေကြတာကြာပြီ။ မပြောဖြစ်လို့။ ငှကိုပြောဖူးပါတယ်။ ရုံးက ဟိုတစ်ယောက်ရဲ့အစ်မ ဆိုတာလေ"... စသဖြင့် ပြီးပြီးရောရိုးရိုးတမ်းတမ်း အဖြေမျိုးတွေ ပါးစပ်ထဲထွက်ရာ လျှောက်ပြောလို့ မရနိုင်တော့တဲ့ အနေအထားပေါ့။

"ပေဖေ့ကိစ္စပါ"လို့ကော အမှန်အတိုင်း ဖွင့်ချပြလိုက်လို့ ဖြစ်နိုင်ပါ့မလား။ သူ့အဖေကိစ္စနဲ့ မြင်မြင်ကရာ လူတကာကို ရန်သူလိုချည်း ရှုမြင်ကာ အလကားနေရင်း မျက်မုန်းကျိုးကြည့်





နေနိုင် ဖြစ်နေပုံရတဲ့ သူတစ်ယောက်ကို မီးလောင်ရာလေပင့်သွားသည်လိုက်သလို ဖြစ်သွားမည်။ "ဒီကိစ္စမျိုးဆိုရင်တော့ လုံးဝခွင့်လွှတ်နိုင်ဘူး"လို့ ဒီကြောက်စရာ မျက်နှာလေးကပဲ အတိအလင်းပြောထားခဲ့တာလေ။

"အစ်ကို့ကိစ္စပါ။ အစ်ကိုအောင်ကြီးလေ။ ကိုယ်ပြောဖူးထားတဲ့ ဟိုတလောကမှ ရိုက်မှုနဲ့ပြန်လွတ်လာတယ်ဆိုတဲ့ ပေဖေ့တူ အောင်ကြီးဆိုတဲ့ တစ်ယောက်အတွက် ကိုယ်က အစားလာညှိပေးရတာပေါ့။ ဒါပေမဲ့ မရပါဘူး။ အဲဒီတစ်ယောက်က ကိုယ့်ကိုယ်ကိုယ်လည်လှပြီလို့ ထင်နေတဲ့၊ လူလည်ပါဆိုတဲ့ 'သူတွေကို အသာလေးကိုင်လှုပ်သွားနိုင်မယ့်သူမျိုးထဲကပဲ၊' ကိုယ်ဆို ဘာမှတောင် သေချာမပြောလိုက်နိုင်ဘူး။ သူပြောသမျှကို ပါးစပ်ပိတ်နားထောင်ပြီး ပြန်ခဲ့ရသလောက်ပဲ"

"ဒီနားက ဖြတ်သွားတုန်း လှမ်းမြင်လိုက်လို့ ရပ်စောင့်နေတာပါ"

အသံအနေအထားကတော့ သကြိန်ရဲ့အကြောင်းပြချက်ကောင်းကောင်းကို လက်ခံကျေနပ်သွားနိုင်တဲ့ပုံမျိုးလေးပဲ။

"ဝင်လာခဲ့လိုက်ရောပေါ့"

"မဝင်ချင်ပါဘူး။ အဲဒီရုပ်ကို မကြိုက်ဘူး။ ဘာစ်မျိုးကြီးပဲ။ အဲဒါမျိုးရုပ်ကြီးနဲ့ သကြိန်နဲ့ ဆက်ဆံပြောဆို၊ အပတ်အသက်ရှိနေရမှာ မကောင်းပါဘူး။ အစ်ကို့ကိစ္စကိုက ညီကဝင်ပြော

ပေးနေရတာလည်း အဓိပ္ပာယ်မရှိပါဘူး။ သူ့ပုံကြည့်ရတာ သကြိန်နဲ့ 'ဘက်'ဖြစ်ပုံလည်း မရဘူး။ ကိုယ်ချည်းခံနေရတော့မယ့်ရုပ်။ နောက်မပတ်သက်နဲ့တော့နော်၊ ကြောက်စရာကြီး"

"အင်းပါ ... အင်းပါ"

"အဲဒီအစ်ကိုကလည်းပဲ သူ့ကိစ္စတော့ သူရအောင်မရှင်းဘူး။ ပေါက်ကရတွေလျှောက်လုပ်ပြီးမှ ဒီကိစ္စမျိုးကြီးမှာ ညီကိုဆွဲထည့်ပြီး လွှဲချထားတယ်။ ဘယ်လိုလူလဲ"

"သူက လုပ်နိုင်းတာ မဟုတ်ပါဘူး။ ကိုယ့်ဘာသာပါ"

"အမယ်လေး ...။ ဒီလိုကိစ္စမျိုးမှာ ဘယ်သူကမှ အကူအညီမတောင်းဘဲ မနေနိုင်မထိုင်နိုင် ဝင်ပါရတယ်လို့ပဲ။ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်မနေပါနဲ့"

ပုံမှန်ပြန်ဖြစ်သွားပြီ။ ခပ်တည်တည်ကြီးနဲ့ နှုတ်ပိတ်နေတာမျိုး မဟုတ်တော့ဘဲ ဘာလစ်ဘာလစ်နဲ့ မျက်စောင်းတွေဘာတွေပါ ထိုးလိုက်တာကမှ ငှရဲ့ပုံမှန်။ ငှအစစ်။ သကြိန်က သက်ပြင်းတစ်ခုကို "ရှူး"ခနဲ ကျိတ်ချလိုက်သည်။

ဒီကိစ္စက ခုတစ်ချီမှာတော့ ငှဆီမှာ ဘာမှအခုအခံအခြေအတင်မှ မဖြစ်လိုက်ရဘဲ အောင်အောင်မြင်မြင်နဲ့ ချောချောမွေ့မွေ့ကလေးပဲ ပြီးဆုံးသွားခဲ့ပြီ။ သို့သော် အရှည်သဖြင့်အတွက်ကတော့ ပိုတောင်ဆိုးသွားသေးသည်ထင်သည်။ ငှက ဟိုမိန်းမရဲ့ရုပ်ကို မနှစ်မြို့မှုနှင့်တွဲလျက်ဆိုတော့ မှတ်မှတ်မိမိကို ဖြစ်သွား





မှာ။ ပြီးကျတော့ ဒီအစ်ကိုကြောင့်သာ ဒီရုပ်မျိုးနဲ့ ငါသကြိန်နဲ့ပတ်သက်ရလေခြင်းလို့ အစ်ကိုအောင်ကြီးကိုလည်း စိတ်ထဲစွဲစွဲမြဲမြဲကို ရှိသွားခဲ့မှာပါ။

ငှနဲ့ သကြိန်တို့ဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဘဝတစ်ခုတည်းအဖြစ် လက်တွဲပေါင်းစည်းကြပါတော့မည်ဆိုရင် ငှနဲ့ အစ်ကိုအောင်ကြီးတို့ လုံးဝတွေ့ဆုံစရာအကြောင်းမရှိ၊ စကားပြောစရာမရှိဆိုတာမျိုးက ဖြစ်နိုင်ပါ့မလား။ ဒီ့ထက်ပိုဆိုးသေးတာက ဒီမိန်းမ သကြိန်တို့ရဲ့မင်္ဂလာပွဲကို ဇွတ်တက်လာခဲ့ရင် ...။

ဟင်း ...။ ဒီနေ့ဖြစ်ဖြစ်သမျှ၊ ကြုံသမျှ ပြဿနာတို့ကို အစ်ကိုအောင်ကြီးကို ကြုံပြောပြထားပြီး စည်းဝါးကိုက်ထားရမှာလား။ ဖြစ်နိုင်ရင်တော့ သူ့ကိုယ်၌ကိုက "ပြဿနာကောင်"ဖြစ်နေတဲ့ အစ်ကိုဖြစ်သူကို သကြိန်က ဒီပြဿနာကြီးထဲ ဆွဲမထည့်လိုပါ။ သူပါ ဝင်ပါလာရင် ပိုရှုပ်ကုန်လိမ့်မည်ထင်သည်။ ဒါဆိုရင်တော့ ဒီနေ့ ပါးစပ်ထဲတွေ့ရာ၊ ကောင်းမယ်ထင်တာကို ဆွဲလွဲပြောထားလိုက်ခြင်းဟာ နောင်တစ်ချိန်ကျမှ ငှဆီမှာအလိမ်ပေါ်ရင်လည်း ပေါ်ပါစေတော့ ... လို့ပဲ ထားလိုက်ရမှာလား။ အား ...။ ခေါင်းကိုက်လိုက်တာ။

"ဘာဖြစ်လို့ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ခုထိခေါင်းထဲက မထုတ်လိုက်သေးဘဲ ဆက်ပြီးစိတ်ရှုပ်လက်ရှုပ် ဖြစ်နေရတာလဲ။ အဲဒီအစ်ကိုက သကြိန်ပြောတော့ သူများမျက်ခုံးမွေးပေါ်မှာချည်း နေတာဆို။ ဘာပူစရာရှိလဲ။ သကြိန်နော်။

အခု ကတိပေး။ အဲဒီမိန်းမနဲ့ ဘယ်တော့မှ ထပ်မပတ်သက်တော့ပါဘူးလို့"

မှိုင်းအုံ့ပြီး မကြည်မလင်ဖြစ်နေနိုင်တဲ့ သကြိန်ရဲ့ ရုပ်ကို ငှက ရိပ်မိနေဟန်တူပါသည်။ သကြိန်က ခေါင်းမြန်မြန် ညိတ်ပြလိုက်ကာ ကိုယ့်ရုပ်ကိုယ်လည်း အတတ်နိုင်ဆုံး ပြင်ထူ လိုက်ရပါသည်။

"သကြိန်က ဘာကိုသွားညိုတာမို့လို့လဲ"

ဟိုက် ...။ အေးအေးဆေးဆေး လက်ခံလိုက်ပြီး ပြီးသွားပြီထင်တဲ့ကိစ္စဟာ သကြိန်ရဲ့မပြီးစီးနိုင်တဲ့ မျက်နှာထား ကြောင့်ပဲ သူ တစ်ကျော့ပြန်ပြီး စိတ်ဝင်စားလာပြန်ပြီ။

"ဟို ... ဟိုဒင်းပါ။ အဆက်ဖြတ်ပေးဖို့။ အနှောင့်အယှက် ဆက်မပေးဖို့"

ငှမှာ သူ့ရင်ဘတ်လေးသူပင် ဖိလိုက်သေးကာ "အမယ်လေး"ဟု အော်လိုက်ပြီး ...

"အဲဒီမိန်းမလေ သကြိန်က ရှောင်ခဲ့နေရင်တောင် သူကစလို့ လိုက်ဆက်သွယ်လာပြီး အပတ်အသက်တွေ လုပ်လာလိမ့် မယ် ... ကြည့်နေ"

"ဟာ ... မဖြစ်နိုင်ပါဘူး။ ငှက ဗေဒင်အတပ်ဟောဆရာမ ကြီးလား"

"အေးပါ ... ကြည့်နေပါ။ ငှပြောတဲ့အတိုင်း ဖြစ်လာခဲ့ရင် သာ အဲဒီအခါကျရင် ငှကို ပြန်ပြောကိုပြောရမယ်နော်။





ကိုယ့်ဘာသာကျိတ်ပြီး တစ်ခုခုထပ်မလုပ်လိုက်နဲ့။ ဟုတ် လား။ ငှကို ပြန်ကတိပေးဦး"

"အင်းပါ ...။ ဒါပေမဲ့ ဖြစ်မှမဖြစ်နိုင်တာ"

"ဒါဆို သူက ဘာဖြစ်လို့ ကိုယ်သွားစရာရှိတဲ့နေရာကို မသွားနိုင်သေးဘဲနဲ့ ငှတို့နှစ်ယောက်ကို လှမ်းပြီးအကဲခတ် နေသေးလဲ။ ဟိုမှာ ..."

သကြိန်မှာ ဒီတစ်ခါတော့ "ဟိုက်"ဆိုတဲ့အသံက စိတ်ထဲတင်မက,တော့ဘဲ အပြင်ဘက်အထိပါ အသံကထွက်လာ ကာ ငှလက်ကိုဆွဲ၍ "သွားကြရအောင်၊ ဘာတွေမှန်းလဲ မသိဘူး" ဟုသာ ပြောလိုက်ရပါသည်။ ငှကတော့ သကြိန်ဆွဲခေါ်ရာနောက် သို့ ယက်ကန်ယက်ကန် နောက်ပြန်လှည့်ကြည့်ပုံစံနှင့် ပါလာရင်း ...

"ဖျားအုံလိုလူတွေရှိတယ်။ တုတ်နဲ့သွားထိုးရင် ပြန်အတုပ် ခံရမှာပဲ။ အစကတည်းက သွားကိုမပတ်သက်ရမှာ"

အစစ်ပဲ။ ပျားအုံလောက်မဟုတ်ဘဲ မြွေဟောက် သိုက်လောက် ဖြစ်မနေပါစေနဲ့ဟုသာ ဘုရားများများရှိခိုးဆုတောင်း ကြည့်ရတော့မှာပင်။

❋ ○ ❋

"ကြားသားမိုးကြိုး ... အရိုက်ခံရတဲ့သူက မင်းဖြစ်နေလိမ့်မယ်လို့ ဘယ်သူက ထင်ရဲမှာလဲ။ ငါဖြင့် အောင်ကြီးတော့ ရိုက်မှုဖြစ်ပြန်ပြီလို့ မင်းအဒေါ်ငယ်က ဖုန်းဆက်တုန်းက ခါတိုင်းလိုပဲထင်ပြီး ခု ဘယ်အပိုင်ကစခန်းမှာလဲဆိုတော့ အိမ်မှာပဲဆိုကတည်းက တစ်မျိုးပါလားလို့ ထင်နေတာ။ လက်စသတ်တော့ မင်းက ရိုက်လိုက်တာမဟုတ်ဘဲ အရိုက်ခံလိုက်ရတာကိုးကွ"

ဦးအယ်ဒီမှာ တစ်ခေါင်းလုံးမလည်း အုပ်ပေါင်းပေါင်းထားသလို ပုတ်တီးစတို့နှင့် ဖွေးဖြူလျက်။ ဘယ်ဘက်လက်တစ်ဖက်ကလည်း လည်ပင်းကြိုးသိုင်းလျက်နှင့် ဖြစ်နေသော တူတော်မောင်ရဲ့ဖြစ်အင်ကို သနားရ၊ စိတ်ပူရမယ့်အစား ရယ်တောင်မှ ရယ်ချင်နေပါသေးသည်။ တစ်သက်လုံး သူများတကာတွေရဲ့ ခေါင်းကိုချည်း လက်မြန်မြန်နဲ့ ရိုက်ခွဲလာခဲ့တဲ့ အကောင်စားမျိုးက ခုတစ်ချီကျတော့ သူကိုယ်တိုင်ပဲ တစ်ခေါင်းလုံးမှာအဖွေးသားနှင့်။

"မသေကောင်း မပျောက်ကောင်းပါလား အောင်ကြီးရယ်။ မင်းကိုတောင် လုပ်သွားနိုင်တယ်ဆိုတော့ မင်းထက်တောင် မိုက်သေးတဲ့ကောင်မျိုးဟာ ဘယ်သူများလဲ။ မင်းမသိလိုက်





ဘူးလား။ မင်းကို သူများတကာတွေ လုပ်ကြသလိုမျိုး အမှုဖွင့်တာတို့၊ လျော်ကြေးတောင်းတာတို့ လုပ်ဖို့တောင် ဘယ်သူက ဝင်ရိုက်သွားသလဲ မင်းလုံးဝမသိလိုက်တာလား ဟုတ်လား"

ဒေါ်လှလှဦးရဲ့စကားကြောင့် အောင်ကြီးရဲ့မျက်နှာကအတော်ကြီး မခံချိနိုင်တဲ့ရုပ်မျိုး ပေါက်သွားပါသည်။

"ဟုတ်သားပဲ ဟောကောင်၊ ဘာလို့ အမှုမဖွင့်တာလဲ"

"တော်ပါပြီ၊ ဘာဖြစ်လို့ ဖွင့်နေတော့မလဲ"

"ဘာလို့မဖွင့်ရမှာလဲကွ။ ပြီးကျတော့ ဒီ Police case ကို မင်းက အမှုမဖွင့်ဘဲ ဖုံးဖိထားပြီး ဘယ်ဆေးရုံဆေးခန်းက မင်းကိုချုပ်ပေး ဆေးထည့်ပေးလိုက်သလဲ"

"မချုပ်ရပါဘူး အပေါ်ယံတင်ပါ။ လက်ကလည်း အဆစ်လွဲရုံလောက်ပဲ။ မကျိုးဘူး၊ ဒေါ်လေးက အလကားသက်သက် အန်ကယ်လေးတို့ကို သွားခေါ်နေသေးတယ်"

"ဟောကောင် ... ဟုတ်ချင်မှ ဟုတ်မှာပေါ့။ ကိုယ့်ဘာသာကျိတ်လုပ်ထားပြီး နောင်ကျမှ Internal Bleeding တွေဘာတွေ လိုက်လာရင် အဲဒီကျမှ ပြဿနာကကြီးမှာနော် ဟောကောင်၊ ဒါမျိုးက ပေါ့ပေါ့လုပ်လို့မရဘူး"

"ဘယ်လက်ဆလောက်ဆို ဘယ်လောက်၊ ဘယ်လိုရှိမယ်၊ ဘယ်လောက်ထိမယ်ဆိုတာ ကျွန်တော်အသိဆုံးပါ အန်ကယ်လေးရယ်"

"တစ်သက်လုံး သူများတွေကိုချည်း တစ်ဆုံးတစ်စလုပ်လာတာ ကိုယ့်အလှည့်ကျတော့မှ အပေါ်ယံရုပ်ထိရုံလေးအဆစ်လွဲရုံလေးနဲ့ တစ်ဖက်ကကောင်ကို လွတ်သွားရသလားကွ။ ဘာမှလဲ သိပ်မဖြစ်ဘဲနဲ့ သတိလစ်သွားတာလား။ သတိလစ်မသွားရင်လည်း တစ်ဖက်ကကောင်ကို ဘာလို့အလွတ်ပေးလိုက်ရတာလဲ"

"အို ... ဦးအယ်ဒီ၊ ရှင်က ဘယ့်နှယ်ကြောင့် လူမိုက်အားပေးတွေ ပြောနေရတာလဲ။ ကိုယ်လည်း ဘာမှသိပ်မဖြစ်၊ တစ်ဖက်လူလည်း ဘာမှဖြစ်မသွားဘူးဆိုရင် ပြဿနာကမကြီးတော့ဘူးပေါ့၊ ပြီးတာပဲ"

"တစ်ဖက်လူလည်း ဘာမှဖြစ်မသွားဘူးဆိုတာကော ဟုတ်ရဲ့လား"

တစ်ချိန်လုံး ငြိမ်ပြီးလက်ပိုက်ပြီးတော့ပဲ ကြည့်နေသည့် သကြိန်က တစ်ခွန်းဝင်ထောက်လိုက်ပါသည်။ အဲဒီတော့မှ ဦးအယ်ဒီရော ဒေါ်လှလှဦးပါ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနှင့် ...

"ဟယ် ... ဒါဆိုရင် ခဏကြာကျ ဟိုဘက်က အမှုဖွင့်လာလို့ ဦးအယ်ဒီတို့ ရုံးရောက်ရ၊ စခန်းရောက်ရ ဖြစ်ရဦးမှာလား။ ဒီတစ်ခါတော့ သကြိန်ကို ဘယ်မှထည့်မလွှတ်ပေးနိုင်ဘူးနော်။ သူ့မှာ မင်္ဂလာကိစ္စလုပ်ဖို့ ရှိနေတာ၊ ရုံးသွား၊





ဂတ်သွားနဲ့ မင်္ဂလာမရှိတဲ့ကိစ္စတွေနဲ့ ကံနိမ့်သွားရမှာမျိုးတော့ အဖြစ်မခံနိုင်ဘူး။ မင်း အန်တီပြောတာကို နားလည်တယ်နော် အောင်ကြီး"

"အဲဒီကောင်ကလည်း ဖွင့်ချင်မှ ဖွင့်မှာပါ၊ မဖွင့်လောက်ပါဘူး"

"မင်းက ဘာဖြစ်လို့ အဲဒီလောက် သေချာနေရတာလဲ။ အဲဒီကောင်က မင်းယောက်ဖတော်နေလို့လား"

"ယောက်ဖတော့ မဟုတ်ဘူးပေါ့၊ အန်ကယ်လေးကလည်း"

အောင်ကြီးက သကြိန်ကို အပြစ်မကင်းလှသောရုပ်နှင့် ကြည့်လိုက်လျှင် သကြိန်မှာ ဘာမှသေချာရေရာမသိဘဲ၊ ခေါင်းစားနိုင်ဘဲနှင့်ကို သံသယစိတ်တို့နှင့် လူက "ဒိန်း" ခနဲဖြစ်သွားရကာ ...

"တစ်ဖက်ကလူက ဘယ်သူလဲ"

အောင်ကြီးက မဖြေ။

"ဘယ် ... ဘယ်သူလဲ။ ၄ ... ၄တို့ဘက်က တစ်ယောက်ယောက် မဟုတ်လား"

ဦးအယ်ဒီက သကြိန်ကို စိတ်ပျက်သလိုလို၊ လှောင်ပြောင်ချင်သလိုလို ကြည့်လိုက်ပါသည်။ သို့သော် အကွယ်အဝှက်မှ သိပ်မပီရိလှတော့တဲ့ အောင်ကြီးကို သကြိန်ရော ဒေါ်လှလှဦးပါ အတပ်သိပင် ရိပ်မိနိုင်လိုက်ကြလျက် ...

"အောင်ကြီး ... မင်းပြောတော့ သကြိန်ကို ဘာ့ကြောင့်မှ စိတ်မပျက်စေရဘူး။ စိတ်အနှောင့်အယှက် မဖြစ်စေရဘူးဆို"

"သူ့ဦးလေးလား"

ဒေါ်လှလှဦးနှင့် သကြိန်တို့ သံပြိုင်ဆိုသလိုပင် ပြောလိုက်ကြပါသည်။ သကြိန်မှာ အောင်ကြီး၏လက်တစ်ဖက်ကိုပါ ဆွဲကိုင်လှုပ်လိုက်ရင်းက ...

"ဘာဖြစ်သွားပြီလဲ၊ ဘယ်လောက်အထိ ဖြစ်သွားလဲ"

သကြိန်ကိုင်လှုပ်လိုက်မိတာ အောင်ကြီးရဲ့သိုင်းစည်းထားတဲ့ ဘယ်ဘက်လက်ဖြစ်ကြောင်း ဦးအယ်ဒီရော ဒေါ်လှလှဦးပါ မြင်လိုက်ကြသည်။ ဘာမှလဲ မဖြစ်ပါလား။ ဒေါ်လှလှဦးမှာ ကိုယ့်ခေါင်းကိုယ်ပဲ လက်သီးဆုပ်နှစ်လုံးနှင့်ထုကာ ထုကာနှင့် ...

"သေလိုက်ချင်တယ် ... ငါပဲသေလိုက်ချင်ပါတော့တယ်။ အစ်မကြီး ဒေါ်ခင်ခင်ထားကို ဘယ်လောက်အားနာစရာကောင်းထားလိုက်သလဲ။ သူ့ခမျာ သူ့ယောက်ျားကိစ္စတစ်ဖက်နဲ့ ဒီလောက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတဲ့အချိန်မျိုးမှာ ဒီဘက်က အမျိုးတစ်ယောက်က သူ့မောင်ကိုပါ ရိုက်လွှတ်လိုက်ပြန်ပြီဆိုတော့ နင် ပြောထားဆိုထားရက်နဲ့ ဘာကြောင့် ဒီလောက်ဒုက္ခပေးရတာလဲဟင် ! ... အောင်ကြီး။ မင်းညီလေးရဲ့ကိစ္စမှာ မင်းကြောင့် တစ်ခုခုထိခိုက် ထစ်ငေါ့သွားမှာ မင်းမပူဘူးလား ... ဟုတ်လား"





သကြိန်က ငှဆီ အမြန်ဆုံး ဖုန်းလှမ်းဆက်လိုက်ပါသည်။

"ငှ ..."

ဒီတစ်လုံးကလွဲပြီး ဘာမှမပြောရဲပါ။ သူ့ဦးလေးအကြောင်းကို ငှ သိပြီးပြီလား။ အစ်ကိုအောင်ကြီးလက်ချက်ဆိုတာရော သိသလား။ ဦးမောင်လတ် တစ်ယောက် ဘာတွေဘယ်လောက်ထိ ဖြစ်ကုန်ပြီလဲ။ စိုးရိမ်ရသလား။ သကြိန်မှာ ပါးစပ်မှာ အသံတိတ် (silencer)ကိရိယာ အတပ်ခံထားရသလို မေးစရာမေးခွန်းများအပြည့်နှင့် ပြောထွက်လို့ မရနိုင် ဖြစ်နေသည်။

"ဦးလတ်က မသေနိုင်သေးပါဘူး။ (၄)ချက်လောက်ပဲ ချုပ်ရတာပါ။ တကယ်စိုးရိမ်ရတာက မေ့မေပဲ။ ခု(--) ဆေးရုံက အရေးပေါ်ဌာနမှာ သွေးတွေစွတ်တိုးလာလို့လေဖြတ်သွားမှာစိုးလို့လေ။ ဒီတစ်ညတော့ ဒီမှာပဲနေရမယ်။ (24)hours observation ထား,ထားပြီးမှ ဘာဆက်လုပ်မလဲ သိရမယ်"

"ဟာ ... ဒါဖြင့် ခုလာခဲ့မယ်"

"မလာပါနဲ့ ရတယ်၊ အဲဒီဘက်မှာရော ဘာဖြစ်သွားသေးလဲ"

ဒီလိုဆိုရင်တော့ သူ့ဦးလေးရဲ့(၄)ချက်ကိစ္စဟာ သကြိန်ရဲ့အစ်ကိုရဲ့လက်ချက်ဖြစ်ကြောင်း သူ သေချာကိုသိပြီးပြီပေါ့။

"အဲ ... ခေါင်းကတော့ ပတ်တီးနဲ့၊ ဘယ်ဘက်လက်က လည်း ကြိုးသိုင်း ..."

"တကယ့်ပညာရှင် သမ္မာကြီး ဆရာကြီးဆို။ ဦးလတ်က ဘာလို့ အဲဒီလောက် အစွမ်းအစ ရှိရတာပါလိမ့်။ တစ်ခါမှ လည်း ရန်တောင်မဖြစ်ဖူးဘဲနဲ့။ တော်တော်ထူးဆန်းတဲ့ကိစ္စ တွေတော့ ဖြစ်ကုန်ပြီ"

"အဲ ... ဟိုဒင်း ... ကိုယ်ကိုယ်ကိုယ် ကာကွယ်ရင်းနဲ့ ရန်သမ်းတုံ့ပြန်လိုက်တာများလား"

"ဦးလတ်ကလား"

"အင်းလေ ... အင်းပေါ့"

"ဒါဆို ဒါပဲ။ မေမေ့ဆီ ခဏပြန်သွားလိုက်ဦးမယ်။ မလာခဲ့နဲ့ဆိုတာ တကယ်ပြောနေတာနော်။ မေမေ့စိတ်ခံစားချက်က ဘယ်လိုနေမယ်မှန်း မပြောတတ်သေးဘူး။ မျက်နှာတွေ့ မြင်လိုက်ကာမှ သွေးပြန်တက်လာရင် ခက်မယ်"

"ဟုတ်ပါပြီ ... အန်တီ့စိတ်ခံစားချက်က မပြောတတ်သေးဘူးဆိုရင် ငှရဲ့ခံစားချက်ကရော"

ငှက ဘာမှထပ်မပြောတော့ဘဲ ဖုန်းချသွားခဲ့ပါသည်။ သကြိန်မှာ အစ်ကိုအောင်ကြီးတို့ထံသို့ မြန်မြန်ပြန်ပြေးလာခဲ့ပြီး တစ်ခေါင်းလုံး ဖွေးနေတဲ့ပတ်တီးစတွေနဲ့ လက်ကကြိုးသိုင်းကြီးကိုပါ စိတ်ရှိလက်ရှိ ဆွဲလွှဲဖြုတ်ပစ်နေတော့လျှင် အောင်ကြီးကရှောင်ရှားပုတ်ထုတ်လျက် ...





"ဟော့ကောင် ... နာ ... နာတယ်နော်။ မင်းအဖေပြောသလို နောက်ဆက်တွဲ Internal Bleeding တွေ ဘာတွေရှိမရှိမသိရသေးချိန်မှာ ဒီအချိန်မျိုးက ငြိမ်ငြိမ်ကလေးနေ,နေရမှာ မဟုတ်လား။ ဟော့ကောင် ... မ,စိတ်မွန်နေတာနဲ့ပဲ ညီအစ်ကိုချင်းကို အကြင်နာတရားမရှိ ..."

"ခင်ဗျားမို့လို့ ကလိမ်ကကျစ်ဉာဏ်နဲ့ မွှန်းပွဲရုံလောက်ကို ပတ်တီးဖိုး ဒီလောက်အကုန်ခံ ပြထားတယ်။ အဲဒါဘာလုပ်တာလဲ ခင်ဗျား။ ဘာကိစ္စ အဲဒီတစ်ယောက်ကို ပြဿနာသွားရှာရတာလဲ။ ခင်ဗျားမှာ ကျွန်တော့်အတွက်ဆိုတဲ့ ဆင်ခြင်တွေးခေါ်ပေးချင်စိတ်မျိုး တစ်စက်မှ ရှိမနေရင် ကျွန်တော်ကရော ဘာကြောင့် ညီအစ်ကိုချင်းလို့ တွက်ပေးနေရမှာလဲ"

ဦးအယ်ဒီက ပတ်တီးတွေတစ်ပုံကြီးအောက်ကအမွှန်းအပွဲတွေကို ကြည့်လိုက်ပြီးတော့မှ "ဟိုဘက်က ဘာဖြစ်သွားသတဲ့လဲ" ဟုမေးသည်။

"(၄)ချက်ချုပ်ရတယ်တဲ့"

"ဩော် ... ဘယ်လောက်တောင် များလဲလို့။ ယောက်ျားချင်း ရန်ဖြစ်ကြတာ ဒီလောက်တော့ ထိမိခိုက်မိ ရှိကြမှာပေါ့။ ဘယ်တုန်းကမှ အမွှန်းအပွဲတောင် ပါမလာတဲ့ အောင်ကြီးကို ဒီလောက်နာအောင်ကျင်အောင် လုပ်နိုင်လိုက်ရင် အဲဒီကောင်ကလည်း မခေပါဘူး"

"ဘယ်သူက နာကျင်နေတာလဲ !"

"အေးကွာ ... မင်းကလည်း။ တကယ်မနာကျင်ဘဲနဲ့ မင်းအစ်ကိုက မင်းပြောမှာဆိုမှာစိုးလို့ ပတ်တီးတွေစည်းပြီးဟန်ဆောင်ပြထားတယ်ဆိုလည်း ဒါ မင်းကိုရှိန်လို့၊ လန့်လို့၊ မင်းအငြိုအငြင်ကို မခံနိုင်လို့ မဟုတ်ဘူးလားကွ၊ ဒီလိုလှည့်တွက်ပေးလိုက်ပါလား"

"အငြိုအငြင်မခံချင်ရင် အဲဒီလိုလူမျိုးလောက်ကိုတော့ ရှောင်လေ"

"အဲဒီကောင်ကလည်း ဘယ်လောက်ရိုက်ချင်စရာကောင်းလောက်အောင် ဘာတွေလုပ်နေသလဲမှ မသိတာ"

"ဦးအယ်ဒီ ... ရှင့်အမျိုးကို ကာကွယ်ချင်နေတာနဲ့ပဲ ဒီလိုလူကြီးစကားမဟုတ်တော့တဲ့ ဟာမျိုးတွေကို မပြောနဲ့လေ"

"မင်းသား ဖျပ်ဖျပ်လူး ဖြစ်ပြနေတာကို အမြင်ကတ်တာလည်း ပါတယ်ကွ"

"လူးမှာပေါ့။ သူ့ယောက္ခမလောင်းကို သူ ဘယ်လိုလုပ်မျက်နှာပြမလဲ"

"မင်းကို ငါပြောထားတယ်။ ဆောက်ဖြစ်မှ ကျောင်းဒကာကိစ္စတွေကို အဟုတ်ကြီး ... အဟုတ်ကြီး လုပ်,လုပ်ပြီးစကားထဲ ထည့်,ထည့်ပြောမနေပါနဲ့ဆို။ မင်းပြောသလိုကြီး လိုက်တွက်ပြီး ခုကတည်းက ဟိုဘက်အမျိုးဘက်ကပဲသေလောက်အောင် ဝင်နာပြမနေရင် ဒီကိစ္စကအရှင်းကြီး။





ခါတိုင်း အောင်ကြီး လက်ချက်မိသွားတဲ့ကောင်တွေရဲ့မိသားစုတွေဘက်က မင်းတို့သားအမိ ခုလိုပဲ ဖျပ်ဖျပ်လူးလိုက်နာနေကြသလား ...

သူ့အဖေကိစ္စက ဘယ်လိုလဲ ... ဘာလဲ၊ ကိုယ်လည်းအတပ်သိနိုင်တာ မဟုတ်ဘူး။ ကိုယ့်ပါအမှုကလာပတ်နေရင် ဘယ့်နှယ့်လုပ်မလဲ။ ထမင်းလေးတစ်ခါလောက် အတူစားဖူးရုံနဲ့ မင်းကလည်း မဖြစ်မနေ လုပ်ကိုလုပ်ရတော့မယ့်ကိစ္စလို့ ထင်မနေနဲ့။ ဟိုကောင်ကလည်း ဘေးလူအမြင်ကတ်လာရအောင် ဆတ်စလူးထပြမနေနဲ့"

"ရှင် ဒီလိုမပြောနဲ့၊ ဘာမှမဆိုင်တဲ့ သူစိမ်းတွေဆိုရင်တောင် အရင်ကိစ္စတွေတုန်းက တစ်ဖက်က မိသားစုတွေကို ရှင်တို့ပဲ ထိုင်ရှိခိုးရတော့မတတ် တောင်းပန်ကြရတာ မဟုတ်လား။ ခုဟာက သူစိမ်းတွေလို့ ဘယ်လိုမှ သဘောထားလို့မရတဲ့သူတွေကိစ္စ။ သူ့အဖေကြီးမှာ ပြဿနာတစ်ခုခုရှိနိုင်တာနဲ့ပဲ ပြောထားဆိုထားကြတဲ့ကိစ္စကို ရှေ့မဆက်နိုင်တော့ဘူး။ ပြီးပြီ၊ သဘောမတူတော့ဘူးလို့ ထလုပ်ရမှာလား။ ကိုယ့်သားပဲ စိတ်ဆင်းရဲရမယ့်ကိစ္စ"

"မရဲနဲ့ပေါ့ကွ။ ကိုယ့်မိဘက မကောင်းဘူး၊ မသင့်ဘူးထင်ရင် သားသမီးက ဆင်ခြင်လိုက်။ ဒါပဲရှိတာ။ အမှုကြီးအခင်းကြီးနဲ့ လူမျိုးကို ငါကလည်း ပတ်ကိုမပတ်သက်ချင်တာ"

"ဦးအယ်ဒီ ... ခုကိစ္စက ရှင့်တူက သူများမောင်၊ သူများဦးလေးကို ရိုက်လွှတ်လိုက်တဲ့ကိစ္စကို ပြောနေကြတာ။ မဆိုင်တာတွေ ရှင်လျှောက်မပြောနေနဲ့"

"ဘာလို့ မဆိုင်ရမှာလဲ၊ ဒါ တစ်လက်စတည်းကိစ္စပဲ"

အောင်ကြီးတို့နှင့် တစ်အိမ်တည်းအတူနေ၊ ဦးအယ်ဒီ၏ညီမအငယ်ဆုံး အပျိုကြီးမှာ စကားတွေများပြီး ထသတ်ကြတော့မယ့် အစ်ကိုနဲ့ ယောက်မတို့ကို ဟိုလူ့ကြည့်တားလိုက်၊ ဒီလူ့ကြည့်ဆွဲလိုက်နှင့်။ ကြားထဲကနေ မျက်လုံးလေးဝိုင်းလို့။ အံကြိတ်ထားပြီး တစ်ဖက်သို့ မျက်နှာလွှဲထားသည့် သကြိန်ကိုလည်း ပခုံးလေးဝှတ်ခါ၊ ပုတ်ခါနှင့် နှစ်သိမ့်ဖေးမလို့။

သကြိန်မှာတော့ အသည်းထဲကနေနင့်ပြီး နာကျင်နေရသည်။ ဖေဖေဟာ အရင်က အဲဒီလို လူမိုက်အားပေးလုပ်ရပ်မျိုးတွေ၊ ဘာအဓိပ္ပာယ်မှမရှိတဲ့ စကားမျိုးတွေ မလုပ်ဖူး၊ မပြောဖူးပါ။ ခုကတော့ လူသိရှင်ကြား တခမ်းတနားကြီး ထကျင်းပဖြစ်တော့မယ့် သားရဲ့မင်္ဂလာပွဲကို မပျက်ပျက်အောင် ဖျက်ချင်နေသည်မို့သာ။

"ဖေဖေက ဦးမျိုးမြတ်ကို ဘယ်လိုမှ ကြည့်မရအောင် မုန်းနေလို့ ဒီကိစ္စကို ပျက်စေချင်နေတာလား။ ဒါမှမဟုတ် ဒီကိစ္စကို ပျက်ကိုပျက်စေချင်နေလို့ ဦးမျိုးမြတ်ကိုပဲ ခါးခါးသီးသီး ဖြစ်ပြနေရတာလား"

"ဟိတ်ကောင် ... မင်းက ဘာစကားပြောတာလဲ"





ဦးအယ်ဒီတစ်ယောက် သကြိန်ရဲ့စကားကြောင့် ဘရှူးရှူး တရှဲရှဲနှင့် ဝုန်းဝုန်းဒိုင်းဒိုင်းဖြစ်သွားလျှင် ဒေါ်လှလှဦးက ဦးအယ်ဒီကို မျက်လုံးပြူးကြီးနှင့် ကြက်သေကြီးသေသလို စိုက်ကြည့်လျက် ...

"သားက ဘာပြောတာလဲ"

"ဘယ်သိမလဲကွ။ မင်းသားက မွန်တဲ့ဘဝမှာ အဖေကို တောင် လူပါးဝပြီး ပမာမခန့်နဲ့။ သူ ဘာတွေလျှောက်ပြောနေလဲ သူပဲအသိဆုံးနေမှာပေါ့။ သိချင်ရင် ကိုယ့်သားကိုယ်မေးပါလား။ ဟိုဘက်က ဘာတွေထစ်လွှတ်လိုက်မှန်းမသိ။ ဒီဘက်မှာလာပြန်ပြီး ပေါက်ကွဲပြနေလိုက်တာ။ မွေးရကျိုးနပ်တဲ့ကောင်"

ဒီတစ်ခါမှာတော့ နာကျင်နေသည်ဆိုတဲ့ အောင်ကြီးကပဲ ထိုးတော့မလို၊ ကြိတ်တော့မလို ဝုန်းဒိုင်းကြဲနေသည့် သူ့ဦးလေးသူ့ အတင်းဆွဲကာ ကုလားထိုင်တစ်လုံးပေါ် အတင်းဖိချငြိမ်သက်စေလိုက်ပြီးမှ သကြိန်ဘက်လှည့်ကာ စိတ်မကောင်းတဲ့မျက်နှာနဲ့ ...

"သကြိန်ရာ ... မင်းနဲ့ပတ်သက်ရင် ငါ ဘာပြဿနာမှ မလုပ်ချင်တာ မင်းသိပါတယ်။ ငယ်ငယ်လေးတည်းက မင်းကိုလာစတဲ့ အကောင်တွေကိုသာ ငါကဝင်ပါပြီး ဆုံးမပေးခဲ့တာ ငါ့ကိစ္စတွေ ငါ့ပွဲတွေထဲ မင်းကို တစ်စွန်းတစ်စလောက်တောင်မှ ဆွဲသွင်းခဲ့လို့လား။ ငါ့မှာ ဒီညီတစ်ယောက်

ပဲရှိတာ။ မင်း ဒုက္ခရောက်အောင်တော့ ငါကတမင်လုပ်ပါ့မလား ...

အဲဒီလူက စပြဿနာရှာတာပါ။ အကင်ဆိုင်တစ်ခုမှာ ဆုံဖြစ်ကြတော့ ကြားထဲက ခင်တဲ့ကောင်တစ်ကောင်က ဟိုပြောဒီပြော လက်ညှိုးထိုးပြဆိုတော့ သူ ဘယ်သူလဲဆိုတာ ငါကသိလိုက်ပြီ။ သူကတော့ သူ့ဘေးကဝိုင်းမှာရှိနေတဲ့ကောင်က သူ့စကားတွေထဲက ပြဿနာကောင်ပဲဆိုတာ မသိတော့ ပယ်ပယ်နယ်နယ်ကို လိမ်ညာကောက်ကျစ်နေတော့တာပေါ့။ ဒီကောင်က ငါ့ကို ပြဿနာကောင်တဲ့ကွ။ သူ့တူမကပဲ ငါ့ကြောင့် စိတ်ဆင်းရဲရသယောင်ယောင်၊ သူ့တူသမက် မင်းကပဲ ငါ့ကြောင့် ပြဿနာတော၊ အရှုပ်ထုပ်ထဲ ရောက်နေသယောင်ယောင်။ သူကပဲ စိတ်တွေဆင်းရဲနေရသယောင်ယောင် သူတို့ဝိုင်းကကောင်တွေကို ပြောပြနေတာကွ ...

ပြောတာကလည်း ငါ့နာမည်ကြီး အတိအကျနဲ့ကွာ။ ငါ့ကို သူ ဘယ်သူလဲဆိုတာ ပြထားတဲ့ကောင်ဖြင့် မျက်လုံးကိုပြူးနေတာပဲ။ မူးလို့လျှောက်အာချောင်နေသလား ထင်ရအောင်ကလည်း အကင်ဆိုင် လာထိုင်ပြီး ဘီယာတစ်ခွက်လောက်တောင်မှ မှာသောက်မထားဘူး ...

အမှန်က သူ့ဝိုင်းက လူတစ်ယောက်က သူ့သမီးအိမ်ထောင်ရေးကိစ္စနဲ့ မိဘတွေစိတ်ဆင်းရဲရတဲ့အကြောင်း





စပြောတာ။ အဲဒါဝင်ပြောစရာအကြောင်းမရှိလည်း ငြိမ်နေပေါ့ကွ။ ပြောကလည်း ပြောချင်တော့၊ သူကတော့ သမီးမရှိပေမယ့် တူမတစ်ယောက်မှာတော့ ဒီလိုဒီလိုဆိုပြီး မင်းတို့ချင်းမပြေလည်ကြရင်ပဲ သူ့ခေါင်းပေါ်မှာလိုလို ကယ်တင်ရှင်ကြီးဂိုက်ဖမ်းပြီး လျှောက်ပြောနေတာ ...

အဲဒီလောက် ပလီစိချောက်ချက် ထိုင်လုပ်နေတာကို အကင်ဆိုင်တင် ပွဲသိမ်းပစ်လိုက်ရမှာ။ မင်းမျက်နှာထောက်လွန်းလို့ အချိန်တစ်နာရီလောက်ဆိုင်းပြီး သူ့အပြန်ကိုထိုင်စောင့်ပေးနေလိုက်ရလို့သာ ငါ နည်းနည်းသွေးအေးသွားပြီး မကောင်းတတ်ပါဘူးလေလို့ စိတ်လည်းထိန်းလိုက်လို့ သင်း (၄)ချက်ပဲ ချုပ်ရတာ ...

ဒီပွန်းတာပဲ့တာတွေကလည်း အဲဒီကောင်ကြောင့်မဟုတ်ပါဘူး။ ပါးစပ်ကသာ မဟုတ်တာတွေကို အာကျယ်ပါကျယ်လုပ်ရဲတာ။ လူကတော့ ငနပဲ။ တစ်ချက်လောက်ပေးလိုက်တာနဲ့ကို ခွေပစ်လဲသွားတာ။ ငါ့ကိုယ်ပေါ်ကဟာတွေက ကြားထဲက နှစ်ဖက်ခင်ကောင်က ဝင်ဆွဲရင်း ထိမိရုံလောက်ပါ။ အဲဒီကောင်လုပ်တာ "မဟုတ်ဘူး"

အောင်ကြီးက သူ့စကားတွေကို "ငါက လူလိမ္မာ ီးတော့ မဟုတ်ပေမယ့် ငါ့အကြောင်းကို မကောင်းပြောချင်ရင် ယ်နှစ္စနှစ်က ဘယ်ကောင့်ကို ဘာလုပ်လိုက်လို့ ထောင်ဘယ်နှနှစ် သွားတဲ့ကောင်၊ ဘာညာမျိုး ပြောချင်ပြောလေကွာ။ မိန်းမကိစ္စ

တို့ ဘာတို့ကျတော့ ငါနဲ့ ဘာပတ်သက်သလဲ။ မင်းကို ရှေ့တင်ကြီး အဲဒီလိုဖြီးဖျန်း ရွတ်ချခံနေရရင် မင်းကော ကျေနပ်နိုင်ပါ့မလား၊ စိတ်ထိန်းမရရင် လက်ပါသွားတာကတော့ ငါ့ရဲ့အားနည်းချက်ပေါ့။ မတတ်နိုင်ဘူး"ဟု စိတ်ပျက်လက်ပျက်ကြီး အဆုံးသတ်လိုက်ပါသည်။

သူ့စကားတွေကို ကြားလိုက်ရမှပင် သူ့ထက်ပိုပြီး စိတ်ပျက်လက်ပျက်နဲ့ အပြစ်မကင်း ဖြစ်သွားရသူက သကြိန်ခဲ ဖြစ်တော့သည်။ အပြီးသတ်ကျတော့ ငှဦးလေးရဲ့ခေါင်းပေါ်က ချုပ်ရာ(၄)ချက်ဟာ သကြိန်ကြောင့်ပါပဲလား။ ဦးလေးနဲ့ သူငယ်ချင်းကြီးလိုပေါင်းတာဆိုတဲ့ တူမချောက ဖြစ်ဖြစ်နေသမျှ လုံးစေ့ပတ်စေ့ကို သူ့သူငယ်ချင်းကြီးကို ပြန်ရင်ဖွင့်။ သူငယ်ချင်းကြီးကလည်း ကျားရှေ့မှ မှောက်ရက်လဲဆိုသလို ကာယကံရှင်ကြီး ငုတ်တုတ်ရှေ့ထားပြီး အာချောင်မိ ...။

"အဲဒီကောင် ခွေသွားတော့မှ ဒေါ်လေးကလည်း တစ်ခုခုဆို မင်းတို့အိမ်ကိုပဲ အရင်အကြောင်းကြားလိုက်မှာပဲ။ မင်းတော့ ငါ့ဆဲတော့မှာပဲဆိုပြီး ငါ့ဘာသာငါ ပတ်တီး ပြန်ပတ်ချည်ပြထားတာကွာ။ ကဲ ... ဘာလုပ်ချင်လဲ"

"ဘာမှမလုပ်ချင်တော့ဘူး။ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင် အဲဒီလူမှာလည်း အပြစ်မရှိဘူး။ စကားများရုံလောက်ပဲ ရှိတာ"

"လူလိမ်သက်သက်လေကွာ"





"အဲဒါ သူ တမင်ထွင်ပြီး လိမ်တာမဟုတ်ဘူး။ သူ့တူမက သူ့ကိုပြန်ပြောပြထားတာပဲ ဖြစ်လိမ့်မယ်။ သူ့တူမကို အဲဒီလိုဆန်ဆန်မျိုး အစ်ကို့နာမည်သုံးပြီး ပြောထားမိတာကတော့ ဘယ်သူမှ မဟုတ်ဘူး ကျွန်တော်ပဲ"

"ဟာ ... မင်း ... မင်းက ဘာကြောင့်လဲ"

"မိန်းမတစ်ယောက်နဲ့ ကျွန်တော်နဲ့ ကိစ္စတစ်ခုရှိလို့ မဖြစ်မနေ ချိန်းတွေ့ကြရတာ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ငှနဲ့မှတိုးနေလို့၊ အဲဒါ အစ်ကို့ကိစ္စလို့ ..."

အောင်ကြီးကား သကြိန်ကသာ "ကျွန်တော့်ကိစ္စမှာ ဘာလို့ ပြဿနာဝင်ရှာရတာလဲ"ဟု ဒေါသအကြီးအကျယ်နှင့် ဖြစ်နေတာ။ သူကတော့ "မင်းက ဘာလို့ ငါ့နာမည်ကိုဆွဲသုံးလိုက်ရတာလဲ" ဘာညာမခံမရပ်နိုင်တွေ ဖြစ်နေသူမျိုးမဟုတ်ပါ။ သဘောတကျကြီးနဲ့ "တဟားဟား"တောင် အော်ရယ်လိုက်သေးရင်း ...

"တစ်ခါနိုး တစ်ခါမိ၊ ပိပိရိရိလည်း မလုပ်တတ်ဘဲနဲ့ တန်းတိုးတော့ ငါ့ကိစ္စတဲ့။ ဟား ဟား ဟား။ မင်းတော်တော်ဟုတ်တဲ့ကောင်ပဲ။ ဒါဆိုလည်း ဟုတ်တာပေါ့။ ဟိုအကောင်ကြီးက တမင်လိမ်တာ ဘယ်ဟုတ်မလဲ။ ဒါဖြင့် ငါ အဲဒီကောင်ကြီးနဲ့ မင်းကောင်မလေးတို့ကို လိုက်တောင်းပန်ပေးရမလား"

"မလိုဘူး ... မလိုဘူး။ သူ့အမေက ဒီကိစ္စကြောင့်ဆေးရုံရောက်သွားရတာကို ကျွန်တော့်တောင် လာမတွေ့နိုင်းဘူး။ သွားတောင်းပန်မှ ပိုဆိုးနေမယ်၊ ထားခဲ့လိုက်တော့၊ ကျွန်တော်ပဲ ကြည့်လုပ်လိုက်မယ်"

အောင်ကြီးကတော့ သူ့ညီက "တစ်ယောက်ဆိုတစ်ယောက်၊ ပိတောက်ဆိုပိတောက်" မွှန်ထူစွဲလမ်းနေရတာမျိုးမဟုတ်ဘဲ နောက်တစ်ယောက် ထပ်ရှိလိုက်သေး ဆိုတာမျိုးကိုပဲ သူတွေးချင်သည့်ဘက်က လှည့်တွေးကာ အူရွှင်ကျေနပ်လျက်။ ခေါ်လှလှဦးမှာတော့ ယူကျုံးမရ၊ စိတ်ပျက်လက်ပျက်နိုင်လှတဲ့ မျက်နှာထားနှင့် ...

"သား ... မင်း ... အဲဒါက ဘယ်လိုဖြစ်ရတာလဲ"

"ဗျူး ... ကျွန်တော့်မင်္ဂလာပွဲကို သူပါတက်ကိုတက်ရမှ၊ နို့မို့ပွဲတောင်ပျက်သွားနိုင်တယ်ဆိုတဲ့ မိန်းမတစ်ယောက် ရှိနေတယ် မေမေ။ ဒါပေမဲ့ ကျွန်တော်နဲ့ ဘာမှမပတ်သက်တဲ့ မိန်းမဆိုတာ မေမေ ယုံထားလို့ရပါတယ်"

"မ ... မပတ်သက်ဘူးဆိုရင် သူက ဘာဆိုင်လို့ ..."

"အဲဒီလို မဆိုင်အောင်ဘဲ ကျွန်တော်လည်း စီစဉ်နေတာပါ။ ဒီလိုလုပ်ပါလား မေမေ။ ငါက ကျွန်တော့်ကို မလာနဲ့ဆိုပေမယ့် မေမေကတော့ အန်တီဒေါ်ခင်ခင်ထားကို သတင်းသွားမေးလို့ ရနိုင်မယ်နဲ့ တူပါတယ်"

"အေး ... အေး ... အေး ... မေမေ သွားလိုက်မယ်"





သကြိန်က အစ်ကိုအောင်ကြီးတို့၊ မေမေတို့နဲ့ စကားပြောနေစဉ် တောက်လျှောက်မှာ ဖေဖေရှိရာခုံဘက်သို့ တစ်ချက်ကလေးမှ လှည့်မကြည့်ပါ။ ဒါပေမဲ့ ဖေဖေ့မျက်နှာ ဘယ်လိုဖြစ်နေမလဲ။ ခေါင်းထဲကအတွေးနဲ့ ရင်ထဲက ခံစားချက်တို့ကကော ဘယ်လိုလဲ ဆိုတာကိုတော့ သိချင်လှလေသည်။

*○*

## အခန်း(၅)

ဆူဆူညံညံကားသံကြီးတစ်ခု နောက်မှာ တံခါးဘဲလ်သံကိုပါ ကြားလိုက်ရ၍ အိမ်ရှေ့သို့ ထွက်လာတဲ့ ဒေါ်လှလှဦး တစ်ယောက် ပေါ်တီကိုအောက်က မြင်ကွင်းကြောင့် ရုတ်တရက် ကြောင်တောင်တောင်ကြီးပင် ဖြစ်သွားရပါသည်။ ဘယ်လောက်မှမမြင့်လှတဲ့ ပေါ်တီကိုရဲ့အောက်ကို ကွက်တိလေးနီးပါး၊ ခေါင်မိုးနဲ့ထိလုလု တိုက်လုလုဝင်ပြီး ထိုးဆိုက်ထားတာက ဘီအမ်ဘတ်စ်ငယ်တစ်စီး။ အဲဒီအပေါ်မှာတော့ ...။

"ရွာမှာလူမှ ကျန်သေးရဲ့လား။ တစ်ရွာလုံးနီးပါး ဖြစ်နေပြီ"

အမေတို့သား၊ သားတို့အမေ၊ စကားကို အဲဒီလိုကြီးပဲ ပုဝင်ခပ်ခပ်၊ ရွှဲ့တဲ့တဲ့ပြောတတ်သော ယောက္ခမကြီးရဲ့စကားကို လျှစ်လျူရှုကာ ဒေါ်လှလှဦးက တံခါးမကြီးသော့ကို ပြေးဖွင့်သည်။

"ဒါက ဘယ်လိုဖြစ်ပြီး ဘယ်ကနေ ဘယ်လို ..."





စကားကိုဆုံးအောင်ပင် ရှေ့မဆက်နိုင်ပါ။ တစ်ယောက်၊ နှစ်ယောက်၊ သုံးလေးယောက်။ အင်း ... ယောက္ခမကြီးပြောချလိုက်သလို တစ်ရွာလုံးနီးပါးတော့ မဟုတ်ပေမယ့် လူနှစ်ဆယ်နီးပါးဆိုတော့ တစ်မျိုးလုံး တစ်ဆွေလုံး ပုစုခရုတွေပါ ကုန်သလောက်နီးနီးပဲ ဆိုပါတော့။ ဘီအမ်ဘတ်စ်ကို စီးလုံးတိုက်ကိုငှားစီးလာကြတော့တာပဲလေ။

ဒေါ်လှလှဦးမှာ "ငါ ဘာလုပ်ရင်ကောင်းမလဲ" ဟု အလျှင်အမြန်ကြီး တွက်ချက်နေရပါပြီ။ ကိုယ်တွေ ရွာအလည်ပြန်ရင် တစ်အိမ်တစ်ရက်နဲ့ တက်တည်းတာတောင် ခဏလာတဲ့ လေးငါးရက်အတွင်းမှာ အမျိုးတွေက-အိမ်ပေါက်မဇေ့လို့ ကောက်ကြ၊ ချိတ်ကြ။ နေ့စဉ်နဲ့အမျှ ဘုန်းကြီးဆယ်ပါး ဆွမ်းကပ်သလောက် လျှံပလံနေတဲ့ ထမင်းဝိုင်းမှာ "သူ့ဟင်းတော့စားတယ်၊ ငါ့ဟင်းတော့ မထိလို့"နဲ့ စူဇကာဗိုက်ပဲ ခဏငှားရတော့မလိုလို စိတ်မကောင်းကြ၊ ခနဲ့ကြ။

ကိုယ်တွေ တစ်အိမ်ထောင်ကို တစ်ရွာလုံးက ဘဝရှင်မင်းတြားကြီးတွေ ကြွလာသလို ဂရုစိုက်နိုင်ခဲ့ကြပေမယ့် ကိုယ့်မှာတော့ တစ်မျိုးလုံးနီးပါး ပေါက်ချလာတဲ့အဖြစ်ကို စိတ်အညစ်ကြီး ညစ်ညူးပြီး ဘာလုပ်ရမှန်းမသိ ဖြစ်သွားရတော့တာပင်။

အိမ်မှာတော့ ဘယ်လိုမှ အတည်းခံလို့ မဖြစ်ပါ။ ဤအိမ်ကား ကိုယ့်အိမ်လည်းမဟုတ်။ ယောကျ်ားရဲ့အိမ်၊ ယောက္ခမ

အိမ်ဖြစ်တဲ့အပြင် လူနှစ်ဆယ်နီးပါး စုပေါင်းပြီး ကြမ်းပြင်ပေါ်မှာပဲ တမြော်ကြီးအိပ်ကြမယ်ဆိုရင်တောင် အဲဒီလောက်ကျယ်တဲ့ သင့်သင့်တင့်တင့် ဟောလ်တိုက်ပ်အခန်းမျိုး ဒီအိမ်မှာမရှိပါ။ ဒါဖြင့် ဟိုတယ်လောက်မဟုတ်တောင် တည်းခိုခန်းပဲသွားပို့ထားရမယ်ဆိုရင်ပင် တစ်နေ့ကို ရှစ်ခန်း၊ ကိုးခန်းစာနီးပါး။ ဘုရားရေ ဘယ်နှရက်လောက်များ နေကြမှာပါလိမ့်။

"သကြိန်ရဲ့မင်္ဂလာပွဲကိစ္စရှိတယ်" ဆိုကတည်းက "တစ်ရွာလုံးလာမှာပေါ့"ဟု လေသံပစ်ထားကြတဲ့ အမျိုးတွေ မင်္ဂလာကိစ္စက တစ်လလည်းမဟုတ်။ နှစ်လလည်းမက သုံးလလေးလ တိတိကျကျ ထပ်အကြောင်းကြားမလာတော့တဲ့အခါ (ဦးအယ်ဒီ ပြောသလိုဆို) အကျီတောင် ကြိုချုပ်ပြီးကြပြီဆိုသူတွေ စိတ်မရှည်နိုင်ကြတော့ဘူးထင်သည်။

"ဟိုဒင်း ... သကြိန်တို့က ဘာအစီအစဉ်မှ မရှိသေးဘူးလေ"

"မဟုတ်ပါဘူး၊ အဲဒီကိစ္စလည်း မေးရင်းဆိုပေမယ့် အလည်လည်းလာရင်းပါ။ ပြောစရာရှိတာလည်းပါတယ်"

"အို ... နေပါဦး၊ ခရီးရောက်မဆိုက် နင်ဟာလေ သတင်းဦးဆို သူ့ပဲပေးရမှ၊ အိမ်ပေါ်ပဲ တက်ပါဦး"

"မရီး ... ဘာမှမပူနဲ့။ ဒီအိမ်မှာမတည်းဘူး။ ဦးဇင်းလေးပါ,ပါလာတယ်။ ဆရာတော့်အသိ ဘုန်းကြီးကျောင်းမှာပဲ တည်းကြမှာ။ လည်တာပတ်တာ စားတာသောက်တာ





အားလုံး ကိုယ့်အစီအစဉ်နဲ့ကိုယ်ပဲ။ မရီးကို ဘာတာဝန်မှ မပေးဘူး။ မရီးမယ် ကိုယ့်အပူနဲ့ကိုယ် ဖြစ်နေတာ၊ တစ်ပူပေါ် နှစ်ပူဆင့်တော့ ဘယ်တော့မှမလုပ်ဘူး ... သိလား"

"ကဲ ... အိမ်ထဲဝင်၊ အိမ်ထဲဝင်ကြပါဦး။ အပေါက်ဝကြီး တင်ရပ်ပြောချင်နေကြတာ။ ဘယ်လိုဟာတွေလဲ မသိဘူး"

တစ်ယောက်တစ်ပေါက်နဲ့ ပွက်ပွက်ညံနေကြပြီး သကာလ လူနှစ်ဆယ်လုံး ညှိခန်းထဲရောက်ကြတော့ ထိုင်စရာနေရာပင်မရှိပါ။ ယောက္ခမရဲ့မျက်ခုံးတို့လည်း နဖူးဆံစပ်အထက်သို့ပင် လွင့်ပျံမတတ် ဖြစ်နေပေမယ့် ဒေါ်လှလှဦးကတော့ "အိမ်မှာမတည်းဘူး၊ တာဝန်မပေးဘူး"ဆိုတာ တစ်ခွန်းနဲ့တင် "ဖူး ... တော်ပါသေးရဲ့"လို့ သက်ပြင်းကျနိုင်သွားပါသည်။

"ဦးဇင်းလေးက စာမေးပွဲလာဖြေတာ။ ရန်ကုန်သွားမယ်လို့ သိလိုက်တာနဲ့ အားလုံး တစ်ယောက်မှမနေခဲ့ချင်ဘူး။ ယောက်မကို ဖေးမနားချ အားပေးဖို့ လိုမယ်ဆိုရင် ကိုယ်တွေလည်း အမျိုးအရင်းကြီးတွေလေ၊ ကိုယ့်မှာလည်းတာဝန်ရှိတာပဲ"

"နေကြပါဦးဆိုလည်း မနေနိုင်ဘူးတော်၊ ဘယ်လိုဟာတွေလဲ"

"အေးလေကွယ်။ ဒါမျိုးကိစ္စဆိုတာ ငါတို့ပဲ နှစ်ယောက်ချင်း အေးအေးဆေးဆေးမှဖြစ်ဖြစ်"

"အလို ... ! ဒါ ယောကျ်ားတွေပြောသင့်တဲ့ကိစ္စလား၊ ကျုပ်တို့မိန်းမချင်း အသိပေးပါမယ်။ ရှင်တို့ အသာနေစမ်းပါ"

"မိလှညွန့် ... ညည်းက တုတ်ထိုးအိုးပေါက်နဲ့၊ ညည်းဝင်မပါနဲ့"

"တော်ကကော ဘယ်လောက်စကားပြောကောင်းလို့လဲ။ ဆရာကြီးပဲ လုပ်တတ်တာ။ ဆရာတော့်သွားပြီး အမိန့်တွေပေးနေလို့ ဆရာတော်က ဖနောင့်နဲ့ထပေါက်လွှတ်လိုက်တာ ဘယ်သူလဲ"

"မဟုတ်သေးပါဘူး။ ဒါကြီးက ခုဆို ခုမှ ခုပဲ ပြောကြမှဖြစ်မှာလား။ ရွာမှာကတည်းက အားလုံးသေချာတိုင်ပင်လာကြပြီးသားကို၊ ခင်ဗျားတို့ ခုလိုအလုအယက်နဲ့ သူပြောငါပြော ငြင်းခုန်ဦးနေကြမယ်ဆိုရင် ရန်ကုန်ကို တစ်ယောက်မှ လိုက်မလာကြနဲ့လို့တောင် ပြောခဲ့ရဲ့သားနဲ့။ ဣန္ဒြေတွေပျက်လိုက်ကြတာ။ ဟိုမှာ အစ်မလှဦး မျက်နှာလည်းကြည့်ကြဦးဗျ"

တကယ့်ကို တစ်ယောက်တစ်ပေါက်။ ဆယ်ယောက်ဆိုဆယ်ပေါက်။ အယောက်နှစ်ဆယ်ဆို အပေါက်နှစ်ဆယ်ဖြစ်တတ်ကြတဲ့ ကိုယ့်အမျိုးတွေရဲ့ထုံးစံကို သိပေမယ့် သူတို့တွေဟာ ကိုယ့်အပေါ်တော့ စေတနာမေတ္တာကြီးကြီးနဲ့ ခင်မင်တွယ်တာကြသူတွေပါ။ သို့သော် ဒေါ်လှလှဦးမှာတော့ဖြင့် ရင်တွေတဒိန်းဒိန်းခုန်ကာ "ဘာပါလိမ့်"လို့ ဖြစ်လာရပါပြီ။ ခုနကလေးတင်ကပဲ





"ဘာတာဝန်မှ မပေးဘူး"ဆိုလို့ ချလိုက်နိုင်တဲ့သက်ပြင်းနောက်တစ်လုံးက ရင်ဝ၊ လည်ချောင်းဝ၊ နှာခေါင်းဝမှာ ပြန်ဆို့တက်လာသည်။

သကြိန်အတွက်လည်း မဟုတ်ဘဲ တစ်ရွာလုံးအချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခံကာ ဘီအမ်ကားကိုပင် စင်းလုံးငှားပြီးရောက်လာကြကတည်းက တော်ရုံကိစ္စမျိုးတော့လည်း က,မည်မထင်တော့ပါ။ "သူပြောမယ် ... ငါပြောမယ်" ဖြစ်နေကြပုံရယ်၊ စကားအသွားအလာတွေအရှုရယ်လည်း ကောင်းတဲ့သတင်း၊ စိတ်ချမ်းသာ ပျော်ရွှင်ရမယ့်သတင်းမျိုးလည်း မဖြစ်နိုင်တော့ပါ။

"ဘုရား ... ဘုရား။ ဘယ်သူဘာဖြစ်လို့လဲဟင်။ အားလုံးဒီရောက်လာကြတာဆိုတော့ ရွာမှာ တစ်ယောက်ယောက်ဆုံးသွားတာမျိုးတော့ မဖြစ်နိုင်ပါဘူး။ ဘယ်သူဘာဖြစ်တော့မှာလဲ။ ရောဂါအကြီးအကျယ်လား။ အမှုအခင်းလား။ အားလုံးစုပြီးတောင် လာပြောကြရတယ်ဆိုတော့ ဘယ် ... ဘယ်သူ့ကိစ္စလဲ"

"အဘိုးလေးက နောက်မိန်းမငယ်ငယ်လေး ယူထားလို့တဲ့။ လဆန်းတုန်းက ကိုကြီးချစ်တင် ရန်ကုန်လာရင်းတွေ့လိုက်လို့ အားလုံး လိုက်စုံစမ်းပြီးမှ ရွာမှာပြန်ပြောပြထားတာ။ ဘွားလေးဦး သိရင်တော့ အသက်မဲထွက်သွားမလား။ လင်မယားပဲ ကွဲကြမလားလို့ ရွာမှာအားလုံးပြောနေကြတယ်။ လောင်းတောင် လောင်းထားကြတာ"

ပြတ်ကရော၊ ငါ ... ငါ ... ငါ ... နဲ့ လုဦးနေကြတဲ့ ဘယ်သူမှ လုလုပပစကားချီခွင့်တောင် မရလိုက်ပါ။ ရေဆာလှပြီ။ ဗိုက်ဆာလှပြီဖြစ်တဲ့ (၁၀)နှစ်သားအရွယ် ကလေးတစ်ယောက်က မြန်မြန်ပြီးအေးရော ဝင်ပြောပစ်လိုက်တာမို့ ပွက်လောညံနေကြတဲ့ လူတွေအားလုံး အမ်းတတကြီးတွေနဲ့ တိခနဲအသံတိတ်၊ ပိတ်ကျသွားလိုက်ကြသည်မှာ တစ်ရွာလုံး၊ တပ်နဲ့ချီပြီးရောက်နေကြတဲ့ ဧည့်ခန်းတစ်ခုလုံးထဲ အပ်ကျသံပင်ကြားရတော့မည်။

ဒေါ်လှလှဦးမှာလည်း သူတို့အုပ်စုကြီးကို စမြင်လိုက်ရချိန်ကလိုပင် ကြောင်တောင်တောင်ကြီး ပြန်ဖြစ်သွားရကာ အနားမှာ ခါးထောက်လိုက်၊ ခေါင်းခါလိုက်၊ သက်ပြင်းချလိုက်၊ နှုတ်ခမ်းရွဲ့လိုက် လာလုပ်နေတဲ့ ယောက္ခမကြီးကိုပဲ ငေးငေးကြီးလှည့်ကြည့်လိုက်မိပါသည်။ အမေဒေါ်စိန်စိန်ခမျာလည်း ပထမတော့ အငိုက်မိလိုက်သလို တစ်မျိုးကြီး။ ပြီးကျမှ ... "ဟယ် ... မဖြစ်နိုင်တာ"ဟု ခပ်ကျယ်ကျယ်ကြီး အော်ဟစ်လိုက်သည်။

ဤအိမ်မှာတော့"အသံကျယ်ဘွဲ့"ရထားပေမယ့် စိတ်ဆောင်နေကြတဲ့ တစ်မျိုးလုံးရဲ့အားကိုတော့ အမေဒေါ်စိန်စိန်ကြီးတစ်ယောက်တည်းက ဘယ်နိုင်နိုင်ပါ့မလဲ။ "ဘာလို့မဖြစ်နိုင်ရမှာလဲ"ဆိုတာကို တစ်ယောက်တစ်ပေါက် ဝိုင်းအာလိုက်ကြတာ။ ဘာတစ်ခွန်းမှ ထပ်ဟခွင့်မသာအောင် ဖြစ်သွားသည်။





ဒီကိစ္စမျိုးကို ငြိမ်ငြိမ်သက်သက်၊ တိုးတိုးတိတ်တိတ်၊ အေးအေးဆေးဆေး မဖြစ်စေဘဲ အော်ကြီးဟစ်ကျယ် ဝေးဝေးဝါးဝါးနှင့် တစ်မျိုးလုံးသိ၊ တစ်ရွာလုံးလည်းသိ (ရွာနီးချုပ်စပ်က ခပ်ဆေးဝေးအမျိုးတွေအထိပါ သိချင်သိနှင့်နေကြမည်။) ခုလည်း ဒီတစ်အိမ်လုံးက အလုပ်သမားတွေ ဘာတွေပါမကျန် အကုန်သိ၊ နောက်ကြာရင် တစ်ရပ်ကွက်လုံးနီးပါးပါ သိကြတော့မလား မသိသမယ့် ဒေါ်လှလှဦးက အမျိုးတွေကို စိတ်မဆိုးပါ။

ကြောင်တက်တက်၊ ယောင်ငငကြီး ဖြစ်နေရာက ပြန်လည်သတိဝင်လာတဲ့အခါကျတော့ ဒါမျိုး ဘီအမ်တစ်စီးတိုက်စာ အိမ်တိုင်ရာရောက် လာပြောကြတဲ့ကိစ္စကို စိတ်မဆိုးနိုင်တဲ့အပြင် တစ်ခွန်းတည်းနှင့်ကို တစ်ထိုင်တည်း ယုံကြည်လက်ခံကာ အဲဒီအတိုင်းပဲ ဖြစ်ရမည်ဟု တစ်ထစ်ချသေချာပြီးလည်းဖြစ်ပါသည်။

ဦးအယ်ဒီရဲ့ ခြေမငြိမ် လက်မငြိမ် နှုတ်မငြိမ် စိတ်မငြိမ်၊ ဘာမှမငြိမ်ကိစ္စတွေကို ဒီအရင်တွေကလည်း ရိုးတိုးရိတ်ရိတ်ရော၊ အတိအကျပါ သိသိကြီးနဲ့ပင် အနှစ်အစိတ်ကျော် အတွေ့အကြုံနဲ့ လျစ်လျူရှုတန်ရှု၊ သတိပေးတန်ပေး။ ရန်လုပ်တန်လုပ်၊ ခေါင်းထဲတောင် မထည့်တန်မထည့်။ ဒီကွေ့ ဒီတက်နဲ့ ဟိုကွေ့ ဟိုတက်နဲ့ နည်းမထပ်အောင်သုံးကာ ဖြေရှင်းနိုင်ခဲ့သည်သာ။

ခုကျတော့ "ယူထားတာ"ဆိုပါလား။ ခဏတဖြုတ်၊ အပျော်တမ်း၊ နေ့မြင်ညပျောက်၊ ပွဲပြီးမီးသေကိစ္စတွေကို သူ့ဗိုက်ဆံတွေ ဘယ်လောက်ကုန်ကျနေနေ ဂရုမစိုက်စတမ်း နေနိုင်ခဲ့ပေ

မယ့် ခုဟာက "ယူထားတာ"တဲ့လား။ ဒေါ်လှလှဦးမှာ "တန်း" တူတဲ့ "စင်ပြိုင်"တစ်ယောက်ရှိတယ်ဆိုတဲ့ သဘောပေါ့။ ဒါဖြင့် "သကြိန်"မှာရော။ ပြိုင်ဘက်မှ ကင်းရဲ့လား။

ပြီးခဲ့တဲ့အပတ်ထဲကပဲ သားလေးပြောခဲ့တဲ့စကားများကို ချက်ချင်း ပြန်အမှတ်ရမိသွားသည်။ "ကျွန်တော့်မင်္ဂလာပွဲကို သူပါတက်ကိုတက်ရမှ ... နို့မို့ ပွဲပျက်သွားနိုင်တယ်ဆိုတဲ့ မိန်းမတစ်ယောက်ရှိနေတယ်"တဲ့။ "အဲဒီမိန်းမနဲ့ကိစ္စရှိလို့ မဖြစ်မနေချိန်းတွေ့ကြရတာ၊ ငှနဲ့မှ တိုက်တိုက်ဆိုင်ဆိုင်တိုးနေလို့"တဲ့။

အဲဒီတုန်းက ဒေါ်လှလှဦးမှာတော့ မကြာခင်လက်ထပ်တော့မယ့် ရည်းစားချစ်သူ ငုတ်တုတ်နဲ့ သားလုပ်တဲ့သူက မရှင်းမရှင်း ဘာတွေများ လျှောက်လုပ်ဦးမှာလဲလို့ မိခင်တစ်ယောက်ရဲ့ ကရုဏာဒေါသောနဲ့ သားကိုဆုံးမမေးမြန်း။ ဆူပူတားမြစ်ဖို့ကြိုးစားခဲ့သေးတာလေ။ အမှန်မှန်ဆို အလွန်တရာမှ ဟောင်ဖွာဖွာနိုင်လှတဲ့ ဦးအယ်ဒီတစ်ယောက် အဲဒီတုန်းက ကြက်ကြီးလည်လိမ်သလို မျက်နှာလွှဲကြီး ငုတ်တုတ်နဲ့ ဖခင်တို့ရဲ့ဝတ္တရားနဲ့အညီ ဆုံးမတားမြစ်ရအောင် ဘာတစ်ခွန်းမှ ဟမလာခဲ့တာကြည့်ပါလား။

သားက ကြိုသိနေလို့ တစ်ခုခု စီမံဖို့ကြံခဲ့တာကိုး။ သင်းကလည်း သားတော့ သူ့ကိစ္စနဲ့ ဗျာများသွားရတာကို ရိပ်မိလိုက်လို့ ဘာခေးမိ နှုတ်ကြီးပိတ်ကျသွားတာကိုး။ သားတစ်ယောက်ပင် လက်ထပ်ခါနီးအရွယ်သို့ရောက်ကာမှ ဒေါ်လှလှဦးမှာ တန်းချင်းညှိနိုင်တဲ့ အပြိုင်တစ်ယောက်နဲ့တဲ့။





ဒေါ်လှလှဦးရဲ့ဆွေမျိုးတွေ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်စိမျက်နှာ အကုန်သုံးကာ တစ်ယောက်နဲ့တစ်ယောက် အရိပ်အကဲပြကြလျက် ထပြန်ကြဖို့ ပြိုင်တူပင် ပြင်ကုန်ကြပါသည်။

သဘောကောင်းအေးချမ်းတဲ့ သူတို့အမျိုးရဲ့ ခုလိုမျက်နှာမျိုးကြီးကို သူတို့တစ်ရွာလုံး တစ်ခါမှ မမြင်ဖူးခဲ့ကြတာမို့ ဆက်ကြည့်ရင်ဆိုင်နေဖို့ ဝန်လေးကုန်ကြသည်။ သူတို့လိုထွက်ပြေးရှောင်တိမ်းလို့လည်း မရနိုင်တဲ့ ဒေါ်စိန်စိန့်ခမျာမှာတော့ တစ်သက်လုံးက လက်အောက်ခံ၊ ခေါင်းတော်ညိတ်၊ စိတ်တော်သိ ချွေးမလေးကို ကိုယ့်အပြစ်၌လည်း ဘာမှမရှိပါဘဲ ရှံ့ပဲရှံ့ရတော့မလိုလို။ တစ်ခုခုပဲ ထတောင်းပန်လိုက်ရတော့မလိုလို။

"ပြန်လိုက်တော့မယ်"

"ရန်ကုန်ထဲလျှောက်လည်ဖို့ ခေါ်သွားချင်တာ။ ဒါပေမဲ့ ရပါတယ်၊ မလိုက်ခဲ့နဲ့တော့"

"ဦးဇင်းလေး စာမေးပွဲပြီးမှ ပြန်မှာဆိုပေမယ့် ဒီရက်တွေမှာ ငါတို့တည်းနေတဲ့ကျောင်းကို နင်ရောက်မလာလည်း ရတယ် ကိစ္စမရှိဘူး"

"ချစ်တင်တို့ တီကျတယ်ဆိုတာ သူများတကာလွဲနေတာနဲ့ အတူတူပဲ။ ညည်းလည်း ဒီကောင့်အကြောင်း သိနေတာပဲ"

"ယောက်မတို့သာ ရန်ကုန်က မျိုးကြီးဆွေကြီး အသိုင်းအဝိုင်းကြီးထဲက ဖြစ်နေလို့ ဒီကိစ္စမျိုးကို ရေးကြီးခွင်ကျယ်လာအကြောင်းကြားရတာ။ ကျုပ်တို့ရွာတွေမတော့ ဒါ

ထမင်းစားရေသောက်၊ နှစ်အိမ်တစ်ယောက်လောက် ဖြစ်နေတာတွေပါ။ အလေးအနက်ကြီး မထားလည်းဖြစ်နေတာပဲ"

"ဦးလေးကို ဒါမျိုးနဲ့ ဘယ်တုန်းကကြားဖူးလို့လဲ။ အလကားပဲတင်း၊ အရေးမပါကိစ္စပဲနေမှာပါ။ ဒေါ်လေး စိတ်မညစ်နဲ့။ ဦးလေးက ဒေါ်လေးတစ်ခွန်းပါ။ အားလုံးသိနေတာပဲဟာ"

ကိုယ်တတ်နိုင်မယ်ထင်ရာ ခပ်ဖော့ဖော့နှစ်သိမ့်စကားကိုယ်စီနဲ့ (ကော်ဖီလေးတစ်ခွက်၊ ရေလေးတစ်ပေါက်တောင်မတိုက်လိုက်မိတဲ့)အမျိုးတွေ ထပြန်သွားကြတဲ့အခါ သူလည်း ဘာဝင်ပြောရမလဲဆိုတာ အကောင်းဆုံးထင်ရာကို စဉ်းစားမိနိုင်သွားပြီဖြစ်တဲ့ ဒေါ်စိန်စိန်က ...

"ရွာကလူတွေကတော့ မြို့သူမြို့သား ဆက်ဆံရေးကိုမျက်စိထဲ အမြင်ရိုင်းပြီး နားမလည်ပါးမလည် အထင်လွဲသွားကြတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တကယ်ပဲ တစ်ခုခုဆိုလို့ကတော့ သမီးကသာ သူ့မျက်နှာကိုမမြင်ချင်တော့ဘူးဆိုရင် ငါ့ချွေးမကသာ ငါ့သမီးပဲ။ ဒါမျိုးဖောက်ဖောက်ပြန်ပြန်ကောင်က ငါ့သားမဖြစ်နိုင်ဘူး။ နောက်ထပ်ဘာတွေဘယ်နှယောက် ထပ်ပေါ်ပေါ် အမေ့မှာ ဒီကောင်နဲ့ပတ်သက်လို့ ချွေးမတစ်ယောက်၊ မြေးတစ်ယောက်ပဲရှိတယ်။ အမေ့သဘောကတော့ အဲဒါပဲ"





ဒါပေမဲ့လည်း ဒီသားတစ်ယောက်ကိုပဲ ချစ်လွန်းလို့ သမီးရင်းမရှိတော့တဲ့ မိဘမဲ့မြေးတွေနဲ့၊ သမီးအပျိုကြီးတို့နဲ့တောင် အတူသွားမနေနိုင်ဘဲ ဒီသားနဲ့ပဲ သေတစ်ပန်သက်တစ်ဆုံး ခေါင်းချဖို့ဆန္ဒရှိတဲ့ ယောက္ခမရဲ့စိတ်ကို ဒေါ်လှလှဦးက မသိဘဲနေပါ့မလား။ အဲဒီမျက်နှာကို မမြင်ချင်လို့ကတော့ ဒေါ်လှလှဦးသည်သာ အိမ်ပေါ်ကဆင်းရရုံ။

တစ်အိမ်တည်းအတူနေ၊ နေ့စဉ်မြင်တွေ့ပေါင်းသင်းနေပြီး အသိုင်းအဝိုင်းမိတ်ဆွေသင်္ဂဟကလည်း ဒီလောက်ကြီးမားကျယ်ပြန့်ပါရက် ကိုယ့်မှာ ဝေးသီခေါင်ဖျား တစ်နယ်တစ်ကျေးကအမျိုးတွေ တစ်ရွာလုံးဆင်းလာပြီး လာပြောပါမှပဲ သူ့အကြောင်းကို သိရတော့တယ်လို့။ တကယ်ပဲလား။ အဲဒီသတင်းက အမှန်အကန်လား ဆိုတာကိုတောင် သံသယ(မျှော်လင့်ချက်)နဲ့ မေးမြန်းကြည့်နေချင်စိတ်မရှိပါ။

✱ ○ ✱

ဒေါ်ခင်ခင်ထားမှာ ကိုယ့်ရှေ့က ကော်ဖီတစ်ခွက်က အေးစက်နေပြီဆိုတာ ကိုယ့်ဘာသာသိနေသလိုပဲ ဒေါ်လှလှဦးတစ်ယောက်လည်း ကော်ဖီလေးတစ်ကျိုက်လောက်မှ ကောက်မသောက်လိုက်နိုင်အောင် ဘာတွေဒီလောက်တွေးတော ငေးမော စိတ်တွေပျံ့လွင့်နေပါလိမ့်ဟု တွေးနေမိပါသည်။

နှစ်ယောက်သား တယ်လီဖုန်းနဲ့ အဆက်အသွယ်လုပ်ကာ "တွေ့ကြရအောင်"လို့ ချိန်းဆိုတွေ့ဖြစ်ကြပေမယ့် "ဒါဟာ သမီးနဲ့သားအတွက် မင်္ဂလာကိစ္စ ပြေလည်ချောမွေ့ပြန်ဆန်အောင် လုပ်ပေးနိုင်ဖို့မှ ဟုတ်ရဲ့လား"ဟု ကိုယ့်စိတ်ထဲ သံသယရှိနေရင် သူ့စိတ်ထဲမလည်း ဒီလိုပဲရှိလိမ့်မည်။

ငှနဲ့သကြိန်တို့ မပြေလည်ကြတော့တာ ဒေါ်ခင်ခင်ထားက သိပါသည်။ မပြေလည်ဆို "ဘယ်သူမှန်းမသိတဲ့မိန်းမတစ်ယောက်နဲ့ တွဲရက်ကြီးတွေ့လိုက်တဲ့ကိစ္စ"၊ "သူ့အစ်ကိုက ကိုယ့်ဦးလေးကို အကြောင်းမရှိ လေးချက်ကြီးတောင် ချုပ်ယူရအောင် ရိုက်လွှတ်လိုက်တဲ့ကိစ္စ"တွေနှင့် ငှက သကြိန်ကို –

"ခုကတော့ ခဏခွဲပြီး ခပ်ဝေးဝေးနေကြည့်ပြီး ပြန်စဉ်းစားကြမှာ။ ဒါပေမဲ့ ဒါဟာ အပြီးသတ်ဆုံးဖြတ်ချက်လည်း ဖြစ်သွားနိုင်တာပဲ။ ကြိုပြင်ထားကြတာပေါ့"ဟု ခွဲခွာစကားကို စဆိုလိုက်ပြီလေ။

"အဲဒါတွေက ပြီးခဲ့ပြီလေ၊ ခေါင်းထဲမထားဘူးဆို။ အဲဒီကတည်းက နားလည်ပါတယ်၊ လက်ခံပါတယ်လို့ ငှပဲ ပြောခဲ့ပြီးသားအကြောင်းတွေလေ။ ဘာ့ကြောင့် ခုမှ နှောင်ကြောက်ရေထနှုးပြီး ပြီးပြီးသားကိစ္စတွေကိုအမိကအကြောင်းရင်းလိုလိုနဲ့ အကြောင်းပြန်ပြတာလဲ"

ငှရဲ့အပြီးသတ်စကားကို အစပထမပိုင်းကတော့ "အဓိပ္ပာယ်မရှိဘူး"ရယ်လို့ သကြိန်လေးခမျာ မခံမရပ်နိုင်၊ ဘယ်လိုမှ လက်သင့်မခံနိုင်ခဲ့။ ဖုန်းလည်းမပြော၊ အိမ်လာလည်းတွေ့





တွေ့၊ ရုံးအထိလိုက်တော့လည်း ရှောင်နေတဲ့ ငှကြောင့် သကြိန်ခမျာ ဖျပ်ဖျပ်တွေလူးပြီး ရူးမတတ်ကို ဖြစ်နေတော့တာ။

ခုရက်ကျတော့ သူ့ဘက်က ဘယ်လောက်ပဲတောင်းပန်ပန်၊ အောက်ကျို့ကျို့၊ ပြေလည်ချင်ချင် ငှက တစ်ဖက်သတ်ကြီး အသည်းမာနေခဲ့တာကိုပဲ စိတ်ထိခိုက်သွားခဲ့တာလား။ ပြီးပြီးသား၊ ကျေလည်ပြီးသား အကြောင်းပြချက်ကြီးတွေကို ပြန်ဆွဲပြီး ဘယ်လိုမှဖြေရှင်းမရ၊ တွေ့ခွင့်တောင်မှ မပေးတာကို စိတ်နာသွားတာလား။ သကြိန်လေးတစ်ယောက်လည်း ငှကိုမရမက လိုက်ဆက်သွယ်နေတာမျိုး ဒေါ်ခင်ခင်ထားက သတိမထားမိတော့ပြီ။

ပါးစပ်ထဲ တွေ့ကရာအကြောင်းပြချက်တွေ ဆွဲလွဲပြပြီး ဖြေရှင်းချက်ရတောင် မပေးတော့တဲ့ ငှရဲ့တစ်ဖက်သတ်ဆန်မှုကို ဒေါ်ခင်ခင်ထားက (သမီးလေးက ကိုယ့်ကိုဖွင့်မတိုင်ပင်ပေမယ့်)နားလည်ခံစားနေနိုင်ပါသည်။ သမီးနဲ့ သူ့အဖေတို့ ဘယ်သူမှမသိအောင် ကျိတ်အဆက်အသွယ်လုပ်၊ တွေ့ဆုံပြီးသွားကြပြီလေ။

သူ့အဖေနဲ့သူ တိတ်တိတ်လေး သွားတွေ့တာ ဒေါ်ခင်ခင်ထားကို ပြန်မပြောပါ။ ဒါပေမဲ့ ဒီအမေက ဒီအဖေနဲ့ ဒီသမီးတို့ရဲ့စိတ်ဓာတ်ကို ခရေစေ့တွင်းကျ၊ အူသိမ်ချေးခါးပါမကျန်အောင် သိပါသည်။ လုပ်ရပ်တွေကိုသာ ဟိုးအရင်က စေ့စေ့ပေါက်ပေါက် ဘာမှလိုက်အကဲမခတ်ခဲ့မိလို့ ဘာတစ်ခုမှမရိပ်မိလိုက်ဘဲ ဦးမျိုးမြတ်တစ်ယောက် ပျောက်ကွယ်သွားတာကို ဒီတိုင်းကြီးငြိမ်ခံ၊ ကျန်နေခဲ့လိုက်ရတာ။

ခုတော့ သေသေချာချာကို အကဲခတ်နေသည်။ ဘာတစ်ချက်မှ လွတ်မသွားအောင် လိုက်ကြည့်စုံစမ်းနေသည်။ ဒီတော့ အဖေနဲ့သမီး ကျိတ်တွေ့ကြတာ၊ ဒီအမေကသိသည်။ အဲဒီက ပြန်လာကတည်းက သူ့ကောင်လေးကို ငှက အခိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်တွေနဲ့ သစ်စိမ်းချိုး ချိုးချပစ်လိုက်တော့တာ ဖြစ်ပါသည်။

"ကလေးတွေ သူတို့ကိစ္စကို ဆိုင်းထားကြဦးမယ်ထင်တယ်။ သူတို့ပုံစံကြည့်ရတာ အဲဒီလိုပဲလို့ ကျွန်မထင်နေတယ်"

နှစ်ယောက်သား ငူငူငိုင်ငိုင်ကြီးတွေနဲ့ တစ်ယောက်နဲ့တစ်ယောက် စကားမပြောဘဲ အကြာကြီးဖြစ်နေကြတာ မကောင်းဘူးမဟုတ်လား။ ဒေါ်ခင်ခင်ထားက စကားစတင်လိုက်ပါသည်။

"ဟင်း ... ဆိုင်းလိုက်ကြတာပဲ ကောင်းပါတယ်။ မပြောကောင်းပြောကောင်း သူတို့ပွဲက ဖြစ်မှဖြစ်မြောက်လာပါဦးမလားလို့တောင်မှ ကျွန်မက ထင်နေမိတယ်။ သူတို့အဖေတွေကိစ္စ မပြေလည်မချင်း သူတို့လည်း ဘယ်လိုမှ ဒီလိုပွဲကြီးကို လုပ်ချင်ကြမယ် မထင်ဘူးလေ"

ဒေါ်ခင်ခင်ထားက ဒေါ်လှလှဦးကို အကဲခတ်သလိုကြည့်လိုက်သည်။ ဘာကိုဆိုလိုချင်နေတာလဲ။ ဦးမျိုးမြတ်အကြောင်း ဒေါ်လှလှဦးတို့ ဘာများကြားကြလို့လဲ။ ဒေါ်ခင်ခင်ထား တစ်မျိုးဖြစ်သွားတာကို ဒေါ်လှလှဦးက သိလိုက်သည်။





"အစ်မကြီးတို့ကိစ္စကို ပြောချင်တာမဟုတ်ဘူး။ ခု ကျွန်မတို့လည်း မိသားစုကိစ္စ မပြေလည်ဘူးလေ။ သကြိန်ဆိုအဲဒီကိစ္စနဲ့ တော်တော်ကလေး စိတ်ဆင်းရဲနေရှာမှာ။ သမီးငှနဲ့ အပြောအဆို ဆက်ဆံရေး မပြေလည်ကြတာများရှိရင် ဖွေမယူဖို့ အစ်မကြီးသမီးကို ပြောထားပေးပါဦး။ သားခမျာ ဒီအချိန်မှာ စိတ်နဲ့လူနဲ့တောင်မှ ကပ်ပါ့မလား။ သနားဖို့ကောင်းလိုက်တာ ...

ဒီလိုလေ ... အစ်မကြီး။ ကျွန်မ ဒီနေ့လာခဲ့တာ အဲဒါလေးပြောပြထားချင်စာလည်းပါတယ်။ အခု ကျွန်မက အဲဒီအိမ်ပေါ်မှာ မဟုတ်ဘူး ...

ကျွန်မအမျိုးတွေရှိတဲ့ ဘုန်းကြီးကျောင်းတစ်ခုမှာ ခဏသွားနေနေတယ်။ အမျိုးတွေကိစ္စပြီးလို့ နယ်ပြန်ကြရင်လည်း ကျွန်မပါ လိုက်သွားမှာ၊ ဇာတိရပ်ရွာမှာ ကျွန်မတို့အိမ်လည်း ရှိသေးတယ်။ အဲဒီမှာ ပျော်သလောက်သွားနေလိုက်ဦးမယ်"

"ဟင် ... ! ဘာဖြစ်လို့လဲ။ ဘယ်လိုဖြစ်ကြတာလဲ"

"တစ်ဖက်က အဖေအိမ်ပေါ်က ဆင်းသွားတယ်၊ တစ်ဖက်ကတော့ အမေက အိမ်ပေါ်ကဆင်းတယ်။ အဖေအမေတစ်ယောက်စီပဲ့နေတဲ့ နှစ်စုံတွဲနဲ့ ကလေးတွေရဲ့မင်္ဂလာပွဲကို ဘယ်လိုလုပ် ဝမ်းမြောက်ဝမ်းသာ စီစဉ်နိုင်ကြတော့မလဲ။ ကျွန်မ စိတ်မကောင်းပါဘူး"

"ဦးမျိုးမြတ်ကတော့ ကျွန်မနဲ့ပြဿနာဖြစ်သွားတာ လုံးဝမဟုတ်ဘူးလို့ ကျွန်မဘက်က အတိအကျ သေချာနေတော့ သူ့ပြဿနာတစ်ခုခုပြီးရင် ပြန်ရောက်လာမှာပါ။ သူဘယ်တော့မှ ပြန်ရောက်လာလာ ကျွန်မဘက်ကလည်း အချိန်မရွေး ဝမ်းပန်းတသာပဲ ပြန်လက်ခံမှာပါ။ ဒါကတော့ ကျွန်မရဲ့ဆုံးဖြတ်ချက်ပေါ့လေ"

"ကျွန်မကတော့ အဲဒီလိုဖြစ်ဖို့ မလွယ်တော့ဘူး အစ်မကြီး။ ဦးအယ်ဒီနဲ့ကျွန်မက တစ်ယောက်နဲ့တစ်ယောက် ဝမ်းပန်းတသာ လက်ခံကြဖို့ ဘယ်သူ့မှာမှ ဆန္ဒမရှိကြဘူးနဲ့တူပါတယ်။ ကြားထဲက ကလေးတွေကိုပဲ သနားပါတယ်။ သူတို့မှာ Stress (ဖိစီးမှု)တွေ ကိုယ်စီနဲ့"

သကြိန်တစ်ယောက် ငှကို မရမက အတင်းကာရော လိုက်မဆက်သွယ်၊ တွေ့ခွင့်မတောင်းတော့တာ ဒါကြောင့်ကိုး။ သူ့အဖေနဲ့အမေက ကွဲသွားသလောက်နီးနီး ဖြစ်သွားချိန်မှာ ရှက်အားငယ်စိတ်ဝင်တာလည်းပါမည်။ သူ့မှာတစ်ဖက်က စိတ်ဖိစီးမှုနဲ့ဆိုတော့ ဒီဘက်မှာလည်း စိတ်ညစ်စိတ်ဆင်းရဲ ထပ်မခံချင်တော့တာလည်းပါမည်။

"ကျွန်မထင်တာကတော့ စိတ်ဖိစီးမှုဒဏ် (Stress)တွေကို အတူလက်တွဲပြီး ကြံ့ကြံ့မခံနိုင်ရင် သူစိမ်းကြီးနှစ်ယောက်ဟာ လင်ရယ် မယားရယ်လို့ တစ်သက်လုံးပေါင်းသွားလို့ မရနိုင်ဘူးနဲ့တူတယ်။ ကျွန်မက သမီးရှင်ဖြစ်ပြီး ဦးနောက်





မရှိပြောတာမျိုးတော့ မဟုတ်ပါဘူး။ အခု သူတို့တစ်ယောက်နဲ့တစ်ယောက် ခွဲခွာပြတ်စဲထားပြီး ခပ်ဝေးဝေးနေနေကြတယ် ဒေါ်လုလုဦး။ ဖြစ်လာတဲ့ Stress တွေကို နှစ်ယောက်ပေါင်းပြီး ရင်ဆိုင်ကြည့်ကြဖို့ စိတ်ကူးမရှိကြဘူးနဲ့ တူပါတယ်"

"ကိုယ့်ပြဿနာထဲ သူများကိုပါ ဆွဲမထည့်ချင်ကြတာလည်း ဖြစ်နိုင်ပါတယ်၊ သူတို့ချင်းက မချစ်ကြတာမှ မဟုတ်တာ။ သစ္စာရှိရှိနဲ့ တကယ်ချစ်နေနိုင်ကြတာ၊ ကျွန်မ မြင်နေရတာပဲ"

"အို ... ကျွန်မကတော့ ဘဝလက်တွဲဖော်ဆိုတာ သစ္စာရှိနေကြရုံနဲ့ မပြီးဘူးလို့ထင်တာပဲ။ ဘာရှိတယ်၊ မရှိဘူး အကုန်ပွင့်ပွင့်လင်းလင်း အသိပေးတိုင်ပင်ရမယ်။ ကိုယ့်ပြဿနာဟာ သူ့ပြဿနာပဲပေါ့။ အဲဒီလိုသဘောထားဖို့ လက်ထပ်ကြတဲ့အထိ ခိုင်ခိုင်မာမာ တည်ဆောက်ထားကြတာ မဟုတ်လား။ ချစ်တော့ ချစ်ပါရဲ့၊ သစ္စာလည်းရှိပါရဲ့။ ကိုယ့်မှာ ပြဿနာတစ်ခုရှိတိုင်း တစ်ဖက်လူကိုဆွဲမထည့်ချင်ပါဘူးရယ်လို့ ဖုံးဖိထားမယ်၊ အဲဒီပြဿနာကြီးကိုပိုက်ပြီး ရှောင်ပြေးနေမယ်ဆိုရင်တော့ ဘာလုပ်ဖို့လဲ ...

ခုပဲကြည့်လေ ... ဦးမျိုးမြတ် အဲဒီအတိုင်းပဲ လုပ်ချသွားတော့ ကျွန်မ ဘယ်လောက်ခံစားရသလဲ။ သူကလေကွာရှင်းစာချုပ်တောင် လက်မှတ်ထိုးပြီး အပို့လွှတ်လိုက်

တာ၊ ကျွန်မက ထိုးမပေးဘဲ၊ ပြန်မပို့ဘဲ ထားထားလို့၊ နို့မို့ကွဲတာကြာပြီ။ သူပြန်လာရင် အချိန်မရွေး ပြန်လက်ခံမယ်ဆိုပေမယ့် အဲဒီလိုလုပ်တာကို ကျွန်မ မနာဘူး၊ မခံစားရဘူးလို့ မထင်လိုက်ပါနဲ့။ နာတယ်၊ ခံစားရတယ် ...

အဲဒါကြောင့် သကြီန်နဲ့ ငတို့ကို တကယ်ပဲချစ်တဲ့စိတ်ကိုယ်စီ ရှိနေကြသေးတယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် နာသွားအောင်၊ ခံစားရအောင် မလုပ်ကြပါနဲ့။ ဘာ Stress တွေပဲ ရှိနေနေ ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောကြပြီး အတူလက်တွဲဖြေရှင်း ရင်ဆိုင်ကြပါလို့ ပြောချင်တာ"

"အစ်မကြီးကတော့ ဦးမျိုးမြင့်က ဘယ်ဆီရောက်နေနေ သစ္စာမပျက်၊ မဖောက်မပြန်သွားပါဘူးဆိုတာ ယုံကြည်စိတ်ချထားနိုင်တာကိုး"

"အို ... သစ္စာဖျက်သွားတာကမှ ခံလိုက်ချင်သေးတယ်။ အကြောင်းစုံသာ အချိန်မီသိရပါစေ။ ကိုယ်တွေကချစ်လို့ ကြိုက်လို့ ယူထားကြတဲ့ ငယ်လင်ငယ်မယားပဲ။ သားနဲ့သမီးနဲ့၊ ဂုဏ်နဲ့ဒြပ်နဲ့၊ အသိုင်းအဝိုင်းနဲ့။ ဘယ်ယောက်ျားကမှ အဲဒါတွေကို လွယ်လွယ်ကလေးနဲ့ မျက်ကွယ်မပြုလိုက်နိုင်ပါဘူး။ အချိန်မီသိခွင့်ရရင် အချိန်မီပြန်ပြီး ကိုယ့်ဘက်ပြန်ရောက်လာအောင်လုပ်မယ်။ သူပြုပြင်မယ်၊ ယတိပြတ် အဆုံးသတ်လာမယ်ဆိုရင် လုံးဝခွင့်လွှတ်ပြီး ပြန်





လက်ကမ်းကြိုဆိုလိုက်မယ်။ အဲဒီလိုမျိုးမှ ဖြစ်လိုက်ချင်သေး"

ဒေါ်လှလှဦးက ဒေါ်ခင်ခင်ထားကို အံ့သြသလိုကြည့်နေမိသျှည်။ "ခွင့်လွှတ်မယ်၊ ပြန်လက်ခံမယ်။ လက်ကမ်းကြိုဆိုမယ်"ဆိုတာတွေချည်းပဲ။ ဘာအပြစ်ပဲရှိရှိ တော်တော်ပဲ ချစ်နိုင်သူကြီးမျိုးလား။ ဖောက်ပြန်စိမ်းကားပြီး သူများဘက်ပါသွားပြီးသူဆိုရင်တောင် "ကိုယ့်ဘက်ပြန်ရောက်လာအောင်လုပ်မယ်"ဆိုပါလား။

"ကိုယ်က သူ့ဇနီးမယားလေ။ အားလုံး အသိအမှတ်ပြုလက်တွဲထားကြတာဟာ စွန့်ပစ်ပြတ်စဲကွဲကွာလိုက်ကြဖို့မှ မဟုတ်ဘဲ။ အသိသာပေး။ ပွင့်ပွင့်လင်းလင်းသာပြော။ အားလုံး အဆင်ပြေစေရမယ်"

အဲဒီလိုဆိုတော့ ဒေါ်လှလှဦးမှာပဲ ဇနီးမယားကောင်းမပီသတော့သလိုလို။ ခုလည်း အိမ်ပေါ်ကသာ ဆင်းလာတာ၊ သူ့လည်း ဘာတစ်ခွန်းမှကို ပြောခဲ့တာမဟုတ်။ သူ့အမေလည်း အားလုံးအကြောင်းစုံ သိနေတာ။ သူ့အမေပဲ သူ့ကိုပြောပြလိုက်လိမ့်မယ်ဟုပဲ သဘောထားခဲ့တာ။ ဆွေမျိုးတွေတည်းနေကြတဲ့ ဘုန်းကြီးကျောင်းလိပ်စာလည်း ယောက္ခမကြီးတို့၊ သားတို့ကိုပင် မပေးခဲ့။ ရွာကိုလှမ်းမေးနိုင်လျှင်တော့ သိနိုင်တာပေါ့လေ။ ဒါပေမဲ့ သူ့ဘာသာ ဘာလုပ်လုပ် ကိုယ်ကတော့ သူနဲ့မပတ်သက်ရရင်ပြီးတာပဲဟု သဘောထားခဲ့တာ။

"အစ်မကြီးက တော်တော် စိတ်ကိုရှင်းရှင်းထားနိုင်တာပဲ"

"ဒါပေမဲ့ အဲဒီစိတ်ကို ကိုယ့်ရဲ့ဘဝအဖော်က မသိနိုင်တော့ အလကားပဲ။ ခုဆို အဖေကလည်း သမီးကိုပဲ ကျိတ်ဆက်သွယ်တယ်။ သမီးကလည်း အဖေဆက်သွယ်လာတာကိုလည်း မပြော၊ သူ သွားတွေ့ပြီး ပြန်လာတော့လည်း အားလုံးမျိုသိပ်ထားတယ်။ ကျွန်မက အဲဒါကိုပဲ ဝမ်းနည်းနေရတာ။ အဲဒီလို ပွင့်ပွင့်လင်းလင်း မရှိကြတာဟာ ဒီအမေကို ဖယ်ထုတ်ထားသလို ဖြစ်နေတယ်ဆိုတာ မသိကြတာပဲလား"

ဒေါ်လှလှဦးမှာ ဦးအယ်ဒီကတစ်ဆင့် ဦးမျိုးမြတ်အကြောင်း ကိုယ်သိထားတာတွေ အစ်မကြီးဒေါ်ခင်ခင်ထားကို ပြောပြလိုက်ရင်များ ကောင်းမလားဟုပင် စဉ်းစားလိုက်ပါသေးသည်။ သို့သော် ... အကြောင်းစုံသိလာနိုင်တဲ့ သမီးလုပ်သူ ငှကတောင် ဘာ့ကြောင့် ဆက်လျှို့ဝှက်ထားသည်မသိ။ သူများမိသားစုအတွင်းကိစ္စ ကိုယ်ဝင်မပါတော့တာပဲ ကောင်းပါတယ်ဟုသာ ဆုံးဖြတ်လိုက်ပါသည်။

ဒေါ်ခင်ခင်ထားမှာလည်း ဒေါ်လှလှဦးနဲ့ ပြောရင်းဆိုရင်းကပင် ဒေါ်လှလှဦးတို့ရဲ့ပြဿနာက ဘာလဲဆိုတာကို ရိပ်စားမိပြီး ဖြစ်နေပါသည်။ သမီးအဖေပြောတဲ့ "ဣန္ဒြေမရတဲ့ ဟောလားဝါးလား စပ်ဖြဲဖြဲ"ဆိုတဲ့ တစ်ယောက်ဟာ ဖောက်ပြန်





ထားပြီပဲ မဟုတ်လား။ ဒေါ်လှလှဦးကို မိန်းမချင်း ကိုယ်ချင်းစာမိသလို နာမည်မကောင်းတဲ့အဖေရဲ့သားတစ်ယောက်အဖြစ် ရှက်ရွံ့သိမ်ငယ်သွားမယ့် သကြိန်လေးကိုလည်း သနားမိပါသည်။ ကိုယ်ကတော့ ဒီကိစ္စနဲ့ပတ်သက်လို့ သကြိန်နဲ့ ဒေါ်လှလှဦးတို့အပေါ် စိတ်ထားပြောင်းမယ့်လူ မဟုတ်တဲ့အတွက် ဦးမျိုးမြတ်နဲ့ ငှ၊ ဟိုသားအဖနှစ်ယောက်ကိုတော့ ဒါကိုဖွင့်မပြောတော့ပါဘူးဟုသာ ဆုံးဖြတ်သည်။ မြုပ်ကွက်တွေ၊ ဖုံးဖိမှုတွေနဲ့ နှစ်ယောက်တည်း ကျိတ်လုပ်ချင်နေကြတဲ့ သားအဖကို လက်စားချေပြီးရာလည်း ရောက်တာပေါ့။

"ရွာရောက်သွားရင်လည်း လှမ်းဆက်သွယ်ပြီး လိပ်စာလှမ်းပို့လိုက်ဦးနော်။ ကလေးတွေချင်း ဖူးစာဆုံဆုံ မဆုံဆုံ ကျွန်မနဲ့ ဒေါ်လှလှဦးကတော့ ထာဝရမိတ်ဆွေတွေအဖြစ်ပဲ ရှိချင်ပါတယ်"

"စိတ်ချပါ အစ်မကြီးရယ်။ အစ်မကြီး ခုပြောလိုက်တာတွေကိုလည်း ကျွန်မခေါင်းထဲမှာ သေချာထည့်မှတ်သွားပြီး ပြန်စဉ်းစား ဆင်ခြင်ကြည့်နေမှာပါ။ အစ်မကြီးနဲ့သိကျွမ်းခွင့်ရတာ ကျွန်မအတွက် အများကြီး တန်ဖိုးရှိပါတယ်။ ကလေးတွေကိစ္စကတော့ ကျွန်မကိုယ်တိုင်က တရားခံစာရင်းဝင်တစ်ယောက်အဖြစ် အပြစ်မကင်းနိုင်တော့ ခွင့်လွှတ်ပါလို့ပဲ ပြောချင်တော့တယ်"

နှစ်ဦးသား တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်နှုတ်ဆက်လိုက်ကြပြီး ကော်ဖီဆိုင်လေးထဲက ပြန်ထွက်လာကြချိန်မှာ သူတို့ထိုင်ခဲ့တဲ့ စားပွဲမှာတော့ လုံးဝမသောက်ဖြစ်၊ မတို့ထိဖြစ်ခဲ့ကြတဲ့ ကော်ဖီနှစ်ခွက်က ဒီအတိုင်း ကျန်ရစ်ပါသည်။

ကိုယ်ကိုယ်တိုင်က အိမ်ထောင်ရေးမှာ မအောင်မြင်ကြတဲ့ မိခင်နှစ်ယောက်က မပြေမလည်ကင်းကွာနေကြတဲ့ သားနဲ့သမီးကို ဘယ်လိုရင်ကြားစေ့ပေးနိုင်ကြမှာလဲ။

✻ ○ ✻

"မမငု"

"ဪ ... စန်းစန်းဝင်းရေ ... လာလေ၊ ဘာလဲ ညီမ"

"ဟိုဒင်း ... ဟဲ ဟဲ ဟဲ"

စန်းစန်းဝင်းတို့လို အမြဲပျော်နေတတ်တဲ့ ကလေးမလေးတွေပဲ ကောင်းတယ်။ သူတို့မှာ ဘာအပူအပင်မှလဲ ရှိပုံမရ။ ကိုယ်နဲ့သူဆိုရင် ဒီရုံးမှာ ရာထူးအနေအထားအရ နည်းနည်းကွာသလိုရှိနေပေမယ့် အသက်အရွယ်အရဆို ဘာမှဒီလောက်ကြီးကွာလှတာမဟုတ်။ ဒါပေမဲ့ သူတို့ကြည့်လိုက်ရင် ရယ်သံနဲ့လူနဲ့အမြဲတွဲကပ်နေပြီး ဘဝကို ပျော်ပျော်ရွှင်ရွှင်ပဲ ဖြတ်သန်းနေကြသူတွေ။ ကိုယ့်မှာတော့ ခုလိုကိစ္စကြီးငယ်တွေ မကြုံလာရခင်ကတည်းက သူတို့လောက်တော့ မပျော်ခဲ့ဖူးဘူး ထင်ပါသည်။





"ဟိုဟာပါ ... ဟဲ ဟဲ။ မမငုတို့ Wedding အစီအစဉ်လေးရေ၊ အဲဒါ သတင်းကြားနေတာ၊ ဘယ်တော့လောက်များ ဖြစ်မလဲ သိချင်လို့"

ဟင် ...။ ငုမှာ ကြောင်တောင်သွားရသည်။ သူနဲ့ဘာဆိုင်လဲ။ တမင်ကြီးတက်ပြီး စနောက်ချင်ရအောင်ကလည်း အောက်လူနဲ့ အထက်လူ။

ငုကိုယ်တိုင်က သူတို့နဲ့နောက်လား ပြောင်လား လုံးဝထွေးလား မနေတတ်ခဲ့တာမို့ ဒီလောက်ကြီးလည်း ခင်မင်ရင်းနှီးနေကြတာ မဟုတ်ဘဲနဲ့များ။

လက်ထပ်ဖို့ အစီအစဉ်ရှိတယ် ဆိုတာကတော့ ငုရဲ့အထက်က အမျိုးကြီးမမစိုးရဲ့လက်ချက်နဲ့ တစ်ရုံးလုံးသိနေပြီးတဲ့ကိစ္စလို ဖြစ်နေတော့ မဆန်းလှပါဘူး။ ပျက်သွားသလောက်နီးပါး ဖြစ်နေပြီ၊ အဆင်မပြေကြတော့ဘူးဆိုတာများ တစ်နေရာရာက ကြားလာခဲ့လို့လား။ အဲဒါဆိုလည်း ဒီလို "တဟဲဟဲ"နဲ့ဘာလာအူမြူးပြနေစရာ လိုသလဲ။

ကိုယ့်ဟာနဲ့ကိုယ်မှ လောကကြီးကို မကြည်လင်။ စိတ်ကမရွှင် ဘယ်သူ့ဘယ်သူကိုမှ စိတ်ကောင်းဝင် ချစ်ခင်မပေးနိုင်ချိန်မို့ ငုက ကိုယ့်ရှေ့လာပြီး ပါးစပ်မပိတ်နိုင်ဖြစ်နေသော စန်းစန်းဝင်းကို တော်တော်အမြင်ကတ်သွားမိပါသည်။

"အဲဒါ မင်းနဲ့ ဘာဆိုင်သလဲ"

စန်းစန်းဝင်းတစ်ယောက် "အဲ"ခနဲဖြစ်သွားသည်။ သူ့ဟာနဲ့သူ တဟီးဟီးဖြစ်နေရလို့ စောစောက သတိမထားမိလိုက်တဲ့ ငုရဲ့အုံ့မှိုင်းနေတဲ့မျက်နှာကိုလည်း ခုမှပဲ သတိထားမိသွားဟန်ရှိသည်။

"မမငု အလုပ်တွေများပြီး မအားသေးရင် သွား ... သွားလိုက်ဦးမယ်။ ပြီးတော့မှ ပြန်လာခဲ့လိုက်မယ် ... ရတယ်၊ သွားပြီနော်"

ပြီးရင်လည်း ပြန်လာဦးမယ် ဆိုပါလား။ ဘယ်လိုမဆို ငုကိုတော့ စကားတွေလာပြောပြီး မေးမြန်းစပ်စုနေဦးမယ့်သဘောလား၊ ဒီ Wedding ကိစ္စနဲ့ပတ်သက်လို့ပဲလား။ ငုက အရမ်းစိတ်ဝင်စားသွားပြီ။

"နေပါဦး ... ပြောစရာရှိရင် ခုပြောလည်းရပါတယ်၊ ဘာလဲ"

"အဲ ... အဲဒါက Wedding အကြောင်းပဲ ပြောမှာ"

ငုက စိတ်ကိုရှည်ရှည်လေး ဆွဲဆန့်ကာ စိတ်ကောင်းကောင်းလေး ထားလိုက်သည်။ ကောင်မလေးကြည့်ရတာလည်း မကောင်းတဲ့အကြောင်း တစ်စုံတစ်ရာမျိုးနဲ့တော့ ဟုတ်ပုံမရတော့ဘူးလေ။

"ပြောပါဦး"

"မမစိုးကြီးကလေ မနှင်း ပစ္စည်းတွေကို ဘယ်သူမှမျက်စပစ်မနေကြနဲ့ မမငုပဲ ယူရမှာ။ ညည်းတို့၊ မင်းတို့တတွေ ယောင်လို့တောင် စိတ်ကူးမယဉ်ကြနဲ့လို့ ပြောထားတော့"





ငုရဲ့မျက်ခုံးတွေမြင့်တက်ကာ နှုတ်ကလည်း "သြော်"ခနဲ ဖြစ်သွားပါသည်။ လွန်ခဲ့တဲ့ ခြောက်လလောက်က ရုံးက "နှင်းနှင်း"ဆိုတဲ့ ငုတို့နဲ့ရာထူးတူ မိန်းကလေးတစ်ယောက် မင်္ဂလာဆောင်ပါသည်။ သတို့သားက အမေရိကားက။ နှင်းနှင်းကလည်း မင်္ဂလာပွဲပြီးတာနဲ့ သျှောင်နောက်ဆံထုံးပါ သတို့သားရဲ့နေအိမ်၊ အလုပ်အကိုင်ရှိရာဆီသို့ပဲ လိုက်ပါရမည်ဖြစ်ရာ ရုံးကလူတွေကို "ပွဲလာရင်ပဲ ကျေနပ်ပါပြီ၊ ဘာမှလက်မဖွဲ့ကြပါနဲ့"လို့ သေချာကိုမှာပြီးမှ ဖိတ်ကြားခဲ့ပါသည်။

ဒါပေမဲ့လည်း ရုံးကတစ်ရုံးတည်း အတူလုပ်ဖော်ကိုင်ဖက်တစ်ယောက် မင်္ဂလာဆောင်တာ ဝန်ထမ်းတွေကလက်ဖွဲ့မပါဘဲ ဘယ်ကြွရောက်ချင်ပါ့မလဲ။ အဲဒါနဲ့ပဲ မင်္ဂလာပွဲလည်းပြီးရော နောက်တစ်ရက်မှာပဲ ရုံးကနေထွက်လိုက်ပြီးပြီဖြစ်တဲ့ နှင်းနှင်းတစ်ယောက် ရုံးသို့ပြန်ပေါက်ချလာကာ ...

"လက်မဖွဲ့ကြပါနဲ့ဆိုမှ စေတနာတွေကလည်း ကောင်းလိုက်ကြတာ။ ဒီမှာ ဒီရုံးကဖွဲ့ထားတဲ့ ပစ္စည်းတွေအားလုံး နှင်းပြန်ယူလာခဲ့တယ်။ ဒီပြင်ရတဲ့လက်ဖွဲ့တွေလည်း ဆွေမျိုးသူငယ်ချင်းတွေကို ပြန်ဝေလိုက်ပြီးပြီဆိုတော့ ဒါတွေက ဒီရုံးအတွက်ပဲ။ ဒီအထုပ်တွေအားလုံး ဒီရုံးမှာ ခုချိန်ကစပြီး ပထမဦးဆုံးမင်္ဂလာစဆောင်တဲ့သူအတွက် နှင်းရဲ့လက်ဖွဲ့"

အပျိုကြီးမမစိုးကတော့ "ပစ္စည်းတွေမက်ပြီး မီးပုံထဲ စုံခုန်တိုးမယ်ဆိုတဲ့ မောင်တွေ မယ်တွေ၊ ငါ့ကို စာရင်းလာပေး

ထားကြနော်။ ငါကတော့ ဒါတွေကို လုံးဝရဖို့အကြောင်းအရာမရှိတော့ ခုတစ်ခဏတော့ ငါပဲထိန်းသိမ်းပေးထားပါမယ်"တဲ့။ ပြီးကျတော့ "အဲဒါ နင့်အတွက်ပဲဖြစ်မှာ မိငှ"ဟု အတပ်စွပ်စွဲကာ ငှရဲ့စားပွဲနံဘေးမှာပဲ မှန်ဗီရိုတစ်ခုနဲ့ သော့ခတ်ပြီးလာထား,ထားပေးသွားခဲ့သည်။

"ဘာလဲ ... အဲဒါတွေကို အခု စန်းစန်းဝင်းက မျက်စပစ်၊ စိတ်ကူးယဉ်တော့မယ် ဆိုပါတော့"

"ဟီး ဟီး ဟီး ဟီး။ မှတော်တဆ သမီးကများ မမငှထက် စောနေနိုင်မလားလို့လေ။ မစောရင်လည်း မမငှဆီက ရက်အတိအကျသိရလို့ ရက်ချင်းသိပ်မကွာရင် သမီးကမရ,ရအောင် စောလိုက်မလားလို့။ ဟီး ဟီး ...။ သမီးတို့က ဟိုတယ်တွေ၊ ဘုန်းကြီးကျောင်းတွေမှာ ဒိတ်ယူစရာမလိုဘူး၊ ကိုယ့်အိမ်ရှေ့ပဲ မဏ္ဍပ်ထိုးဆောင်မှာဆိုတော့ အစီအစဉ်နဲ့ရက်က ကိုယ်ကြိုက်သလို လုပ်လို့ရတယ်။ ဟီး ဟီး"

တဟီးဟီးနဲ့ မှန်ဗီရိုကိုလည်း လက်ညှိုးကတထိုးထိုးနဲ့။ လက်ဖွဲ့ထုပ်တွေကို မက်မက်မောမောကြီး ရည်မှန်းနေတာကိုလည်း ရှက်သလို အောက်သလို တစ်စက်မှမရှိ။ စန်းစန်းဝင်းရဲ့ပုံစံက မင်္ဂလာပွဲကိစ္စနဲ့ပဲ စိတ်တွေနောက်ပြီး အကောင်းမြင်စိတ်တွေ ခန်းခြောက်နေတဲ့ ငှကိုပင် သဘောတကျ၊ စိတ်လက်ပေါ့ပါးဖြစ်လာစေပါသည်။





"ကဲပါ ... မမဘုရားရယ်၊ ဘာမှပြောမနေပါနဲ့။ ရှင့်ပစ္စည်းတွေပါပဲ။ ရှင်ပဲ ယူရမှာလို့သာ သဘောထားလိုက်ပါ"

"ဟယ် ... တကယ်လား ! သမီးတို့က ပိုက်ဆံနည်းနည်းစုဦးမလားလို့နော်။ သုံးလလေးလလောက်တော့ ..."

"ကျုပ်တို့က လုပ်ဖြစ်ချင်မှတောင် လုပ်ဖြစ်တော့မှာ။ ရှင့်ပစ္စည်းတွေကိုလုမယ့်လူက ကျုပ်တော့မဖြစ်နိုင်တော့ဘူး။ ဒီပြင် ဘယ်သူတစ်ယောက် မမျှော်လင့်ဘဲ ဝင်ဖြစ်သွားနိုင်တယ်ဆိုတာကိုသာ သေချာအောင် တစ်ရုံးလုံး လိုက်စုံစမ်းချေပါ"

"စုံစမ်းပြီးပြီ၊ အပျိုတွေက လာကြိုက်မယ့်သူ မရှိလို့။ လူပျိုတွေက ပြန်ကြိုက်မယ့်သူ မရှိလို့။ အားလုံးမျက်ရည်တောက်တောက် ယိုနေကြရတာ။ ဒီလိုဆိုရင်တော့ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ"

ပြီးမှ သူများတကာ မင်္ဂလာပွဲက လုပ်ဖြစ်ချင်မှတောင် လုပ်ဖြစ်တော့မယ်လို့ ပြောထားတာကို ဝမ်းသာနေသလိုကြီးဖြစ်သွားပြီမို့ "အဲ"ခနဲ တဟီးဟီး ပြန်ဖြစ်သွားပြန်ရင်း ...

"ဟဲ ဟဲ ... အဲဒါလေ သမီးတို့က ပိုက်ဆံကို တအားကြီးတွက်ချက်ပြီး စေ့စေ့စီစီလေး လုပ်ကြရမှာဆိုတော့ အထဲမှာ ဘာတွေရှိနေမလဲ ဖောက်ကြည့်ချင်တယ်။ ရှိနှင့်ပြီးသားတွေ ထပ်ဝယ်မိမှာစိုးလို့လေ ... ဟဲ ဟဲ ဟဲ"

သဘောကျစရာပဲ ကောင်းသေးတော့။ "သမီးတို့ ပိုက်ဆံလိုနေလို့လေ။ သမီးပဲရမယ့်ဟာတွေဆိုရင် မင်္ဂလာပွဲက လိုသေးပေမယ့် အဲဒါတွေအားလုံးကို ကြိုရောင်းစားထားလိုက်ပြီး စုနေတဲ့ပိုက်ဆံထဲပဲ ထည့်လိုက်လို့ရမလား ... ဟဲ ဟဲ ဟဲ" ဟု ပြောမလာတာကိုပင် ကျေးဇူးတင်ရတော့မလိုရှိသည်။

သို့သော် စိတ်မပုပ်မိစေနဲ့လေ။ စိတ်ကောင်းလေး ထား။ မနာလိုဝန်တိုတွေလည်း ဖြစ်မနေနဲ့။ ကိုယ့်ကျ အားလုံး ပြိုကွဲပျက်စီးလို့ နေချိန်မှာ သူ့ကျ "တဟီးဟီး တဟဲဟဲ" နဲ့ပါးစပ် ကိုမစေ့နိုင်ပါလားလို့လည်း ဒေါမနဿတွေ ပွားများမနေနဲ့တော့။

"သော့က မမစိုးဆီမှာ။ အဲဒီလိုလုပ်လို့ ရမလားဆိုတာ မမစိုးကြီးကိုသာ သွားမေးပေတော့"

"မမငကတော့ ခွင့်ပြုတယ်နော်။ သမီးမင်္ဂလာပွဲက ဘယ်လောက်အချိန်ထပ်ဆွဲဆွဲ မမငကတော့ လုပ်ကိုမလုပ်ဖြစ် တော့မှာ သေချာတယ်နော်"

အင်း ... တစ်ခါတည်း အဆိပ်ကျွေးရင်ကျွေး၊ ဒါမှ မဟုတ် ရင်ဝကို ဓားနဲ့ခပ်နက်နက်သာ ထိုးစိုက်ချသွားပါတော့ လား။ သူ့ခမျာ သူများတကာမင်္ဂလာပွဲမလုပ်ဖြစ်ဖို့။ မတော်တဆ ဒီကြားထဲမှာ ပြန်လည်အဆင်ပြေပြီး ထလုပ်ဖြစ်သွားတာမျိုးရှိ မလာစေဖို့ တော်တော်ပဲ အရေးကြီးနေရှာသည်။ ငရဲ့နံဘေးကနေ "လှစ်"ခနဲ ပျောက်သွားတဲ့ စန်းစန်းဝင်းဟာ ခဏတွင်းချင်းမှာ ပင် မမစိုးနှင့်အတူ ပြန်ရောက်လာပါသည်။ မမစိုးကြီးကတော့ ငကို မျက်စိကြီးစွေပြီး ခပ်တည်တည်ကြီး အကဲခတ်လျက်။





"ဟယ် ... မီးပူဆိုရင် နှစ်လုံးတောင် အကောင်းစားကြီး တွေ၊ ဟော့ပလိတ်တစ်ခုလည်း ပါတယ်တော့၊ သိပ်အဆင် ပြေတာပဲ။ ရေနွေးကျိုတဲ့အိုးတွေရောပဲ။ ဓာတ်ဘူး၊ တီးဆက်၊ နာရီ၊ Emergency Lamp ။ ဟယ် ... အောက်စက်တောင် ပါတယ် ...

ကျူးလစ်အိပ်ရာခင်းတွေကကျတော့ ကိုယ်လည်း ခင်းအိပ်ဖြစ်မှာမဟုတ်ဘဲနဲ့ အများကြီးပဲ။ နာရီတွေရောပဲ။ ပိုနေမယ့်ဟာတွေလည်း စာရင်းလုပ်ထားလိုက်မယ်နော် မမစိုး။ အဲဒီအခါကျ ဘယ်သူများ လိုချင်မလဲလို့လေ။ ရုံးကလူတွေကို တစ်ဝက်ဈေးလောက်နဲ့ ပြန်ရောင်းပေးမယ် ဆိုရင် သူတို့လည်း ဝမ်းသာကြမှာပဲ"

"ဟုတ်တယ် ... ! ငါတို့တစ်ရုံးလုံးက အရူးကြီးတွေမို့လို့ ကိုယ်လက်ဖွဲ့ထားတဲ့ပစ္စည်းတွေကို နင့်ဆီက ပိုက်ဆံပေး ပြီး ပြန်ဝယ်ယူရဦးမယ်။ အေး ... ကောင်းတယ်။ နင့် လည်း ငါတို့က ဘယ်လိုမဆို လက်ဖွဲ့ရဦးမှာပဲဟာ။ ဒါ တွေကို နင့်ဆီက တစ်ဝက်ဈေးနဲ့ ပြန်ဝယ်ပြီး နင့်ကိုပဲ ပြန်လက်ဖွဲ့မယ်"

"အဲ ... ဘယ်ရမလဲ။ သမီးက ဒီတစ်ရုံးလုံးကို ဘယ်လောက် ကလေးပဲဖြစ်ဖြစ်၊ နည်းနည်းလေးပဲဖြစ်ဖြစ် ပိုက်ဆံပဲဖွဲ့ပေး ကြပါနော်ဆိုတာ ဖိတ်ကတည်းကကို တစ်ခါတည်းတောင်း ဆိုမှာပဲ။ ဘာပစ္စည်းမှ ထပ်မလိုချင်တော့ဘူး။ ပိုက်ဆံပဲ

ဘယ်လောက်ပဲရရ လိုချင်တယ်။ ဒါတွေကလည်း ကိုယ် ဖွဲ့တဲ့ပစ္စည်း ကိုယ်ပြန်ဝယ်ရမှာမှ မဟုတ်တာ။ ဒီမှာကြည့် မမစိုးဆိုရင် အိပ်ရာခင်းအစုံကြီး ဖွဲ့ထားတာ။ ဒါ 'ငါ မီးပူလိုတယ်၊ မီးပူပြန်ဝယ်မယ်"ဆိုလည်း ယူ တာပဲ။ အိပ်ရာခင်းအစုံကြီးက မမစိုးအတွက်မှ အသုံး တာ ... ဟီဟိ"

"ခွေးကောင်မလေး ...။ အူမြူးနေလိုက်တာ အရှက်လည်း မရှိဘူး။ တော်တော့ ... မပြီးသေးဘူးလား နှင့်ကိစ္စတွေ ရုံးချိန်ကြီးမှာ လောဘသံဃာရနဲ့ လိုချင်မျက်စိကြီးတဲ့ တွေ့လာလုပ်နေတယ်။ အားလုံးလျှောက်ဖွမနေနဲ့တော့ တော်တော့"

မမစိုးမှာ နေရင်းထိုင်ရင်း နံဘေးက ငှကိုလည်း အားနာလာဟန် ရှိပါသည်။ သူကိုယ်တိုင်က "ဒါတွေ နင်ပဲယူ ပါ မိငှရယ်၊ နှင်းနှင်းက နင့်ကိုပဲ ဖွဲ့သွားတာပါပဲ"ဟု ဆိုခဲ့ လေတော့ ပြောင်းလဲသွားတဲ့ ဖြစ်စဉ်အတွက် သူ့ဘာသာပဲ ဖြ ပြီးမျက်နှာပူနေဟန်ရှိသည်။ ကလေးဆန်ဆန်နဲ့ ပျော်နေဖို့တစ် စိတ်ထဲရှိတဲ့ စန်းစန်းဝင်းကတော့ "ငှကို အားနာဖို့ကောင်းတယ်" ဆိုတာမျိုးပင် ခေါင်းထဲထည့်တွေးနေနိုင်ဟန် မတူပါ။

ဒါပေမဲ့ ဒီပစ္စည်းတွေ ငှရမှာနဲ့စာရင် သူပဲရ တာက ပိုပြီးသင့်တော်ပါသည်။ ရက်ရက်ရောရောကြီး အား ပြန်ပုံပေးသွားတဲ့ နှင်းနှင်းအတွက်လည်း ပိုပြီးကုသိုလ်ရသည်





သာဆိုရင် ဘာပြဿနာ အနှောင့်အယှက်မှ မရှိဘဲ အားလုံး ဆင်ပြေ ချောမွေ့လွယ်ကူစွာ မင်္ဂလာပွဲကျင်းပဖြစ်ခဲ့ရင်တောင် န်းစန်းဝင်းလိုတော့ ဟိုအထုပ်ဖောက်လိုက်၊ "ဟယ်"ခနဲဖြစ်လိုက်၊ အထုပ်ဟကြည့်လိုက် "ဟာ"ခနဲအော်လိုက် "ပွတာပဲ"တို့ ကော်တာပဲ"တို့၊ "ဝမ်းသာလိုက်တာ"တို့။ "မိုက်ပဲ"တို့ တစ်မျိုး တစ်မျိုး အော်ဟစ်နေရလောက်အောင်တော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေဖြစ်မည် မဟုတ်ပါ။

"ဟယ် ... ဒီမှာ ကော်ဖီဖျော်တဲ့ကော်ကြီး ... မငှ ... မငှ ဒီမှာ ကြည့်ပါဦး၊ percolator ကြီးတော့။ အဲဒါကြီးတော့ မငှကိုပေးမယ်၊ ပြန်ရောင်းမှာမဟုတ်ဘူးနော်။ ဒီအတိုင်း လက်ဆောင်သက်သက်ပေးမှာ မမငှက ကော်ဖီကြိုက်တယ် မဟုတ်လား ... ဟီ ဟိ ... မငှက စိတ်သဘောထားကောင်း လှစွာနဲ့ မငှပဲရရတော့မယ့်ပစ္စည်းတွေကို သမီးအတွက်ပဲ အလှည့်ပေးလိုက်တဲ့အတွက် ကျေးဇူးဆပ်မှာ။ လာဘ်ထိုးတာ မဟုတ်ဘူးနော်။ တကယ်ကျေးဇူးတင်တာ ... ဟဲ ဟဲ"

လူဖြစ်ကျိုးနပ်လိုက်တာ။ သူ့မှာဘာအကြောင်းအရာ စကားပြောပြော "ဟီဟိ"တို့ "ဟဲဟဲ"တို့က မပါမဖြစ်။

"တော်ပြီ ... တော်ပြီ ... ဟဲ့ကောင်မလေး ... နင် အရူး မဟုတ်၊ အကောင်းမဟုတ်တဲ့။ ပေါက်ကရတွေ လျှောက် ပြောမနေနဲ့တော့။ သွားတော့။ ငါလည်း ဗီရိုကိုသော့ပြန် ခတ်တော့မယ်"

မမစိုးက စန်းစန်းဝင်းကို တွန်းမထုတ်ရုံတမယ် တားဆီးပစ်လိုက်ကာ အထုပ်တွေကို ဗီရိုထဲ အကုန်ပြန်ထည့်ပေး လိုက်ပါသည်။ ဒါတောင်မှ ပျော်ရွှင်မှုတွေကို ထိန်းမရနိုင်ဖြစ်နေ တဲ့ စန်းစန်းဝင်းက ဝမ်းဆက်လေးတစ်စုံကို မရမက ဆွဲဖောက် ထုတ်ကိုင်ကြည့်လိုက်ရင်း ...

"ဒါလေးကို ကြိုယူထားလိုက်လို့ ရမလား။ ဟိုဘက်အ လာမြန်းမယ့်နေ့ကျ ရပ်ကွက်ထဲက လူကြီးတွေ ဘာတွေကို ပါ လက်ဖက်ရည်တိုက်ရမှာလေ။ အဲဒီနေ့ကျဝတ်ဖို့ ခုထိ ထပ်မဝယ်ရသေးဘူး။ ရှိတာပဲ အကောင်းထဲကပဲ ပြန်ဝတ် ဖို့လုပ်ထားတာ။ မမစိုး ဒါလေးထုတ်ပေးလိုက်ရင် စက်ဆိုင် ကို မြန်မြန်လေး ပြေးအပ်လိုက်မယ်လေ"

"ယူဟော့ ... ယူ။ လုပ်ချင်တာလုပ်။ စိတ်ရှိတိုင်း သဘော ရှိ ကလောဟိသာလုပ်။ ပြီးရင်တော့ မြန်မြန်လေးကြွ။ ဒီနားမှာမနေနဲ့တော့။ နင့် ငါမမြင်ချင်တော့ဘူး။ မျက်စိ နောက်လိုက်တာ"

စန်းစန်းဝင်းက ပိတ်စထုပ်လေးကိုင်ကာ ထွက်ပြေး တော့မယ်အပြု ငှမှာ သိချင်စိတ်ကို ဘယ်လိုမှ ထိန်းချုပ်လို့မရ နိုင်တော့ဘဲ ...

"စန်းစန်းဝင်း မင်္ဂလာပွဲအတွက် ညီမအရမ်းပျော်လားဟင်၊ ဟုတ်လား"

"ဟင် ... ! အဲ ... ဟိုဒင်း"





သူ့ကိစ္စပြီးသွားမှပဲ အသိတရားလေး နည်းနည်း ဝင်လာဟန်တူတဲ့ စန်းစန်းဝင်းက ငှကို မျက်လုံးပြူးကလေးနဲ့ ကြည့်ပြီး ပါးစပ်ထဲလက်ညှိုးတစ်ချောင်းထည့်ကာ သွားနဲ့ကိုက် လိုက်၊ ဖွဲ့ရွဲ့လိုက်။

"လက်သည်းတွေကိုက်မနေနဲ့။ မင်္ဂလာပွဲနေ့ကျ လှလှပပ ဖြစ်နေဖို့ မွေးထားရတာ မဟုတ်လား။ ကျိုးပဲ့ကုန်လို့ အလှဆင်လို့မရဘဲ နေနေဦးမယ်။ အကောင်းမေးကြည့် တာပါ။ တကယ် သိချင်လို့ စိတ်ရင်း၊ သဘောရင်းနဲ့ မေးတာ"

"အဲ ... ပျော်တာပေါ့ မမငှကလည်းပဲ သူနဲ့ သမီးနဲ့က ကြိုက်နေကြတာပဲ နှစ်နှစ်ကျော်ပြီ"

ငှတို့လည်း နှစ်နှစ်လောက်တော့ ရှိပါပြီလေ။

"အဲဒီလောက် ပျော်နေရတယ်ဆိုတော့ အဆင်မပြေတာတို့ ဘာတို့ ဘာမှမရှိဘူးပေါ့နော်။ ဟို ... တို့မေးတာကလေ။ သမီးရည်းစားချစ်သူအချင်းချင်းကတော့ အပရိကစိတ်ဆိုး တာ စိတ်ကောက်တာမျိုးတွေ ရှိချင်ရှိမှာပေါ့နော်။ ဒါပေမဲ့ ဒီနှစ်ယောက်တည်းနဲ့မကတဲ့ ကိုယ့်မိသားစု၊ သူ့မိသားစုဆို တာတွေက ရှိသေးတာ။ အဲဒီနှစ်ဖက်အုပ်စုကြီးတွေထဲမှာ ရော အားလုံး အဆင်ပြေကြသလား။ ကိုယ့်ပြဿနာနဲ့ ကိုယ်တို့၊ ကိုယ်နဲ့သူတို့နဲ့ ပြဿနာတို့ အဲဒီလိုဟာမျိုးတွေ လုံးလုံးမရှိဘူးလား"

တဟီးဟီး တဟဲဟဲနဲ့ ခုန်ပေါက်မြူးထူးနေသည့် ကောင်မလေးက တစ်မုဟုတ်ချင်း တည်ငြိမ်ရင့်ကျက်တဲ့ရုပ်ပေါက်သွားကာ ငုရဲ့စားပွဲရှေ့ကခုံမှာ ဝင်ထိုင်လိုက်ပြီး ...

"ဘယ့်နှယ် ပြောလိုက်ပါလိမ့် မမငုရယ်။ သမီးတို့နှစ်ဖက်မိသားစုတွေဇာတ်လမ်းသာ ဇာတ်ကြောင်း လှန်လိုက်ရရင် မမငုနဲ့ မမစိုး မျက်ရည်ချောင်းစီးပြီး ခုနစ်ရက်ခုနစ်လီ ထမင်းမစားနိုင်၊ ညမအိပ်နိုင် ဖြစ်သွားနိုင်တယ်။ ဒီခေတ်ကြီးထဲ ပြဿနာအရေးအခင်းမရှိတဲ့ မိသားစုဆိုတာရှိသလား။ သမီးတို့ဆို ငွေရေးကြေးရေးကလည်း နှစ်ဖက်စလုံး မပြေလည်ကြဘူးဆိုတော့ ပြဿနာက သူတကာတွေထက် ရှစ်ဆလောက်ပိုပါတယ် ဆိုတာမျိုးပဲ"

"ငွေရေး ကြေးရေးဆိုတော့ အကြွေးတွေ၊ အပေါင်တွေရှိတာမျိုး"

"ဒါပေါ့ ... နှစ်ယောက်စလုံးမှာပဲလေ အဲဒါတွေသာ ခေါင်းထဲထည့်ခံစားနေရရင် သမီးတို့ ဒီတစ်သက်တောင် နီးကြရဖို့မရှိဘူး။ သူ့မိဘတွေလည်း အကြွေးတွေနဲ့ချည်းပဲ။ သမီးမိဘတွေလည်း မကြာခင် အပေါင်ဆုံးမယ့်ကိစ္စတွေရှိတာပဲ ..."

ဒါပေမဲ့လည်းပဲ သမီးတို့ ကိစ္စရှိလာတော့ ဟိုဘက်ဒီဘက် အနည်းဆုံး သိန်းဂဏန်းလောက်ကတော့ ထပ်ရှာဖွေ ချေးငှားကြရဦးမှာပဲ။ အဲဒါကို ခုက္ခပါပဲ ပြဿနာပါပဲ





လို့တွက်ရင်တော့ သမီးတို့ဘဝက မျက်ရည်တောထဲမှာပဲ နေ,နေရလိမ့်မယ် မမငုရဲ့။ ဗွတ်လက်ထပ်ပစ်လိုက်တော့လည်း ကြွေးပေါ်ကြွေးပိလာမယ့်ကိစ္စက ဒီလိုပဲ ချေနေကြရမှာပဲလေ။ သမီးတို့ကိစ္စကြောင့် ထပ်ပိလာနိုင်တဲ့ကြွေးမျိုးကိုတော့ သမီးတို့နှစ်ယောက်ကလည်း ဝိုင်းချေကြရမှာပေါ့"

"သြော် ... အင်း ... အင်း ... ဒါဖြင့် ငွေရေးကြေးရေး ပြဿနာပဲပေါ့နော်။ တခြားလူမှုရေးတို့၊ ပေါင်းသင်းဆက်ဆံရေးတို့ ..."

"ဟဲ ဟဲ ဟဲ ဟဲ ... သူ့အဖေက အရက်သမားကြီး။ နေ့တိုင်း သမီးတို့အိမ်ရှေ့လာ,လာပြီး ကလော်ဆဲနေတာ။ သူ့အစ်မကတော့ သမီးအမေနဲ့ လာလုံးသတ်ထားလို့ မင်္ဂလာပွဲနေ့ကျ ဘယ်လိုလူစုခွဲထားရပါ့မလဲလို့ စဉ်းစားမရဖြစ်နေတာ။ ခုတော့ တော်ပါသေးရဲ့။ ချဲကိစ္စနဲ့ နှစ်နှစ်တဲ့။ အထဲဝင်နေတယ် ... ဟီးဟီး။ အမေကံကောင်းသွားတာပေါ့။ နို့မို့ သူက အသက်ကလည်းငယ် အကောင်ကလည်းကြီးလိုက်သေးတာ ..."

ဒါပေမဲ့ သမီးအမေကလည်း အဲဒီအစ်မ မရှိလည်း ပွဲနေ့ကျ သူတို့အမျိုးထဲက တစ်ယောက်ယောက်နဲ့ တစ်ခုခုဖြစ်ချင်လည်း ဖြစ်မှာပဲ။ နဂိုတည်းက တစ်လမ်းတည်းနေပြီး ကြည့်လို့ရကြတာမှ မဟုတ်တာ။ သမီးအဖေကလည်း

သူ့ကို တစ်စက်ကလေးမှ ကြည့်မရဘူး။ အဖေအလုပ်ပြုတ်သွားတာ သူ့ကြောင့်လို့ချည်း ထင်နေတာလေ။ အမှန်ကတော့ သူတိုင်တယ်ရယ်လည်း မဟုတ်ပါဘူး မမငုရယ်။ သက်သေထဲတော့ ပါနေတာမျိုးပေါ့။ အဲဒီတော့ သမီးတို့အိမ်မှာတော့ သူကလိုက်နေလို့ မရဘူး ...

သူ့အမေကလည်း သူတို့အိမ်ပေါ် သမီးတက်လာမှာကို လက်ခံဖို့နေနေ သူလက်ထပ်ပြီးရင် အောက်ကညီအငယ်ဆုံးလေးတစ်ကောင်ကိုပါ တာဝန်ယူပြီးခေါ်သွားလို့ချည်း အမိန့်ထုတ်နေတာ။ သမီးတို့က ကိုယ့်ဘာသာအိမ်ငှားနေရမယ်ဆိုရင် ဘယ်လိုမှ,မှ မဖြစ်နိုင်တာ။ အဲဒါကြောင့် သူ့အလုပ်ကပေးတဲ့ လိုင်းခန်းကို မရ,ရအောင် အခုလိုက်နေတယ်။ သူ့ညီလေးလည်း ခေါ်မသွားချင်ပါဘူး။ အဲဒီကောင်လေးက လက်မငြိမ်ဘူး။ အရပ်ထဲမှာတော့ နာမည်ကျော်လေးပေါ့။ ရပ်ကွက်ထဲက တစ်အိမ်အိမ်ပေါ် သူရောက်လိုက်တာနဲ့ မပါသွားဘူးဆိုရင် နတ်ဆက်ထားတဲ့ ငှက်ပျောဖီးကတစ်လုံးလောက်ဖြစ်ဖြစ်ကတော့ ပုံပါသွားပြီပဲ။ အဲဒီလောက် လက်သွက်တဲ့အကောင်။ ဘယ်လိုငြင်းထုတ်ထားခဲ့ရမလဲ မသိသေးဘူး ...

ယောက္ခမစကားကို မတွန်းလှန်နိုင်ဘဲ အဲဒီကောင်လေးကိုပါ မဖြစ်မနေ ထည့်ခေါ်သွားရတော့မယ်ဆိုရင် သမီးအဖေကလည်း ငြိမ်ခံနေမှာမဟုတ်ဘူး။ အိမ်မှာ သူတို့





ပြုစုနေရတဲ့၊ လေတစ်ခြမ်းဖြတ်ထားတဲ့ အဘွားကို သမီးနဲ့ထည့်လိုက်မယ်လို့ လေသံပြန်ပစ်ထားတာပဲ။ တကယ်ပြောနေတာလား ဘာလားတော့ မသိသေးဘူး"

"ဟဲ့ ... ဟဲ့ ... ဟဲ့ ... တော်ပါတော့။ တော်ပါတော့ ဒီလောက်သိရရင် ကျေးဇူးတင်ပါပြီ။ အမယ်လေးဟဲ့ ... ပြဿနာပေါင်းသောင်းခြောက်ထောင်ဆိုတာ နင်တို့ကိုကြည့်ပြီး ထွင်ထားတဲ့စကားလား မှတ်ရတယ်"

"မမစိုးကလည်း အဲဒါကြောင့် သမီးကပြောတာပေါ့။ ဒီခေတ်ကြီးထဲ ပြဿနာအရေးကိစ္စမရှိတဲ့ မိသားစုဆိုတာ ရှိမလား။ မမစိုး မယုံရင် ချယ်ရီတို့၊ မာလာနွယ်တို့၊ ဇင်ဇင်တို့ပါ ခေါ်မေးကြည့်ပါလား။ သမီးတစ်ယောက်တည်း သောင်းခြောက်ထောင်နေတာမှ မဟုတ်တာ ...

အဲဒါကြောင့် ဟိုဘက်မလည်းပြဿနာနဲ့။ ဒီဘက်မလည်း ပြဿနာနဲ့ကို အဲဒီလိုမိသားစုနှစ်စုက လူနှစ်ယောက်က လက်ထပ်ပေါင်းသင်းကြပါတော့မယ်ဆိုရင် လူချင်းသာပေါင်းကြရမှာ၊ ပြဿနာတွေကိုပါ ပေါင်းစရာမလိုဘူး။ ဒါတွေက တစ်ကန့်စီထားရမှာ ...

အားလုံးကိုကျောကော့ပြီး ထားရစ်ခဲ့လို့ကတော့ ရမှာမဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုယ်နဲ့လိုက်ပတ်သက်လာမှာကို ... ပတ်သက်လာချိန်ကျမှ ဖြစ်သလိုကြည့်ဖြေရှင်းမယ်။ လက်ထပ်တဲ့ကိစ္စထဲကိုတော့ ဒါတွေကိုပါ ပိုက်ထွေးပြီး သယ်

ဆောင်လာစရာမလိုဘူး။ အဲဒါတွေအားလုံး ရှင်းလင်းမှ လက်ထပ်ကြရအောင်ဆိုလည်း ဆံဖြူသွားကျိုး အရိုးဆွေးတောင် ပေါင်းချင်မှ ပေါင်းကြရတော့မှာလေ"

"ဒါနဲ့တောင် နှင့်ကြည့်လိုက်ရင် အမြဲပျော်နေသလိုပဲ စန်းစန်းဝင်းရယ်"

"အဲဒီလိုမှ ရှာကြံမပျော်တတ်ရင် အမောတွေပိပြီး သေတာကြာပြီပေါ့ မမငုရယ်။ ဒါဘဝပဲဟာ။ ဥပမာဆိုရင် သမီးက ပြဿနာတွေကို ခေါင်းထဲထည့်ပြီးပူနေ။ ကြောက်နေဖို့ထက် ဘယ်လိုမှ အဆင်မပြေနိုင်တော့ဘူးလို့ တွေးထားတဲ့ကြားကပဲ အစုလက်ထပ်ဖြစ်ကြဖို့အထိ ဖြစ်လာနိုင်ပြီဆိုတာကိုပဲ တွေး,တွေးပြီးပျော်တယ်။ ခဏလေးပဲ ပျော်လိုက်ရပြီး ပြဿနာတွေကြားထဲ ပလုံခနဲ ပြန်ကျသွားမယ်ဆိုရင်တောင် လုံးဝမပျော်လိုက်ရတာနဲ့စာရင် အဲဒီခဏမှာတော့ ပျော်လိုက်ရတာက အမြတ်ပေါ့"

တဟီးဟီး တဟဲဟဲနဲ့ ဘာကိုမှ သိပ်လေးလေးနက်နက်မရှိဘူး ထင်ရတဲ့ ကောင်မလေးဆီက သင်ကြားလိုက်ရတဲ့ ဒဿနက ပြဿနာတူရင်ဆိုင်နေရတဲ့ ငုကိုသာမက ဃရာဝါသဆိုတာမျိုးကို ဝေးဝေးကရှောင်ထားတဲ့ မမစိုးကိုပင် ငိုင်တွေတွေဖြစ်သွားစေပါသည်။ လူဆိုတာမျိုးဟာ "ကိုယ့်ဒုက္ခကသာအကြီးဆုံး"လို့ လူတိုင်းထင်နေကြတာ သူများတကာတွေရဲ့ပြဿနာဒုက္ခတွေကို မကြားကြရသေးလို့ပါလား။ တကယ်တမ်းကျတော့





ပြဿနာတွေ၊ ဒုက္ခတွေက အဓိကမဟုတ်။ အဲဒါတွေကို ဘယ်လိုရင်ဆိုင်ကျော်ဖြတ်လိုက်မလဲ ဆိုတာကမှ အရေးပါတဲ့အဓိကအချက်လေ။

ခုဆိုရင် ငုနဲ့ စန်းစန်းဝင်းနဲ့ယှဉ်ရင် စန်းစန်းဝင်းကမှ အဓိပ္ပာယ်ရှိတဲ့ ဘဝကြီးထဲမှာ လူပီသသူအဖြစ်နဲ့ ရပ်တည်ရှင်သန်နေနိုင်တာပါလား။

"ငုတော့ ဘယ်တုန်းကမှ အထင်ကြီးမထားမိတဲ့ စန်းစန်းဝင်းကို တလေးတစားနဲ့ ဆရာခေါ်ရတော့မယ့်ပုံပဲ မမစိုးရယ်"

"နင်တို့ကိစ္စက ဘယ်လောက်ထိ ပြဿနာကြီးလို့လဲ။ ရွှေဆိုင်းထားဦးမှာလား။ ဘယ်လိုမှ မဖြစ်နိုင်တော့တာမျိုးတော့ မဟုတ်ဘူးမှတ်လား၊ ငု"

"ငု သူ့ကို ဆရာခေါ်ချင်တာက ငုတို့ ဘယ်လိုမှမထားနိုင်မယ့်စိတ်မျိုး သူကကျော့ ထားနိုင်နေလို့ပါ မမစိုးရယ်။ ငုလိုစိတ်မျိုးနဲ့ကတော့ သူမြေးချီရရင်တောင် ငုတို့ကိစ္စက စနိုင်ပါဦးမလားပဲ"

"လူချင်းသာပေါင်းကြရမှာ ပြဿနာတွေကိုပါပေါင်းစရာမလိုပါဘူး"တဲ့။ "သူ့ဘက်ကိုယ့်ဘက် ပြဿနာအားလုံးကင်းရှင်းမှဆိုလည်း ပေါင်းချင်မှ ပေါင်းကြရတော့မှာလေ"တဲ့။ သဘောကျစရာ ကောင်းလိုက်တာ။ လိုက်မလုပ်နိုင်တာကသာ ခက်သည်။

✻ ○ ✻

## အခန်း(၆)

"အစ်မ ... အစ်ကိုလည်း ရောက်လာပြီ။ ဒီတစ်ခါတော့ အစ်မတို့ကြည့်ရုံတင် မဟုတ်တော့ပါဘူး။ တကယ်ယူဖြစ်ပြီ ထင်ပါတယ်။ အစ်ကိုလည်း ရောက်လာပြီပဲ ... ဟင်း ဟင်း ဟင်း"

"ဟင် ... ဘာလဲဟင်၊ ဘာပြောတာလဲ"

"အစ်မက 'သူလည်းပါမလာသေးလို့ ဒီတစ်ခါလည်း လာကြည့်ရုံပါပဲ'ဆို။ အစ်ကိုကဖြင့် လိုက်လာပြီ။ ဟိုမှာ ကျွန်မတို့ဆိုင်ရှေ့တည့်တည့်မှာကကားရပ်ဖို့နေရာက အဆင်မပြေတော့လို့ ဆိုင်ဘေးကလမ်းထဲမှာ ကားရပ်လို့ရအောင် အစ်ကို့ကိုဆိုင်က Security မောင်လေးတစ်ယောက်က သွားကူညပေးနေတယ်လေ။ ဟိုဘက်လမ်းသွယ်ထဲမှာ အစ်ကို ကားပါကင်ထိုးနေပြီ။ ဒါလေးနော် ... အစ်မအရမ်းကြိုက်နေတာ။ ကျွန်မ ပြန်ချိန်ကြည့်လိုက်ပြီး စိန်ဖိုးကျောက်ဖိုး





နဲ့ပါ ဘယ်လောက်အနည်းဆုံး ထားပေးနိုင်မယ်ဆိုတာလေး ပြန်တွက်ကြည့်ထားပေးလိုက်ရတော့မလား"

ဆိုင်က မန်နေဂျာကောင်မလေးက ငှက်ခြင်မင်ရင်းနှီးစွာ ဝမ်းသာအားရပုံစံနှင့် ပြောလာပါသည်။ သူက ဝမ်းသာသွားပေမယ့် ငှမှာတော့ "ဒိတ်"ခနဲ ခုန်သွားမိတဲ့ ရင်အစုံနဲ့ လူက ကယောင်ချောက်ချား၊ သေလုမြောပါး။ ဘယ်လိုလုပ်များ တိုက်တိုက်ဆိုင်ဆိုင်နဲ့ သူကပါ ရောက်ရှိလာရတာပါလိမ့်။

တကယ်တော့ ငှဟာ ဒီပလက်တီနမ်နဲ့ ကျောက်မျက်လက်ဝတ်ရတနာဆိုင်လေးကို တမင်သက်သက်(အလွမ်းပြေ)ရောက်လာခဲ့ခြင်းသာပါ။ ဘယ်လိုမှ ဝယ်ဖြစ်မှာမဟုတ်မှန်း၊ ဘယ်တော့မှလဲ ဝယ်ဖြစ်မှာမဟုတ်တော့မှန်း သိသိကြီးနဲ့ Wedding Rings ပုံစံလေးတွေကို မနက်ကတည်းက လာထိုင်ကြည့်နေခဲ့တာ။ ခုနေ့လယ်စောင်းပင် ရှိနေပြီ။

ဆိုင်ကကောင်မလေးတွေနဲ့ မန်နေဂျာမလေးတို့က ငှကို ဦးလတ်တူမမှန်းလည်း မှတ်မိကြသည်။ ပြီးကျ(ဘာဖြစ်လို့မှန်းမသိ)ဆိုင်ထဲကနေ ဝမ်းသာအားရလက်တွဲပြီး ပြန်ပြေးထွက်သွားခဲ့ကြတဲ့ အတွဲကလေးထဲက မိန်းကလေးအဖြစ်လည်း မှတ်မိနေကြသည်။

သူတို့ရဲ့ Customer ပေါ် ဝန်ဆောင်မှုနဲ့စိတ်ရှည်မှုကလည်း အရမ်းကောင်း၊ ကိုယ်ကလည်း ဆိုင်ဖွင့်စကနေ နေ့လယ်တိုင်လာတဲ့ထိအောင် အဲဒီလက်စွပ်ကလေးတွေကိုပဲ (ဝယ်မှာလည်း

မဟုတ်ဘဲနဲ့) အားမနာလျှာမကျိုး အကြာကြီးထိုင်ကြည့်ဖြစ်နေတဲ့ အခါ ကြာတော့ ငှက အားနာလာသည်။ အဲဒါကြောင့်ပဲ မန်နေဂျာ မိန်းကလေးကို ...

"ဒီတစ်ခေါက်လည်း ဝယ်ဖြစ်ဦးမှာမဟုတ်ပါဘူး။ ကြည့်ရုံ သက်သက်လာကြည့်တာပါနော်။ ရတယ် မဟုတ်လား။ လက်စွပ်ပုံစံလေးတွေက ချစ်စရာကောင်းလွန်းလို့ လာ,လာ ကြည့်နေရတာကပဲ စိတ်ချမ်းသာလွန်းလို့ပါ"

"အို ... ရတယ် ... ကြည့်၊ စိတ်ကြိုက်ကြည့်ပါ။ ဘယ်တော့ မှဝယ်ဝယ်။ ဘယ်နှခေါက်လာကြည့်ကြည့် ကိစ္စမရှိပါဘူး။ ကြည့်ပါ ... အကြိုက်တွေ့ရင်လည်း ပြောခဲ့ပါ။ ဖယ်ချန် ထားပေးလို့လည်း ရတယ်။ ရောင်းထွက်သွားရင်လည်းပုံစံ တူ ပြန်အပ်ပေးလို့ရတယ်။ ကြည့် ... ကြည့် ... အားမနာ နဲ့"

"ကြိုက်တာကတော့ တွေ့ပါတယ်၊ ဒါလေးဆို အရမ်းကြိုက် တာပဲ၊' ဒါပေမဲ့ ..."

"သပ်သပ်လေး ဖယ်ထားပေးလိုက်မယ်လေ"

"ဟို ... ရ ... ရပါတယ်။ နောက်တစ်ယောက်ကလည်း ပါမလာနိုင်သေးတော့လေ၊ ကြည့်ရုံပါ။ ရပါတယ်"

အသည်းလေးနှစ်ခု တစ်ခုနဲ့တစ်ခု ချိတ်ဆက်ပြီး ထပ်နေကြတဲ့အပေါ်မှာ စိန်ပွင့်လေးတစ်လုံးမြုပ်လို့။ ရိုးရိုးလေးနဲ့ အင်မတန်ချစ်စရာကောင်းသော ရွှေနဲ့ပလက်တီနမ်နှစ်ရောင်ကြား





လက်စွပ်လေးကို သူကတော့ "ကလေးဆန်တယ် ... မိန်းမဆန် တယ်"ဟု ကြိုက်ပါ့မလား။ အေးလေ ...။ သူကြိုက်မကြိုက်ဆို တာက ဒီအချိန်မှာ လိုကိုမလိုတော့တဲ့ကိစ္စပဲဟာ။ အဲဒီလိုနဲ့ အဲဒီ လက်စွပ်လေးကို စွပ်ကြည့်လိုက်။ လက်ကိုနီးနီးမှာထောင်ကြည့် လိုက်၊ ဝေးဝေးမှာ ကော့ကြည့်လိုက်၊ မှန်ထဲကနေ တစ်ဆင့်ပြန် ကြည့်လိုက်။ နည်းမျိုးစုံနဲ့ ရူးသွပ်နေချိန်မှာပဲ မန်နေဂျာကောင်မ လေးက ဝမ်းသာတကြီးနဲ့ "အစ်ကိုပါ ရောက်လာပြီ အစ်မ" တဲ့။ သူက ဘာလို့ရောက်လာခဲ့ရတာလဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ငှ ဒီမှာလာပြီး အရူးထဖြစ်နေတာ သူသိလို့၊ တွေ့လို့မဖြစ်ပါ။ ငှက မှန်ကောင်တာပုံးရှေ့မှာ ထိုင်နေရာကနေ ခုန်မတတ်ပင် ထရပ်လိုက်ရင်း ...

"ရော ... ရော ... ရော ...။ ဒါလေးကို အမြန်ပြန်သိမ်း လိုက်ပါ။ ပြီးတော့ ခုရောက်လာတာ သူပဲ တကယ်သေချာ တယ်ဆိုရင် ကျွန်မ ဒီကိုရောက်နှင့်နေတာ သူ မသိပါစေ နဲ့နော်။ ကျေးဇူးပြု၍ ကျွန်မကို အဲဒါလေးတစ်ခု ကူညီပါ။ ခုမှထပြီး ဆိုင်ပေါက်ဝကနေ ပြန်ထွက်ပြေးရအောင်ကလည်း မမီနိုင်တော့လို့ ဒီမှာ သူမမြင်အောင် ပုန်းနေနိုင်မယ့်နေရာ တစ်ခုခုရော ရှိလားဟင်။ ကူညီပါနော်"

မန်နေဂျာမလေးနဲ့ အရောင်းစာရေးမလေးတွေ ငှရဲ့ အမူအရာကို ရိပ်မိသွားပြီး ပြူးပြူးပျာပျာ ပြေးပြေးလွှားလွှားတွေ ဖြစ်ကုန်ကြပါသည်။ နောက်ဆုံးမှာတော့ သူပါထပ်ရောက်လာပြီ

မို့ ဟိုအရင်တစ်ခေါက်ကလိုပဲ သီချင်းပြေးဖွင့်ဖို့ ကြဲနေတဲ့ကောင် မလေးကပဲ ငှကိုလျှင်လျှင်မြန်မြန်ကြီး လက်ဆွဲပြီးနောက်ဖက်သို့ ပြေးဝင်သွားလိုက်တာ သကြိန်တစ်ယောက် ဆိုင်ထဲသို့ရောက်တဲ့အ ချိန်မှာ ငှက လုံခြုံစွာ ပုန်းအောင်းနေနိုင်မည့် နေရာတစ်ခုထဲသို့ ရောက်ရှိသွားခဲ့ပြီ။

"မင်္ဂလာပါ အစ်ကို။ အစ်ကိုတို့နှစ်ယောက် တစ်ခေါက် ရောက်လာပြီး 'ဒီဆိုင်မှာပဲ ဝယ်ဖြစ်မှာ သေချာပါတယ်'လို့ ပြောသွားတာ ညီမတို့ မှတ်မိနေပါတယ်။ ခုတော့ သေချာ ပြီပေါ့နော်။ ဂုဏ်ယူပါတယ်ရှင်"

သကြိန်က သက်ပြင်းတစ်ခုကို ခပ်မောမောပဲ ချလိုက်သည်။ ဝယ်မလို့မဟုတ်ဘူးခင်ဗျာ။ လွှမ်းမလို့။ ရှင်းရှင်းပြောရရင် အလွမ်းဖြေမလို့။ ငှရဲ့ရွှန်းရွှန်းလက်နေတဲ့ မျက်လုံးလေးတွေ ခပ်ရဲရဲ ဖြစ်နေတဲ့ ပါးပြင်လေးတွေ။ စူတူတူ နှုတ်ခမ်းကလေး။ ခပ်ရှက်ရှက်နဲ့ ကုတ်ထားတဲ့မျက်ခုံးတွေ။ ပြီးကျတော့ သီချင်း။ အေးစိမ့်နေတဲ့ အခန်းထဲက ပူနွေးနေတဲ့ လက်ဖျားလေးတစ်စုံ။ အားလုံးကို လွှမ်းတယ်။

ပြန်မရနိုင်တော့မှန်း သိပေမယ့် ဒီပရဝုဏ်၊ ဒီဝန်းကျင်ကို ပြန်ရောက်ခဲ့ရင် အဲဒီရင်ခုန်သံလေးတွေကို ထပ်တူပြန် ခံစားနိုင်ဦးမလားလို့ပါ။ သကြိန်က ဆိုင်ထဲကကောင်မလေးတွေရဲ့ အထင်မှား အမြင်မှားကို ချိုသည်၊ ခါးသည် ဘာမှအကြောင်းပြန် အဖြေပေးမနေတော့ဘဲ Weeding Rings များရှိရာ မှန်ကောင်တာ





ုံးတွေဘက်သို့ပဲ တန်းပြီးလျှောက်သွားလိုက်ပါသည်။ ဆိုင်ထဲမှာ တခြားဈေးဝယ်သူ၊ ကြည့်သူတွေလည်း ဖြိုးဖြိုးဖျောက်ဖျောက်ရှိ နေပါရက် ဒီကလေးမတို့ဟာ သကြိန်ကိုပဲ တစ်ဆိတ်ပိုစိတ်ဝင် စားနေကြရသလားလို့။ ဖြိုးပြီး အနောက်ကနေ အားလုံးကပ်ပါ၊ လိုက်ပါလာကြသည်။

သာမန်ရိုးရိုးပုံစံ၊ Classic ပုံစံ၊ Mordern ပုံစံ၊ လက်ထပ်လက်စွပ်လို့တောင် မထင်ရလောက်အောင် ဆန်းပြား သောက်ကြွား၊ ကြီးမားနေကြတဲ့ပုံစံ။ ပုံစံအမျိုးမျိုးသော Wedding Ring တွေ ရာနဲ့ချီပြီးရှိနေကြတဲ့ကြားက ရွှေရောင်နဲ့ ရွှေဖြူရောင် နှစ်ရောင်ကြား၊ အသည်းပုံနှစ်ခုအယှက်၊ စိန်တစ်လုံးတပ်လက်စွပ် အတွဲလေးကို သကြိန်ရဲ့မျက်ဝန်းတို့က တန်းပြီးမြင်လိုက်ပါသည်။

ဟိုတစ်ခေါက်ရောက်တုန်းက ခံစားချက်တွေပေါင်းစုံ နေတာနဲ့ပဲ သေချာမကြည့်လိုက်ရတဲ့ လက်စွပ်ပေါင်းစုံထဲမှာ အဲဒါလေးတစ်ခုကတော့ ငှကြိုက်ကိုကြိုက်မယ့်ဟာကလေးမျိုးပဲ ဆိုတာ သကြိန်ကသိသည်။ အသည်းပုံဆိုလို့ကတော့ ဘာပစ္စည်း ဖြစ်ဖြစ် ကြိုက်တတ်တဲ့ ကိုယ့်ချစ်သူကလေးလေ။ ကြက်ဥကြော် စားတာတောင်မှ အသည်းပုံဒယ်အိုးသေးသေးပုံစံခွက်ကလေးထဲ မှာ ထည့်ကြော်ပြီး အသည်းပုံကြက်ဥကြော်ကလေးကို မထိရက်၊ မတို့ရက်၊ မစားရက် ဖြစ်နေတတ်တဲ့ အသည်းကြိုက်မကလေး။

ငှသာပါလာရင်တော့ "အဲဒါလေး ... အဲဒါလေး"ဆို ပြီး ခုန်ပေါက်ရွေးပြီးသား ဖြစ်နေတော့မှာပါပဲ။ ခုတော့ ငှကပါ

မလာနိုင်တော့သည်မို့ သကြိန်တစ်ယောက်တည်းသာ အဲဒီအသည်းပုံကလေးတွေကို ထုတ်ပြနိုင်းပြီး ကိုယ့်လက်တွေမှာ စွပ်ကြည့်မိရေတော့ ဆိုင်ကကောင်မလေးတွေရဲ့အပြုံးက ပိုပြီးတော့တောင် ချောင်းစီးတော့မတတ် ဖြစ်လာသလားလို့။

"အစ်ကိုလည်း အဲဒါလေးပဲ တန်းမြင်သလား။ ဟင်း ဟင်း ဟင်း ... ဖြစ်ရမယ်လေ။ ပုံဆန်းလေးပေမယ့် ယောကျ်ားလေးနဲ့လည်း အရမ်းဆန်းဆန်းကြီးဖြစ်ပြီး ကလက်နေတာမျိုး မဖြစ်ဘူး တွေ့လား။ အစ်ကိုနဲ့လည်း အရမ်းလိုက်တယ်။ အဲဒါလေးပဲ ယူလိုက်မလား။ ဘယ်လောက်မှလဲကျမှာမဟုတ်ဘူး သိလား။ စိန်ကလေးတွေကလည်း ယောကျ်ားလေးကွင်းကသာ သုံးလုံးစီးဆိုပေမယ့် မိန်းကလေးကွင်းကျတော့ တမင် cute ကလေးပဲဖြစ်နေအောင် ခြောက်လုံးစီးလောက်နဲ့ပဲ လုပ်ထားတာ။ ချစ်စရာလည်းကောင်းတယ်။ တန်လည်း တန်တယ်"

ဆိုင်ကမန်နေဂျာဖြစ်ဟန်တူသူ ကောင်မလေးရဲ့အပြောကို အရောင်းစာရေးမလေးတစ်ဦးက "အစ်မကြိုက်ပြီးရွေးနေတာလည်း ဒါလေးပဲဆိုတာပါ ထည့်ပြောလိုက်လေ"ဟု ဝင်ထောက်ပါသည်။ မန်နေဂျာမလေးက မိန်းကလေးရဲ့ခါးကိုတံတောင်နဲ့ တွက်လိုက်ပြီးမှ သကြိန်ကို ပြန်ရယ်ပြလိုက်ကာ ...

"ဘယ်လိုပဲဖြစ်ဖြစ် အစ်ကို့မိန်းကလေးလည်း လုံးဝကြိုက်တယ်။ အာမခံတယ်"





"အဟမ်း ... ဒီလိုပါခင်ဗျာ။ အရင်တစ်ခေါက်ကတော့ ကျွန်တော် နောက်တစ်ခေါက် ထပ်လာခဲ့မယ်၊ ဒီဆိုင်မှာပဲ ဝယ်မယ်လို့ ပြောခဲ့ပါတယ်၊ ဒါပေမဲ့ ..."

အေးစိမ့်နေတဲ့ အခန်းတွင်းမှာ သကြိန်ချွေးပြန်လာသည်။ ပြန်ရင်ခုန်ခံစားနေရတာတွေ ရုတ်တရက် ရပ်တန့်ကာယောကျ်ားလေးတစ်ယောက်တန်မဲ့ ဝမ်းနည်းပက်လက် မျက်ရည်ကျချင်လာသည်။ အလွမ်းဖြေချင်လို့ လာခဲ့ကာမှ ပိုဆိုးပြီး နှစ်ထပ်ကွမ်းလောက် ပိုလွမ်း။ ဒုက္ခတွေသိပ်ရောက်ရပါလား။ ဒါပေမဲ့ သူတို့ကိစ္စကျလို့၊ service ပေးတာထက်ပိုပြီး ရင်းရင်းနှီးနှီးခံစားဝမ်းပန်းတသာ မျှော်လင့်နေကြတဲ့ ဒီဆိုင်ကမိန်းကလေးတွေကိုတော့ အမှန်အတိုင်း ဖွင့်မပြောလို့မဖြစ်တော့ပေ။

"ကျွန်တော် ဒီနေ့ဝယ်မလို့ ပြန်ရောက်လာတာမဟုတ်ပါဘူးခင်ဗျာ တောင်းပန်ပါတယ်။ တမင်သက်သက် လာရှုပ်သလိုဖြစ်သွားမိရင် ခွင့်လွှတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်တော့မှလဲ လာပြန်ဝယ်ဖြစ်တော့မယ် မထင်ဘူး။ ကျွန်တော်တို့က ... ကျွန်တော်တို့က ပြီးသွားကြပါပြီ။ လက်ထပ်ဖြစ်ကြတော့မယ် မထင်ဘူးခင်ဗျာ"

"ဟင်"၊ "ဟယ်"အသံလေးတွေ တိုးတိုးတိမ်တိမ်ကလေးတွေ ထွက်လာပြီး အစွမ်းကုန်တက်ကြွနေကြတဲ့ ကောင်မလေး လေး‚ငါးယောက်အုပ်စု ငြိမ်ချက်သားကောင်းသွားသည်။ ခပ်လှမ်းလှမ်းတွေမှာ ဒီပြင်ကြည့်သူဝယ်သူတွေကို ပြသပေးနေကြတဲ့

ကောင်မလေးတွေလည်း ပါးစပ်ကလေးတွေဟကာ ဒီဘက်လှည့်ကြည့်လာကြသည်။

"ဟိုဒင်း ... ဟုတ်လို့လား"

သကြိန်က ကိုယ့်လက်မှာယောင်ယမ်းပြီး ဆက်ဝတ်ထားမိဆဲလက်စွပ်ကို အမြန်ဆုံးဆွဲချွတ်ကာ မန်နေဂျာလေးလက်ထဲ ထိုးထည့်လိုက်သည်။ ပြီးတာနဲ့ ဘယ်လိုမှ ဆက်ရပ်မနေနိုင်တော့တဲ့ ဆိုင်ထဲကနေ အပြင်ဘက်လမ်းမပေါ်သို့ ခပ်မြန်မြန်ပဲ ခြေကုန်သုတ်ပြေး။

မန်နေဂျာမကလေးပင် လက်စွပ်ကြီးကိုင်ကာ ငေါင်ပြီးကျန်ရစ်ရပါသည်။ သကြိန်တစ်ယောက် ဆိုင်ထဲမှာ လုံးဝမရှိတော့ဘူးဆိုမှ ငှက ပုန်းအောင်းနေရာ နောက်ဘက်ခန်းထဲကနေ ပြန်ထွက်လာခဲ့လိုက်သည်။ မီးရောင်အောက်က မင်းသမီးပမာ တစ်ဆိုင်လုံးက မိန်းကလေးတွေ ကိုယ့်ကိုဝိုင်းစိုက်ကြည့်နေကြတာ ငှက ခံစားသိရှိနေပါသည်။

သကြိန်ဘာပြောသွားသလဲ။ အားလုံးတိတိကျကျ သဲသဲကွဲကွဲ မဟုတ်ပေမယ့် ငှလည်း ရိပ်ဖမ်းသံဖမ်းတော့ အကဲခတ်လိုက်မိတာပဲ။ သူလည်းပဲ ပြီးကြပြတ်ကြပြီ။ ဓာတ်လမ်းဆုံးပြီလို့ လက်ခံလိုက်ပြီပေါ့နော်။ "နင်နဲ့ ငါနဲ့ လက်မထပ်နိုင်ဘူး။ ချစ်သူရည်းစားအဖြစ်ကပါ လမ်းခွဲရပ်စဲကြစို့"လို့ နှစ်ဦးသားမျက်နှာချင်းဆိုင် တစ်ခါမှ ထုတ်ဖော်ပြောကြားတာမျိုး မရှိလိုက်ရဘဲနှင့် ငှနှင့် သကြိန်တို့ရဲ့ချစ်သူဘဝက ပြီးဆုံးသွားခဲ့ပြီတဲ့။





ဖွင့်မပြောဖြစ်ကြသေးပေမယ့် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုနဲ့ပဲ တွေ့ဆုံတွဲဖြစ်နေကြတဲ့ "နားလည်မှုသမီးရည်းစားအတွဲ"ပုံစံမျိုးတွေကို ကြားလည်းကြားဖူးသည်။ မြင်လည်းမြင်ဖူးသည်။ ဘာမှမပြောလိုက်ရဘဲ နှစ်ယောက်စလုံးက ကိုယ့်အသိစိတ်၊ ကိုယ့်နားလည်မှုနှင့်ကိုယ် ပြီးကြပြတ်ကြပြီလို့ နှစ်ယောက်လုံး ခံယူလိုက်ကြတဲ့ "နားလည်မှုသမီးရည်းစားအကွဲ" ဆိုတာမျိုးတော့ ကိုယ့်အလှည့်ကျမှပဲ ကြားဖူးပါတော့သည်။

ကိုယ်ကတော့ သူ့ကို အလွယ်တကူ ဖြေရှင်းယူလို့ မရနိုင်တဲ့ ကိုယ့်မိသားစုနဲ့ ဒုက္ခတွင်းထဲ မဆွဲသွင်းရက်တော့တာ။ သူလည်း ကိုယ့်ကို သူ့အတွက် အတွဲဖက်ခြင်းမျိုးမဟုတ်တဲ့ (ကိုယ့်အတွက်ပဲ ကြည့်ပေးလိုက်တဲ့) အကြောင်းပြချက်မျိုးနဲ့ထပ်မပတ်သက်တော့ဖို့ ဆုံးဖြတ်လိုက်တာပဲဖြစ်မှာ ဆိုတာကို နားလည်ပါသည်။ သိနေပါသည်။ ဒါပေမဲ့လည်း အခံရတော့ ခက်လှလေသည်။

ငှအနားပြန်ရောက်လာတော့ မန်နေဂျာမလေးက ကောင်တာပုံးပေါ် လက်ထောက်ပြီး ကြောင်ကြောင်ကြီး ထောင်ကိုင်ထားဖြစ်တဲ့ လက်စွပ်ကို လက်အမြန်ဆုံးရုပ်ချကာ သူ့ခါးနောက်သို့ ထိုးဖွက်ဖို့ ကြိုးစည်ကြိုးစားလိုက်ပါသည်။ ငှကလည်းမြင်ဖြစ်အောင် မြင်လိုက်တာ။ ဟိုအသည်းနှစ်ထပ်ကလေး။

"သြော် ... သူလည်း အဲဒါကိုပဲ ထုတ်ကြည့်သွားတယ်ပေါ့"

"ဟိုဒင်းလေ ... ဒီလိုပါ အစ်မ။ ကျွန်မတို့ကပဲ ယောင်ယမ်းပြီး ထုတ်ပြမိတာလား။ စောစောက ထုတ်ထားပြီးပြန်သိမ်းတော့ အပြင်နားကျနေတာနဲ့ပဲ အစ်ကိုလည်း တွေ့သွားတာလား။ ဟိုဟာပေါ့။ ခဏတော့ ထုတ်ကြည့်သွားတာပေါ့။ ခဏပါ ...။ အဟင်း"

"ယူလိုက်ပါမယ်"

"ရှင်"

"ကျွန်မ အဲဒီနှစ်ကွင်းယူမယ်။ အတတ်နိုင်ဆုံးလေးလျှော့ပေးနိုင်မယ့်ဈေးကိုပဲ ပြောပါနော်"

"ဟိုဟာလေ အစ်မ၊ အစ်ကိုကတော့ ဟိုဒင်း ကြိုက်တယ်လို့ ပြောသွားတာပေါ့။ ကျွန်မတို့ကို နောက်သွားတာများလား။ ဒီလိုပါ အစ်မရယ်။ အားနာလို့တော့ ယူစရာမလိုဘူးနော်။ ကျွန်မတို့သူဌေး ဦးလေးနဲ့ ဦးမောင်လတ်နဲ့က နှစ်ကိုယ့်တစ်စိတ်လိုကို ခင်ကြတာလို့ ပြောပါတယ်။ ဒီဆိုင်ကို အစ်မအနေနဲ့ ဘာမှအားနာနေစရာ မလိုဘူးလို့ ဆိုလိုတာပါ။ အစ်မဘာသာ ဘယ်နခါလာကြည့်ကြည့်။ ဘယ်လိုပဲဖြစ်ဖြစ် ဘယ်လောက်ကြာကြာ ဒါရောင်းသူနဲ့ ဝယ်သူပဲ Service က Service ပဲ။ အားနာလို့တော့မဝယ်နဲ့ အစ်မ ... ရတယ်"

"ကျွန်မ တကယ်ကြိုက်တာပါ"





"ဒါပေမဲ့လေ ... ဒါမျိုးကွင်းတွေကကျတော့ ချစ်လို့ လှလို့ ဝယ်တာထက် တကယ်အသုံးလိုမှ ဝယ်မှပဲ ..."

"ကျွန်မလည်း ကြိုက်တယ်။ သူလည်း အဲဒါကိုပဲကြိုက်လို့ ထုတ်ကြည့် ဝတ်ကြည့်သွားတယ်ဆိုရုံနဲ့ ကျွန်မ ဝယ်မှာပါ။ တကယ်အသုံးလို၊မလိုကတော့ ဟုတ်ပါတယ်၊ သူပြောသွားသလိုပါပဲလေ။ လိုတော့မလိုအပ်တော့ပါဘူး။ ဒါပေမဲ့ ဝယ်ထားလိုက်ချင်တယ်။ ရောင်းလိုက်ပါ"

ကောင်မလေးတွေ ဖင်လိမ်ကွင်းတွေတပ်ပြီး မဲ့ရွဲ့တွ စိတ်မကောင်း ဖြစ်နေကြပုံရကာ ကာ့ယကံရှင်တွေထက်ပင် ပိုခံစားရနေပုံတွေနှင့် ဖြစ်နေကြသည်။ လက်စွပ်တွေက ပလက်တီနမ်ဝိတ်ချိန်ကိုဖတ်လိုက်၊ စိန်ဖိုးနှင့် ပြန်တွက်လိုက်။ prize tag ကိုဖတ်လိုက်။ နောက်တစ်ကြိမ် ထပ်လျှော့တွက်ကြပြန်လိုက်။

"အစ်မ ... အရင်းအတိုင်းနီးပါးလောက် ဖြစ်နေပါပြီ။ သူဌေးရှိရင်တော့ အရင်းအတိုင်းနဲ့တောင် ပေးချင်ပေးမှာပါ။ အစ်မက ဝယ်သိမ်းထားတော့မယ့် သဘောမျိုးပဲဆိုတော့လေ။ စိတ်မကောင်းပါဘူး အစ်မရယ်။ ဒါကတော့ ကျွန်မတို့အဖြစ်နိုင်ဆုံးဈေးကို အတတ်နိုင်ဆုံးလျှော့ပြီးတွက်ပေးထားတာပါ။ (---)ပါ"

"ရပါတယ်။ ခုချက်ချင်းတော့ ပါမလာသေးဘူး။ စရံပဲပေးခဲ့ပြီး ပစ္စည်းကိုလည်း ဒီမှာပဲ သိမ်းခဲ့ပါ့မယ်။ မနက်ဖြန်မှ ကျန်ငွေကိုချေပြီး ပစ္စည်းကို လာယူပါ့မယ်"

"စရံမပေးခဲ့လည်း ရပါတယ် အစ်မ။ ဆက်ဆက်ဖယ်သိမ်းထားပေးမှာပါ"

"ပေးခဲ့ပါ့မယ်။ ဒီနေ့ ဘယ်လိုမဆို ဝယ်ဖြစ်ခဲ့တယ်ဆိုတာဖြစ်ချင်လို့ပါ။ တစ်သိန်းခွဲပဲ စရံအရင်ပေးခဲ့မယ်နော်"

"ဘယ်လောက်ပဲဖြစ်ဖြစ် ရပါတယ် အစ်မရယ်"

"တစ်ခုပဲ၊ တစ်ခုပဲ တောင်းဆိုပါရစေ။ မနက်ဖြန်အထိ ဆက်ဆက်ဖယ်သိမ်းပေးထားမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဒို့ပြင်လူမဟုတ်ဘဲ သူပဲပြန်ရောက်လာခဲ့ရင်၊ ပြန်ရောက်မလာဖို့ကတော့ များပါတယ်။ အကယ်၍လို့သာဆိုလိုတာပါ။ အကယ်၍ သူပြန်ရောက်လာရင် သူ့ကိုထပ်လည်းထုတ်မပြပါနဲ့။ သူဝယ်ချင်တယ်ဆိုရင်လည်း တူတူပဲလို့မှတ်ပြီး ယောင်ပြီးပေးမရောင်းလိုက်မိပါစေနဲ့။ ကျွန်မဝယ်သွားတယ်ဆိုတာကိုလည်းပဲ ပြောမပြမိပါစေနဲ့"

သိပ်ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းရာများ ကျနေမလား။ ဒါမှမဟုတ် သူလည်းပဲ ကိုယ့်လိုပဲ ရှုးနှမ်းနှမ်း ကဗျာဆန်ဆန်နဲ့ ခံစားချက်လေးတစ်ခုနောက်ကို စိတ်အလိုလိုက်ပြီး မဖြစ်နိုင်တဲ့ကိစ္စတစ်ခုမှာ ငွေဖြုန်းမိတဲ့အထိ အသည်းနှမယ်လို့ ထင်လို့လား။

သို့သော် ... ၄ပြန်သွားပြီး ငါးမိနစ်မျှမကြာသေးခင်၊ ဆိုင်ကကောင်မလေးတွေလည်း"ဘယ်လိုဖြစ်သွားတာလဲ ... ဘာလဲ" ပေါက်ပေါက်ဖောက်၍မှ မပြီးသေးခင် လက်စွပ်လေးနှစ်ကွင်းကို





တောင် စရံချေပြီးသားတွေနဲ့ Reserved လုပ်ထားတာတွေကိုသီးသန့်ဖယ်ထားတဲ့ မီးခံသေတ္တာထဲထည့်လို့မှ မသိမ်းရသေးခင် ဆိုင်တံခါးလေးက တီးလုံးသံလေးတွေနဲ့အတူ ပြန်ပွင့်လာခဲ့ကာ။

ဒီတစ်ခါတော့ ဆိုင်ကမိန်းကလေးတွေရဲ့ "ဟင်၊ ဟာ၊ ဟယ်"တို့က စိတ်မထိန်းနိုင်စွာ ခပ်ကျယ်ကျယ်တွေပင်ဖြစ်နေကြပါသည်။ မန်နေဂျာမကလေးကတော့ အရင်တစ်ခါလိုလက်မနှေး။ လက်စွပ်ကလေးတွေကို ကတ္တီပါအိတ်နီလေးတစ်ခုထဲ ဖျတ်ခနဲပင် ဖွက်ထည့်လိုက်နိုင်ပြီးပြီ။

"ဟိုလေ ... ခုနက ကျွန်တော် ထုတ်ဝတ်ကြည့်သွားတဲ့ အသည်းနှစ်ထပ်ပုံ လက်စွပ်လေးနှစ်ကွင်း"

"မရှိတော့ပါဘူး အစ်ကို"

"ခင်ဗျာ ... ခုလေးတင် ဘယ်လောက်မှ မကြာသေးဘူး။ ကျွန်တော် ဒီကထွက်သွားပြီး (---)လမ်းကို ကားနဲ့တစ်ပတ်ပတ်လိုက်ပြီးတာနဲ့ ချက်ချင်းပြန်လှည့်လာခဲ့တာ ကျွန်တော်ဆုံးဖြတ်လိုက်လို့ပါ။ ဘယ်လိုပဲဖြစ်ဖြစ်လေ။ ဝတ်မယ့်သူမရှိလည်း သူကြိုက်ကိုကြိုက်မှာသေချာတဲ့ ပုံစံလေးတွေမို့ကျွန်တော် ဝယ်ပြီးသိမ်းထားလိုက်တော့မယ်လို့"

"ဟုတ်ကဲ့ ... စိတ်မကောင်းပါဘူး အစ်ကိုရယ်။ အဲဒီကားတစ်ပတ်လေး အချိန်လေးမှာပဲ ဝယ်ချင်သူက ဆိုက်ဆိုက်မြိုက်မြိုက်ကို ဝယ်သွားခဲ့တာပါ"

"မဖြစ်နိုင်တာဗျာ။ ဆယ့်ငါးမိနစ်လောက်ပဲ ရှိဦးမှာပါ။ ဝယ်သူရောက်လာရမှာနဲ့၊ ကြည့်ရွေးနေရဦးမှာနဲ့၊ ဈေးညှိရမှာ။ ဝယ်ရမှာ။ ဘယ်လိုမှ အချိန်မလောက်နိုင်ဘူးထင်တယ်။ ဒါဖြင့် အဲဒါဘယ်သူလဲ၊ ဒီဆိုင်ထဲမှာပဲ ရှိနေဦးမှာပေါ့"

"ပြန်သွားပါပြီ"

"ဒီလိုဆိုရင် အဲဒါလေးတွေနဲ့ ပုံစံတူချွတ်စွပ် နောက်ထပ်အစုံလိုက်များ ရှိနိုင်ဦးမလား"

"မရှိတော့ဘူး အစ်ကို။ အဲဒါက အဲဒီတစ်စုံပဲရှိတာပါ"

"ကျွတ် ... ! ဒါဖြင့် အဲဒါမျိုးပုံစံတူချွတ်စွပ် အပ်ချင်ရင်ဘယ်လောက်ကြာမလဲ။ ဘယ်လောက်ကျမလဲ။ တစ်ဆိတ်လောက် ပြောပါ"

"ဟို ... ဟို ... မအပ်ပါနဲ့လား"

"ဘာလို့လဲ။ ခင်ဗျားတို့ဆိုင်က ပုံစံတစ်ခုကို ဆင်တူမရှိအောင် တစ်စုံပဲလုပ်ရောင်းတဲ့ ဆိုင်မို့လား။ မဟုတ်ပါဘူး။ ဟိုမှာ ... ဟိုမှာ ... ဟိုဟာနဲ့ ဟိုဟာဆို တူတယ်။ ဟိုဘက်ကဟာနဲ့ ဒီဟာလေးနဲ့ဆိုလည်း ချွတ်စွပ်ပဲ။ ပုံစံတစ်မျိုးကို နှစ်စုံသုံးစုံလုပ်ရောင်းလေ့ရှိတယ် ဆိုတာ သေချာပါတယ်။ အဲဒီပုံစံလေးကျမှ တစ်စုံတည်းဖြစ်နေတာကလည်း သူများတစ်ယောက်ယောက်က တခြားအစုံတွေကို ဝယ်သွားပြီးလို့ပဲ ဖြစ်မှာပါ ...





Mould (ပုံစံခွက်။ မို)နဲ့ လုပ်ထားတဲ့လက်ရာဆိုလည်း မိုလ်ဒ်တော့ ရှိဦးမှာပေါ့။ ထပ်လုပ်ယူလို့ ရပါတယ်။ လုပ်ပေးပါ"

ရတော့ ရတာပေါ့။ သို့သော် ဒီဆိုင်ကိုရောက်ရောက်လာပြီး ပြဇာတ်ကနေကြသလိုမျိုး၊ ဇာတ်လမ်းပမာကြည့်ချင်စရာတွေ ဖြစ်ဖြစ်နေကြတဲ့ ဒီစုံတွဲကို လက်မထပ်ဖြစ်ကြတော့ဘဲ အပြီးသတ် ပြတ်သွားကြပြီဆိုတာမျိုး မန်နေဂျာမလေးက မယုံကြည်ချင်ပါ။ ဖြစ်လည်း မဖြစ်စေချင်ပါ။ တော်တော်ကြာကျ "ပြန်ပြေလည်ကြပါပြီ"ဆိုမှ၊ ပုံစံတူလက်စွပ်ကြီးလေးကွင်းနဲ့ အပိုကြီးတွေဖြစ်နေကြမှ သူတို့ပဲ"သိရက်နဲ့ နှစ်စုံရောင်းလိုက်တယ်"ဟု ဆိုင်ကိုမေတ္တာတွေ ပို့သနေကြဦးမည်။ မရောင်းပေးချင်ပါ။

"Mould ကလည်း ဖျက်ပစ်လိုက်ပြီမို့ပါ။ ကျွန်မတို့က ဘယ်ပုံစံ ဘယ်ပုံစံတွေဆိုရင် one lot ပေါ့ တစ်စု၊ တစ်သုတ်။ အဲဒီလို လုပ်တတ်ကြတော့ အဲဒီ lot ကပစ္စည်းတွေကို နောက်တစ်ကြိမ်ထပ်လုပ်ဖို့ထက် ပုံစံအသစ်၊ အသစ်တွေကိုပဲ ထပ်ထပ်လုပ်သွားဖို့ အစီအစဉ် ရှိနေလို့ပါ။ ဟုတ်ကဲ့"

ဒီလိုဆိုတော့လည်း ဘယ်တတ်နိုင်မှာလဲ။ လူချင်းနီးစပ်ဖို့ ကံမပါတဲ့အပြင်၊ ဘာမှမဟုတ်လောက်တဲ့ သုံးဖြစ်မှာလည်းမဟုတ်တဲ့ လက်စွပ်လေးနှစ်ကွင်းကို အလကားအပိုကြီးသက်သက် ဝယ်ထားမယ်ဆိုတာတောင်မှ ရဖို့ကံကမပါ။ အလွမ်းပြေ

ရအောင် တမင်လာခဲ့ကာမှ လွမ်းရတဲ့အဖြစ်က မပြေတဲ့အပြင် ပိုတောင်ဆိုးဝါးလာပါရောလား။

သကြိန်ပါ ပြန်ထွက်သွားသောအခါ ရတနာဆိုင်က ကောင်မလေးအားလုံး ကိုယ့်အလုပ်ကိုယ် မလုပ်နိုင်ကြတော့ဘဲ ပလုံစီထကာ ကျန်ရစ်ရပါတော့သည်။

"မမ ... သနားပြီး အလျှော့နိုင်ဆုံးဈေးနဲ့ ရအောင် တမင်တကာ ဇာတ်လမ်းဆင်ပြီး ပြဇာတ်ကပြသွားကြတာများလား"

"နင်ကလည်း မဖြစ်နိုင်တာ။ အံ့ဒါဆိုလည်း မိန်းကလေးလုပ်တဲ့သူက လျှော့ဈေးနဲ့ဝယ်လို့ရပြီးသွားပြီပဲ။ ယောကျ်ားလေးက နောက်တစ်ကြိမ် ပြန်ဝင်လာပြီး အချိန်ပိုထပ်ကပြနေစရာ ဘာလိုလဲ။ တကယ်ပဲ ဖြစ်မှာပါ။ နေဦး ... ငါ ဦးမောင်မောင်လတ်ကြီးကို လှမ်းမေးကြည့်လိုက်ဦးမယ်။ ဟိုအစ်မက သူဝယ်သွားတယ်ဆိုတာ အစ်ကိုမသိပါစေနဲ့လို့ပဲ ပိတ်သွားတာလေ။ သူ့ဦးလေးပါ မသိပါစေနဲ့လို့မှ ငါတို့ကို မပြောမသွားတာ။ ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲလို့ ငါ လှမ်းစပ်စုကြည့်လိုက်မယ်"

သကြိန်မှာ အိမ်ပြန်ရောက်တဲ့အထိ အဲဒီလက်စွပ်ကလေးတွေကို မဝယ်ယူနိုင်လိုက်တာကိုပဲ တနုံ့နုံ့နဲ့ ရင်ထဲမကောင်းလှတော့ပါ။ ငုကတော့ မလိုအပ်ဘဲနဲ့ ပိုက်ဆံကို သိန်းနဲ့ချီဖြုန်းပစ်ပြီး "ငါ ဘာလို့ အဲဒီလောက် အရူးထရတာလဲ။ သကြိန်ရဲ့





လက်မှာ အဲဒီလက်စွပ်တွေကို ဝတ်ဆင်ပေးခွင့် ရဦးမယ်လို့များ ထင်နေသေးတာလား"ဟု ကိုယ့်ဘာသာ မကျေမနပ်၊ စိတ်လက်မချမ်းမသာ ဖြစ်နေရတာနဲ့ တစ်နေကုန်၊ တစ်ညလုံး မိုးစင်စင်လင်းသွားတဲ့အထိ တစ်မှေးမှလည်း မအိပ်လိုက်ရပါ။

*○*

လူတစ်ယောက်ဟာ "စိတ်နှလုံးကောင်းမွန်သူ"ဆိုတဲ့ အမည်မျိုးကို အလွယ်တကူ ခံယူနိုင်သူ ဖြစ်နိုင်ပါသလား။ လက်တွေ့ကြုံလာရရင်တော့ ထင်သလောက် မလွယ်တဲ့ကိစ္စမှန်း လူတိုင်းသဘောပေါက်လာနိုင်ကြပေမည်။ လောကကြီးထဲမှာ ကိုယ်လုပ်ချင်တာကိုလုပ်ပြီး၊ ကိုယ်မလုပ်ချင်တာကို မလုပ်ခြင်းအားဖြင့် "စိတ်ကောင်းမရှိသူ"အဖြစ် သတ်မှတ်ခံနေရသူတွေကော ဘယ်နှယောက်များ ရှိနေကြပြီလဲ၊ အမှန်စင်စစ်ကတော့ "ပုပ်လိုက်မဟဲ့"ဟု ရည်ရွယ်ပြီး လုပ်ဆောင်ကြတာမျိုး မဟုတ်ဘဲနဲ့ ကိုယ့်စိတ်၊ ကိုယ့်ဆန္ဒလေးကိုပဲ ပိုဦးစားပေးချင်ကြတာမျိုးလေ။

အခု အဲဒီလိုအဖြစ်မျိုးကို "ဦးအယ်ဒီ"တစ်ယောက် ခံစားနေရပါသည်။ ကိုယ်က "နွတ်၏စောင်မခြင်း"လောက် လုပ်မပေးလိုက်ရုံနဲ့ တစ်ဖက်ကလူတစ်ယောက် ဒုက္ခတွင်းထဲက အတော်ကြီးလွတ်မြောက်ကာ လူတော်တော်များများပါ စိတ်ချမ်းသာပျော်ရွှင်သွားရနိုင်တဲ့ အခြေအနေမျိုးကို ရောက်နေသည်။ ဒါပေမဲ့

ခက်တာက ကိုယ်တိုင်ကတော့ အဲဒီလို နှုတ်ကလေးနဲ့ စောင်မလိုက်ရတာမျိုးကိုပင် 'မလုပ်ချင်နေခြင်းပါပဲ။

ဦးအယ်ဒီရဲ့အလုပ်နဲ့လည်း ဆက်စပ်မှုရှိတဲ့ နိုင်ငံခြားသား တရုတ်ကိုယ်စားလှယ်တွေ လုပ်ငန်းသစ် ထပ်ချဲ့ဖို့အတွက် မြန်မာနိုင်ငံသို့ ရောက်နေကြသည်။ သူတို့တိုးချဲ့မယ့်လုပ်ငန်းက ဦးအယ်ဒီနှင့် မဆိုင်ပါ။ ဒီဘက်မှာလည်း ရှယ်ယာဝေစုကို ၁၅ % လောက်ပိုင်မည့် မြန်မာလူမျိုးကိုယ်စားလှယ်က ရှိနေပြီးသား။ ထိုလူကလည်း ဦးအယ်ဒီနှင့်ဆိုရင် စီးပွားရေးအရကော လူမှုရေးအရပါ အဆက်အစပ် မိတ်ဆွေချင်းဟု ပြောလို့လည်း ရနိုင်သည်။

ခုဖြစ်နေတာက သူတို့ရဲ့လုပ်ငန်းလည်ပတ်ဖို့အတွက် စတင်ထားတဲ့ စက်မှုဇုန်ဒေသနဲ့လည်း နီးနီးနားနား။ အလုပ်သမားတွေအားလုံးအတွက်လည်း သွားရလာရ လွယ်ကူမယ့်လမ်းကြောင်းကျကျ။ ပြီးကျ အလုပ်သမား(၁၀၀)ကျော်အတွက် စီစဉ်ပေးရမှာလည်း ဖြစ်တဲ့အတွက် သင့်တင့်ထိုက်တန်တဲ့ တန်ဖိုးနည်းအိမ်ရာစီမံကိန်းတစ်ခုကို သူတို့ရဲ့လုပ်ငန်းအတွက် အလိုရှိနေကြတာ။

မိတ်ဆွေမြန်မာသူဌေးကည်း မြန်မာနိုင်ငံသားဆိုပေမယ့် ရှန်းကျုံန့် (Shen Zhen)မှာပဲ အနေများသူ ဖြစ်ပေရာ အဲဒီလိုအပ်ချက်အတွက် ဦးအယ်ဒီကိုသာ လွှဲအပ်ပြီး အားကိုးချင်သည်။ တရုတ်ကိုယ်စားလှယ်တွေကလည်း ဦးအယ်ဒီဆိုရင် ဆက်ဆံဖူးပြီးသားသူဆိုတော့ ယုံကြည်စိတ်ချသည်။ တိုက်ခန်းငယ်(၁၅၀)





လောက်ပါမည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းပရောဂျက်တစ်ခုက ပြောရရင် ဦးအယ်ဒီရဲ့လက်တွင်းမှာသာ ဆိုပါတော့။

ဆောက်လုပ်ရေးကဏ္ဍဆိုတာ ကိုယ့်"ခွင်"မဟုတ်တဲ့အတွက် ဦးအယ်ဒီက မြေလျှောက်၊ အိမ်ဆောက် စတဲ့ကန်ထရိုက်အပိုင်းကအစ ကိုယ်ပဲ သပိတ်ဝင်အိတ်ဝင် စီမံကိန်းချဖို့ကို စိတ်ဘူးဆန္ဒမရှိပါ။ ကိုယ့်ကိုယုံကြည်လို့ အကူအညီတောင်းလာတဲ့ ပရောဂျက်တစ်ခုကလည်း ခပ်များများကလေးပိုက်လိုက်၊ လိုးလိုက်ဒ်လည်း ဆန္ဒမရှိ။ ကိုယ့်မလည်း ကိုယ့်စီးပွားရေးအလုပ်နဲ့ဆိုတော့ အချိန်လည်းမပေးနိုင်ပါ။

သို့သော် ... ဆောက်လုပ်ရေးသမားတစ်ယောက်ယောက်ကို Sub Contract ပေးလိုက်တာမျိုး၊ ရှိပြီးသား ဆောက်လုပ်ပြီးသား တန်ဖိုးနည်းအိမ်ရာတွေနဲ့ အပေးအယူလုပ်၊ စာချုပ်ချုပ်ပေးလိုက်တာမျိုးနှင့် ကိုယ်လည်းအကျိုးရှိ၊ အချိန်မကုန်အလုပ်မထိခိုက်၊ ယုံကြည်မှုလည်း အပျက်မခံရအောင် လုပ်လို့ရနိုင်ပါသည်။ ကိုယ့်မှာလည်း အဲဒီလို Construction လိုင်းက လူသိတွေမိတ်ဆွေတွေ အများကြီးမှ စိတ်ကြိုက်ရွေးချယ်လို့ရနေတာမျိုးပါ။

အဲဒီမှာတင် ခေါင်းထဲဝင်လာတာက ဘယ်ဘဝထိရောက်အောင် ရှောင်ပြေး ပုန်းအောင်းတောခိုနေပြီမှန်းမသိသော ဦးမျိုးမြတ်ပင်။ သူ့မှာ အဲဒီလိုဆောက်လုပ်ပြီးစီးထားပြီးမှ စီမံကိန်းပျက်ကာ "သခင်ချစ်၊ ပိုင်ရှင်ကပ်"၊ မထွက်နိုင်တော့ဘဲ သေနေသည့် တန်ဖိုးနည်းအိမ်ရာစုတစ်ခု လက်ထဲရှိနေတာကိုလည်း

သိနေတာပဲ။ အဲဒီအိမ်ရာစုနဲ့ နောက်ထပ် တစ်ဝက်တစ်ပျက် တစ်ပိုင်းတန်းလန်း ကွန်ဒိုပရောဂျက်တစ်ခု ဆက်မလည်နိုင်တော့တာနဲ့ပဲ သင်းဘဝပျက်သွားတာလေ။

သူ့အိမ်ရာစုက တရုတ်ကိုယ်စားလှယ်တွေ အလိုရှိရာနဲ့ အတော်ကြီးကို ကိုက်ညီနေမှန်းကလည်း ကိုယ်ကသိနေသည်။ အဲဒါသာ ထွက်သွားရင် သင်း အတော်ကြီး အသက်ရှူချောင်ပြီး နာမည်ပျက်ခံ ရှောင်ပြေးနေရတဲ့ဘဝက လွတ်သွားနိုင်မည်ဆိုတာလည်း သိနေသည်။ ဟိုလုပ်ငန်းက မြန်မာကိုယ်စားလှယ်အမည်ပေါက်နဲ့ အပြီးဝယ်ယူမယ်ဆိုရင်ဖြစ်ဖြစ်၊ ဒါမှမဟုတ် နှစ်ရှည်စီမံကိန်းနဲ့ (၁၀)နှစ်၊ (၁၅)နှစ်စာ ငှားရမ်းယူလိုက်မယ်ဆိုရင်ပဲဖြစ်ဖြစ် ဝန်ပိနေတဲ့ သူ့အကြွေးတွေအားလုံးနီးပါးပင် တစ်ထိုင်တည်း ပြေလည်သွားနိုင်တာမျိုးပင်။

အခုက အဲဒါကပဲ ခက်နေတာလေ။ သူနဲ့သာအလုပ်လုပ်ရရင် ကိုယ့်အတွက်ဆိုပြီး ညှိရဖို့လည်းခက်မည်။ ပြီးကျ နှီးရှာရှာ၊ နေပူပူ ရုပ်အကျီလက်ရှည်ကြီး ကြယ်သီးစေ့တပ်ပြီး တည်တည်ငြိမ်ငြိမ် ခန့်ခန့်ကြီးလိုလို လုပ်လုပ်ထားတဲ့ သူ့ရုပ်ကြီးကို စဉ်းစားလိုက်တိုင်း အမြင်ကတ်ကာ စိတ်စေတနာကောကယ်တင်ချင်စိတ်ပါ မရှိတာကလည်း ခက်သည်။

"ကျုပ်တို့မိသားစုမှာက သူများတွေနဲ့မတူတဲ့ Family value တွေရှိသဗျ။ အဲဒါတွေကို တန်ဖိုးထားတယ်ပေါ့ဗျာ"





သူ့ကိုယ်သူ "ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်"လိုလိုနဲ့ မဆီမဆိုင်ကြီး လာနက်သွားခဲ့တာကို မေ့နိုင်ပါရိုးလား။ အဲဒီလောက်ပေါ်တင်ကြီး စော်ကားဝံ့တာကို "တော်တော်ခွကျတဲ့လူပဲ"ဆိုတဲ့ စကားတစ်ခွန်းနဲ့ ပြီးပြီးရော မေ့ပစ်လိုက်နိုင်ရအောင် ကိုယ်ကလည်း ရဟန္တာမဟုတ်။ ပုထုဇဉ်သာ။ အဲဒါကြောင့် သူ ဒုက္ခရောက်ပြီး ထွက်ပြေးသွားခဲ့ပြီဆိုတုန်းက "ဝမ်းသာတယ်"ဆိုတဲ့အထိ စိတ်မပုပ်မိရင်တောင်မှ တစ်စက်မှ မသနားတဲ့ပြင် "ဒီလိုစိတ်ဓာတ်၊ ဒီလိုပါးစပ်ပေါက်နဲ့လူက စီးပွားရေးလောကမှာ ဘယ်လိုလုပ်အောင်မြင်ဝင်ဆန့်ပါ့မလဲ"လို့ပင် ပြောလိုက်ချင်ပါသေး။

လူဆိုတာ "စိတ်ပုပ်လိုက်တာ"ဆိုတဲ့အမျိုး ရှိနိုင်ဖို့ကျ သိပ်လွယ်တယ်။ "စိတ်ထားနှလုံးသား ကောင်းမွန်သူ" လို့ သတ်မှတ်ခံရဖို့ကျတော့ တော်တော်မလွယ်ကူတဲ့ ကိစ္စပါလား။ ခုအခြေအနေမျိုးကတော့ ကိုယ်လုပ်ချင်တာပဲလုပ်လိုက်ပြီး၊ ကိုယ်မလုပ်ချင်တာကို လုံးဝမလုပ်ဘဲ ထားလိုက်ရုံနဲ့ "တော်တော့်ကို ပုပ်ပုပ်စပ်စပ်နိုင်ပြီး အများအတွက်၊ သူတစ်ပါးအတွက်လည်း မကြည့်တဲ့သူ။ ကိုယ့်သားအရင်းအတွက်တောင် ကိုယ်မကြည့်တဲ့သူ"ကြီးအဖြစ် ကမ္ပည်းတင်ခံလိုက်ရသလို ဖြစ်သွားတော့မှာလေ။

ဒီအတောအတွင်း သားတော်မောင်သကြိန် တစ်ယောက်လည်း နာလံမှမထူနိုင်အောင် ဆုတ်ယုတ်ခံစားနေရတာလည်း ကိုယ်က မျက်မြင်ကိုယ်တွေ့ ဖြစ်နေသည်။ သူ့ရဲ့စိတ်ဒုက္ခဟာ သူ့ကောင်မလေးနဲ့ အဆင်မပြေဝေးကွာနေရလို့ ဆိုတာထက်

သူ့အမေ အိမ်ပေါ်ကဆင်းသွားတဲ့ကိစ္စနဲ့ ကိုယ့်ကိစ္စတွေကြောင့် အတွက်ပါ ဘယ်လိုမှ မပြေနိုင်တော့အောင် ဖြစ်နေရတဲ့ခံစားချက်ပင်။

သားတင်မကာ အမေအိုကြီးမှာလည်း ဒီအတိုင်းလေး အားလုံးက ကိုယ့်ခံစားချက်နဲ့ကိုယ် ဖြစ်နေရတဲ့အထဲ ဘယ်တော့မှ အနားမကပ်ကြတဲ့ သားနဲ့မြေးက အဖော်မဖြစ်သမျှ ဒီချွေးမတစ် ယောက်ကိုပဲ အဖော်ပြုနေရတဲ့ အဘွားကြီး။ ချွေးမက သားကြောင့် အိမ်ပေါ်ကနေ ဆင်းသွားပါတယ်ဆိုတဲ့နောက်တော့ သွေ့ခြောက် ကျန်ရစ်ဖြစ်ကာ ဒီ Lonely (အထီးကျန်)ဖြစ်ရတဲ့ ခံစားချက် အပြစ်မကင်းဖြစ်ရတဲ့ခံစားချက်က အဘွားအိုတစ်ယောက်ကို ကြာ ရင် အသက်အန္တရာယ်တောင် ထိခိုက်လာမှာကြောက်ရပါသည်။

ခုဟာက ရှိတာကမှ အိမ်သားက လေးယောက်မှာ သုံးယောက်က (တစ်ယောက်တစ်နေရာစီမို့ တစ်စစီကွဲပြဲနေသလို တစ်အုပ်စုတည်းတော့ မဖြစ်နိုင်ပေမယ့်) ကိုယ့်တစ်ယောက်အတွက် ခံစားချက်တွေ ပြင်းထန်နေကြရတာ။ အဲဒီလိုအချိန်မျိုးမှာ "ကိုယ့် ဆန္ဒပဲ ကိုယ်ဦးစားထပ်ပေးပြန်ပြီး သူတစ်ပါးတွေအတွက် မကြည့် ပြန်တဲ့သူ"အဖြစ် ထပ်ကမ္ပည်းထိုးခံဝံ့သေးလို့လား။ ဘယ်သူသိသိ မသိသိလေ။

ကိုယ့်စီးပွားရေး၊ အလုပ်အကိုင်ကိစ္စကို ကိုယ့်မိသားစု တွေက ဘာမှထိထိဝင်ဝင်မသိကြပေမယ့် ဟိုအမြင်ကတ်၊ အသည်း နာစရာကောင်းတဲ့ကောင်ကြီးကို ကယ်တင်ခွင့်ရှိရက်နဲ့ မကယ်တင်





လျစ်လျူရှုလိုက်တဲ့အဖြစ်ကို တစ်ထောင့်တစ်နေရာကနေသား သကြိန်သာ ပြန်ကြားသွားခဲ့ရင်။ ဘယ်သူမှ ပြန်မသိနိုင်ကြပါဘူး ဆိုရင်တောင် ကိုယ့်ရဲ့ Conscious Mind (ကိုယ့်ကိုယ်ကိုယ် ပြန် သိနေသောစိတ်)က ကိုယ့်ကိုချောက်ချားနေစေပြီ။ လုပ်သင့်တာကို လုပ်ကလည်းမလုပ်ချင်။ မလုပ်ဘဲနေလိုက်ရမှာကိုလည်းကြောက်။

ဟား...။ တော်တော်ဒုက္ခရောက်ရတဲ့ အဖြစ်ဆိုးပါ လား။ ကိုယ့်တစ်ယောက်တည်းထိုင်နေတဲ့ အအေးခန်းထဲမှာတောင် မှ ဇောချွေးတွေပြန်ကာ တစ်ကိုယ်တည်း ကျပ်တည်းကျဉ်းမြောင်း လာသည်။ ပိုပြီးမခံချိချင်စရာဖြစ်တာက ခုအခြေအနေမှာ အဖေ နှစ်ယောက်မှာ တစ်ယောက်စီက တစ်ပြဿနာစီဆိုပေမယ့် ကိုယ့် ရဲ့စောင်မခြင်းပြီးချိန်ကျ အဲဒီကောင်ကြီးကကျတော့ သူ့ပြဿနာ အခက်အခဲကနေ ကွင်းလုံးကျွတ်လွတ်ကာ အပြစ်ကင်းသွားနိုင် ပေမယ့် ကိုယ့်မှာကကျတော့ ရုန်းထွက်ဖို့ ခက်ခဲနေသေးတဲ့ ကိုယ်ပိုင်ပြဿနာအစိုင်အခဲနဲ့။ အဲဒါကကော ကိုယ့်အတွက်စိတ် ချမ်းသာချင်စရာ ကောင်းပါ့မလား။

ချီတုံချတုံ။ ထိုင်လိုက် ထလိုက်။ လမ်းလျှောက် လိုက်၊ တောင့်တောင့်ကြီး ရပ်နေလိုက်၊ ဖုန်းကောက်ကိုင်လိုက်၊ ပြန်ချထားလိုက်၊ သက်ပြင်းချလိုက် တောက်ခေါက်လိုက်။ ဒီလိုပုံစံ နဲ့ပဲ ဆုံးဖြတ်ချက် သေချာမချနိုင်သေးသရွေ့ ဘာအလုပ်မှသေချာ မလုပ်နိုင်ဘဲ အလုပ်ပျက် အကိုင်ပျက် စိတ်လက်မချမ်းသာဖြစ် နေရတာ ဘယ်နှရက်ရှိပြီလဲ။

ခုဟာက အဲဒီလိုဆုံးဖြတ်ချက်ချမရတဲ့ ကိစ္စတစ်ခု တစ် နေ့တာနဲ့ပဲ ကိုယ့်မိန်းမကိုယ် သူတို့တစ်ရပ်တစ်ရွာအထိ သွားပြန်လိုက်ခေါ်ယူဖို့ကိစ္စကိုပင် ဦးစားမပေးနိုင်သေး။ မပြောမဆိုနဲ့ အဲသလိုကြီး ထလုပ်ချသွားတဲ့ ကိုယ့်မိန်းမကိုယ်လည်း စိတ်ကောက ပျက်ရပေမယ့် အပြစ်ရှိတာက ကိုယ်လေ။ ပြီးကျ ငယ်လင်ငယ်မယား နှစ်ရှည်လများ ပေါင်းဖော်ခဲ့ရတဲ့ သံယောဇဉ်ကလည်း နည်းလား။ သားရဲ့ခံစားချက်နဲ့ မိသားစုရဲ့ဂုဏ်သိက္ခာ၊ အမကြီးရဲ့ကျန်းမာရေးကလည်း ရှိသေးသည်။ ကွဲကြပြီကြဆိုတဲ့အထိ အရောက်မခံနိုင်ပါဘူး။

ဒီလောက်ခေါင်းခြောက်စရာ ကောင်းနေတဲ့အချိန်မှာ (သူ့ဆန္ဒ ဆုံးဖြတ်ချက်ကို ကိုယ်က အတည်ယူ လက်ခံနိုင်တာ မခံနိုင်တာက အပထား) တိုင်ပင်ဖော်တိုင်ပင်ဖက်၊ ပြောဟယ်ဆိုဟယ်၊ အကြံပေးဟယ် ငြင်းခုန်ဟယ်ဆိုတဲ့ အနီးကပ်လူမျိုး တစ်ယောက်မှ မရှိနိုင်တာက အဆိုးဆုံးခံစားချက်ပင် ဖြစ်တော့သည်။

ရှူးတောင် ရှူးလိုက်ချင်သည်ဟု ပြောပြောနေကြတာ ဒါမျိုးပဲ ဖြစ်မှာပါပဲ။

✻ ○ ✻





"ဒီမယ် ... ဦးမျိုးမြတ်။ ကျုပ် အယ်ဒီပဲ။ ဖုန်းချပစ်မယ် စိတ်မကူးနဲ့။ ကျုပ်မှာ ခင်ဗျားဖုန်းနံပါတ်တစ်ခုကိုရဖို့ ခင်ဗျားမိန်းမကာနေတစ်ဆင့် ခင်ဗျားသမီးဆီက မနည်း တောင်းယူထားရတာ။ ပြောစရာရှိလို့ပေါ့ဗျ။ ကျုပ်နဲ့လုပ်ငန်းအတူလုပ်နေတဲ့ တံရုတ်ကိုယ်စားလှယ်တွေရှိတယ်။ အဲဒီမိတ်ဆွေတွေအတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းတစ်ခု လိုအပ်နေတဲ့ကိစ္စ ခင်ဗျားနဲ့ စကားပြောချင်နေတာရှိတယ်။ ခင်ဗျားကို ဘယ်မှာ ရှာရမလဲ ...။ ... ... ...! ... ... ...!
... ... ..."

ထွီ ...။ လုံးဝကိုမပြောပေးချင်တဲ့၊ ဘယ်နည်းနဲ့မှ စေတနာမပါတဲ့ စကားတွေကို ပြောလိုက်ရတာ ပါးစပ်ခါးလိုက်တာ။ လျှာကိုလျှာတိုက်သွားမွှတ်တံနဲ့ အချောင်းလိုက်ပြန်တိုက်ပစ်လိုက်ရင်တောင် အဲဒီအခါးက ပျောက်နိုင်မည်မထင်။ ဓားပါးပါးတစ်ခုနှင့်ကို အနာခံပြီး ခြစ်ချပစ်မှပဲ ဖြစ်မှာပါ။

✻ ○ ✻

ဦးခေါင်းမှာလည်း ခေါင်းဆောင်းစတီး၊ သံခမောက်၊ သံဦးထုပ်၊ (Helmet)တို့ပါမလာ။ ကိုယ်မှာလည်း Bulletproof Jacket ကျည်ကာအင်္ကျီလိုမျိုး၊ (တုတ် proof) တုတ်ကာအင်္ကျီပါမလာပေမယ့် မောင်မောင်လတ်က ရဲရဲတင်းတင်းပင် အောင်ကြီးရှိရာဆီသို့ ချဉ်းကပ်လာခဲ့လေသည်။

"ဒီမှာ . ခင်ဗျာ"

"ဟင် ! ဟိုလူ ...။ ခင်ဗျား ဟိုလူပဲ"

"ဟုတ်ပါတယ်။ ငှရဲ့ဦးလေး မောင်မောင်လတ်ပါ"

"ဟာ ... တွေ့ရတာ ဝမ်းသာတယ်ဗျာ။ လာပါ ... ထိုင်ပါ။ ဘာသောက်မလဲ။ ဟေ့လူ ... ကျုပ်ပဲတိုက်ပါ့မယ်နော်။ ခင်ဗျားဆီမှာ ကျုပ်ကအကြွေးရှိသလို ဖြစ်နေတာကိုးဗျ။ ဟား ... ဝမ်းသာတယ်ဗျာ။ ခင်ဗျား ကျုပ်ကိုလာရှာဖို့ ဘယ်လိုများ စိတ်ကူးရခဲ့တာလဲ။ ဒီစိတ်ကူးမျိုးကို ကျုပ်က အရင်ရရမှာ။ ခင်ဗျားက တကယ့်လူပဲဗျာ။ ဟား ဟား ဟား"

မောင်မောင်လတ်မှာ သက်ပြင်းတစ်ခုကို ကျိတ်ချလိုက်မိပါသည်။ သေချာတစ်ခုကတော့ လူရမ်းကား လူမိုက်လိုလို၊ အရူးအပေါလိုလိုနဲ့ ဘယ်နေရာမှာမှ သုံးစားရမှာမဟုတ်ဘူးလို့





ထင်ရတဲ့ လူတစ်ယောက်ဟာ သူ့ညီ၊ သူ့ဆွေမျိုးသားချင်းတစ်ယောက်အပေါ် "ငါ သူ့ကို ဘယ်လိုကူညီနိုင်မလဲ။ သူ့အတွက် ဘာလုပ်ပေးနိုင်မလဲ" လို့ တွက်နေတတ်တဲ့နေရာမှာတော့ အပြည့်အဝ တန်ဖိုးရှိ၊ နှစ်ယောက်မရှိနိုင် ဖြစ်နေခြင်းပင်တည်း။

"ကျွန်တော့်တူမလေးနဲ့ ခင်ဗျားတူနဲ့ကြားမှာ မပြေမလည် ဖြစ်နေကြတဲ့ စိတ်ခံစားချက်တွေ အများကြီးပဲဗျ။ အဲဒါတွေထဲမှာမှ ခင်ဗျားနဲ့ကျွန်တော်နဲ့ကလည်း ပြဿနာတစ်ခုရှိဖူးတယ်။ ဘယ်လိုမှ အဆင်မပြေနိုင်ဘူးဆိုတာလေးက အချက်သေးသေးလေးတစ်ချက်အဖြစ် ပါကောင်းပါနေမလား မပြောတတ်ဘူး။ အဲဒါကို မဖြစ်စေချင်ဘူး။ သိပ်အရေးမပါတဲ့အချက်တစ်ချက်လည်း ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ 'ခင်ဗျားနဲ့ကျွန်တော်" ဆိုတဲ့ ပြဿနာက ဘာအချက်မှ ဖြစ်မနေရင် အကောင်းဆုံးပဲ။ အဲဒါကြောင့် ..."

"သိပ်မှန်တာပေါ့ဗျာ။ ခင်ဗျားက တကယ့်ပညာရှိပဲ"

"ကျွန်တော့်တူမ ငှက ကျွန်တော့်အတွက်လည်း ငိုမနေစေချင်ဘူး။ ခင်ဗျားကိုလည်း ကွက်မနေစေချင်ဘူး"

"သိပ်ကောင်းတဲ့ အတွေးအခေါ်ပဲ။ ကျုပ်ကလည်း ကျုပ်ညီလေးအတွက် ဘာများလုပ်ပေးနိုင်မလဲဆိုတာပဲ ခေါင်းထဲရှိတဲ့လူမျိုးပါ။ သူတို့မိသားစုတစ်ခုလုံးက ကျုပ်အပေါ်မှာဆိုကောင်းကြတဲ့သူတွေချည်းပဲ။ သူတို့ကျေးဇူးတွေရှိတယ်။ အဲဒါကြောင့် ကျုပ်ညီလေးစိတ်ဆင်းရဲရမှာမျိုး ကျုပ်က

ဘယ်တော့မှ ဖြစ်စေချင်တာ မဟုတ်ဘူး။ ဒီကြားထဲကပဲ ခင်ဗျားအပေါ် လက်လွန်သွားမိတာ။ ခုလိုဆိုတော့ အားလုံးအတွက် အဆင်ပြေတာပေါ့"

"ကျွန်တော်က လူကဲခတ်မမှားဘူးပေါ့။ ခင်ဗျားကို ကျွန်တော်က အဲဒီလိုပဲ အကဲခတ်မိလို့ ခပ်လန့်လန့်နဲ့ပဲ ရောက်အောင်လာလိုက်တာ"

"ဒါဆိုရင် ထပ်ပြီးပွင့်ပွင့်လင်းလင်းပြောဗျာ။ သူတို့နှစ်ယောက်ကြားက ခင်ဗျားနဲ့ကျုပ် မဟုတ်တော့တဲ့ ဒီပြင်အတားအဆီး အနှောင့်အယှက်တွေက ဘာတွေများဖြစ်နိုင်မလဲ"

"အခု ခင်ဗျားဦးလေးက ကျွန်တော့်အစ်ကို(ယောက်ဖ)ကို လုပ်ငန်းကိစ္စတစ်ခုမှာ စေတနာနဲ့ ကူညီပေးလိုက်တယ်လို့ သတင်းကြားပါတယ်။ ဒီလိုနဲ့ပဲ ကြားထဲက အနှောင့်အယှက်အခက်အခဲတွေ တဖြည်းဖြည်းနဲ့ လုံးဝရှင်းရှင်းလင်းလင်းဖြစ်သွားတော့မှာပါ"

"ဘယ်ဟုတ်ဦးမလဲဗျ။ ကျုပ်တို့အန်ကယ်လေးကိစ္စက လုံးဝအခုအခဲကြီးအဖြစ် ရှိနေသေးတာ။ အန်တီလှ အိမ်မှာမရှိတော့တာသာကြည့်တော့။ ဘယ်လိုနည်းနဲ့မှ ပြန်ခေါ်လို့မရတော့ဘူးဗျာ။ အန်ကယ်လေးမျက်နှာပဲ တစ်သက်လုံးကြည့်လာတဲ့ သူ့မိန်းမ အဲဒီလောက်အထိ စိတ်မာတာ ဒီတစ်ခါပဲ ကြုံဖူးသေးတယ် ..."





တစ်ခုတော့ ရှိတာက အန်ကယ်လေးက ဒီတစ်ဖက်မှာ သူ့ကိစ္စကို အပြတ်ရှင်းမထားနိုင်သေးလို့များလား။ ကျုပ်တို့ ဘာလုပ်ရင်ကောင်းမလဲဗျ။ ခင်ဗျားက ခေါင်းရှိပုံရတယ်၊ အကြံပေးစမ်းပါဦး"

"လုပ်ဖို့ထက် မလုပ်ဖို့ အကြံကတော့ ခင်ဗျား အဲဒီလိုကိစ္စမျိုးကို ယောကျ်ားချင်း ဖြေရှင်းသလိုနည်းလမ်းမျိုးနဲ့ သွားဖြေရှင်းလိုက်လို့ မရနိုင်ဘူးနော်။ မိတ်ဆွေချင်းသဘောနဲ့ ပြောတာပါ"

"ဟား ဟား ဟား ... ခင်ဗျားက အရမ်းသဘောကျဖို့ကောင်းတယ်။ ကျုပ်လည်း အဲဒီလိုတော့ ဘယ်သွားလုပ်ပါ့မလဲဗျ။ ခု ခင်ဗျားနဲ့လည်း မိတ်ဆွေတွေဖြစ်သွားကြပြီဆိုတော့ အဲဒီကိစ္စအတွက် ခင်ဗျား အကူအညီကို ယူရင်ရော ကောင်းမလား"

"အဲဒါလည်း သည်းခံပါ။ ကျွန်တော်က အဲဒီလိုကိစ္စမျိုးတွေမှာ နုံချာပြီး မကျွမ်းကျင်လွန်းလို့ ယနေ့အထိ လူပျိုကြီးဘဝက မကျွတ်နိုင်သေးတာပါ"

"ဟုတ်ပြီ ...။ ဟိုနှစ်ယောက် ပြန်အဆင်ပြေနိုင်ဖို့က ကျုပ်လို ထစ်ခနဲရှိ လက်ပါတတ်တဲ့ အစ်ကိုတစ်ယောက်ထက်စာရင် ဦးလေးတွေ အဒေါ်တွေမှာ ပိုတာဝန်ရှိတာပေါ့။ ခင်ဗျားကို ကျုပ်အဒေါ်အပျိုကြီးနဲ့ မိတ်ဆက်ပေးထားမယ်။ ဟုတ်တယ်။ ခုတစ်လက်စတည်း အိမ်ထိလိုက်လည်လိုက်ပါလား"

ဟိုက် ! ကြိုက်မယ့်ကြိုက်တော့လည်း အဒေါ်အဖိုးကြီးပါ တစ်ခါတည်း ထိုးအပ်တော့မယ့်အထိကို အဖြစ်သည်းသည်းနဲ့ နှစ်ခြိုက်သဘောကျတော့တာပါလား။ ဘုရား ... ဘုရား။ တော်တော်ကြာကျ "အကောင်းနဲ့ စီစဉ်ပေးချင်တာ။ ငါ့အဒေါ်ကို သဘောကျလား၊ မကျဘူးလား။ ပြော"ဟု သူ့လက်ထဲ ဖျတ်ခနဲ တုတ်ရောက်လာမှ ခက်ဦးတော့မည်။ ကိုယ့်တူမလေးမင်္ဂလာပွဲအတွက် ပြန်ကြိုးစားပေးချင်ကာမှ ကိုယ်ပါအဆစ်၊ ဝမ်းဆက် တစ်ခါတည်း အိမ်ထောင်ကျရတော့မယ့် အဖြစ်လား။

"ခင်ဗျားနဲ့ အဆင်ပြေ ခင်မင်ခွင့်ရတာပဲ ဝမ်းသာလှပါပြီ။ မိတ်ဆွေချင်းတွေဆိုတော့ တွေ့ဖြစ်နေဦးမှာပါ။ မင်္ဂလာပွဲမှာပါ အတူပြန်ဆုံပြီး ပျော်နိုင်ဖို့ကတော့ ကျွန်တော့်ရဲ့ အဓိကဆုတောင်းပါပဲ"

လက်ကတော့ မပါမဖြစ်၊ ကိုယ့်လက်မောင်းနှစ်ဖက်ကို သူ့လက်ဖဝါးကြီးတွေနှင့် "တဖြောင်းဖြောင်း"နက်ကာ ဝမ်းအသာကြီးသာနေတော့သည့် အောင်ကြီးကို မောင်မောင်လတ်က မနည်းနှုတ်ဆက်စကားဖြတ်ကာ ထပြန်လာခဲ့ရပါသည်။ ကြာကြာနေရင် ကိုယ့်လက်မောင်းနှစ်ဖက်စလုံးလည်း အရေပြားတွေစုတ်ပြတ်လန်ထွက်ကုန်ကြတော့မည်။

"ဦးလတ်မှာ နေရင်းထိုင်ရင်း ခေါင်းတုံးကြီးဖြစ်သွားရတာ။ အဲဒီ သူ့အစ်ကိုဆိုတဲ့ လူရမ်းကားကို ဘယ်မေ့နိုင်ပါ့မလဲနော် ... ဟုတ်လား"လို့ သွေးတိုးစမ်းသလို လာမေးခဲ့တဲ့





ကောင်မလေးက သတို့သားလောင်းဘက်က မသေချာတော့တဲ့ မင်္ဂလာပွဲတစ်ခုအတွက် လက်စွပ်ဝယ်ပြီး သိမ်းထားတဲ့အထိပင် အဖြစ်ဆိုး အရှုးထနေခဲ့ပြီတဲ့။ ဒီတော့လည်း ငယ်ငယ်ကလို "တိတ်ပါကလေးရယ် ... တိတ်တိတ်"ဟု ကုန်းပိုးချီထမ်းမချော့ရတော့ပေမယ့် ငှရဲ့မျက်ရည်တွေ ရပ်တန့်ခန်းခြောက်သွားစေဖို့၊ ငှရဲ့နှုတ်ခမ်းထက်မှာ အပြုံးလေးတွေ ပြန်ပေါ်လာစေဖို့ ကိုယ့်မှာ တာဝန်ရှိသည်ဟု မောင်မောင်လတ်က ခံယူထားသည်ပဲ။

ဟိုလက်ယဉ်လှတဲ့ သဗ္ဗာဝါကလည်း စိတ်ထားလေး တစ်ခုပါ ကောင်းနေတာက ကိုယ့်ကုသိုလ်ကံပေါ့လေ။

* ○ *

"ဒေါ်လှလှဦး"

"ဟင် ... အစ်မကြီးပါလား"

ဒေါ်လှလှဦးက ဖိနပ်ချွတ်အိမ်ကပြင်ပေါ်ကနေ တော်တော်မြင့်မြင့်ကလေး ဖြစ်နေသည့် အိမ်ဦးခန်းကြမ်းပြင်ပေါ်သို့ မနည်းကုန်းတွားပြီး တက်လာရတဲ့ ဒေါ်ခင်ခင်ထားကို မြန်မြန်လေးပြေးတွဲပြီး တက်လို့လွယ်ကူသွားအောင် ကူညီလိုက်ပါသည်။

"ကျွန်မတို့ဘက်တွေကတော့ မိုးတွင်းဆိုရင် ရေတာစ်တတ်လို့ အိမ်ဦးကိုတော့ ခပ်မြင့်မြင့်ပဲ မြှင့်ထားတတ်ကြတာ အစ်မကြီးရေ။ ဒါပေမဲ့လည်း ဘယ်လိုပဲ မြှင့်ထားထား၊

အိမ်ဦးနတ်က မကောင်းရင်တော့ အဲဒီအိမ်ရေ၀င်တတ်တာပဲလို့လည်း အယူအပြောရှိကြတော့ ကျွန်မဖြင့် မိုးတွင်းထိ ဒီမှာနေရမှာတောင်မှ ခပ်ကြောက်ကြောက်ရယ်။ ဟင်း ဟင်း ဟင်း။ ကိုယ့်အိမ်ရေ၀င်လို့ ဒုက္ခရောက်ရတာထက် လူပြောမခံချင်စိတ်ပေါ့။ ဟင်း ဟင်း"

"မိုးတွင်းထိက ဘာလို့နေနေရမှာတုန်း။ ခု ကျွန်မလာတာ မရောက်ဖူးသေးတဲ့ ဒေါ်လှလှဦးတို့ရွာကို လာလည်ကြည့်ချင်တာရော၊ ပြီးကျတော့ ဒေါ်လှလှဦးကို လာပြန်ခေါ်တာလည်း ပါတယ်နော်။ ကျွန်မတစ်ယောက်တည်း ကိစ္စဝိစ္စတွေအားလုံးကို တစ်ကိုယ်တော် မဆောင်ရွက်တတ်ပါဘူး။ ဒေါ်လှလှဦးပါ အတူကူပေးရမှာပဲ။ ဒေါ်လှလှဦးက အဲဒီဘက်တွေမှာ ကျွန်မထက် အစစအရာရာသာမှာပဲလို့ ကျွန်မသိတယ်"

"ဘာတွေများလဲ အစ်မကြီးရယ်"

"သားတွေ သမီးတွေကိစ္စလေ။ သူတို့ချင်း ပြန်အဆင်ပြေလာကြတဲ့အခိုက်မှာ အတူတူ စီစဉ်ကြရအောင်ပါ"

"အစ်မကြီးတို့ကို ဦးအယ်ဒီက ဘယ်လိုအကူအညီလာတောင်းထားသလဲ။ ဒီအထိတောင် လိုက်လာနိုင်းတာတော့ တော်တော်မသိတတ်တာပဲ။ သူများတကာကို ဒုက္ခမပေးရရင် မနေနိုင်တဲ့လူမျိုးများလား မသိဘူး။ ဘယ့်နှယ်ရှင် … အစ်မကြီး ခေါ်ခင်ခင်ထားက ကိုယ့်ကိစ္စနဲ့ကိုယ် နေကောင်း





လှတာမှ မဟုတ်ဘဲနဲ့၊ သွားပြန်လိုက်ခေါ်ပေးပါ။ ကျွန်တော်ခေါ်တာမရလို့လို့ အကူအညီတောင်းစရာလား။ သိကိုမသိတတ်ဘူး"

"ကျွန်မ အခု နေကောင်းတာထက်တောင် လွန်နေသေးတယ် ဒေါ်လှလှဦးရေ။ ဦးမျိုးမြတ် အိမ်ပြန်ရောက်လာပြီလေ"

"ဟင် ! "

"ဟုတ်တယ် …။ ကျွန်မ ပြောဖူးတာပဲ။ အကျိုးအကြောင်းကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောရှင်းပြပြီး တောင်းပန်လာမယ်ဆိုလို့ကတော့ ဘယ်ချိန်ပြန်တက်လာလာ လုံး၀ခွင့်လွှတ်ပြီး ပြန်လက်ကမ်းကြိုဆိုလိုက်မယ်လို့လေ။ ခုလည်း ကတိတစ်ခုပဲ အပိုင်တောင်းထားလိုက်တယ်။ နောက် ရှင်ဘာဖြစ်ဖြစ် ကျွန်မ သိပါရစေလို့ …

ခံစားရမှာစိုးလို့၊ အမှုပတ်မှာစိုးလို့၊ ရှုပ်စွည်းအကုန်အသိမ်းခံရမှာစိုးလို့ဆိုပြီး မပြောမဆို ပျောက်ကွယ်သွားပြီးမှ ကွာရှင်းစာချုပ်လိုဟာမျိုး လှမ်းပို့ဦးမယ်ဆိုရင် ဒီတစ်ချီတော့ရှိစေ၊ နောက်အကြိမ်တွေကျ ခွင့်လွှတ်နိုင်တော့မယ် မထင်ဘူးလို့။ ဒီတိုင်းကြီး ဒီဘ၀ထဲမှာပဲ ခွင့်မလွှတ်မှာတောင် မဟုတ်ဘူး။ ကျွန်မသေသွားပြီးမှ နောက်ဘ၀ကနေ မကျွတ်မလွှတ်ဘဲ သူ့ရဲပြိတ္တာဘ၀ကနေ လှမ်းစွဲပြီး ခွင့်မလွှတ်နိုင်ဖြစ်နေမှာမျိုးပါလို့"

ဒေါ်လှလှဦးက ဒေါ်ခင်ခင်ထားကို ငိုင်ငိုင်ကလေး ငေးကြည့်နေပါသည်။ ဟုတ်တာပေါ့ ... သူတို့ချင်းကတော့ "မပွင့်လင်းတာ"တစ်ခုသာ အပြစ်ဖြစ်လျက် လင်နဲ့မယား သစ္စာဖောက် အသစ်ရှာထားခြင်းမှ မဟုတ်ဘဲ။ အလွယ်တကူလေး ပြန်ခွင့်လွှတ်နိုင်ဖို့ ဘာခဲယဉ်းနေစရာရှိသလဲ။ ကိုယ်တွေကြားမှာတော့ နာကျင်ခံခက်စရာကိစ္စက အဲဒီလို လွယ်လွယ်နဲ့ပြီးလိုက်နိုင်မှာမျိုးမှ မဟုတ်တာ။

ဒါတောင် ဒေါ်လှလှဦးလို မိန်းမဟာ ဒိုပြင်အိမ်ထောင်ရှင်မတွေနဲ့စာရင် အများကြီးစိတ်ထားတတ်ခဲ့တဲ့သူ မဟုတ်ဘူးလား။ ခြေမငြိမ် လက်မငြိမ်၊ နှုတ်မငြိမ်၊ စိတ်မငြိမ်ဆိုတဲ့ကိစ္စတွေကို "ငါ့ဘက်က ဖွဲ့ပေးလိုက်ရတာမှ မဟုတ်တာ။ သူ့ကိုဆုံးရှုံးလက်လွှတ်လိုက်ရတာလည်း မဟုတ်ဘူး"ရယ်လို့ ဘာပြဿနာမှ သိပ်မလုပ်ဘဲ အံတော်ကြီး နေတတ်ထိုင်တတ်ခဲ့တဲ့သူ။ ခုဟာကတော့ ဖွဲ့ပေးလိုက်ရတော့မှာမို့လို့ကို ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်သွားခဲ့ရတာပါ။

ဒါပေမဲ့ မပြေလည်ကြသူချင်းတူတူ သူများတကာတွေကတော့ ပြေလည်ကုန်ကြပြီ။ အိမ်ပေါ်ပြန်ရောက်လာပြီ။ ခွင့်လွှတ်ပျော်ရွှင်ပြီးနေကြပြီဆိုတော့ အဲဒီလိုအလွယ်တကူ ပြန်မဖြစ်နိုင်သေးတဲ့၊ ကိုယ့်အဖြစ်ကို ဝမ်းပဲနည်းချင်လာသလိုလို။ စိတ်ရှုပ်နေတဲ့ အမှုအရာတွေ ကင်းစင်ကာ ကြည်ကြည်လင်လင် ရုပ်တစ်ခုနဲ့ ဖြစ်နေသော ဒေါ်ခင်ခင်ထားကိုပဲ မနာလိုရတော့မဲ့လိုလို။





"ကျွန်မတို့ကိစ္စကို ဦးအယ်ဒီပဲ ကူညီလိုက်တာ"

"ဟင် ... ! အံ့သြစရာကြီး"

"ဟုတ်တယ်။ အဲဒီအကူအညီတစ်ခုတည်းကြောင့် အားလုံး ပြန်အဆင်ပြေသွားနိုင်တာလေ"

"ဒါဖြင့် သူတို့ချင်းကြတော့ရော။ ဦးအယ်ဒီနဲ့ ဦးမျိုးမြတ်လေ။ အချင်းချင်း အဆင်ပြေသွားကြပြီပေါ့ ... ဒါဆို"

"အမယ်လေး ... အကူအညီပေးတဲ့ လူကလည်း မဲ့ကာရွဲ့ကာနဲ့၊ အကူအညီယူရတဲ့သူကလည်း ကိုယ့်မှာ သူ့ကျေးဇူးရှိတာပဲရယ်လို့ စိတ်လျှော့မယ်များမထင်နဲ့။ ခုပ်နေတာပဲ။ အချင်းချင်း မပြေမလည်ကြီးနဲ့ကို ကိစ္စတွေကိုကျပြေလည်အောင် လုပ်ယူကြတာပါ"

"စိတ်ညစ်စရာကြီးတွေ"

"ဟုတ်ပါ့။ အဲဒါကြောင့် အခု ကျွန်မဒီကိုရောက်လာတာ အဲဒါကြောင့်လည်း ပါတယ်။ ဦးအယ်ဒီက ကျွန်မကိုလွှတ်တာ၊ အကူအညီတောင်းတာ မဟုတ်ပါဘူး။ ကျွန်မဘာသာပဲ ဒီလိုပြန်ကူညီသင့်တယ်လို့ ထင်တာလည်းပါတယ်။ သားတွေ သမီးတွေ ကိစ္စအတွက် ကျွန်မ အဲဒီလောက်တော့ အပင်ပန်းလည်း ခံနိုင်ရမယ်။ ဒေါ်လှလှဦးဘက်က တုံ့ပြန်မှုက ဘယ်လိုပဲရှိပါစေ။ စိတ်မပျက်ဘဲ၊ မငြိုငြင်ဘဲ ကြိုးစားပေးရမယ်လို့လည်း ခံယူတယ်လေ"

"ဒါပေမဲ့ အစ်မကြီးရယ်"

"ဦးအယ်ဒီက အားလုံးရှင်းလင်းပေးပါ့မယ်လို့ လာကမ်းလှမ်းပြီး၊ ပြန်လာခေါ်တယ်ဆို"

"ဒါပေမဲ့ ရှင်းမှမရှင်းနိုင်သေးတာ။ အပြောပဲရှိသေးတာ"

"ကျွန်မသိသလောက် သူနည်းပေါင်းစုံရော၊ ပိုက်ဆံရောအတော်သုံးပြီးတော့ကို အပြတ်ဖြတ်လိုက်နိုင်ပြီဆိုလားပဲ။ သားက ဘာမှမပြောဘူးလား"

"သားက သူဝင်ပါပြီး လာခေါ်ရင် အမေက စိတ်မချမ်းမသာနဲ့ သားမျက်နှာကြောင့် မလိုက်ချင်ဘဲ ပြန်လိုက်လာနေရဦးမယ် ဆိုတာမျိုး ငဲ့ပေးလို့နဲ့ တူပါတယ်။ လာလည်းမခေါ်ဘူး။ ဝင်ရှင်းပေးတာမျိုးလည်း မလုပ်ဘူး"

"ဘာကိစ္စမှ မကျန်တော့တဲ့ အဆက်အသွယ်ပါ အကုန်ဖြတ်နိုင်ရင်ကော ဒေါ်လှလှဦးက ခွင့်မလွှတ်နိုင်ဘူးလား"

"ကျွန်မ သူ့နံဘေးကနေ သူ့မိန်းမအဖြစ် အတူတွဲပွဲထွက်ရမှာမျိုးကိုတောင် စိတ်ကတစ်မျိုးကြီးဖြစ်နေတာ။ သားတို့ကိစ္စမှာဆို ဘာပဲဖြစ်ဖြစ် လူလယ်ကောင်ကြီးမှာ ပြန်တွဲပြီးပွဲထွက်ပြရတော့မယ်လေ။ အဲဒီအခါကျ ပွဲထုတ်၊ ပွဲထွက်ခွင့်ကိုပါ လာဦးချင်တယ်ဆိုတဲ့ တစ်ယောက်ကို ကျွန်မသတိရကို ရလာမှာ။ ဖြေနိုင်ပါ့မလားပဲ။ ကျွန်မ သူနဲ့တွဲတောင် မလျှောက်ချင်သေးဘူး"

"သားအတွက်တော့ တစ်ချက်ပြန်စဉ်းစားပေးပါဦး ဒေါ်လှလှဦးရယ်။ ဒါဖြင့် အစဉ်အလာကို ဆန်းသစ်ပြီး ကျွန်မတို့





နှစ်ယောက် အတူတစ်တွဲ၊ သင်းတို့နှစ်ယောက် အတူတစ်တွဲ ထွက်ကြမလား"

စိတ်မကြည်မလင်ဖြစ်နေတဲ့ ဒေါ်လှလှဦးမှာ ဒေါ်ခင်ခင်ထားရဲ့စကားကြောင့် ရုတ်တရက် အရမ်းရယ်ချင်သွားရပြီးမှ အလိုက်သည်းလှိုက်ပင် ရယ်ချလိုက်မိပါသည်။ ဒေါ်ခင်ခင်ထားကလည်း သူ့အကြံကို သူသဘောတကျနဲ့ လိုက်ရယ်နေပြီး အားတက်လာတဲ့လေသံနဲ့ ...

"သိပ်ကြည့်လို့ကောင်းမှာ။ အကြောက်အကန်တော့ ခံငြင်းကြမှာပဲ။ ဒါပေမဲ့ သူတို့အဖြစ်တွေနဲ့သူတို့လေ။ မလုပ်ပေးချင်လို့ ဘယ်ရမလဲ။ တစ်သက်လုံး ကိုယ့်စကားအောင်ခဲ့တာမှ မဟုတ်တာ။ ဒီလိုအချိန်မျိုးတော့ ဘာမှငြင်းချက်ထုတ်မယ် ကြံမနေကြနဲ့တော့။ ဖြစ်သင့်ဖြစ်ထိုက်တာကို ဦးစားပေးရမှာပဲ"

"အစ်မကြီး အပြောကောင်းတာနဲ့ပဲ ဘယ်လိုနေမလဲတောင် ကြည့်ချင်လာပါတယ်၊ တကယ်ပဲ"

"ဟုတ်တယ် ... ကြည့်ပါ။ ကြည့်၊ ကြည့်လိုက်ပါ။ စိတ်ဝင်စားဖို့ကောင်းမှာပါ"

"ဒီကအမျိုးတွေကလည်း ကျွန်မကို ဝေါနဲ့ပင့်ထမ်းပြီးပြန်ပို့ရမယ် ဆိုရင်တောင် တစ်ရွာလုံး တစ်ယောက်တစ်လှည့်ဝင်ထမ်းပြီး ဒီကနေ ရန်ကုန်အိမ်အရောက် ခြေကျင်ဝေါထမ်းပို့ရ၊ ပို့ရဆိုတာမျိုးအထိတောင် ဖြစ်နေကြတာ။

သူတို့ကြောင့် ကျွန်မတို့ရဲ့အဆင်ပြေနေတဲ့ မိသားစုဘဝနဲ့ အိမ်ထောင်ရေးပါ ပျက်ပြားသွားရတာပဲလို့ ထင်နေကြတော့လေ။ သနားပါတယ်"

"အမျိုးဆိုတာလေ တကယ်အရေးကြုံတော့ ကိုယ့်အပေါ် တကယ်ကောင်းနိုင်တဲ့သူမျိုးတွေလည်း ရှိပါတယ်။ ကျွန်မ အမျိုးတွေဆို ကျွန်မနဲ့ ဦးမျိုးမြတ်တို့ လက်ထပ်တုန်းက သူတို့ကြောင့် ကျွန်မမှာ ဂုဏ်ငယ်လိုက်ရတယ်ဆိုပြီး နှစ်ပေါင်းနှစ်ဆယ်၊ အစိတ်၊ ပြန်ပြီး အားခဲထားကြတာတဲ့။ ကျွန်မသမီးလေး လက်ထက်ကျမှ ဦးမျိုးမြတ်ရဲ့အမျိုးတွေကို ပြန်အကြောင်းပြရမယ်လို့၊ အဲဒီအတွက်ပဲ အမြတ်မိုက်ဆံကို သီးသန့်ခွဲစုပြီး သပ်သပ် ဖယ်ကိုထားကြတာတဲ့"

"ဟင် ... ခွဲကြီးလိုက်ကြတာ"

"ဟုတ်တယ်၊ ကျွန်မတို့နယ်ဘက်ကတော့ အဲဒီလိုပဲ။ အဲဒါပြီးခဲ့တဲ့လကပဲ ငတို့ကိစ္စ ကြားနေရတာကြာပြီ။ ခုထိ 'ထည့်ဝင်ငွေ'ပို့ခွင့်မရသေးဘူးလားလို့ကို လာမေးကြတာနော်။ သူတို့နယ်ဘက်ဆီမှာ ကျွန်မဘက်ကအမျိုးတွေက ဒီတစ်ကိစ္စကိုပဲ ဦးတည်ပြီး တစ်မျိုးလုံးတစ်ဆွေလုံး နှစ်ပေါင်းများစွာ ကျိတ်စုလာကြပြီးသားဆိုတာ ဦးမျိုးမြတ်တို့အမျိုးတွေ ခုမှ ထသိလိုက်ကြရလို့ မျက်ကလဲဆန်ပျာနဲ့ ဖိန့်ဖိန့်တုန်တွေ ဖြစ်ကုန်ကြပြီဆိုပြီး သူတို့က အရမ်းအားရနေကြတာ_





ပြောလို့ပြောတာ မဟုတ်ဘူး။ အဲဒါကိုသိလိုက်ရတော့ ကျွန်မကိုယ်တိုင်လည်း အရမ်းအားရပြီး ကလေးလိုပဲ ပြန်ပျော်သွားတာပဲ။ လင်မယားချင်း ဆိုတာအရင်းနှီးဆုံးလူသားတွေဆိုပေမယ့် မရှုမလှ အရှက်ကွဲထားရတဲ့ကိစ္စမှာ အဲဒီလိုနိုင်ကွက်လေး ပြန်ရှိလာဦးမယ်ဆိုတော့ ပျော်တာပေါ့နော်။ အဲဒါကြောင့်မို့ ငတို့ကိစ္စက ကိုယ့်နှစ်မိသားစုတည်းနဲ့ မပြီးဘူး။ လွန်ခဲ့တဲ့နှစ်များစွာက မိဘတွေရဲ့ကိစ္စတွေအတွက် အငြိုင်တွေ၊ အချေတွေကလည်း ရှိသေးတာ ဒေါ်လှလှဦးရဲ့"

"ဟင် ... ဒါဖြင့် ကျွန်မတစ်ယောက်အတွက်နဲ့ ဒီကိစ္စကြာနေရင် ကျွန်မ'တာ'ပေါ့။ ကျွန်မခေါင်းပေါ်မှာ"

"အဲဒီလိုပဲ ဖြစ်နေတော့တာပေါ့ ... ဟင်း ဟင်း ဟင်း"

"ဟင်း ... ဒီလိုဆိုရင်တော့ ကျွန်မ ပြန်ပဲလိုက်ခဲ့ပါတော့မယ် အစ်မကြီးရယ်"

"ဟယ် ... ဝမ်းသာလိုက်တာ။ ကျွန်မက တစ်ခါတည်းနဲ့ အရပြောနိုင်မယ် အောင်မြင်လာခဲ့မယ်လို့တောင် ထင်မထားဘူး"

"ဒီလောက်စကားပြောကောင်းတဲ့ဟာကို။ ရောက်တုန်းတော့ ပျော်အောင် ဝအောင်နေပါဦး။ ဒေသစာတွေလည်း အစုံစား၊ အနှံ့လည်းလည်ပေါ့။ အပြန်ကျရင်တော့ ကျွန်မပါ တစ်ခါတည်းပဲ ပြန်လိုက်ခဲ့ပါ့မယ်"

ဒေါ်လှလှဦးရဲ့မင်္ဂလာစကားက ခဏာတွင်းချင်းနဲ့ တစ်ရွာလုံးအနှံ့ မြန်မြန်ပျံ့သွားပါသည်။ သူတို့ပါဝင်ပြီး စိတ်မ ကောင်းဖြစ်နေကြတဲ့ အမျိုးတွေ ဒေါ်လှလှဦးတည်းနေတဲ့အိမ်သို့ ခဏာတွင်းချင်းမှာတင် တစ်ဝင်းလုံးအပြည့် ရောက်ရှိလာကြရင်း...

"မိလှဦးရယ် ... ပြောမကောင်းလို့သာ။ မြန်မြန်ထက်ထက် ကြီးပြန်ပြီး အဆောတလျင်သာ စီစဉ်ချေပါ။ ငါ့မှာဖိုးသကြီး လေးကိစ္စ ကြေးကတည်းက အကျိုထချုပ်ထားတာ ခုနည်း နည်းတောင် စုကျုပ်ချင်နေပြီ။ ထပ်ကလည်းမချုပ်နိုင်"

"အားလေဟယ် ... ဒီလိုကိစ္စမျိုးနဲ့သာ ကိုယ့်အိမ်သားကိုယ် အရေးယူရမယ်ဆိုရင် နင်တို့ဦးရီးနဲ့ ငါလည်းစရပြီးခြောက် လအတွင်း ပြန်အကွဲပဲပေါ့လို့"

"မိလှညွန့် ... ! ညည်း ..."

"ဟုတ်တာပြောတာပဲတော့။ မိန်းမသား၊ အိမ်ရှင်မတွေက ကိုယ့်ဘဝကိုယ် နားလည်ပြီး စိတ်လျှော့အနစ်နာခံနိုင်ကြ တာ၊ အရင်ခေတ်တွေက ခုခေတ်ထက်သာတယ်။ ယောကျ်ား တွေဆိုတာကတော့ ဘယ်ခေတ်ဖြစ်ဖြစ် ဒီတစ်ပုံစံတည်း ချည်းပဲ မိလှဦးရေ ...

ခုခေတ်မှာ လင်ကွဲမယားကွဲတွေ ပိုများလာတယ် ဆိုတာ ခုခေတ်ယောကျ်ားတွေက လွတ်ဆိုးလာကြလို့ မဟုတ်ဘူး။ ခုခေတ်မိန်းကလေးတွေက ကိုယ့်ကိုယ်ကိုယ်





စတေးပစ်လိုက်ပြီး သားသမီးအတွက်၊ မိသားစုအတွက် ဆိုတာမျိုး မကြည့်တော့ဘဲ ထစ်ခနဲရှိ စိတ်မလျှော့နိုင်ဘူး ဆိုတာတွေ များလာလို့ပဲ ...

ဘာကြီးပဲဖြစ်နေနေ မျက်လုံးစုံမှိတ်ပြီး 'တည်မိတဲ့ ဘုရား လင်းတပဲနားနား' ရယ်လို့ သည်းခံချည်းနေရမယ်လို့ တော့လည်း မဟုတ်ဘူးပေါ့နော်။ ဒါပေမဲ့ ကိုယ်ကပဲ ကိုင် ရှင်တာဝန်ကို ယူထားရင် ကိုယ့်လက်ထဲကလှေတစ်စီးမ တိမ်းစောင်း မနစ်မြုပ်ဖို့က ကိုယ့်တာဝန်ပဲ။ ပဲ့ကိုင်ဟာ ဦးစီးကို လက်ညှိုးထိုးအပြစ်ပြောနေဖို့ချည်းမှ မဟုတ်တာ။ 'အိမ်ရှင်မ' ဆိုတဲ့ စကားလုံးသုံးလုံးဟာ အဲဒီလိုအရည်အချင်း နဲ့ပြည့်စုံတဲ့သူတွေကိုမှ 'အိမ်ရဲ့အရှင်သခင်မ' အဖြစ် သတ် မှတ်ထားကြတာမျိုးလေ"

အဆဲသန့်ပြီး ထင်ရာပြောတတ်တဲ့ တောသူမကြီး (လို့ ကိုယ်တိုင်က သတ်မှတ်ထားမိသူ)တစ်ယောက်ဆီက မမျှော် လင့်နိုင်ဘဲ ထွက်လာတဲ့ ဩဝါဒစကားတွေဟာ ဒေါ်လှလှဦးတင် မက ဒေါ်ခင်ခင်ထားနဲ့ တစ်ရွာလုံးက အမျိုးသမီးထုတွေကိုပါ အတွေးတွေဝေဖြာသွားစေပါသည်။

"အိမ်တစ်အိမ်ရဲ့အရှင်သခင်မ" နေရာကို ရယူထား ကြတဲ့သူတွေဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ဆီမှာ ရှိရမယ့် "အနစ်နာခံနိုင်မှု" ဆိုတဲ့ စွမ်းရည်တွေ အပြည့်ပြည့်ဝနေဖို့ လိုတာပဲ"

"အဲဒါကြောင့် 'အိမ်ရှင်မ'ဆိုတဲ့စကားလုံးပဲရှိတာ။ 'အိမ်ရှင်ထီး'ဆိုတာလည်း မရှိဘူး။ 'အိမ်ရှင်ယောကျ်ား'ဆိုရင်လည်း အဓိပ္ပာယ်က တစ်မျိုးဖြစ်သွားပြီ။ 'ဒီအိမ်တစ်လုံး၊ အဆောက်အဦတစ်ခုကိုပိုင်တဲ့ 'ပိုင်ရှင်'လို့ပဲ အဓိပ္ပာယ်သက်ရောက်တယ်။ အိမ်ရှင်မဆိုတာကတော့ အိမ်တစ်လုံးကို ပိုင်ဆိုင်တဲ့ ပိုင်ရှင်ဆိုတာထက် ဒီအိမ်တစ်ခုနဲ့၊ အိမ်တွင်းကမိသားစုဝင်တွေရဲ့ အရှင်သခင်လို့ပဲအဓိပ္ပာယ်ထွက်ပါတယ်။ အဲဒီတော့ ကိုယ်ရထားတဲ့ ဘွဲ့နာမနဲ့ ရာထူးဂုဏ်သိန်ကို ကိုယ့်ဘာသာ တန်ဖိုးသိဖို့ပဲလိုတယ်"

❋ ○ ❋





## အခန်း(၇)

တိုက်ပုံအင်္ကျီကိုဝတ်လိုက်တော့မည် ဖြူပြီးမှမဝတ်တော့ဘဲ လက်ထဲမှာတင်ဆုပ်ကိုင်ပြီး မသက်သာစရာကောင်းတဲ့ အရိပ်အယောင်တစ်ခုနောက်သို့သာ စိတ်လိုက်မာန်ပါကြီး ပြေးလိုက်လာမိပါသည်။ ဟိုတယ်ဝန်ထမ်းတွေရဲ့နားနေခန်းလိုနေရာမျိုးကနေ လှစ်ခနဲထွက်လာတော့မယောင်ပြုလိုက်ပြီးမှ ဖျတ်ခနဲပင် ပြန်ပျောက်သွားတဲ့ အရိပ်အယောင်တစ်ခုလေ။ လူလစ်ပြီထင်လို့ ထွက်လာတော့မလိုလုပ်ပြီးမှ ဒီဘက်ထိပ်မှာ ဦးမျိုးမြတ်ကို ဘွားဘွားကြီး လှမ်းတွေ့လိုက်တာနဲ့ပဲ "မလစ်သေးဘူး"ဟု ပြန်ကိုယ်ယောင်ဖျောက်လိုက်တာပဲ နေမှာပေါ့။

စင်္ကြံ (passage)လေးတစ်လျှောက်ကနေ ခပ်မြန်မြန်ပြေးလာခဲ့ချိန်မှာ သတိထားမိလိုက်တာက ဒီစင်္ကြံက ဟိုတယ်ရဲ့ မင်္ဂလာခန်းမကြီးနှင့် တစ်ဆက်တည်းဖြစ်နေပြီး ဟိုတစ်ဖက်မှာတော့ ဟိုတယ်ဝန်ထမ်းတွေရဲ့ နားနေခန်း(common room)နဲ့

သွားဆက်နေတာ။ အဲဒီနားနေစန်းဟာ ဒီဘက်ကို တစ်ဖက်ပွင့်ဖြစ်ပြီးရင် ကျန်တစ်ဖက်မှာတော့ ဟိုတယ်ကြီးရဲ့ဝင်းခြံထဲသို့ တိုက်ရိုက်သွားပေါက်နေလိမ့်မည်ထင်သည်။

ဖြစ်နိုင်တယ်။ ဒါပဲနေမှာ။ ဟိုသတ္တဝါကြီးကတော့ ဒီပြင်လမ်းကြောင်း နေရာပေါင်းစုံကို ယိုပေါက်၊ ဟာပေါက်မရှိအောင် လုံခြုံရေးချ၊ လိုက်ပိတ်ဆို့ထားပြီးတဲ့အခါ ကိုယ့်ကိုယ်ကိုယ်ဟုတ်လှပြီ၊ သေချာလှပြီပဲ ထင်နေမှာပေါ့။ ဒီလမ်းကြောင်းကြီးက အထင်းသားကြီးနဲ့ အရှင်းသားကြီး လွတ်ဟာနေတာ သင်းလုံးလုံးသိပုံမရပါ။ မသိဆို "ဝန်ထမ်းနားနေစန်း"ဆိုတာမျိုးက အပြင်လူဝင်လို့မရနိုင်တော့ သူတောင်ဝင်စစ်လို့မရတာ။ ဒီပြင်လူလည်း အဲဒီလမ်းကြောင်းကတော့ ဝင်လာလို့မရနိုင်ဘူးလို့ ထင်နေတာနေမှာပေါ့။

ဟိုက သူ့ထက်လည်နေတာတော့ သူ မရိပ်မိ။ တစ်ပေါက်ပဲ ဟာနေပြီး လုံခြုံရေးမချမိပါတယ်။ အဲဒီတစ်ပေါက်ကပဲ ရအောင်ဝင်လာတော့တာပဲလေ။

"ဟာ ... ဟာ ... ဟာ ...။ အမယ်လေး ... ငါ့ခွေး။ မင်းအဘတဲ့မှပဲ"

ရှေ့သို့ချည်း အာရုံစိုက်ကာ လက်မှာကိုင်ထားသော တိုက်ပုံက တလွှားလွှား၊ ပိုးလုံချည်က တကားကားနဲ့ ပြေးလာနေသော ဦးမျိုးမြတ်တစ်ယောက် စင်္ကြံလမ်းကလေးရဲ့ ထောင့်ချိုးတစ်နေရာကို ဖျတ်ခနဲအကွေ့၊ လမ်းလယ်ကောင်မှာ မားမားကြီး





ရှိနေသော လူတစ်ယောက်နှင့် ဝင်တိုက်မိကာ ဦးမျိုးမြတ်ရော ထိုတစ်ယောက်ပါ စင်္ကြံလမ်းပေါ် ဖင်ထိုင်ရက်တွေ လဲကျသွားရပါတော့သည်။

နှစ်ဦးသားစလုံး ခပ်မြန်မြန်ပဲ ပြန်ထရပ်ကြကာ ဘာမှမကျယ်လှသည့် စင်္ကြံလမ်းကလေးမှာ ထုပ်ဆီးတိုးသလိုဖြစ်နေကြရင်း နှစ်ယောက်စလုံးဟာ ဒီပြင်တစ်ယောက်သည်လည်း ကိုယ်နဲ့လားရာ၊ ဦးတည်ရာတူနေပြီဆိုတာကို ရိပ်မိလိုက်ကြသည်။

"ဦးလေး ... အမြန်ဖယ်စမ်းပါဗျာ၊ ရှေ့ကနေ ပိတ်ဆို့ကာဆီးမနေစမ်းပါနဲ့"

"မင်းအဘမို့လို့ ငါက မင်းကို ပိတ်ရမှာလား။ မင်းသာငါ့ကို ပိတ်နေတာ"

"ဦးလေးလုပ်တာနဲ့ ဟိုမှာလွတ်သွားရင် အားလုံးပြဿနာတက်ကုန်လိမ့်မယ်။ ဦးလေးကို သိပ်ရှည်ရှည်ဝေးဝေးမပြောချင်လို့ အဲဒါ တကယ့်ပြဿနာကြီး၊ သေးသေးဖွဲဖွဲမဟုတ်ဘူး"

"ရှည်ရှည်လည်း မပြောနဲ့။ တိုတိုလည်းမပြောနဲ့။ အဲဒါပြဿနာဆိုတာ ငါသိတယ်။ ပြီးတော့ မင်းပြဿနာလည်းမဟုတ်ဘူး။ ငါ့ပြဿနာ"

"ဦးလေးနဲ့ ဘာဆိုင်လို့လဲ"

"ဟေ့ကောင် ... အခု မင်္ဂလာဆောင်မှာ ဘယ်သူလဲ၊ ငါ့သမီးကွ။ အဲဒါ ငါနဲ့မဆိုင်ဘူးလား"

"အခု ရှေ့ကအခန်းထဲဝင်သွားတဲ့ဟာမက ဘယ်သူလဲဆိုတာ ဦးလေးသိတယ်နော်။ အဲဒီဟာမက ဦးလေးသမီးဆိုလာတာမှ မဟုတ်တာ"

"ဒါပေမဲ့ သင်းက အရှက်လိုက်ခွဲတော့မှာ။ ဘယ်သူက မင်းဦးလေးခုနစ်အို ရှစ်အိုကို အပြစ်တင်ကြမှာလဲ။ ကမြင်းကြောထထားတဲ့သူက ငါ့သမက်လို့ပဲ ထင်ကုန်ကြမှာပေါ့။ ငါ့သမီးပဲ အရှက်ကွဲရမှာ။ မင်းဦးလေးကမှ အနေသာကြီး"

အောင်ကြီးက ဦးမျိုးမြတ်ကို ကြည့်နေသည်။ ဦးမျိုးမြတ်ကလည်း အောင်ကြီးကို မဲ့မဲ့ရွဲ့ရွဲ့နှင့် ပြန်ကြည့်နေသည်။ ပထမတော့ ဦးမျိုးမြတ်တစ်ယောက် ဘာမှမသိသေးရင် ဖုံးဖုံးဖိဖိလုပ်ပြီး အန်ကယ်လေးရဲ့မျက်နှာပူစရာကိစ္စကြီးကို ကွယ်ဝှက်ထားလိုက်ဖို့ ဆုံးဖြတ်ထားတဲ့ အောင်ကြီးက ...

"ဦးလေး အဲဒီဓာတ်ကြောင်းတွေကို သိတယ်နော်။ ဒါဖြင့်လည်း မထူးတော့ပါဘူး။ ကျွန်တော့်အန်ကယ်လေးက အဲဒီဟာမ ဒီမင်္ဂလာဆောင်ကို ရောက်ချလာမှာစိုးလို့ Security Company ကိုငှားပြီးတော့တောင် ဟိုတယ်တစ်ဝင်းလုံးရော၊ ခန်းမထဲရော၊ ဟိုတယ်ထဲက နေရာတော်တော်များများမှာပါ လုံခြုံရေးချထားတာ။ ဓာတ်ပုံတွေပါဝေထားပြီး မြင်တာနဲ့ဆွဲထုတ်ပဲ မှာထားတာ။ အဲဒါဘယ်လိုလုပ်ပြီး ဒီတစ်ပေါက်ကလွတ်ပြီး အထဲရောက်နေသလဲမသိဘူး..."





အဲဒါ အန်ကယ်လေးက သူကြိုက်သလောက်တောင်းသလောက် ပုံပေးပြီး စာရင်းရှင်းထုတ်ပြီးသားလေ။ ဒါတောင်မှ ဒီနေ့မျိုးမှာ ခွဲကမလျှော့သေးဘူး"

"ငါ အားလုံးသိတယ်။ မင်းဦးလေး ဘာတွေလုပ်ထားသလဲရော။ ဒီမိန်းကလေး ဘာတွေကြံနိုင်သလဲ ဆိုတာရော။ အဲဒါကြောင့် လုစ်ခနဲ မြင်လိုက်တာနဲ့ မရ,ရအောင်တားဖို့ လိုက်လာတာ"

"ဒါဆို ဦးလေးနဲ့ ကျွန်တော်နဲ့ အပေါင်းအသင်းလုပ်လို့ရပြီ။ အခု ရှေ့ကအခန်းထဲ ဝင်သွားတယ်။ ဒီဘက်က ပြန်မထွက်နိုင်ရင် နောက်တစ်ပေါက်က ဝင်းခြံထဲထွက်တဲ့အပေါက်ပဲ ကျန်တော့တာ။ ဝင်းထဲထွက်လိုက်လို့ကတော့ Security Company ကကောင်တွေနဲ့ ကွိခနဲပဲ။ အခု သူဘယ်မှဆက်သွားလို့ မရတော့ဘူး။ ရှေ့ကအခန်းထဲမှာပိတ်မိနေပြီ"

"မင်း ဘယ်သူပြောသလဲ။ အဲဒီအခန်းကနေ နောက်တစ်ခန်းဆီကို အလယ်မှာသီးသန့်ခန်းကူးတံခါးပေါက်တစ်ခု ထပ်ရှိမရှိ မင်း သေချာလား"

"ဟာ ... ! အဲလိုရှိသေးလား"

"ငါလည်း ဘယ်သိမလဲကွ၊ ဖြစ်နိုင်တာကို ပြောနေတာပဲ"

"ဒါဆိုရင်တော့ ဦးလေးရေ စောင့်မနေတော့ဘူး။ ဖွင့်ဝင်မယ်"

"အေး ... ငါလည်း မင်းလို(—)ရမ်းကောင်နဲ့မှ လာဆုံနေတာ ခပ်ကောင်းကောင်းပဲ။ ငါ့ချည်းဆို ချင့်ချင့်ချိန်ချိန်နဲ့ တော်၏မတော်၏ စဉ်းစားနေရတာနဲ့ပဲ အလုပ်ဖြစ်ချင်မှဖြစ်မှာ"

*○*

"အေး ... သကြိန်ရေ ... ခဏ ... ခဏ ...။ မင်းခဏထွက်လာလို့ ရမလား"

မိတ်ကပ်သမားအဖွဲ့က ကိုရွှေခြောက်နှစ်ယောက်နှင့် တောင်ရှည်ပုဆိုးဝတ်ဆင်ဖို့အရေး ပြဿနာတက်နေသည့် သကြိန်က အခန်းပေါက်ဝမှာပေါ်လာသည့် ဦးအယ်ဒီကို "ဘာလဲဖေဖေ"ဟု လှမ်းမေးလိုက်သည်။

"ခဏ ထွက်လာလိုက်ပါ။ ဒီမှာ မင်းညီမတွေက ယောကျ်ားလေးအုပ်စု ပြင်ဆင်နေတဲ့အခန်းထဲ ဝင်လာလို့မကောင်းလို့"

"ဟာ ... ကျွန်တော့်လည်း ကြည့်ဦးလေ။ သူတို့ကမလှုပ်နဲ့တဲ့"

"ဒ်အယ်လေး ... လှုပ်လိုက်ရင် စူးကုန်မှာစိုးလို့ ပြောနေရတာနော်။ စေတနာနဲ့လည်း ပြောရသေး၊ လုပ်သင့်လုပ်ထိုက်တာကျ လုပ်မထားဘဲနဲ့။ တောင်ရှည်ပုဆိုးဆိုတာ ကုလားမ





ဆာရီလို ဒီတိုင်းကြီးပတ်လိုက်လို့ရတယ်များ ထင်နေလားမသိဘူး။ နည်းနည်းတော့ ကွင်းပုံစံပေါ်အောင်ချုပ်ထားရသေးတာကို ဘာမှမလုပ်ထားဘဲ ဒီတိုင်းကြီးထားထားတယ်"

"သိမှမသိဘဲဗျ။ ဒီတစ်ခါပဲ ဝတ်ဖူးတဲ့ဟာ"

"ဘယ်သူကကော အခါခါ ဝတ်ဖူးပါ့မလဲ။ မေးမြန်းထားပါလား"

သကြိန်ရဲ့ဘဝအဖြစ်က အပေါ်ပိုင်းက ရှပ်အင်္ကျီနဲ့ အောက်ပိုင်းကတော့ ဘောင်းဘီတိုကလေးနဲ့ ခြောက်ခြောက်နှစ်ယောက်ကြား မတ်တတ်ကလေးရပ်နေရကာ လုံးလုံးချုပ်မထားမိဘဲ အပြန့်လိုက်ကြီး။ အရှည်ကြီးဖြစ်နေတဲ့တောင်ရှည်ကို ခုမှကိုယ်မှာကပ်ကာ လက်ချုပ်အပ်နဲ့ လိုက်သီချုပ်နေရတဲ့အဖြစ်ပါ။ ကိုယ်ကအတွင်းခံ panties လေးနဲ့ မတ်တတ်ကြီးရပ်လို့။ သင်းတို့နှစ်ယောက်က ကိုယ့်ပေါင်တွေ ခြေသလုံးတွေနားမှာ နီးနီးကပ်ကပ်ကြီး ဆောင့်ကြောင့်လေးတွေထိုင်လို့။ စဉ်းစားသာကြည့်ကြပါတော့။

သကြိန်တစ်ယောက် လုံးဝထွက်မလာနိုင်မှန်းသိတော့မှ ဦးအယ်ဒီက အခန်းထဲဝင်လာသည်။

"သကြိန် ... ဟိုမှာ မင်းညီမလေးနှစ်ယောက်က လက်စွပ်ဘူးလေးတွေကိုင်ပြီး ထွက်လျှောက်ကြမှာနော်။ အခုဘယ်သူ့မေးကြည့်ကြည့် လက်စွပ်ဘူးကလည်း ဘယ်မှာမှန်းမသိဘူး။ တင်ကိုင်ဖို့က ငွေကလပ်၊ ရွှေကလပ်လေးတွေ စီစဉ်ပေးထားတာလည်း မရှိဘူးတဲ့။ ဘယ်သူမှ မသိကြဘူး"

"ဟာ ... ဘယ်သူတွေလဲ။ ဘယ်သူက လက်စွပ်ကိုင်မှာ မို့လဲ"

"ဟောကောင် ... မို့မို့နဲ့ ပို့ပို့လေ။ သတို့သမီးအရံလုပ်ချင်ပါတယ်လို့ ငါကိုယ်တိုင်ပြောတုန်းကလည်း မင်းကောင်မလေးက သူစီစဉ်ပြီးပြီလို့ ငြင်းထုတ်ပစ်ခဲ့တာလေ။ အဲဒီကတည်းက သမီးတို့ကို လက်စွပ်ကိုင်ခိုင်းပါ့မယ်လို့ ငါက ချော့ထားခဲ့တာပေါ့ကွ"

"ဟာ ... ဘာမှလဲ ကြိုမပြောဘူး"

"ဘာကြိုပြောစရာလို့သလဲကွ။ ဒီတစ်ခါတော့ သူ ဘယ်သူ့ပဲ စီစဉ်ထားထား ငါ့တူမတွေကိုပဲ ပေးကိုင်လိုက်ပါလို့ မင်းကောင်မလေးကို မင်းကိုယ်တိုင်သွားပြောလိုက်။ သတို့သမီးအလှပြင်တဲ့အခန်းက ငါဝင်သွားလို့မရဘူး။ ပို့ပို့တို့ကလည်း ကိုယ့်ဘာသာသွားမပြောရဲဘူး"

"မဟုတ်ဘူး။ လက်စွပ်ကို မစီစဉ်ထားတာ"

"ဘာကွ"

"အရင်ကတည်းက ကျွန်တော်တို့ ဝယ်မလို့ စီစဉ်ထားကြတဲ့ဆိုင်ရှိတယ်။ ငကလည်း အဲဒီဆိုင်ကဝယ်ရမှတဲ့။ အဲဒါ အခု အားလုံးအဆင်ပြေပြီဆိုပြီး ပွဲကိစ္စပြန်စီစဉ်ကြပြီဆိုမှ အဲဒီဆိုင်က သူဌေးက စင်ကာပူမှာ နှလုံးသွားခွဲမလို့တဲ့ ဆိုင်ကို သုံးလပိတ်သွားမယ်တဲ့။ အဲဒါ ငက ပြန်ဖွင့်မှပဲ သွားဝယ်တော့ပေါ့တဲ့။ မင်္ဂလာပွဲပြီးသွားပေမယ့် လက်စွပ်က နောက်မှဝယ်ပြီး စွပ်ရင်လည်း ရတယ်။ ဘာမှမဖြစ်ဘူးတဲ့"





"ဟာ ... ... ဘာတုန်း။ ကျွတ် ... ! ဒါဆို ငါ့တူမတွေက ဘာလုပ်ရတော့မှာလဲ။ ဟိုတစ်ခါလည်း မနည်းချော့ပြောထားရတာ။ ခု ဘယ်လိုလုပ်ရမလဲ"

"ကော်ဖောနီပေါ် အလွန့်တရာလျှောက်ချင်ပါတယ်ဆိုလည်း ဘာမှမကိုင်ဘဲ အကြောင်းမရှိဘဲ ဒီတိုင်းသာ တက်လျှောက်ကြပေတော့။ ပန်းကြဲတို့။ စပယ်ပန်းကိုင်တို့လည်း သွားလုဦးနေမယ် မစဉ်းစားပါနဲ့တော့။ ဟိုမှာကလည်း သူ့လူနဲ့သူအားလုံးစီစဉ်ပြီးသားချည်းပဲ ဖြစ်နေမှာ မကောင်းဘူး"

"ဟောကောင် ... အလကားကောင်။ မရခင်ကတည်းက မိန်းမကြောက်နေရတဲ့ကောင်။ ဘာကိစ္စရှိရှိ ငသဘော ငသဘောချည်းပဲ ... ထွီ"

ဦးအယ်ဒီက စိတ်ပေါက်ပေါက်နှင့် သကြိန်ကိုလှမ်းကန်ထည့်လိုက်ရာ သကြိန်က ကျောကော့ပြီး တိမ်းရှောင်လိုက်တဲ့အတွက် ဦးအယ်ဒီရဲ့ခြေထောက်က ကြမ်းပြင်ပေါ်မှာ ဆောင့်ကြောင့်လေးထိုင်နေရတဲ့ အခြောက်ကလေးတစ်ယောက်ရဲ့ကျောပေါ်သို့သာ။ အခြောက်ကလေးက "အောင်မယ်လေး"ဟု အော်ဟစ်ရင်း သူ့လက်ထဲမှာ ချည်စကြိုးတန်းလန်းနဲ့ ကိုင်ချုပ်နေတဲ့ အပ်ကယောင်ယမ်းပြီး သကြိန်ဆီသို့ ...။

"အား ... ... ... ..."

❋ ○ ❋

"ဒီအကျႌက ငါ့မြေးမကို ဘယ်သူက ဝတ်ပေးမှာလဲကွယ်"

"ဟင် ... အဘွား၊ ဘယ်တုန်းက ရောက်နေတာလဲ"

"ကြာပြီ ...။ မိန်းမအစစ်မဟုတ်တဲ့သူတွေနဲ့ မိတ်ကပ်လိမ်းရတယ်ကြားလို့ ငါ့မြေးကို အဘွားက ထိုင်စောင့်ပေးနေဖို့ ဝင်လာခဲ့တာလေ။ ညည်းတို့က ပြီးတောင်ပြီးနေကြပြီပဲ။ ဒါနဲ့ ... ညည်းကို ထိုင်မသိမ်းက ဘယ်သူက ဝတ်ဆင်ပေးမှာလဲ။ သူတို့တွေနဲ့တော့ မဖြစ်ဘူးနော်"

ငုက မိတ်ကပ်ပညာရှင်မာမို့ကို အားနာသလိုလို ငဲ့ကြည့်လိုက်ရင်း ...

"အကျႌက ကိုယ့်ဘာသာဝတ်လည်း ရတယ်။ သမီးသူငယ်ချင်းတွေလည်း ရှိတယ်လေ အဘွားရဲ့"

"ကိုယ့်ဘာသာဝတ်ရင်တောင် သူတို့မျက်စိရှေ့တင်လား"

"ဒီမယ် အဘွား ... ဘယ်သူနဲ့ဝတ်ဆင်ချင်လဲ ဆိုတာ စိတ်ကြိုက်ရွေးလို့ရတယ်နော်။ သူများတို့အဖွဲ့မှာ မိန်းမအစစ်ရှိတယ်။ ယောကျ်ားအစစ်ရှိတယ်။ အပုန်းရှိတယ်။ အပွင့်ရှိတယ် ကြိုက်တာပြော"

"ဒီလိုဆိုရင်လည်း အစစ်တွေရှိရဲ့သားနဲ့ ငါ့မြေးအခန်းထဲကို ဘာကိစ္စ တစ်ဝက်တစ်ပျက်တွေ ထည့်ပေးထားရသလဲ





ကွယ်။ အဘွားကြည့်ခဲ့ပြီးပြီ ငုရဲ့။ သကြိန်ကို ပြင်ဆင်ပေးနေကြတာလည်း အစစ်တွေမှ မဟုတ်တာပဲ"

ရစ်ရမယ်ဆိုရင် နှစ်ယောက်မရှိသော အဘွားကို မိတ်ကပ်ပညာရှင် မာမီတောင် နိုင်အောင်ရစ်နိုင်မည် မထင်ပေ။ တမင်ဝင်အငေါ်တူးလိုက်ကာမှ သူ့ထက်တစ်ဆင့်ကဲအောင် ထပ်ရစ်ပေးလိုက်ပြန်တဲ့ အဘွားကြောင့် မာမီက လက်ဝါးလေးနှစ်ဘက်သာ မိုးပေါ်ထောင် ပြလိုက်ရင်း ...

"ဒါဖြင့် အဘွား ... သူများတို့က ဘာဆက်လုပ်ရမှာလဲ"

"ငါ့မြေးမ အကျႌလဲနေတုန်း ညည်းတို့တစ်ဖွဲ့လုံး ဟိုရေချိုးခန်းထဲ ဝင်နေပေးကြအေ။ မိန်းမအစစ်တွေပဲ နေရစ်ခဲ့။ ညည်းပြောတဲ့ အပုန်းတွေ အပွင့်တွေ အကုန်အထဲကို ညည်းနဲ့တစ်ခါတည်းခေါ်သွား"

"အကျႌက မဝတ်တတ်ရင် ပြင်ဆင်ထားတာတွေ အားလုံး ထိမိခိုက်မိပြီး ပျက်ကုန်နိုင်တယ်နော်"

အဘွားက "အမယ်လေး" ဟု စိတ်မရှည်သလိုတစ်ချက်အော်လိုက်ကာ မာမီနဲ့တကွ သူ့သမီးတပည့်အားလုံးကို ကျောကုန်းက တွန်းတွန်းပြီး ရေချိုးခန်းထဲ တကယ်ပဲအရောက်ပို့လိုက်ပါသည်။ မာမို့ခမျာ "ကြုံဖူးပေါင်ဟယ်" ဆိုတဲ့ စကားသာ တတွင်တွင်ရွတ်ရင်း ရေချိုးခန်းလေးထဲ အကုန်ရောက်သွားကြတော့ အဘွား ဒေါ်စိန်စိန်က ရေချိုးခန်းတံခါးကိုပါ မှီရပ်လိုက်ရင်း ...

"ကဲ ... လဲကြ။ ရပြီ။ ကူကြပါဦး ကျန်တဲ့ကလေးတွေ"

ငှမှာ ရေချိုးခန်း ခပ်ကျဉ်းကျဉ်းထဲ အုပ်လိုက်ရောက်နေရတဲ့ မိတ်ကပ်ပညာရှင်တွေကိုလည်း အားနာ၊ သူ့ပြောစကားနားမထောင်ရင် အချိန်အခါ နေရာမရွေး ဩဝါဒတွေရှည်သွားနိုင်တဲ့ အဘွားအကြောင်းကလည်း အသိမို့ ခပ်မြန်မြန်တွေလုပ်နေရဆဲ အဘွားက မှန်တင်ခုံနဲ့ဘေးနားက Side Table စားပွဲပုလေးတွေပေါ် ဖြန့်တင်ထားတဲ့ လက်ဝတ်ရတနာအစုံတွေကို ကြည့်လိုက်ကာ ...

"ငှရေ ... အဲဒါတွေက အစစ်တွေလား၊ အတုတွေလား၊ ဒီလောက် အများကြီးဟာ"

အမှန်ကတော့ တချို့ဟာတွေက အစစ်ပေါ့။ လည်တုံလည်ကပ်လိုဟာမျိုးကတော့ အတုပဲဖြစ်မှာပေါ့။ လက်ဝတ်ရတနာကတော့ မိတ်ကပ်ကို Booking လုပ်ကတည်းက တစ်ခါတည်းထည့်ပြောထားရပြီး အစစ်တွေပဲ ဝတ်မယ်ဆိုရင် တစ်ဈေး။ မာမီပဲအကုန်ကြည့်စီစဉ်ပေးတာပင်။ သို့သော် တချို့က "အတု" ဆိုရင်တစ်မျိုးပြောနေဦးမှာစိုးတာမို့ ပြီးပြီးရော ...

"အစစ်တွေ အဘွား"

"သြော် ... ဟုတ်လား။ အားလုံး ညည်းအမေဟာတွေချည်းပဲလား"

"ဘယ်ဟုတ်ပါ့မလဲ အဘွားရဲ့။ ဒီကမိတ်ကပ်မာမီပဲ စီစဉ်ပေးတာပေါ့"





"ဟင် ... ငှားဝတ်တာ"

"အဘွား ... ခုခေတ်မင်္ဂလာဆောင်တွေကတော့ ဒီလိုချည်းပဲလေ"

"ဒါပေမဲ့ ဒေါ်စိန်စိန့်မြေးမကတော့ ငှားစရာလားအေ့။ ထင်သားပဲ။ ငါ့လာမတိုင်ပင်ကတည်းက ညည်းတို့တော့ ကမောက်ကမ တစ်ခုခုတော့ လုပ်တော့မယ်လို့ ထင်လိုက်သားပဲ။ ညည်းအမေမှာ မရှိလည်း မရှိဘူး အဘွားလို့ ရှင်းရှင်းလာပြောပါလားအေ့။ ဆွေမျိုးတွေပဲဖြစ်ကြပြီ။ ဘာရှက်နေစရာရှိသလဲ။ ဒီမယ် ... အဲဒီလိုမဟုတ်တရုတ် တစ်ခုခုလို့ စိတ်ကကြိုထင်နေလို့ကို အားလုံးထည့်ယူလာခဲ့တယ်။ ဟောဟိုမယ် လက်ဆွဲအိတ်အနီနဲ့။ သူများဆီက ငှားထားတာတွေ အကုန်ပြန်ပေးလိုက်"

"အဘွား"

"ညည်းတို့လို ပုလဲရော၊ ကျောက်ရောတောင် မဟုတ်ဘူး အကုန်စိန်"

ငှလည်း အင်္ကျီအဝတ်အစားတွေ ဝတ်ဆင်ပြီးသွားပြီမို့ အဘွားကရေချိုးခန်း တံခါးဝကနေ့ကာ သူ့အိတ်အနီထဲက ဘူးတွေကို တစ်ခုပြီးတစ်ခု ဆွဲထုတ်ပြပါတော့သည်။ စိန်တော့ စိန်ပါရဲ့။ ဆွဲကြိုးရှည်ကြီးနဲ့ လော့ကက်တို့။ ဘယက်တွေကလည်း တောင်တစ်ပုံ၊ မြောက်တစ်ပုံ၊ ပုံစံကမတူမညီ၊ အမျိုးမျိုး။ ပြီးကျရှေးလက်ရာ၊ ရှေးပုံစံတွေဖြစ် ကာ ရွှေကလည်း ပွဲဝတ်ဆင်ဖို့ရာ သီးသန့်အရောင်ပြန်မတင်ထား ရသေးတာမို့ ခပ်ဟောင်းဟောင်း

ခပ်မွဲမွဲအရောင်မထွက်။ စိန်တွေ ကလည်း ဖုန်ဝင်နေတာလား ဘာလား။ ခပ်မှုန်ကုပ်ကုပ်။ အုံတုံတုံ။

ရေချိုးခန်းထဲကနေ ရှုံ့မဲ့ပြီး ပြန်ထွက်လာတဲ့ မာမီလည်း တော်တော်စိတ်လေသွားပုံရသည်။ ငှက "ကြည့်လုပ်ပေးဦး" ဟု ပါးစပ်လှုပ်ရုံ လှမ်းပြောလိုက်လျှင်တော့ မာမီက အဘွားနား ပြေးကပ်သွားကာ ...

"အဘွား ...။ အဘွားပစ္စည်းတွေက အရမ်းကောင်းပါတယ်။ တန်ဖိုးကြီးတွေပါ။ ဒါပေမဲ့ တညီတညာတည်း Set မဖြစ်ဘူးလေ။ ပြီးကျ အဲဒါတွေကို ဟိုတယ်အထိ ဘာလို့ယူလာရတာလဲ။ ပျောက်ကုန်တော့ ဘယ့်နှယ်လုပ်မလဲ။ ပြန်သိမ်းလိုက်။ ပြီးကျရင် မြေးတွေ မြစ်တွေထဲက တစ်ယောက်ယောက်ကို တာဝန်ယူပြီး ကိုင်ခွဲခိုင်းထားပေတော့။ အမယ်လေး ... နမြောစရာကြီး"

ဒီတစ်ခါတော့ မာမီက အဘွားကို အလျှော့မပေးတော့ပါ။ အဘွားက တစ်ခုပြီးတစ်ခုချွတ်လိုက်၊ မာမီက ဆိုးခနဲ ဆတ်ခနဲ။ ဘိုးခနဲ ဘတ်ခနဲ ပြန်ကောက်ထည့်လိုက်။ ကြာလာတော့ အဘွားက သူ့ပစ္စည်းတွေ ကျိုးပဲ့ကုန်မှာ ကြောက်တာရော။ လက်ရှုပ်နေတဲ့ မာမီ့ကိုပါ ယုံကြည်ပုံမရတော့တာရောနှင့် မျက်စောင်းတချီချီ၊ ရှုရှုပွပွနှင့်ပင် သူ့ပစ္စည်းတွေက သူ့အိတ်ထဲ အကုန်ပြန်ရောက်သွားပါသည်။

ငှမှာ မာမီ့ကို မျက်ရိပ်မျက်ခြည်နှင့်သာ ကျေးဇူးတင်ကြောင်းပြောရသည်။





"အခန်းအပြင်ဘက်မှာ ငါ့မြေးနှစ်ယောက်ရှိတယ်။ မိုမိုနဲ့ ပို့ပို့တဲ့ ခေါ်လိုက်စမ်း"

"ဟဲ့ ကောင်မလေးတွေ ... ရော့ ဒီအိတ်ယူထား။ ဘယ်မှ မချနဲ့ကိုင်ထားကြချေ။ ပျောက်မယ်နော်။ ဒါဘာတွေလဲ သိတယ်မဟုတ်လား။ ဒီမှာ ညည်းတို့ယောက်မက သူများဆီက ငှားဝတ်ရတာကျ မရှက်ဘူး။ အဘွားက ချီးမြှင့်ချင်တာကျတော့ အဝတ်အစားလည်း လက်မခံ။ ရတနာလည်း လက်မခံ။ မာနကလည်း ကြီး,ကြီးနိုင်လိုက်တာအေ"

"အဘွား ... သမီးတို့ အန်ကယ်လေးနဲ့ ပြောထားတာရှိသေးတယ်"

"မလိုချင်ဘူး။ ငါက ကိုင်ထားဆို ကိုင်ထား။ ငါစိတ်တို လာမှာနော်"

မာမီကတော့ အဘွားကို ဂရုမစိုက်တော့ဘဲ သူစီစဉ်ထားတဲ့ လည်ဆွဲတွေ ဘယက်တွေကိုသာ ထိုင်မသိမ်းအကျီပေါ်မှာ တွယ်ကပ်ချိတ်တွယ်ရင်း လိုက်ဝတ်ပေးနေလေပြီ။ ငှမှာတော့ ကလေးကြီးသုံးယောက်လို နှုတ်ခမ်းတွေအပြိုင်စူကာ ကောက်ချိတ်ထော်လန်နေကြတဲ့ အဘွားနဲ့ သူ့မြေးမနှစ်ယောက်တို့ကိုပဲ မပြုံးသာပြုံးသာ၊ ရယ်ကျဲကျဲလေး လှမ်းလုပ်ပြနေရပါသည်။

❋ ○ ❋

"ဒေါ်လှလှဦးရေ ... ဦးအယ်ဒီ တစ်ယောက်ကောတွေ့မိသေးလား"

"ဟိုတယ်အဝင်ဝထိပ်ဘက်လောက်မှာများ ဖြစ်မလားပဲ။ ဘာဖြစ်လို့လဲ အစ်မကြီး"

ဒေါ်လှလှဦးခမျာ ဖြစ်နိုင်မယ်ဆိုရင် စကားများများ မပြောချင်ပါ။ လာသမျှလူကို ပြုံးပြနေရတာပင် ပင်ပန်းဝန်လေးလွန်းလှပြီ။ အကြောင်းကတော့ အကျီရော၊ အတွင်းခံဘော်လီရော၊ စကတ်ထဘီပါ အကျပ်ကြီးကျပ်နေ၍ ကောင်းကောင်းပင်အသက်ရှူမရနိုင်တော့၍တည်း။

ပြောရမယ်ဆိုရင်တော့ သင်းကြောင့်ပေါ့။ မျက်နှာပေါင်းများစွာနဲ့ အခြေအနေအရပ်ရပ်တို့ကို ထောက်ရှုပြီး အိမ်ပေါ် ပြန်တက်သွားခဲ့တဲ့ ဒေါ်လှလှဦးဟာ ဦးအယ်ဒီနဲ့မျက်နှာချင်းကလည်း သိပ်မဆိုင်ချင်သေးတဲ့အခါ၊ သူ့ အိမ်ရှေ့ဆို ကိုယ်ကအိမ်နောက်မှာပဲ နေတာပေါ့။ အဲဒီမှာပဲ ကိုယ့်ကိုတမင်အရွဲ့တိုက်ပြီး လုပ်နေသလား မသိတဲ့ သင်းက တစ်အိမ်လုံးအနံ့ သွားချင်တိုင်း သွားလာနေပေရာ ဦးအယ်ဒီ လုံးဝမရောက်၊ မဝင်တဲ့အခန်းဆိုလို့ တစ်အိမ်လုံးမှာ နောက်ဖေးမီးဖိုချောင်တစ်ခုသာ ကျန်တော့တာ။





တစ်နေ့ တစ်နေ့ မီးဖိုထဲပဲ ထိုင်နေရသလိုဖြစ်တဲ့ မိန်းမတစ်ယောက်အဖို့ ပျင်းပျင်းကလည်းရှိ၊ မုန်းမုန်းနဲ့စိတ်မငြိမ်သလိုကလည်းရှိ ဆိုတဲ့အခါ ဘာများလုပ်ဖြစ်မည် ထင်ပါသနည်း။ ရေခဲသေတ္တာဖွင့်လိုက်၊ ဂက်စ်မီးဖိုခလုတ်ဖွင့်လိုက်၊ ကျောင်မလေးတွေကို အမိန့်ပေးလိုက်၊ ကိုယ်တိုင်ပဲ ချက်ပြုတ်လိုက်နှင့်ပင် "ခုတော့ ကောင်းကြသေးရဲ့လား"ဟုပင် အော်ညည်းရမလို ဖြစ်နေပြီ။ တစ်လလောက် ကြိုချုပ်ထားခဲ့တဲ့အကျီ၊ ဘော်လီ၊ စကတ်ထဘီတို့ဟာ အဲဒီတစ်လအတွင်း တဖြည်းဖြည်းချင်း ပြန့်ပြန့်ဖြေနေရတာ၊ အခုဆို "သီစာ"လည်း ကုန်သွားခဲ့ပြီ။ အဲဒီထက် အဖြစ်ဆိုးတာ ရှိဦးမလား။

"ဦးမျိုးမြတ်ကို မမြင်မိလို့။ ဦးအယ်ဒီနဲ့များ ရှိမလားလို့ပါ။ ဒါနဲ့ ဟိုတယ်ထဲမှာ အပေါ်အောက်ဝမ်းဆက် ယူနီဖောင်းအပြာတွေနဲ့ ယောကျ်ားမိန်းမတွေက ဘာတွေလဲဟင် ! ဝင်လာတဲ့ ဧည့်သည်တွေကို မျက်နှာတွေ သေချာကြည့်ပြီးမှ ဝင်ခွင့်ပေးနေကြသလို ဖြစ်နေတယ် ...

အထူးသဖြင့် ခပ်ငယ်ငယ်မိန်းကလေးတွေ ဆိုရင် သေချာပိုစစ်သလိုပဲ။ ဧည့်သည်တွေအားလုံးလည်း သို့လော သို့လောနဲ့ ဒီဘက်ကလူတွေက ဟိုဘက်ကိုထင်၊ ဟိုဘက်ကလူတွေက ဒီဘက်ကိုထင်။ သူတို့အမျိုးအဆွေက ဘယ်သူ့သားသမီးနဲ့ လက်ထပ်သွားတာမို့လို့ လုံခြုံရေးဒီလောက်တင်းကျပ်နေရတာလဲလို့ မေးကုန်ကြပြီ"

ဒါလည်း ဘယ်သူ့မှမဟုတ်ဘူး။ သင်းလက်ချက်ပဲလေ။ သင်း ဘာအကြံအစည်နဲ့ ကာကွယ်မှုတွေ တိုးမြှင့်ထားသလဲ ဒေါ်လှလှဦးက မသိဘဲနေပါ့မလား။ ဒါပေမဲ့ ဒေါ်သသီပ်ထွက်လာလို့မဖြစ်ပါ။ ဒေါ်သဖြစ်၊ စိတ်လှုပ်ရှားရင် လှုကပိုတင်းတယ်။ ပိုကျပ်အွားသလို ဖြစ်သွားတယ်လေ။ စိတ်လျှော့။ ဒေါ်ခင်ခင်ထားကိုလည်း ရှင်းပြမနေချင်တော့ပါ။ သူနားလည်လိပ်ပတ်လည်အောင် ရှင်းနေရရင် စကားများများပြောရမည်။ အားတော့နာပေမယ့် စကားရှည်ရှည် မပြောချင်ပါ။ ကျပ်သည်။

"ဦးအယ်ဒီက ပရိသတ်တွေထိုင်ဖို့နေရာကို နှစ်ဖက်နှစ်ခြမ်း တိတိကျကျခွဲပြီး စီစဉ်ထားတော့ အခု ကျွန်မအမျိုးတွေကလည်း အစောကြီးလာပြီး ကျွန်မတို့ဘက်က ရှေ့ဆုံးနေရာတွေကို အကုန်ဦးလိုက်ကြတာနဲ့ ဦးမျိုးမြတ်ရဲ့အမျိုးတွေ ဆူပွက်ကုန်ကြပြီလေ ...

ဟိုဘက်ကလည်း "သတို့သားဘက်"လို့ စာတွေ တောင် ရေးချထားတော့ သွားထိုင်လို့မရ။ သတို့သမီးဘက်ကျတော့လည်း ကျွန်မအမျိုးတွေက ရှေ့တက်ဦးထားကြတော့ သူတို့က နောက်ဘက်မှာမထိုင်ချင်။ ဦးမျိုးမြတ် ဘယ်ရောက်နေလဲတဲ့။ အော်မေးကုန်ကြပြီ။ စိတ်ညစ်တယ်။ အဲဒီတစ်ယောက်ကလည်းနော်။ ဒီအချိန်ရောက်နေပြီ ဘယ်ပျောက်နေပါလိမ့်။ လုံးလုံးကို မတွေ့တာ"





"ကျွတ် ... ! ဘာကိစ္စ သတို့သားဘက်၊ သတို့သမီးဘက်လို့ ခန်းမကို နှစ်ခြမ်းကန့်ထားရတာတဲ့လဲ ... ခက်တာပဲ"

"မသိဘူးရှင့်။ ဦးအယ်ဒီ စီစဉ်ထားတာလို့ ပြောတာပဲ။ ဟော ... ဟိုမှာ ဦးအယ်ဒီ ... တွေ့ပြီ ... တွေ့ပြီ ... ဦးအယ်ဒီ ... ဒီမှာ ... ဒီမှာ"

မတရားသဖြင့်ကို တနင့်တပိုး၊ တရှိုက်ခက်ခက်ဖြစ်နေတဲ့ ဒေါ်လှလှဦးက "ဦးအယ်ဒီ"ဟု အသံကြားသည်နှင့် လှုပ်လို့တောင်မရတဲ့ကြားက အမြန်ဆုံးကျောခိုင်းပစ်လိုက်ပါသည်။ ဦးအယ်ဒီကလည်း သူ့မိန်းမဆီ လာတာမဟုတ်ပါ။

"ဒေါ်ခင်ခင်ထား ... ခင်ဗျားလူရော"

"ဟုတ်ကဲ့ ဦးအယ်ဒီ၊ ကျွန်မလည်း ခုပဲ အဲဒါကိုသိချင်နေတာ"

"ဟာ ... ဘယ်လိုလဲဗျ။ ဟိုမှာအားလုံး အဆင်သင့်ပြီးနေကြပြီ။ မကြာခင်ပဲ ပွဲစကြတော့မယ့်ဟာ။ ကျွတ် ... ဘာလဲ ... ဒီလူ ကျွန်တော့်ကို တမင်လုပ်တာလား"

ဦးအယ်ဒီက မှန်ချပ်ကြီးတွေနားသို့ တိုးကပ်သွားလိုက်ကာ တယ်လီဖုန်းကို နှိပ်ဆက်လိုက်သည်။

❋ ○ ❋

"ဟော့လူ ... ခင်ဗျား အခုဘယ်မှာလဲ"

"အင်းစိန်ဘက် ထင်တာပဲဗျ။ အေး ... တော်ပါသေးရဲ့၊ ခင်ဗျား ဆက်မှဆက်လာပါ့မလားလို့။ ကျုပ်က ခင်ဗျား ဖုန်းနံပါတ်ကို ကျုပ်ဖုန်းထဲမှာ ရှာမတွေ့ဘူးဖြစ်နေတာ။ ဟိုကောင်ကလည်း မသိဘူးတဲ့။ အသုံးမကျတာ"

"ဘာ ... ဘယ်မှာ"

"အင်းစိန်၊ အင်းစိန်။ ဟော့ကောင် ... ဟုတ်တယ်မဟုတ်လား"

"ဟော့လူ ... ဘာ အင်းစိန်လဲ ! ဘာအင်းစိန်လဲ။ ခင်ဗျားက အခုဘယ်မှာရှိရမှာလဲ။ ကိုယ့်သမီးမင်္ဂလာဆောင်နေတဲ့ ဟိုတယ်ထဲမှာ ရှိရမှာမဟုတ်လား။ ခင်ဗျား ကျုပ်နဲ့တွဲ လျှောက်ရမယ်ဆိုတာနဲ့ပဲ တမင်သက်သက် ပြဿနာရှာသွားတာ မဟုတ်လား။ အံ့ဩပါရဲ့ဗျာ။ ကိုယ့်သမီးလေး အရေးထက် ကိုယ့်အတ္တကိုပဲ အနိုင်ပေးချင်တဲ့ အဖေမျိုး"

"ဟော့လူ ... ခင်ဗျား ပေါက်ကရလျှောက်ပြောမနေနဲ့။ ဘယ်သူက အင်းစိန်ဘက် သွားချင်လို့လဲ။ ခင်ဗျားတူ ပေါက်ကရတွေလုပ်ပြီး ကားကိုထင်သလို လျှောက်မောင်းလိုက်လို့ ဒီရောက်နေရတာ။ ကိုယ့်အသက်ကိုယ် ဖက်နဲ့





ထုပ်ထားရသလားတောင် ထင်ရတယ်။ (--)ရမ်းကောင် ... တောက်"

"ဘယ်သူ ! ခင်ဗျားနဲ့ ဘယ်သူရှိနေတာလဲ"

"အောင်ကြီး"

"ဟာ ... ဘာတွေလဲ"

"ခင်ဗျားတူက ဟိုဟာမကလေးကို မေ့လောက်ရဲ့၊ ထိန်းနိုင်ရဲ့ဆိုပြီး မှန်းလုပ်လိုက်တာ လက်ဆနည်းနည်းများသွားလို့ ကျုပ်တို့အခု အဲဒါကြီးကိုထမ်းပြေးပြီး အင်းစိန်ဘက်မှာ၊ ကားပေါ်မှာ"

"ဟင် ... ဘယ် ... ဘယ်ဟာမကလေးလဲ။ သင်းနီလား ... သေပြီလား"

"စိုးရိမ်မနေပါနဲ့ဗျာ။ ဒါနဲ့များ ပြတ်ပြီဆို။ မသေလောက်ပါဘူး"

"သူ့စိုးရိမ်တာ မဟုတ်ဘူး။ သေလည်းအေးတာပဲ။ ကျုပ်တူလေး နေရင်းထိုင်ရင်း လူသတ်သမားဖြစ်မှာစိုးလို့ပူတာ။ သူက ဘယ်လိုလုပ် ခင်ဗျားတို့နှစ်ယောက်နဲ့ ..."

"ကိုယ့်ကိုယ်ကိုယ် လည်လှပြီလို့ ထင်မနေနဲ့။ ခင်ဗျားပွဲမှာ Security ဘယ်လိုချထားသလဲ၊ ကျုပ်အားလုံးသိတယ်။ ဒါပေမဲ့ ... အဲဒီဟာမကလေးက ဟိုတယ်က ဝန်ထမ်းနားနေခန်းထဲ ဝင်ပုန်းနေတာ။ ကျုပ်တို့နှစ်ယောက် ရိပ်မိလိုက်ပေလို့ပေါ့။ နို့မို့ ခုလောက်ရှိ ပွဲကကြည့်ကောင်းနေပြီ"

ဦးအယ်ဒီမှာ ဒီကိစ္စကို ခမည်းခမက်ချင်း မသိနိုင်အောင် ဖုံးဖိချင်လို့လည်း မရတော့တဲ့တူတူ၊ သူ တာဝန်ယူပြီး ခေါ်ထုတ်သွားပေးတာကိုပဲ "တော်ပါသေးရဲ့"ဟု ဖြစ်ရရင်း ...

"ကောင်းပြီ ... ဒါဆိုလည်း ကျေးဇူးတင်တယ်ပဲ ပြောရမှာပေါ့။ ဒါဆို အဲဒီမှာ အောင်ကြီးနဲ့ပဲ ထားခဲ့လိုက်တော့လေ။ ခင်ဗျားကတော့ တက္ကစီနဲ့ပဲဖြစ်ဖြစ် ပြေးလာလိုက်"

"ခင်ဗျားကောင်က ဟိုကသတိရလာလိုက်၊ ထပ်ထုလိုက်လုပ်နေတာ သုံးခါရှိပြီ။ သူတို့ချည်း ထားရစ်ခဲ့ရင် သေမှာပဲ၊ ကျိန်းသေတယ်။ ကျုပ်ပြန်လာရမယ်ဆိုရင် ကားကို အဲဒီပဲ ပြန်မောင်းလာခဲ့လိုက်မယ်။ ခင်ဗျားနဲ့ လူစားလဲလိုက်မလား"

"ဟာ ... မလာနဲ့ ... မလာနဲ့။ ဒီကို အဲဒီ့ကားပြန်ရောက်လာလို့တော့ ဘယ်ဖြစ်မလဲ။ ဒီရောက်မှ ထသတိရနေပြန်ရင် ပိုဆိုးကုန်မယ်။ ကားကတော့ ပြန်လာလို့မဖြစ်ဘူး။ ခင်ဗျားသာ ပြန်ရောက်စေချင်တာ။ ကျုပ်ကလည်း လူစားလာလဲပေးလို့ ဘယ်ဖြစ်မလဲ။ ဒီမှာ ကျုပ်မရှိလို့လည်း ဖြစ်မှမဖြစ်တာ"

"ဒီမှာ အောင်ကြီးနဲ့ နှစ်ယောက်တည်း ထားခဲ့လို့ကလည်း ဘယ်လိုနည်းနဲ့မှ မဖြစ်ဘူး။ တော်ကြာ ထပ်ပြီးလက်လွန်သွားရင် ပြဿနာအစမှာ ပါနေခဲ့တဲ့ ကျုပ်ပါ အမှုပတ်နေလိမ့်မယ်။ ကဲ ... မထူးဘူး ထားလိုက်တော့။ ကျုပ်လည်း





ခင်ဗျားနဲ့ တွဲမလျှောက်ချင်တာနဲ့ အတော်ပါပဲ။ နောက်မှ ငကိုကျေနပ်အောင်ပဲ ရှင်းပြလိုက်တော့မယ်။ ခင်ဗျား မောင်မောင်လတ်နဲ့သာ တွဲလျှောက်လိုက်တော့"

"ကျုပ်ကကော ခင်ဗျားနဲ့ တွဲလျှောက်ချင်လွန်းလို့လား။ ခင်ဗျားရုပ်ကြီးကို မတွေ့ရလေ ကောင်းလေတောင် ဖြစ်သေးတယ်။ မဖြစ်မနေ ပြန်ခေါ်နေရတာက ဝတ်စုံတွေ ဆင်တူချုပ်ထားတဲ့နေရာကနေ ခင်ဗျားခွဲယူသွားတာ ကျုပ် တိုက်ပုံ ဖြစ်နေတယ်ဗျ"

"မဖြစ်နိုင်တာ။ ခင်ဗျားလို အတ္တဘောရဲ့အင်္ကျီကို ကျုပ် ယူဝတ်မိထားရင် ပွချောင်ချောင်ကြီး ဖြစ်နေရမှာပေါ့။ အခုတော့ ဖစ်(Fit)ပဲ။ အင်္ကျီမတန်ကြည့်ကောင်းနေတယ်"

"ဟော့လူ ... ကျုပ်ပြောကတည်းက တိုက်ပုံလို့ပဲ ပြောနေတာ။ ခုတော့ ကျုပ်မှာ လူစဉ်မမီတဲ့ဆိုဒ်လေးနဲ့ လက်ကလေးကလည်းတိုပြီး ဘယ်လိုမှ ကြည့်မကောင်းရှုမကောင်း အင်္ကျီတွနေတယ်။ အဲဒါ ခင်ဗျားဘယ်လိုလုပ်ပေးမှာလဲ"

"ဟား ဟား ဟား ဟား ... ကားပြန်မောင်းလာပါမယ် ဆိုတော့လည်း မဟုတ်။ လူစားလဲဖို့ တစ်ယောက်ယောက် လွှတ်ဖို့ကျတော့လည်း အောင်ကြီးကို ထိန်းနိုင်မယ့် လူဖြစ်ဖို့ အရေးကြီးသေးတာ။ ခင်ဗျား လာပါဆိုတော့လည်း မဟုတ်။ အဲဒါ ကျုပ်က ဘာလုပ်ပေးရမှာလဲ။ ကျုပ်တောင် ကိုယ့် သမီးပွဲမှာ အဖေတစ်ယောက်လုံးက မတက်နိုင်တော့ဘဲ

ခင်ဗျားရဲ့ ဇာတ်ရှုပ်အတွက် အနစ်နာခံလိုက်သေးတာ။ ခင်ဗျားလည်း ခပ်အင့်အင့် ခပ်တိုတိုနဲ့ပဲ ပွဲထွက်လိုက်ပါ ...

အင်း ... ကျုပ်ယောက်ဖကလေးတော့ ပေါ်လွင်လှပြီး လူပြောများနေတော့မှာ မြင်ယောင်သေး။ စပ်ကြဟပ်ကြတဲ့သမီးရှင်တွေများ တစ်ထိုင်တည်း ပေါ်ပေါက်လာမလားပဲ ... ဟား ဟား ဟား"

"ဒါဆို ကျုပ်မိန်းမနဲ့ပဲ ကျုပ်ကတွဲထွက်လိုက်မှာပေါ့။ ခင်ဗျားမိန်းမသာ ဒုက္ခရောက်ပေစေလေ။ ဒါမှမဟုတ် သူ့မောင်နဲ့သူ တွဲချင်တွဲ"

"ခင်ဗျားမိန်းမက ခင်ဗျားနဲ့ တွဲပြီးပွဲထွက်မလား။ ကြည့်ကြသေးတာပေါ့ ... ဟား ဟား ဟား"

"ဟော့လူ ... ဒါဖြင့် ခင်ဗျားတို့ကားကို ပြန်မောင်းလာခဲ့။ ဟိုတယ်ထဲတော့ ဝင်ချမလာနဲ့။ နီးနီးစပ်စပ် တစ်နေရာရောက်ရင် ကျုပ်ဆီ ဖုန်းပြန်ဆက်လိုက်။ ခင်ဗျားယောက်ဖကို ခင်ဗျားနဲ့လူချင်းလဲဖို့ အဲဒီကိုလွှတ်လိုက်မယ်။ ဒါပဲ ... အဲဒါကိုတော့ ငြင်းမနေနဲ့တော့။ ကျုပ်ကို အနိုင်ရဖို့ထက် သားသမီးမျက်နှာကိုသာ ကြည့်စမ်းပါ"

✻ ○ ✻





"ဟင် ... ! ဟိုဟာလေးတွေက ဘာလေးတွေလဲ"

"ငုတူမ ဝမ်းကွဲလေးတွေလေ။ ချစ်စရာလေးတွေနော်။ နတ်သမီးဝတ်စုံလေးတွေနဲ့ သူတို့နဲ့ သိပ်လိုက်တာပဲ၊ အမြှာလေးတွေဆိုတော့"

"မဟုတ်ပါဘူး ... ကိုယ်ပြောတာက သူတို့လက်ထဲကဟာတွေ ! "

"ဟီ ဟီ ဟီ ... လက်စွပ်တွေလေ"

"လက်စွပ် ! ဘယ်ကလဲ ! ကိုယ်တို့လက်စွပ်မစီစဉ်ဖြစ်ဘူးလေ"

"ဟီ ဟီ ... Surprise ! Surprise ! "

"ဘယ်ဆိုင်က သွားဝယ်လိုက်တာလဲ"

"အဲဒီဆိုင်ကပဲလေ"

"ဆိုင်ပိတ်ထားတယ်ဆို ... ညာခဲ့တာလား"

"အောင်မာ ...။ တကယ်ပါနော်။ အဲဒီလက်စွပ်က အစောကြီးကတည်းက တိတ်တိတ်လေး ဝယ်ထားတာ။ ရှင်လည်း ကြိုက်တယ်ဆိုတဲ့ ရှင်ရွေးထားပြီးမှ ဝယ်မရလိုက်တဲ့အသည်းနှစ်ထပ်ကလေးတွေလေ သကြိန်ရဲ့။ ဟီဟီ ... အဲဒီနေ့က ရှင် အရှေ့မှာကြည့်နေတုန်း ငုက ဆိုင်နောက်ဖက်က

အခန်းထဲမှာချောင်းပြီး ပုန်းနေခဲ့တာ။ သကြိန် ပထမ အခေါက် တစ်ခါထွက်သွားတုန်း ပြေးဝယ်ထားလိုက်ပြီး ငဝယ်သွားပြီဆိုတာ သကြိန်မသိပါစေနဲ့လို့ မှာခဲ့တာ"

"ဩော် ... အဲဒီအသည်းတွေလား ..."

သကြိန်ရဲ့လေသံက "ဟယ် ... ဟင် ... ဟာ"နဲ့ အားရဝမ်းသာ ဟီး ဟီး ဟား ဟားမရှိတဲ့အတွက် ငက သကြိန်ကို အကဲခတ်သလို မျက်စိလေးစွေပြီး ကြည့်လိုက်ပါသည်။ ဘာဖြစ်တာလဲ။ တကယ်ဆို ပျော်ရ ရယ်ရအောင် လုပ်တာလေ။ "ကြည့်စမ်း ... င၊ မင်းက သိပ်ဆိုးပါလား"ဘာညာနဲ့ အဲဒီအသည်းလေးတွေပဲ ပြန်ရခဲ့တာကို သူလည်းဝမ်းသာနေရမှာလေ။

သကြိန်မှာတော့ ငရဲ့အကြည့်ကို ဂရုမပြုနိုင်အားပါ။ ခါးချိုးသလိုလို ခေါင်းစောင်းသလိုလိုနဲ့ နောက်ဖက်က အဖေအတွဲဖက်ကို ငဲ့စောင်းကြည့်လိုက်သည်။ ထင်တဲ့အတိုင်းပဲ ဖေဖေဦးအယ်ဒီဟာ မင်္ဂလာပွဲထွက်မယ့် လူတန်းကြီးရဲ့ရှေ့ဆုံးက ကလေးပုစိလေးနှစ်ယောက်ကို မျက်မှောင်ကြီးကုတ်ပြီးတော့ကို ကြည့်နေပြီ။

သကြိန်က "လက်စွပ်မပါလို့ လက်စွပ်ဗန်းကိုင်လည်း စီစဉ်မထားဘူး"ပဲ ပြောခဲ့တာလေ။ ခုကျတော့ အဖေ့တူမတွေကို မလိုမှတပတ်နဲ့ လှည့်ပြောလိုက်သလိုဖြစ်ပြီး ငရဲ့တူမလေးနှစ်ယောက်ကသာ ဗန်းကလေးတွေ၊ ဘူးနီလေးတွေနဲ့ သေလိုက်ချင်တော့တာပဲ။ ဖေဖေတော့ ရစ်တော့မည်။

"ဘာလို့ အုံ့ဩပြီး ဝမ်းသာမသွားတာလဲ သကြိန်"





ဝမ်းမသာဘူးကွ။ စိတ်တောင်ညစ်သွားသေးတယ်။ ဒါပေမဲ့ အဖေ့တူမနှစ်ယောက် ဗန်းမကိုင်ရလို့ ဝမ်းမသာနိုင်တော့ဘူးလို့တော့ ဘယ်လိုပြောမလဲ။ သကြိန်ရဲ့ပုံစံကိုကြည့်ပြီး ငကလည်း စိတ်တိုလာပါသည်။ စတာနောက်တာပဲဟာ သူကဘာကို စိတ်ကောက်သွားရတာတဲ့လဲ။ မျက်နှာကြီးကများ မဲ့ရွဲ့ပုပ်အဲ့လို့။

သို့သော် မဲ့ရွဲ့ပုပ်အဲ့နေသော သကြိန်ရဲ့မျက်နှာမှာ ရုတ်ခြင်း "အဟိ"ခနဲ ဖြစ်သွားကာ တခွီးခွီးပါ ဆက်ဖြစ်လာပါသည်။ မင်္ဂလာအခန်းအနားမှူးက စကားပြောနေချိန်ဖြစ်၍ ပွဲမထွက်ရသေးသည့် လူတန်းကြီးက ခန်းမအပေါက်ဝတင်ရပ်စောင့်နေရချိန် ဖြစ်ပါသည်။ အခန်းတွင်း မဝင်ရသေးတာကို အကြောင်းပြု၍ ဦးအယ်ဒီက လူတန်းရဲ့နောက်ဘက်မှာ အတွဲအဖက်မရှိ တစ်ယောက်တည်း ရပ်နေရရာက ရှေ့ဘက်တမင်ထွက်လာပြီး ရှေ့ဆုံးက ကလေးပုစိလေးတွေကိုတစ်လှည့်၊ သကြိန်ကိုတစ်လှည့် ခါးကြီးထောက်ပြီး လာကြည့်ပြနေ၍ဖြစ်သည်။

"ဟိုတ်ကောင် ... ဘာလဲ။ မင်း ရယ်စရာဘာရှိလဲ"

"ဖေဖေနဲ့ မေမေ ဘယ်လိုဖြစ်နေကြတာလဲ"

"ဘာလဲ ... အစောတည်းက မင်းအမေနဲ့ ငါနဲ့ တွဲမလျှောက်ဖြစ်ကြဘူးဆိုတာ မင်းကို မင်းအမေ ပြောထားပြီးသားပဲ"

"အဲဒါကို ပြောတာမဟုတ်ပါဘူး။ ဟို ... ဟို ...နှစ်ယောက်လုံး အင်္ကျီတွေ အရမ်းကျပ်နေကြတယ်။ ကလေးဟာလေးတွေ ယူဝတ်ထားသလို ဖြစ်နေကြတယ်။ အင်္ကျီတွေက ဘာလို့သေးနေကြတာလဲ"

စိတ်တိုတော့မလို့ ဟန်ပြင်ထားတဲ့ ငုလည်း ဦးအယ်ဒီကိုရော ဒေါ်လှလှဦးကိုပါ ခပ်မြန်မြန် ငဲ့စောင်းကြည့်လိုက်ပြီး မနည်းထိန်းလိုက်ရတော်မှ ခွီးခနဲ အသံထွက်သွားပါသည်။ ဒေါ်လှလှဦးမှာ ပဝါစကို ခပ်ကားကားဖြစ်အောင် ဖွထုတ်လိုက်ပြီးမှ ဦးအယ်ဒီဘက်သို့ကြည့်ကာ မျက်စောင်းကြီးကို ဒိုင်းခနဲ။ ဦးအယ်ဒီကတော့ ရှက်ဒေါသကြီးနဲ့ "တောက်"တစ်ချက်ခေါက်လိုက်ပြီးမှ …

"နှင့်အဖေ … နှင့်အဖေ။ ငါ့အင်္ကျီကို ယူသွားပြီး အချိန်မီ ပြန်ရောက်မလာဘူး။ ရယ်မနေနဲ့ … အဲဒါ နှင့်အဖေလက်ချက်"

ငုက မေမေတို့အတွဲကိုကျော်ပြီး နောက်ဘက်သို့လည်ပြန်ကြည့်လိုက်ပြန်သည်။ ဟုတ်ပါရဲ့ … ဖေဖေမရှိ။

"မေမေ … ဖေဖေက ဘယ်ရောက်သွားပြန်တာလဲ"

"ပျောက်ကို ပျောက်နေတာဟော့။ မေမေလည်း အဲဒါကိုပဲ စိတ်ကပေါက်နေတာ။ မပြောမဆိုနဲ့ ဗြုန်းခနဲ ပျောက်ပျောက်သွားတာမျိုး နှင့်အဖေက တော်တော်ဝါသနာပါတယ်နဲ့တူတယ်။ ခုလည်း သူ့နောက် ဘယ်သူလိုက်ပြန်လို့ ပြေးပုန်းရပြန်ပြီလဲမှ မသိတာ။ အစောကြီးတည်းက မရှိဘူး"

"ကျုပ်နဲ့ Contact တော့ ရထားပါတယ်။ မောင်မောင်လတ်ကိုလည်း လွှတ်လိုက်ပြီ။ မကြာခင် ရောက်လာတော့မှာပါ။ ပွဲထွက်ချိန်ကို မီမမီသာသာ မသိတာ"





ဟင် …။ ဒါဆို ဦးလတ်လည်း မရှိဘူးပေါ့။ သူ့ရဲ့ မျက်နှာလေးက မှိုင်းညို့သွားရပြန်ပါတော့သည်။ ထိုအခိုက်မှာပင် အခန်းအနားမှူးက မင်္ဂလာစုံတွဲကို ဖိတ်ခေါ်လိုက်ပြီး "အခါတော်ပေး"သီချင်းသံက လွင့်ပျံလာခဲ့ချေပြီ။

"ဟေး … ဟေး … နေကြဦး။ စောင့်နေကြဦး — ငါ လာပြီ"

ဟိုတယ်အပေါက်ဝကနေ အသံအကျယ်ကြီးတစ်ခု ထွက်ပေါ်လာပြီးတဲ့သကာလ …

"ဟာ … ဟော့လူ … ဘာလို့ ကျုပ်အင်္ကျီကို ဝတ်ယမ်းကိုင်လာရတာလဲ။ ကျွတ် ! ကြေကုန်တော့မှာပဲ"

"မင်း ငါ့အင်္ကျီကို မဆန့်မပြဲနဲ့ စွတ်ဝတ်ထားတာကမှ ကြေကုန်မှာကွ။ မြန်မြန်ချွတ်"

"ဟိုမှာ … ရှေ့ကလူတွေက သွားနှင့်နေပြီ။ အထဲရောက်ကာမှ အားလုံးရဲ့မျက်စိရှေ့မှောက်အောက်မှာ ချွတ်လဲပြ မလို့လား။ မြန်မြန်တော့ မလုပ်နိုင်ဘူး၊ စုတ်ပြဲသွားလည်း မတတ်နိုင်ဘူး"

"လမ်းလျှောက်တာက ဘာလို့လမ်းကြောင်းတည့်တည့်မသွားနိုင်ဘဲ ကျုပ်ဘက်ကို စောင်းစောင်းလာတာလဲ။ ဒီမှာ ကျုပ် ခင်ဗျားကို ရှောင်ရှောင်ပေးနေရတာ ဟိုဘက်ဘေးတစ်လျှောက်က စားပွဲတွေနဲ့တောင် တိုက်တော့မယ်"

"ခင်ဗျားကသာ နာရီချိန်သီးလို ကားကားကြီး ဘေးလွဲနေတာ။ ကျုပ်က တည့်တယ်"

"တည့်တဲ့လူက အခု ဘာလို့ ပခုံးချင်းလာတိုက်မိတာလဲ ! ပြော"

အမေနှစ်ယောက်က ကျယ်ကျယ်လောင်လောင် ဘာကိုမှ ဂရုမစိုက်ဘဲ ဤသို့ဖြစ်နေကြလျှင် အမေနှစ်ယောက်ကတော့ တိုးစိတိုးစိ၊ ပကျိပကျိ၊ သွားကြားလေထွက်အသံကလေးတွေနှင့် ...

"အစ်မကြီး ... ကျွန်မတော့ ရှေ့ဆက်လှမ်းဖို့တောင် ခက်နေပြီ။ လုံချည်က အရမ်းကျပ်ပြီး တုတ်နေတယ်။ ဖြည်းဖြည်းစောင့်လျှောက်ပါ။ စတော့ချ်ပေါ်တက်ခါနီးကျလည်း တွဲတင်ပေးနော်။ လှေကားတက်ဖို့က အရမ်းကို ခက်တော့မှာ"

"အို ... ဒေါ်လှလှဦးကို ကျွန်မက နိုင်ပါ့မလား။ ဦးအယ်ဒီကို နောက်ကနေ ထိန်းပြီးတွန်းပေးလိုက်လို့ လှည့်ပြောလိုက်ရင်ကော"

"ပြောရရောလား အစ်မကြီးရဲ့။ ဒီလူက ကျွန်မကို ထိရောလား"

"ဒါဖြင့် နှစ်ယောက်လုံးယိုင်ပြီး လဲကျကုန်ကြရင်ကော"

"မလဲပါဘူး။ နိုင်မှာပါ"





"မနိုင်လောက်ဘူး၊ ကျွန်မက လက်လည်းနာနေတယ်၊ တကယ်ပါ"

မဖြစ်မနေကြီး ခက်ခဲနေပြီ ဆိုရင်တော့ ကိုယ်တောင်ဘာမှမပြောရသေး။ အဲဒီခြေမြန်လက်မြန်၊ ခြေသွက်လက်သွက်က နောက်ကနေ သူပဲတွန်းတင်ပေးလိုက်တော့မှာပါပဲ။ ဒေါ်လှလှဦးတစ်ယောက် မကျေမလည်နှင့် နှုတ်ပိတ်သွားချိန်မှာ အရှေ့က သတို့သားနဲ့ သတို့သမီးစုံတွဲမှာလည်း ငုက ပရိသတ်မရိပ်မိအောင် နှုတ်ခမ်းစေ့၊ သွားစေ့ ပြုံးထားတဲ့ကြားက ...

"စင်ပေါ်ရောက်ရင် အခမ်းအနားမှူး ဩဘာစာဆက်ဖတ်နေတုန်း ခုနကလက်စွပ်ကိစ္စကို ဘာလို့ အံ့သြပြီးဝမ်းသာမသွားတာလဲဆိုတာ ပြန်ရှင်းပြ"

"စင်ပေါ်မှာ စကားပြောလို့ မရဘူးလေ"

"ဘယ်သူပြောလဲ ... ဒါဖြင့် စကားက ခုတောင်ပြောလို့ရနေသေးတာပဲ၊ ခုပဲ ရှင်းပြတော့"

"မရစ်နဲ့ကွာ ... လုပ်ပြီ ... မင်းကတော့"

"ရှင်ကသာ ဖြစ်သင့်ဖြစ်ထိုက်သလို ဖြစ်မလာတာလေ သကြီးနိရဲ့။ ငုမှာတော့ ရှင့်ကို Surprise ! ဆိုပြီး လုပ်လိုက်ရင် ရှင်အရမ်းဝမ်းသာသွားမှာပဲလို့ ဘယ်လောက်ကြိုမျှော်လင့်ပြီး ရင်ခုန်နေခဲ့ရသလဲ"

"ဝမ်းသာပါတယ် ... တကယ်လည်း အံ့သြတာ"

"ခုမှ လာပြောမနေပါနဲ့"

"ဒါဖြင့် စင်ပေါ်ရောက်ရင် 'ကျွန်တော်အရမ်းဝမ်းသာပါတယ်'လို့ အခမ်းအနားမှူးရဲ့ မိုက်ကရိုဖုန်းနဲ့ပြောပေးမယ်"

"တော်ပါ ...။ အရူးလိုလို၊ အပေါလိုလိုနဲ့"

ပွဲလာပရိသတ်တို့မှာတော့ သတို့သား၊ သတို့သမီးရော၊ အဖေတွေရော၊ အမေတွေပါ စကားတပြောပြော (မကျေမလည်ဖြစ်၊ ရန်တထောင်ထောင်)နဲ့ ပွဲထွက်လာကြသော မင်္ဂလာပွဲမျိုး ဤတစ်ချီသာ ကြုံဖူးကြတော့သည်။

* ○ *

ပုဏ္ဏမီ